
၁၉၆၆-ခု နိုဝင်ဘာလ
ပထမအကြိမ်ရိုက်သည်
မြစာစဉ်အမှတ်(၁၀၅)

တက္ကသိုလ်ဘုန်းနိုင်

# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

(တတိယတွဲ)



ဟာခုပ် ၂ ကျပ်

# IN TIME OF "THE BREAKING OF NATIONS"

1

ONLY a man harrowing clods
In a slow silent walk
With an old horse that stumbles and nods
Half asleep as they stalk.

2

Only thin smoke without flame
From the heaps of couch-grass;
Yet this will go on ward the same
Though Dynasties pass.

3

Yonder a maid and her wight
Come whispering by:
War's annals will cloud into night
Ere their story die.

THOMAS HARDY

# "ကမ္ဘာကုန် ကျယ်သရွေ့ဝယ်"

(၁)

ဖြေးဖြေး ညင်ညင်၊ ထွန်ရေး ငင်သည့်၊ လယ် ရှင်
ယောက်ျား၊ တလူသားတည့်။ ။
ခေါင်းခြေလျှော်ရှား၊ တိမ်းကပါးဖြင့်၊ ရုန်းအားမပို၊
သို့မြင်းအိုနှင့်။ ။
လူကလည်းငိုက်၊ မြင်းလည်းငိုက်နှင့်၊ စရိုက်ဘာသာ၊
ချမ်းသာစွာ၏။ ။

(၂)

အလျှံမပါ၊ ရေးရေးသာတည့်၊ နေစာ ညွန့် မြက်၊
အပုံထက်မှ၊ တိုးတက် အူအူ၊ လယ်ခိုး လူလျက်။ ။
အဝေးဆီဝယ်၊ တော၏မယ်လည်း၊ သက်လှယ် သခင်၊
မောင်နှင့်ယှဉ်၍၊ သိုးညင်ချစ်ခွန်း၊ ပျံ့ပျံ့ မွှန်းရှင့်။ ။

(၃)

ပလ္လင်နန်းမြိုင်၊ ရာထီးဆိုင်တို့၊ မခိုင်ပျက်ယွင်း၊ နိစ္စ
ကင်း၏။ ။
မော်ကွန်းဖွဲ့လှိုင်း၊ စစ်သမိုင်းလည်း၊ မှုန်မှိုင်းညနှယ်၊
ပျောက်၍ကွယ်လိမ့်။ ။
မြင်းအို သခင်၊ လယ်ကြီး ရှင်နှင့်၊ လယ်ပြင် မီးခိုး၊
လယ်မျိုး လုံမ၊ လုလင် လှ၏၊ သာစွ ဂုဏ် ပေါင်း၊
လူ့ ဇာတ်ကြောင်း သည်၊ မဟောင်း ကမ္ဘာကုန်ကျယ်
ဆက်လိမ့်တည်း။ ။

တက္ကသိုလ်-ဘုန်းနိုင်
၂၅-၆-၆၆

# တက္ကသိုလ်ခင်မောင်အေး၏အမှာ

**ကမ္ဘာကုန်ကျယ်သရွေ့ဝယ်**

ရှေးစာဆိုများ၏ စာများထဲ၌ ဤစကားလုံးကို ထင်ထင်ရှားရှားတွဲ၍ သုံးခဲ့သည်မှာ "ကမ္ဘာကုန်ကျယ်သရွေ့ဝယ်.... ဘယ်မေ့လိမ့်လဲ" ဟူ၍ဖြစ်ပါ၏။

ဘုန်းနိုင်သည် ဤဝတ္ထုကြီး၌ ကျွန်တော်တို့ခေတ်၏ ကြီးမားသောတွေ့ကြုံခဲ့ဘူးခြင်းကြီးများကိုအကြောင်းခံ၍ သူမမေ့နိုင်ခြင်းကလေးများဖြင့် ဆက်စပ်မှုန်းချယ်ကာအနုပညာမြောက်သော စာပေအဖြစ် ရေးသားထားသည်ဟုကျွန်တော်မြင်သည်။

သူနှင့် ကျွန်တော့်အဘို့မူ ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်တော့မှ မမေ့နိုင်မည့်အဖြစ်များဟုလည်း တင်စား၍ ဆိုနိုင်လိမ့်မည်....ထင်ပါ၏။

သို့သော်....ထိုအဆိုသည် ကျွန်တော်နှင့် သူ၏ခံစားချက်မျှသာဖြစ်သည်။

စာဖတ်သူတို့အတွက်မူ ထိုမျှထက်လေးနက်သော ခံစားရချက်ဖြင့် ဝတ္ထုရေးသူ၏ ရည်ရွယ်ရင်းကို ဖမ်းယူသိရှိနိုင်စွမ်းရှိကြလိမ့်မည်ဟု မြော်လင့်မိပါသည်။

\+ + +

ရန်ကုန်တက္ကသိုလ်၌ရှိခဲ့ကြစဉ်ကကျွန်တော်တို့ကြုံခဲ့ဘူးသော ကြီးမားသည့်အဖြစ်သည် အယူမှားသော ဝါဒပိုးတို့ ထ ကာ.... သောင်းကျန်းမှုစခြင်းပါတည်း။

အမိပြည်ထောင်စုကြီး ပြိုကွဲမည့်အလားအလာသည် မျိုးချစ်ခေါင်းဆောင်ကြီးတို့အဘို့ ရင်မအေးရသောကြီးမားသည့် အရေးအခင်းကြီး ဖြစ်သည်နှင့်အမျှ.... ဝါဒပိုး အဖောက်ခံရသော ကျောင်းသားအချို့၏ နောက်သို့ မျိုးချစ်စိတ် ရှိသော ကျောင်းသားအများပါသွားရေး၊ မပါသွားရေး သည် လည်း ကျောင်းသားလောက၊ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားလောကအတွက် ရင်လေးရသောပြဿနာကြီးတရပ်လည်းဖြစ်ခဲ့ပါ၏၊ မီးတောက်တော့မည့် "ဆီမီးခွက်" ကလေးပါပင်တည်း။

မျိုးချစ် ခေါင်းဆောင်ကြီး များသည် ဆီမီးခွက်ကလေး မတောက်စေလို၊ ဆီမီးခွက်မှ မီးတောက်လျှင် လေတချက်မှုတ်ရုံမျှဖြင့် ငြိမ်းစေနိုင်ပါ၏၊ သို့သော်....ဤဆီမီးခွက်ကလေးသည် နောင်အနာဂါတ်မြန်မာနိုင်ငံ၏ မီးရှူးတန်ဆောင်ကြီး ဖြစ်လာမည့် "ဆီ" နှင့် "မီးစာ" ကလေးများ ဖြစ်၍ မျိုးချစ် ခေါင်းဆောင် ကြီးများသည် လစ်လျူရှု၍ မနေနိုင်အား၊ အထူးသဖြင့်တိုင်းပြည်၌ တကယ့် အရေးအခင်းကြီးများ ကြုံလျှင် တိုင်းပြည်နှင့်လူမျိုးကို သူများတွေထက်ပို၍ လက်တွေ့နှင့် ချစ်ပြတတ်လေ့ရှိသော ဗမာ့တပ်မတော်မှ စစ် ခေါင်းဆောင်ကြီးများအနေဖြင့် ဤ ဆီမီးခွက်ကလေးအတွက် ပို၍ စိတ်ပင်ပန်း ခဲ့ကြရဟန်ရှိပါ၏။

ခက်သည်ကား....တက္ကသိုလ်ကျောင်းသား အရွယ် လူငယ် ဆိုသည်မှာ တက်ကြွတတ်ကြသည်၊ သွေးဆူ တတ်ကြသည်၊ တိုက်ချင်ခိုက်ချင်တတ်ကြသည်၊ ဤသဘာဝကို အခွင့်အရေး ယူ၍ အဖျက်ပိုးမျိုး(၁၀)တို့ နိုင်ငံရေး အမြတ် ထုတ်ကြမှာ စိုးရသည်၊ သူတို့တတွေ အမြတ်ထုတ်သည်က အရေးမကြီး၊ ဆီမီးခွက် ကလေးတောက်၍ မီးစာကုန်....ဆီခမ်း ဖြစ်လျှင်.... အနာဂါတ်မြန်မာနိုင်ငံ၏ ဆုံးရှုံးခြင်းကြီး ဖြစ်မည်ကို....တိုင်းပြည်ကိုချစ်ကြသူ၊ ချစ်တတ်သူတိုင်း စိုးရိမ်ကြသည်။

ဤကား....ကျွန်တော်တို့ တက္ကသိုလ်ခေတ်နှင့် တိုင်းပြည်၏ အဖြစ်ပါတည်း....။

× × ×

**အနိစ္စသာလျှင် နိစ္စ ပါတည်း။**

သို့သော်....ပရမတ္ထနှင့် သမုတိကိုမူ ဆက်စပ် ရပေမည်။

ခေတ်စနစ်နှင့်အဖြစ်တို့သည် လှုပ်ရှားပြောင်းလဲ ဖြစ်တည် ချုပ်ငြိမ်း၍သာ နေလိမ့်မည်။

သို့သော်....လူ့သမိုင်းမူ....ကမ္ဘာတည်သမျှ ရှည်လိမ့်မည်၊ လူ့သမိုင်းရှည်သည်နှင့်အမျှလည်း ကျွန်တော်တို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာ၊ လူမျိုးနှင့် **မြန်မာပြည်ကြီးအဓွန့်ရှည်ရေးသည်လည်း ကမ္ဘာကုန်ကျယ်သရွေ့တည်ရေး**ပင်ဖြစ်ပါ၏၊ အမျိုးကိုချစ်၍ တိုင်းပြည်ကိုမြတ်နိုးသော သူတိုင်းပင် ဤသဘောဘာဝမျိုး ရှိသင့်ကြသည်ဟုလည်း ယုံကြည်ပါ၏။

ဤယုံကြည်ချက်ကိုပင် ဘုန်းနိုင်သည်သူ့စာအုပ်၌ရင့်ကျူး လိုသည်ဟု ကျွန်တော်ထင်သည်။

ထိုအထင်ကိုကျွန်တော့်အမြင်နှင့်ဆက်စပ်ရမည်ဆိုပါက....

သူ၏ဝတ္ထု ရှေ့မျက်နှာစာ၌ပါသည့် ကဗျာအဆုံးစာပိုဒ် ဖြစ်သော....

**"သာစွဂုဏ်ပေါင်း၊ လူ့ဇာတ်ကြောင်းသည်၊ မဟောင်း ကမ္ဘာကုန်ကျယ် ဆက်လိမ့်တည်း...."** ....ကို....

"မိမြန်ပြည်သူ့၊ လူ့ ဇာတ်ကြောင်းသည်၊ **မဟောင်း ကမ္ဘာကုန်ကျယ် ဆက်လိမ့်တည်း....**"

ဟူ၍ ကျွန်တော့်အနေနှင့် မြင်မိပါသတည်း....။

မေတ္တာများဖြင့်
တက္ကသိုလ် ခင်မောင်အေး
၁၄-၁၀-၆၆

အခွဲ-၃

# ကံ့ကော်ရိပ်တွင်

(ခဆက်)

## အခန်း (၂၄)

## ဆောင်းအိပ်မက်သံသရာနယ်

ဆောင်းသည် တက္ကသိုလ်နယ်မြေသို့ သိမ်မွေ့လှပစွာ ဝင်လာခဲ့သည်။

မိုးအခါစဉ်ကမူ ပင်တိုင်းသည် ရိုင်းသောမုတ်သုန်လေဝှေ့သမျှ ယိမ်းယိမ်းယိုင်ယိုင် ကတိမ်းကပါးနှင့်ရှိခဲ့ရသည်၊ ရွှဲရွှဲစိုစေသော မိုးရေ၏ အလေး ဒဏ်ကို ညွတ်ညွတ် ငိုက်ငိုက်နှင့် အားစိုက်တင်းခံခဲ့ကြရ၏၊ ယခုမူ မြောက်ပြန်လေက တေးဆို၍ ညင်ညင်သာသာရောက်လာ၏၊ နှင်းငွေလွှာကဇာပုဝါအလားပေါ့ပေါ့ပါးပါးသိုင်းခြုံဝိုင်းအုံလိုက်ပါလာ၏၊ ပင်တိုင်းချမ်းမြ၍ တင့်တယ်သည်၊ မြက်ခင်းတိုင်းစိမ်းလန်း၍ သန့်စင်သည်။

ဆောင်းရက်များအတွင်းသက်ခိုင်နှင့်အေးဝင်းသည် နံနက်စောစောထ၍ ကုတ်အင်္ကျီကိုယ်စီဝတ်ပြီး လမ်းလျှောက်တတ်ကြသည်၊ သူတို့သည် ကျောင်းဆောင်၏အရှေ့ဘက်ဝင်းတံခါးမှထွက်ကြသည်၊ ထို့နောက် လက်ဝဲဘက်သို့ချိုးကာ ပိတောက်ပင်များအောက်မှ လမ်းအတိုင်း မြောက်ဘက်သို့ ရှောက်ကြသည်၊ တက္ကသိုလ် ရိပ်သာလမ်းပေါ်သို့ ရောက်သောအခါ

အရှေ့ဘက်သို့ဆန်တက်ကြသည်၊ ထိုနောက် အင်းယားရိပ်သာလမ်းအတိုင်း တောင်ဘက်သို့ဆက်ရှောက်ကြပြန်သည်၊ ဝင်ဒါမီယာဝင်းကိုဖြတ်၍ ဦးဝိစာရလမ်းဆီ ရောက်ခဲ့ကြပြီးနောက် ပြည်လမ်းဆီရှောက်ကာ ကျောင်းဆောင်သို့ ပြန်ကြ၏။

အေးဝင်းရောသက်ခိုင်ပါ နုနယ်ငယ်ရွယ်ကြသေး၏၊ ထို့အတူ....ဥတုသုံးပါးအနက် ဆောင်းသည် အနုနယ်အငယ်ရွယ်ဆုံးဖြစ်လေသည်။

ဆောင်း၏ညင်သာသော မြောက်ပြန်လေနှင့်သိမ်မွေ့သော နှင်းငွေဖြူသည် နုမျိုသော သူတို့၏မျက်နှာများကို အေးမြလန်းဆန်းစေသည်၊ မျက်နှာများကိုသာမက နှလုံးသားများကိုပါအေးမြလန်းဆန်းစေသည်၊ နှလုံးသားတို့မည်သည် အေးမြလန်းဆန်းသောအခါ၌....ဆောင်းကဲ့သို့ပင်....အညွန့်အဖူးနှင့်အပွင့်အသီးတို့ကိုပေးတတ်၏။

နှလုံးသား၏အညွန့်အဖူးတို့ကား ချစ်ခြင်းသမုဒယနှင့်ချစ်ခြင်းသမုဒယမှနွယ်လာသော စေတနာ-ဝေဒနာသဘောတို့ဖြစ်ကြ၏၊ ဤစေတနာ-ဝေဒနာသဘောတို့က ခံစားမှုဆိုင်ရာအနုပညာတို့ကို ပွင့်သီးပေးသည်။

ဆိုခဲ့သည့်အတိုင်း နံနက်စောစော၌ လမ်းရှောက်ကြသောအခါ သိမ်မွေ့သောဆောင်း၏အလှသည် သူငယ်ချင်းနှစ်ဦး၏နှလုံးသားကိုဖမ်းစားသည်။

နှင်းငွေငွေသည် ဖွေးသည်လည်းမမည်.... ရေသည်လည်းမက မြူးမြူ မြူမှုအစဉ်ရှိနေတတ်၏၊ နေခြည် လက်သောအခါ သစ်ရွက်နှင့်မြက်ပင်တို့ထက်မှ ဆောင်း၏ပုလဲတို့သည်ပြိုးပြက်ပြတတ်သည်။



ကဗျာသမား သက်ခိုင်က နွတ်ဖျားတွင် အလွယ်တကူသီးလာသောလင်္ကာတို့များကို ရွတ်ပြလေ့ရှိ၏။

တက္ကသိုလ်ရိပ်သာလမ်းပေါ်၌ ထင်ရှားသော ကဗျာဆရာကြီးတဦးနေသည့်အိမ်ရှိသည်၊ ခရမ်းရင့်ရောင် ဆေးသုတ်ထားသော သစ်သားအိမ် ဖြစ်သောကြောင့်အနည်းငယ် ညို့ညို့မှိုင်းမှိုင်း နိုင်သည်၊ အိမ်ဝင်းအတွင်းမှ သစ်ပင်ကြီးများကလည်းအုံ့အုံ့ဆိုင်းဆိုင်းရှိလှ၏၊ သက်ခိုင် ရောအေးဝင်းပါ မြတ်မြတ်နိုးနိုးကျက်မှတ်ထားအလွတ်ရထားသည့်ထိုကဗျာဆရာကြီး၏လင်္ကာအချို့၌ နုစဉ်အခါကသမုဒယမှုန်တိုင်းဒဏ် ရိပ်ရိပ်ကိုခံစားတွေ့ထိရသည်။

ဤအိမ်ကြီးရှေ့ရောက်တိုင်း.... သက်ခိုင်သည် ရွတ်လေ့ရှိ၏။

"ညို့ညို့မှိုင်းမှိုင်း၊ အုံ့အုံ့ဆိုင်းသည်၊ မုန်တိုင်းရိပ်မှလူ၏အိမ်...."

တက္ကသိုလ်ရိပ်သာလမ်းနှင့် အင်းယားရိပ်သာလမ်း ဆုံရာထောင့်၌ ကျောင်းသူကလေးများကို တွေ့ရမြဲဖြစ်၏၊ အချို့က အေးဝင်းတို့ သက်ခိုင်တို့ကဲ့သို့ပင် လမ်းရှောက် ကြသူများဖြစ်ကြသည်၊ အချို့ကမူ လမ်းထောင့်ရှိ အကြော်ဆိုင်၌အကြော်လာစားကြသူများ ဖြစ်ကြ၏။

မိန်းကလေးတဦး လှမလှကို နံနက်စောစော အိပ်ရာထ၌ကြည့်ရသည်ဟု ဆိုရိုးရှိသည်၊ သက်ခိုင်တို့ နံနက်စောစော၌တွေ့ခဲ့ရသော မိန်းကလေးတိုင်းသည် လှပနေကြ၏၊ ပင်ကိုယ်အလှရှိပြီးကြ၍ နံနက်စောစောထရဲသူများချည်းလော မပြောတတ်၊ ပြေပြေပြင်ပြင်ဘဲနှင့် ယဉ်ကြသူများချည်း ဖြစ်ကြသည်၊

ဆောင်း၏နံနက်၌ သူကလေးတို့၏ ပါးမို့မျှားက နှင်းဆီသွေးကို ဆောင်ထားကြ၏၊ သူကလေးတို့၏ မျက်လုံးများက သစ်ရွက်နှင့် မြက်ပင်တို့ထက်မှ ဆောင်း၏ပုလဲများနှင့် ပြိုင်ကာ ပြိုးပြက်ဝင်းလက်သည်။

သက်ခိုင်၏နှုတ်ဖျား၌ စာသားကာရန်သည် အဆင်သင့် ရှိနေပြန်၏။

"လေးနှဲ့မျက်မှောင်၊ ကော့မျက်တောင်နှင့်၊ ကြယ်ရောင်မျက်ရှင်၊ သည်သခင်ကို...."

တနံနက်ခင်း၌ သက်ခိုင်ကဤသို့ရွတ်သောအခါ အေးဝင်းသည် လှိုက်လှိုက်လှဲလှဲရယ်သည်။

"ဟော့ကောင်....သက်ခိုင်....၊မင်းပါးစပ်ထဲမှာ မိန်းကလေး လှလှလေးတွေအတွက် ရွတ်ပြစရာ ကာရန်တွေ.... ကဗျာတွေ အမြဲရှိနေတယ်ထင်တယ်...."

သက်ခိုင်ကမူ တည်ကြည်အေးချမ်းစွာနှင့် ရိုးသားစွာဝန်ခံသည်။

"ဟုတ်တယ် သူငယ်ချင်း၊ အမြဲရှိနေတယ်၊ ဟိရမ္မတိ ပေါက်၊ ပုရမ္မတိထိ၊ ဟိ....ဟယ်ာတို့သည်၊ပေါက်....ရေကန်၌ ရမ္မတိ...မွေ့လျော်၏၊ ပု... ယောကျ်ားတို့သည်.... ထိ...မိန်းမ၌....ရမ္မတိ....မွေ့လျော်၏....၊ တဲ့....အဲဒီတရားရှိရက်သားနဲ့.... ငါက....မဟုတ်ပါဘူးလို့ငြင်းရင် ငါလူညာဖြစ်နေမှာပေါ့...."

"တော်စမ်းပါကွာ.... မင်းက စကားလဲတတ်.... တရားလဲ ဖတ်ထားမို့ အနိုင်လုပြောမနေစမ်းပါနဲ့...."

"ငါအနိုင်လုပြောနေဒါ မဟုတ်ပါဘူး သူငယ်ချင်း၊ အမှန်ကိုဝန်ခံနေဒါ၊ အလှအပဆိုဒါကို ငါတော့ မြတ်နိုးတယ်၊



မိန်းကလေးတယောက်ရဲ့ အလှအပကိုတွင်မကဘူး....ကမ္ဘာမြေ လောကကြီးတခုလုံးက အလှအပတွေကိုမြတ်နိုးတယ်၊ ကမ္ဘာ မြေကြီးနဲ့ လောကကြီးက အလှအပတွေကိုမြတ်နိုးပြီးချီးမွမ်း တဲ့နေရာမှာ မင်းတို့ငါတို့ ပါမွှားတွေနဲ့ မနှိုင်းယှဉ်လောက် အောင် မြင့်မြတ် ဖြူစင်တော်မူတဲ့.... ဗုဒ္ဓမြတ်စွာဘုရား သခင် ကိုယ်တော်တိုင် ထိပ်ကပါတယ်။

"ဘာ....သက်ခိုင်....၊ ဗုဒ္ဓကကမ္ဘာမြေကြီးနဲ့ လောကကြီး က အလှအပတွေကို မြတ်နိုးချီးမွမ်းခဲ့တယ်...."

"ဟုတ်တယ်အေးဝင်း၊ ငါရွတ်ပြမယ်၊ ရတနသုတ်တော် ပါဠိဘဲ"

"ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတ ဂ္ဂေ၊ ဂိမှာနမာသေ ပထမသ္မိံဂိမှေ၊ တထူပမံ ဓမ္မဝရံ အဒေသယိ၊ နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ၊ ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊ ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

အေးဝင်းရေ..၊ ငါ....အနက်ပြန်ပြရအုံးမလား...."

"ပါဠိမှ ငါမတတ်ဘဲ၊ ပြန်ပြမှာပေါ့ကွ"

"အေးပြန်ပြမယ်၊ အစအဆုံးတော့မဟုတ်ဘူး၊ အစအဆုံး ဆိုရင် မင်းပျင်းသွားမယ်၊ အဓိပ္ပါယ်ပေါက်ရုံဘဲ၊ ဒီလို....

ဂိမှာန်၊ ဒေါင်းငွေ့စကြာ၊ သူရိယာ၏၊ ရောင်ဝါပြင်းပြ နွေလေးလတို့တွင်၊ ပထမသ္မိံဂိမှေ၊ ရှေးဦးအစ၊ နွေကာလဖြစ် သော၊ မာသော၊ ရန့်သင်းထုံ၊ ရောင်ဆင်းစုံသည့်၊ ဖူးငုံရွက် ချပ်၊ ပန်းရင်ခတ်တို့၊ ပွင့်လတ်ခါထူး၊လှတန်ခူး၌၊ ဖုဿိတဂ္ဂေ စွင့်စွင့်ကားကား၊ ပင်လုံးကျွတ် ပွင့်သော အဖျားရှိသော၊

ဝနပ္ပဂုမ္မေ၊ ကြီးကျယ်ခမ်းနား၊ ပင်စုံပွား၍၊ မားမားမို့မို့ လေပြေတို့လျှင်၊ ယို့ယို့ယိုင်ယိုင်၊ ရဂုံမြိုင်ထီး၊တောအုပ်ကြီးသည်၊သ–သိရိုကော့ယထော၊ရှန်းရှန်းအိအိ တင့်တယ်လှပသော အသရေရှိသကဲ့သို့၊ ဘယ္ဘူ–ပမ ၊ ထိုတောအုပ်ကြီးသဖွယ်....တဲ့"

အေးဝင်းသည်လမ်းလျှောက်ရင်း ငြိမ်သက်စွာ နားထောင်လာ၏၊ သက်ခိုင်၏ စကားဆုံးသွားပြီးနောက် အတန်ကြာ စွာအထိ သူသည် ငြိမ်သက် နေသေးသည်၊ ထို့နောက်မှ မေး၏။

"တောအုပ်ကြီးရဲ့သဘာဝအလှကို ချီးမွမ်းထားပုံကတော့ အံ့စရာပါဘဲ သူငယ်ချင်း၊ဒါပေမဲ့....ကိုယ်သိချင်ဒါက.... မင်း ရွတ်ပြဒါမှာ....တောအုပ်ကြီးသဖွယ်နဲ့ ဆုံးထားတယ်၊ တနည်း အားဖြင့် တစုံတခုကိုတောအုပ်ကြီးနဲ့ နှိုင်းထားတယ်၊ အဲဒီ အနှိုင်းခံရဒါကဘာလဲ၊ ဒို့စာပေစကားနဲ့ ပြောရရင်....တော အုပ်ကြီးက.... ဥပမာဘဲ.... ဒီတော့....ဥပမေယျကဘာလဲ"

"အနှိုင်းခံရဒါ....သို့မဟုတ် ဥပမေယျကတော့... ကလျာဏ သုံးပုံ၊ သတ္တ,ဗျဉ္ဇန၊ စတဲ့ပန်းရနံ့တွေနဲ့ ပြည့်စုံတဲ့....သုံးပုံ ပိဋကတ်၊ ငါးရပ်နိကာယ်၊ ကိုးသွယ်အင်္ဂါ၊ ရှစ်သောင်းလေး ထောင်သော ဓမ္မခန္ဓာလို့ အကျယ်ချဲ့ဂုဏ်ဖွင့်ဆိုရမဲ့....တရား တော်မြတ်ပါဘဲသူငယ်ချင်း...."

အေးဝင်းက စဉ်းစားတွေးခေါ်စွာနှင့် ခေါင်းညိတ်ပြီးဆို ၏။

"ဗုဒ္ဓဘာသာတယောက်အနေနဲ့ တရားတော်မြတ်ရဲ့တင့် တယ်ပုံကိုငါနားလည်တယ်၊ မင်းအခုရွတ်ပြတဲ့စာမှာက...ဒီလို တင့်တယ်ခြင်းမကတင့်တယ်လှတဲ့တရားတော်ကို တောတောင်



သဘာဝအလှနဲ့ နှိုင်းထားဒါကိုတွေ့ရတယ်၊ အင်း...., ဟုတ် တယ်၊ မင်းပြောသလိုဘဲ...မြတ်စွာဘုရားသခင်ဟာ လောက ကမ္ဘာမြေရဲ့သဘာဝအလှအပတွေကိုပယ်တော်မမူဘူး...."

"ပယ်တော်မမူဘူး၊ဟုတ်တယ်၊ဒီစကားကိုရွေးသုံးလိုက်တဲ့ မင်းကို ငါကျေးဇူးတင်တယ်သူငယ်ချင်း၊ ပယ်တော်မမူဘူး၊ ပယ်တော်မမူဘူးဆိုဒါက.... တပ်မက်သာယာတယ်လို့ဆိုလိုဒါ မဟုတ်ဘူး...."

အေးဝင်းကနားမလည်ဟန်မျက်မှောင်တွန့်၍ သက်ခိုင်ကို ခေါင်းငဲ့ကြည့်သည်။

ထိုအချိန်တွင် သူငယ်ချင်းနှစ်ဦးမှာ စကားကောင်းလာကြ သောကြောင့် ခရီးမည်မျှတွင်လာကြသည်ကို သတိမပြုမိကြ၊ သတိပြုမိချိန်၌ သက်ခိုင်သည် ဝင်ဒါမီယာပတ်(ခ)လမ်းခွဲရှိ ရေစင်ကြီးကိုမြင်ရ၏။

"လာကွာ...အေးဝင်း၊ ဟိုရေစင်ကြီးအောက်သွားစကား ပြောကြရအောင်"

သူငယ်ချင်းနှစ်ဦးသည် ရေစင်ကြီး အောက်နားရှိ အုဋ္ဌ်ခုံ တခုထက်ထိုင်ကြ၏။

လမ်းပေါ်သို့လှမ်းကြည့်လျှင် နံနက်စောစော၌လက်တွန်း လှည်းကိုယ်စီတွန်း၍ ကလေးထိန်းထွက်လာသော အာယား ခေါ်နံနီ တို့နှင့်ကလေးများကိုမြင်ရသည်။

ဗြိတိသျှတို့သည် မြန်မာပြည်တွင်အရှင်သခင်အဖြစ် ကြီး စိုးခဲ့ကြစဉ်က....သူတို့ကလေးများကို ထိန်းကျောင်းရန် တိုင်း ရင်းသူမိန်းမများကိုခန့်ထားကြ၏၊ ထိုမိန်းမများကိုအာယား ဟုရင်း၊ နံနီဟုရင်းခေါ်ကြသည်။

ယခုအချိန်တွင်မူ မြန်မာ့မြေ၌ ဗြိတိသျှတို့ အရှင်သခင် အဖြစ်မရှိတော့ပြီ၊ သို့ရာတွင် ဗြိတိသျှကိုလိုနီ အရစ္စတိုကရေစီ ယဉ်ကျေးမှုသည် မြန်မာဗြူရိုကရက်အများကြား၌ ကျန်ရစ်ခဲ့ သေးသည်။

ဝင်ဒါမီယာ ကုဒ်အတွင်း၌ရင်း၊ ဝင်ဒါမီယာ ပါတ်(ခ်) အတွင်း၌ရင်း၊ ဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်တို့မှစ၍ဝန် ကြီး ဝန်ကလေး၊ မင်းကြီး၊ မင်းကလေးဟူသော.... ဘေရာဇ်၊ ပဒေသရာဇ်စိန်နစ်နံ့သင်းသော ရာထူးပိုင်သခင် ဘွဲ့ထူးခံအရှင် တို့ စံစားနေကြသည်။

ယခု သက်ခိုင်တို့မြင်ကြရသော ခလေးတို့ကား ထိုသခင် ကြီး အရှင်ကြီးတို့၏သားသမီးများချည်းဖြစ်ကြ၏၊ သူကလေး တို့ကိုထိန်းကျောင်းလာသူများကား မြန်မာပြည်ကြီး လွတ် လပ်လာသော်ငြားလည်း သူတို့ဘဝ၌ဘာမျှအပြောင်းအလဲမရှိ၊ ရှိသမျှမှာ သခင် အရှင်ပြောင်းလဲခြင်းသာမည်သည့် တိုင်းရင်း သူအမျိုးသမီး အာယားနှင့်နာနီတို့ပင်တည်း၊ အာယား သို့မ ဟုတ်....နာနီဟူသောအမည်သည်ပင် မပြောင်းမလဲ တည်မြဲ ကျန်ရစ်နေသေးသည်။

ဤအတွေးများကြောင့် သက်ခိုင်သည် အငွ့်ခံပေါ်၌ထိုင်မိ၍ အတန်ကြာသည်အထိ စကားမဆက်မိဘဲ ငြိမ်နေ၏။

“မင်းဘာငိုင်နေပြန်ဒါလဲ သက်ခိုင်၊ အာယားတွေကိုကြည့် ပီး ကဗျာစပ်အုံးမလို့လား”

သက်ခိုင်က အသာအယာရယ်သည်။

“အေး....ဟုတ်တယ်၊ ကဗျာစပ်ချင်တယ်၊ ငယ်ငယ်ကနေ ခဲ့ရတဲ့ ရေနံချောင်းကိုလဲသွားသတိရမိတယ်သူငယ်ချင်း၊ အဲဒီ



တုန်းက ရေနံချောင်းမှာ ဒီလိုဘဲ အာယားတွေဟာ မျက်နှာဖြူ ကလေးတွေကိုထိန်းကြတယ်၊ အခု...ဝင်ဒါမီယာမှာလဲ သူတို့ ကိုပြန်တွေ့ရတယ်၊ သမိုင်းခေတ်တွေ ဘယ်လောက်ပြောင်း ပြောင်း နိုင်း(လ်)မြစ်ကြီးကတော့.... စီးမြဲစီးလျက်....ဆိုတဲ့ စကားလိုဘဲ.... ဒို့ဗမာပြည်မှာလဲ အချိန်တွေ ဘယ်လောက် ပြောင်းပြောင်း.... ဗြူရိုကရေစီမြစ်ကြီးကတော့ စီးမြဲစီးလျက် ဘဲလို့ ကဗျာစပ်ရလိမ့်မယ်ထင်တယ်သူငယ်ချင်း”

အေးဝင်းက လိုက်လှဲစွာရယ်သည်။

“သက်ခိုင်–မင်းက မောင်ညိုမှိုင်းကိုတော့ဝေဖန်တယ်၊ ဒါ ပေမဲ့ တခါတလေ မင်းစကားပြောပုံဟာ မောင်ညိုမှိုင်းနဲ့တူ တယ်”

“ဘယ်သူလဲ....မောင်ညိုမှိုင်းဆိုဒါ”

“မောင်ညိုမှိုင်းဆိုဒါ ထွန်းငွေပေါ့၊ သူ့ရုပ်ဟာ အမြဲတန်း ညိုညိုမှိုင်းမှိုင်းနိုင်တယ်၊ ဒီကြားထဲက.... သွားစရာလာစရာရှိ ရင်....သူ့ဖွားအေက အသက်ဆင်ဖြုတ်ပေးလိုက်တဲ့ ရေနံရောင် ရှေးဘန်ကောက်လုံချည်အဟောင်းကြီးကို ဝတ်သေးတယ်၊ ဒါ ကြောင့်မို့ ငါတို့မောင်ရှိန်တို့က သူ့ကို မောင်ညိုမှိုင်းလို့ ခေါ်တယ်”

“ထွန်းငွေကို မောင်ညိုမှိုင်းလို့တွဲပေးဒါ ငါသဘောကျ တယ်အေးဝင်း....၊ ပီးတော့တခါတလေ ငါစကားပြောပုံက မောင်ညိုမှိုင်းနဲ့တူဘယ်ဆိုလို့လဲ ငါသဘောကျဒါဘဲ၊ အစ ကတော့ ထွန်းငွေကို ငါသိပ်ကြည့်လို့ မရဘူး၊ နီးစပ်ခင် မင်လာတော့လဲ.... ဒီကောင်ကြီးက....မင်းတခါက ပြောသလို ဘဲ ချစ်စရာကောင်ကြီးပါ....”

"ဘာ....၊မင်းထွန်းငွေကို ချစ်သွားပြန်ပြီလား...."

"ဟုတ်တယ်၊ ထွန်းငွေရဲ့ အသံနှလုံးမှာ အခြေခံအားဖြင့် မှန်ကန်တဲ့ ဆိုရှယ်လစ် စိတ်ဓာတ်ရှိတယ်၊ သူ့ပါးစပ်က တော့ထဲကလူတွေ ပြောခိုင်းတဲ့စကားတွေကိုသာ ပြောနေဒါ ဘာခုဘဲခက်တယ်...."

အေးဝင်းက သဘောတူဟန် ခေါင်းညိတ်သည်။

"အေးဟုတ်တယ်၊ သူ့ပါးစပ်က တောထဲကလူတွေပြော ခိုင်းတဲ့စကားတွေဘဲ လျှောက်ပြောနေဒါဘဲ၊ တောထဲက လူတွေ ပြောခိုင်းတဲ့စကားကလဲ....နိုင်ငံခြားပါတီက ပြောခိုင်း တဲ့ စကားတွေဘဲ ဖြစ်နေလို့ ပိုခက်တယ်၊ အေးကွာ....ထားပါ တော့....၊ဒို့မနက်စောစောစီးစီး နိုင်ငံရေးစကားတွေပြောမိနေ ပြန်ပါပြီ၊ စောစောက မင်းစကားပြန်ဆက်ပါအုံး...."

"နေပါအုံး.... စောစောက ငါဘာပြောနေပါလိမ့်...."

"လုပ်ပြီ....မင်းက၊နေအုံး....ငါလဲပြန်စဉ်းစားရအုံးမယ်....၊ ဘာတဲ့....ဪ....အင်း....ဒီလိုလေကွာ....၊ မြတ်စွာဘုရားသခင် ဟာ လောက....ကမ္ဘာမြေကအလှအပတွေကိုပယ်တော်မမူဘူး၊ ပယ်တော်မမူဘူးဆိုဒါဟာ.... တပ်မက်သာယာဒါ မဟုတ်ဘူး လို့ မင်းကဆိုတယ်၊ ဆက်လေကွာ...."

"အေးဟုတ်ပြီ၊ အလှအပဆိုဒါနဲ့ ကာမအာရုံကိုခွဲကြည့် တတ်ဘို့လိုတယ်၊ မြတ်စွာဘုရားသခင်သာမဟုတ်ဘူး၊ ပလေ တိုတို့လို အနောက်တိုင်းတွေးခေါ် မြော်မြင်ရေးပညာရှင်ကြီး တွေကလဲ ခွဲကြည့်ဘို့ ကြိုးစားဒါဘဲ၊ ကြည့်တတ်ရင်....လော ကမှာ အလှအပကနေရာတကာမှာရှိတယ်၊ အလှအပကို ချစ်ခင် မြတ်နိုးဒါမှာ အပြစ်ရှိပါဘူး၊ မချစ်ခင် မမြတ်နိုးတတ်မှု



အပြစ်ရှိဒါ၊ အဲ....ကာမအာရုံကို အလှအပ ထင်မိရင်တော့ ငါးပါးမှောက်ဘတ်တယ်၊ ကာမ အာရုံဆိုဒါက တပ်မက် သာယာစွဲလန်းတဲ့ ကိလေသာတဏှာကိုသာ မွေးဖွားပေးတတ် ထာကိုး....၊ချစ်ခင်မြတ်နိုးမှုဟာ သောဘဏ(ကြည်လင်ခသာ) စိတ်၊ ကိလေသာတဏှာဆိုဒါက အသောဘဏ (နောက်ကျိ သော) စိတ်၊ ငါအခုနေတော့....ဒီလောက်ဘဲ ရှင်းပြတတ်သေး တယ် အေးဝင်းရယ်...."

အေးဝင်းသည် စဉ်းစဉ်းစားစားနားထောင်နေရာမှ သူငယ် ချင်းချင်းဖြစ်၍ အားမနာဘဲမေးသည်။

"ဟာလဲ....မင်းဆိုလိုဒါက....မင်းဟာ.... အလှအပကိုသာ ချစ်မြတ်နိုးတယ်၊ ကာမအာရုံကို မတပ်မက် မစွဲလန်းဘူး၊ဒီလို လား သက်ခိုင်...."

သက်ခိုင်က ဝမ်းနည်းစွာ ခေါင်းခါပြ၏။

"ဒီလိုမဟုတ်ပါဘူး သူငယ်ချင်း၊ အလှအပနဲ့ ကာမအာ ရုံကို ငါခွဲခြားမမြင်တတ်သေးပါဘူး၊ တတ်နိုင်ရင်တော့....ငါ မြင်စွမ်းချင်လှပါတယ်၊ မြင်စွမ်းနိုင်တဲ့အနေမှာ ငါ့စိတ်ဟာ ချမ်းသာမယ်၊ မမြင်စွမ်းနိုင်သမျှ ငါ့စိတ်ဟာ မချမ်းသာနိုင် ဘူး၊ ငါ့ အဖြေကိုမင်းကျေနပ်ရဲ့လား....သူငယ်ချင်း...."

အေးဝင်းကသက်ခိုင်၏ကျောကို မနာချုံ လက်ဝါးနှင့်ရိုက် သည်။

"ပဟေဠိတွေကို စကားတတ်တိုင်း ဝှက်ပြီးမှ ကျေနပ်ရဲ့ လားမေးတော့ငါကဘာဖြေရမှာလဲ၊နေပါအုံး....မင်းဘာဒီမနက် ဘာဖြစ်လို့ အဘိဓမ္မာစကားတွေ ပြောနေရဒါလဲ...."

"ဘာရယ်လို့ မဟုတ်ပါဘူး သူငယ်ချင်း၊ ငါအခုတလော ကြိတ်စပ်နေတဲ့ ကဗျာတွေက အတွေးအခေါ်တွင် ဝင်လာလို့ ပြောမိတဲ့စကားတွေပါ...."

"ဘာ....မင်း....ကဗျာတွေ ကြိတ်စပ် နေတယ်၊ အေး....ငါလဲ ဝတ္ထုတပုဒ် ကြိတ်ရေးနေတယ်၊ ဒါထက် မင်းက ဘာလို့ ကဗျာတွေ ကြိတ်စပ် နေဒါလဲ...."

"မင်းကကော ဘာလို့ ဝတ္ထုကြိတ်ရေးနေဒါလဲ...."

"ဪ....ဒါကတော့....မောင်ရှိန်တို့ တင်မောင်စိုးတို့ သိသွားမှာစိုးလို့၊ ငါက ငါ့ဝတ္ထုကို "**သွေးသောက်**" ကိုပို့မလို့၊ အဟုတ်တကယ်ရေးနေဒါ၊ ဒါပေမဲ့ မဂ္ဂဇင်းကြီးတွေက ဒို့လို တလောင်ပေါက်စ သစ်ကို လက်ခံ ချင်မှ လက်ခံ လိမ့်မယ်၊ ရေးဒါ လူသိပြီးမှ မဂ္ဂဇင်းထဲမပါရင်....နောက်စရာ....သောစရာ ဟာသ ဖြစ်သွားလိမ့်မယ်၊ အထူးသဖြင့် မောင်ရှိန်နဲ့ တင်မောင်စိုး သိသွားရင်....သောလို့ ဆုံးကြမှာမဟုတ်ဘူး၊ မင်းကကော ဘာလို့ ကဗျာ ကြိတ်ရေးနေဒါလဲ"

"မင်းအတိုင်းဘဲ၊ ဒီကောင်တွေဟားမှာကြောက်လို့၊ ဒါထက်... မင်းဝတ္ထုနာမည်က ဘာတဲ့လဲ"

"**ပိတောက်ကိုတော့ မချစ်စံ့ပြီ**" လို့ပေးထားတယ်၊ အေးဟေ့... သက်နိုင်၊ မင်းနဲ့ ငါ တေးမိပုံချင်း ဆင်တယ်၊ မင်းလိုတော့ ငါက စကားပတ်ကုံးမပြောတတ်ဘူး၊ ငါဆိုလိုချင်ဒါက....ခုနင်က မင်းပြော ခဲ့တဲ့ အတိုင်းဘဲ....အလှအပနဲ့ ကာမ အာရုံကို ရောထွေးမိရင်....ငါးပါးမှောက်တတ်တယ်၊ အဲဒီလို....ရောထွေးမိလို့ ငါးပါးမှောက်ခဲ့တဲ့ လူတယောက် အကြောင်းကို ရေးထားမိတယ်"



"အဲဒီ လူတယောက်ဟာ မင်း ကိုယ်တိုင် များ ဖြစ်နေသလား သူငယ်ချင်း"

"မင်းဘိုးအေ....မင်းကပြီး သစ္စာ ဖောက်ပီ၊ စာရေးဆရာ တယောက်ဟာ တခုခုရေးတိုင်း သူ့အကြောင်း ချည်းဘဲ လို့ မင်းက ဆိုချင် လို့လား"

"ဆိုချင်ပါတယ်၊ များသောအားဖြင့် **သာမန်** စာရေးဆရာတိုင်းဟာ ပုဂ္ဂလိကအမြင် သာရှိကြတော့ ရေးသမျှမှာရှစ်ဆယ်ရာခိုင်နှုန်းလောက်....ကိုယ့်အကြောင်း ကိုယ်ရေးကြဒါဘဲ၊ ဝန်ခံ ရဲသူနဲ့ ဝန်မခံရဲသူဘဲကွာကြဒါ၊ လီယိုတော်(လ်)စတွိုင်းတို့ ဂေါ်ကီတို့ဟောင် ဒီနယ်က မလွတ်ကြဘူး၊ အေး....**ပရမတ္ထအမြင်**နဲ့ ရေးကြတဲ့ ရှိတ်စပီးယားတို့၊ ဂိုဘဲတို့၊ ဟင်မင်ဝေးတို့၊ ဦးပုညတို့၊ ကျည်းကန်ရှင်ကြီးတို့၊ သခင်ကိုယ်တော်မှိုင်းတို့၊ ဇော်ဂျီတို့၊ သိပ္ပံမောင်ဝတို့ဆိုတဲ့စာရေးဆရာကြီးမျိုးတွေလဲ ရှိကြပါရဲ့၊ ဒါပေမဲ့....ဒီလိုပုဂ္ဂိုလ်မျိုးကြီးတွေက အလွန်ရှားတယ်၊ မင်း ဘာဝေဖန်ချင်သလဲသူငယ်ချင်း"

အေးဝင်းကပြုံးသည်၊

"ထားပါတော့လေ၊ မင်းကအခု ဘာကဗျာမျိုးတွေစပ်နေသလဲ၊ နေအုံး....ယုမောင်ကပြောတယ်–၊မင်းက သော်မတ်(စ်) ဟာဒီရဲ့ "မျိုးပျက်ချိန်" ကဗျာကို မှီးပြီး "ကမ္ဘာကုန်ကျယ်သရွေ့ဝယ်" ဆိုတဲ့ ကဗျာကိုစပ်နေသတဲ့....ဟုတ်လား"

"ပထမတော့....ဒီအတိုင်းစပ်မလို့ပါဘဲ၊ ဒါပေမဲ့ ငါလိုပါများက သောမတ်(စ်) ဟာ ဒီရဲ့ ကဗျာကို သွားမှီးစပ်မိရင်....၊ အေးလေ....အချိန်စောနေသေးတယ်ထင်လို့ ငါရပ်ထားတယ်"

"ဒါဖြင့်....မင်းအခုစပ်နေတဲ့ ကဗျာတွေကဘာလဲ...."

"တပုဒ်ကိုတော့ ဒွိဟ လို့နာမည်ပေးထားတယ်၊ ရှမဝ ကို ပို့မလို့ဘဲ၊ အလှအပနဲ့ ကာမအာရုံကြားမှာ ဒွိဟပွားရတဲ့ လူဘယောက်ရဲ့ အကြောင်းဘဲ၊ တပုဒ်ကတော့ ဘယ်ကိုမှပို့ ဘို့မဟုတ်ဘူး၊ ငါ့အသဲနှလုံးအတွက် ငါစပ်ထားဒါဘဲ"

"နာမည်က....ဘာတဲ့လဲ...."

"မိုးနတ်ဒေဝီသို့ တောင်းပန်ခြင်း တဲ့၊ ဒီလောက် ဆိုရင် ကျေနပ်တော့ကွာ၊ နေမြင့်လာဘီ၊ ဒို့ပြန်ကြရအောင်"

သူငယ်ချင်းနှစ်ယောက်သည် အင့်ဩခုံထက်မှထကြ၏။

ဤတန်နက်၌မူ ဝင်ဒါမီယာ ပတ်(၆)လမ်းအတိုင်းရှောက် ကြပြီး ဦးဝိစာရလမ်းပေါ် ရောက်လာကြသည်။

ဦးဝိစာရလမ်းအတိုင်း ဆက်ရှောက်လာကြရာ....ပြည်လ မ်း နှင့်မဆုံခင်ကလေး၌ ဝင်ဒါမီယာကုဒ်အတွင်းသို့ ပြေးလျက်ရှိ သောလမ်းကျဉ်းကို တွေ့ရ၏။

ဤလမ်းအတိုင်း ချိုးဝင်လိုက်သွားလျှင် မလေးနွယ်တို့၏ အိမ်သို့ ရောက်နိုင်သည်။

ဤလမ်းကိုမြင်လေမှ အေးဝင်းက တိုက်တွန်းသည်။

"သက်ခိုင်ရေ—၊မိုးနတ်ဒေဝီသို့ တောင်းပန်ခြင်းဆိုတဲ့ ကဗျာ နာမည်က ငါ့ရင်ကိုလာပြီး ခိုက်နေတယ်၊ မင်းရွက်မပြနိုင်ဘူး လား...."

သက်ခိုင်ကခေါင်းငိုက်စိုက်ချရင်း ရှောက်လာနေရာမှ အေး ဝင်းကိုမော့ကြည့်သည်၊ ဤမော့ကြည့်သော မျက်လုံးများ၌ မျက်ရည်မသိမသာဝဲနေ၏။

မျက်လုံးများ၌ မျက်ရည်ဝဲနေသော်လည်း သက်ခိုင်သည် ဖြေးလေး တည်ငြိမ်စွာဆိုသည်။



"မင်းက ရွတ်ပြစေချင်ရင် ငါရွတ်ပြပါမယ်၊ လေးချိုးမို့ ငါ့ကဗျာမှာအပိုဒ်လေးပိုဒ်ပါတယ်၊ ပထမသုံးပိုဒ်ဟာ ပုဂ္ဂလိက ရေးရာမို့....သက်ဆိုင်သူဟာတဦးသာရှိဘယ်၊ ဒီသုံးပိုဒ်ကိုနားမ ထောင်ပါနဲ့တော့ သူငယ်ချင်း၊ နောက်ဆုံးအပိုဒ်ကတော့.... ဆိုင်ချင်သူတိုင်းနဲ့ဆိုင်နိုင်ဒါမို့ ငါရွတ်ပြမယ်...."

သက်ခိုင်သည် ဆောင်းနံနက်၏ မိုးပြင်ကိုငေးကြည့်ရင်း ဂီတလွမ်းသောအသံနှင့် ကဗျာကို ဆွေးဆွေးမြေ့မြေ့ရွတ်ပြ ၏။

"လောကဓံ ထန်မုန်တိုင်းနဲ့၊ သောကမြူမှုန်မှုန်မှိုင်း လေတဲ့၊ ဘဝကိုဒီပုန္နိုင်းချင်ရဲ့၊ ကသိုဏ်းဉာဏ်တဖန် ရှုလေတော့ အရိုင်းကံသူ မပြုလေဘူ၊ တပိုင်းဝန် ကိုယ်အမှုမေမို့ (မိုးနတ်ဒေဝီရေ) ပြုပြုသမျှ.... အနု သယကစခဲ့ရတဲ့၊ သမုဒယဆိုတဲ့ မောင့်ရဲ့အမှား...."

အေးဝင်းကသက်ခိုင်ကို နားလည် စာနာစွာ တချက်စိုက် ကြည့်ပြီး ဘာမျှမဝေဖန်တော့ဘဲ သက်ခိုင်၏ကဗျာမှနောက် ဆုံးစာသုံးကြောင်းကိုသာပြန်ရွတ်၏။

"ပြုပြုသမျှ၊ အနုသယကစခဲ့ရတဲ့၊ သမုဒယဆိုတဲ့.... မောင့်ရဲ့အမှား...."

× × ×

လှပသောဆောင်းအခါဝယ် တက္ကသိုလ်နယ်မြေ၌ ပွဲလမ်း သဘင်များလည်းစည်ကားသည်။

ပထမဦးဆုံးအဖြစ်တန်ဆောင်တိုင်ပွဲသော်ကလာသည်။

တန်ဆောင်တိုင်ပွဲတော်၏ညများ၌ ရန်ကုန်မြို့တော်တခုလုံး ကဲ့သို့ပင် တက္ကသိုလ်နယ်မြေတွင် မီးပုန်းရောင်–မီးပွင့်ရောင်တို့သည် ကြယ်ရောင်လရောင်တို့နှင့် ပြိုင်၍ဝင်းလက်နေ၏။

ထိုစဉ်က တက္ကသိုလ်နယ်မြေ၌ တန်ဆောင်တိုင်ပွဲတော် ရက်အတွင်း အစည်ကားဆုံးနှစ်နေရာရှိသည်။

တနေရာမှာ တက္ကသိုလ်ဓမ္မာရုံကြီးဖြစ်သည်၊ တက္ကသိုလ်ဓမ္မာရုံ၌ တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီးမှ ကြီးမှူး၍မီးပူဇော်ပွဲကျင်းပသည်၊ ကြာဇံကြီးခေါက်ဆွဲလည်းကျွေး၏၊ တခြားတနေရာကား ဘီအီးဒီဆရာမလောင်းများ စံပျော်ရာ တီတီစီကျောင်းဆောင်ဖြစ်သည်၊ တီတီစီကျောင်းဆောင်၌လည်း မီးပွဲသဘင်နှင့်အကျွေးအမွေးရှိ၏။

နေမဝင်မီ-မီးပုန်းရောင်စုံတို့ မဝင်းလက်မီ ညနေစောင်းကတည်းက တက္ကသိုလ်နယ်မြေတဝှမ်းလုံးသည် ဝတ်ကောင်းစားလှဆင်ယင်၍ လှုပ်ရှားနေကြသော ကျောင်းသားကျောင်းသူတို့၏ပိုးရောင်၊ ဖဲရောင်၊ နိုင်လွန်ရောင်၊ ဇတ္တာပါရောင်နှင့် စိန်ရွှေငွေလက်ဝတ်ရတနာရောင်တို့ကြောင့် ဝင်းလက်တောက်ပနေသည်။

ကျောင်းသားကျောင်းသူအများသည် ကျောင်းဝင်းတွင်းရှိ ပွဲသဘင်တို့၌လည်းဆုံကြသည်၊ မြို့တွင်းထွက်လည်ကာ ရွှေတိဂုံစေတီတော်ရင်ပြင်၌လည်း "ဘုရားမှာတခါဆုံ" ကြမြန်သည်။

ဩော်....တက္ကသိုလ်မြေဆိုသည်မှာဆုံတတ်....၊ကွဲတတ်သော မြေပါပင်တည်း၊ရွှေတိဂုံရင်ပြင်တော်သည်လည်း....ဆုံတတ်ကွဲတတ်သောမြေပါပင်တည်း။



ဆုံလာကွဲလာတတ်သော မြေဝယ်ဖြစ်သဖြင့် ကိုယ်ကမချင်ဆိုင်လိုသည်မှန်စေ.... နဲ့ပင်တိုင်ကျဉ်ရှောင်တိမ်း....၊ စိမ်းလို့မဖြစ်....မဖြစ်။

တန်ဆောင်မုန်း၏ ငွေလသာသာတွင် အများတကာလည်ပတ်ကြသည်သို့ သက်ခိုင်က မလည်ပတ်ချင်၊ အေးမြပြာလွင်သောမိုးပြင်၊ ဖွေးသက်သန့်စင်သောငွေလ၊ ရှန်းပစုံလင်သောကြယ်တသင်းတို့ကိုငေးရင်း တယောတလက်နှင့် ဖေးကြူလိုသည်၊ ကဗျာတပုဒ် စာတန့်ကိုရေးဘွဲ့ဖွဲ့ယူလိုသည်။

သို့ရာတွင်သူ့အဖမှာ ကျောင်းရိပ်၊ ဆောင်းရိပ်၊ လရောင်ရိပ်ကိုခိုကာ မာန်ပိုနိုင်သည့်ဘုန်းမဟုတ်၊ သူ့သဲဘဝင် ဖိုကာဘယ်ညိုတော်တည့်ပူအောင် သားငယ်ကို ထားနိုင်လေသည့်ဘုန်းမဟုတ်....၊ မဟုတ်၊ ဖိုခြင်းဖိုလျှင် ကိုယ့်ရင်သာ ဖိုလေရမည်၊ သူညိုမည်ကိုတော့.... စိုးရသည်၊ စိုးလေရသည်။

ဆောင်း၏ပွဲတော်ဦးစကတည်းက မလေးနွယ်က လာခေါ်သော် သက်ခိုင်မငြင်းနိုင် လိုက်ရပြန်သည်။

မလေးနွယ်တို့ အိမ်ခြံဝင်းအတွင်းတွင် မီးပုန်းရောင်စုံများကို အတူတကွချိတ်ကြ ဆင်ကြသည်၊ ကလေးအရွယ်များမဟုတ်ကြသော်လည်း ကလေးများသဖွယ် မီးရှူးမီးပန်းများကို ရှို့ညှိဝေ့ရမ်း ကစားကြသည်၊ တက္ကသိုလ်နယ်မြေနှင့် ရန်ကုန်မြို့တော်၏ မီးပွဲသဘင်တို့ဆီ ငွေရောင်ကားပေါ် အတူစီး၍ လည်ပတ်ကြသည်။

လည်ပတ်ပြီး၍ ပြန်လာကြသောအခါ မမောနိုင်သေးဘဲ မလေးနွယ်က ပီယာနိုတီး၍ သက်ခိုင်က တယောထိုးသည်။

ညစဉ်ညတိုင်းမလေးနွယ်၏အကြိုက်ဆုံးပဟိုရ်မြွက်သံဆောင်းတွင်း အမျှော်စိုက်ပတ်ပျိုးလေးကို မပျက်တန်းတားကြဆိုကြသည်။ ပဟိုရ်မြွက်သံ ပတ်ပျိုးလေးသည် ဆောင်း၏ အလှနှင့် လူ့ရင်မှ ခံစားမှုတို့ကို အဖွဲ့အနွဲ့မပိုဘဲ လိုရင်းမိအောင် ဖေါ်ပြလေသောကြောင့် သက်ခိုင်ကလည်း နှစ်သက်သည်။

ချစ်လှစွာသော မမနွယ်နှစ်သက်ရာကို ကိုယ်ကလည်း နှစ်သက်၍ နှစ်ဦးစုံ နှစ်သက်ရာကို နှစ်ကိုယ်တူ ပြုကာ ဆိုရလေသဖြင့် သည်ဆောင်း၌သက်ခိုင် ပျော်မိသည်....။ ပျော်လေရသည်။

အမှန်မှာ....တိုတောင်းသော ထိုနှစ် ဆောင်းကာလ သည် သက်ခိုင်၏ ဘဝတာတွင် ပျော်ဘွယ်ရာ အကောင်းဆုံး သော အချိန်များပင် ဖြစ်ခဲ့လေသည်။

တန်ဆောင်တိုင် ပွဲတော်နောက်တွင် တက္ကသိုလ် နယ်မြေ၏ ကိုယ်ပိုင် သီးသန့် ပွဲတို့သည် ဆက်ကာ ဆက်ကာ လိုက်ပါလာ၏။

အသင်းအဖွဲ့အသီးသီးတို့၏ နှစ်ပတ်လည် ညစာ စားပွဲတို့သည် စနေနေ့ ညဉ့်တိုင်းလိုလို ရှိသည်။

အထူးကဲဆုံး နှစ်ပွဲကား တက္ကသိုလ်မြန်မာ အသင်းကြီးက ကြီးမှူး ကျင်းပသော နှစ်ပတ်လည် ဆွန်နင်းသဘင် ပွဲနှင့် တက္ကသိုလ် သမဂ္ဂမှ ဦးစီးဆင်ယင်ပေးသော ဂီတပြိုင်ပွဲတို့ ဖြစ်ကြ၏။

တက္ကသိုလ် မြန်မာ အသင်းကြီးက ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးပြိုင်ပွဲများလုပ်သည်၊ တံခွန်စိုက် ဒိုင်းလုရသော စကားရည် လုပွဲများကိုလည်းလုပ်ပေး၏၊ ထိုပြိုင်ပွဲတကာအနက် စကားရည် လုပွဲသည်အထင်ရှားဆုံးနှင့် လူကြိုက်အများဆုံးပွဲဖြစ်၏၊ စကားရည် လုပွဲများကို ကျောင်းဖွင့်စ မိုးရာသီကတည်းက တစဉ်တစိုက်ဘည်း တပွဲရှုံး တပွဲထွက် စံနစ်ဖြင့် ကျင်းပ လာခဲ့ရာ နောက်ဆုံးပွဲကို ဆွန်နင်းသဘင်ပွဲနေ့၌ ကျင်းပ သည်။



ထိုခေတ်က စကားရည်လုပွဲများသည် အဆင့်အတန်း မြင့်လှ၏၊ အဆင့်အတန်း မြင့်ရသည်မှာလည်း စည်းကမ်း များက မြင့်မားလှသောကြောင့် ဖြစ်သည်။

စကားရည်လုပွဲနည်းသည် အနိုင်လုပြောရသော ပွဲကား မှန်၏၊ သို့ရာတွင် တဘက်နှင့်တဘက် ငါးစိမ်းသည် ရန်တွေ့သကဲ့သို့ အသားလွှတ်အုပ်ရ-ခွပ်ရသောပွဲမျိုးမဟုတ်၊ ပုဂ္ဂလိက စွဲ၍ ဆော်ကြ-နှံ့ကြသောပွဲမဟုတ်၊ မှိုချိုး-မျစ်ချိုး နှိမ်ကာ "ဆုမရကန်" ၌ ကန်သကဲ့သို့ ကန်ရသော ပွဲမျိုးမဟုတ်၊ ဤကဲ့သို့ အုပ်ရန်၊ ခွပ်ရန်၊ ဆော်ရန်၊ နှံ့ရန်၊ နှိမ်ရန်၊ ကန်ရန် ဝေးစွ၊ အဆိုရှင်နှင့် အချေရှင်တို့ ချင်း တဦးကိုတဦး တိုက်ရိုက်ညွှန်းခွင့် မရှိ၊ သဘာပတိကိုသာ တိုင်တည်ပြောရသည်၊ အချက်အလက် ပေါ်မူတည်ကာ ပညာသားပါပါ အိန္ဒြေပြည့်ပြည့် အဆင့်မြင့်မြင့် ဂုဏ်တင့်တင့်နှင့် ငြင်းခုန် ဝေဖန်ရသည်၊ ဟာသ သုံးရာ၌ သင် အိန္ဒြေရှိရ၏၊ အငြိမ့် လူပျက်- ပြဇာတ်လူပျက်၏ လူရယ်လျှင် ပြီးရော ဟူသည့် ပျက်လုံး မျိုးကား စကား ရည် လုပွဲ အတွက်မဟုတ်၊ အမူအယာတိုသော်လည်း ပိုခွင့်မရှိ၊ မတော် မလျော် မျက်နှာ ရှုခွင့် မရှိ သကဲ့သို့ မဆီ မဆိုင် အိုဗာ အိုင်တင် ခံ၍ မရ၊ အစစ အရာရာ သည် အချက် အလက် နှင့် တော်သလျော် ဆီဆိုင်ရမည်၊ တဦး ကောင်း အစွမ်းပြ၍ လည်းမရ၊ အဆိုရှင်အချင်းချင်း၊ အချေရှင် အချင်း ချင်း အပေးအယူအပိတ်အဖုံး အကူအသယ်ပိုင်ရသည်၊ နှုတ်ရိုင်း—

အာရှိုင်း–လျှာရှိုင်းခြင်းသည် အဓိကဒုံစရိုက်ဖြစ်၏၊ ရှိုင်းသော အရာကို ယဉ်သည်းယဉ်အောင် ပရိသတ်လည်းသဘောပေါက် အောင် ပြောနိုင်ခြင်းသည် ပညာဖြစ်၏၊ ယဉ်ယဉ် ကျေး **ကျေး** ပြောသော်လည်း ပရိသတ်ကို တပြုံးပြုံးမှုသည် တအုံး အုံး ဖြစ်အောင် ဆွဲဆောင်နိုင်မှုသည် ပဒေနု အကျုံးဆုံးစွမ်းရည် ဖြစ်သည်။

ဤစည် ကမ်းတို့ကို သတ်မှတ်ပေး၍ဤစည်းကမ်းတို့အတိုင်း ထိန်းသိမ်း ကြပ်မတ်ပေးကြသူ ပုဂ္ဂိုလ်ကြီးများကား ထိုနေ့ များမှသည် ယနေ့တိုင် နိုင်ငံကျော်ကြား လူသိ များကြသော ပညာရှင်ကြီးများ ဖြစ်ကြ၏။

မြန်မာစာ ပါမောက္ခ ဦးဖေမောင်မှစကာ....ဆရာ ဦးမျိုး **မင်း၊** ဆရာဦးတာညွန့်၊ ဆရာဦးကျော်ရင်၊ ဆရာ ဦးမောင်မောင် ကြီး၊ ဆရာ ဦးခင်မောင်လတ်၊ ဆရာ ဦးလှမောင်၊ ဆရာ ဦးလှ ရွှေ တို့အမှူးပြုသော မြန်မာစာ၊ မြန်မာယဉ်ကျေးမှုကိုအလေး အမြတ်ထားကြသည့် ပါမောက္ခ၊ ကထိက၊ လက် ထောက် ကထိက၊ နည်းပြ–ဆရာ များနှင့် သက်ခိုင် အမည် မမှတ်မိ သော ဆရာမကြီး၊ ဆရာမလေးများဖြစ်ကြ၏။

ဤပုဂ္ဂိုလ်ကြီးများ ထိန်းသိမ်းကြပ်မတ်သော စကားရည် လုပွဲများ၌ဝင်နွဲနိုင်ရန်မှာ မလွယ်ပါ၊ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲ၌ဝင်နွှဲ **ရသည်** ကဲ့သို့ ခက်ပါသည်။

ဤမျှခက်သော စကားရည်လု ပြိုင်ပွဲ၌ သက်ခိုင်တို့၏ ပြည် နှင့် တကောင်းကျောင်းဆောင်မှ **ကိုလှအေး၊ ကိုစိန်ထွန်း၊ ကို လေးမောင်** တို့အတွဲက ပွဲတိုင်းနိုင်ကာ တံခွန်စိုက်ဒိုင်းကြီးကို အပိုင်ယူပေးခဲ့ကြ၏၊ ထိုသုံးဦးမှာ အပြော ကောင်း အဟော



ကောင်း အငြင်းကောင်း အကပ်ကောင်းများဖြစ်ကြလေသော ကြောင့် မြန်မာစာ ပါမောက္ခ ဦးဖေမောင်က သူတို့ကို **"တက္ကသိုလ်-မောင်ကျဗန်းများ"** ဟူသောဘွဲ့ကို အထူးပေး၏၊ ထိုသုံးဦးအနက် ကိုလေးမောင်ကား သက်ခိုင်၏ ချစ်လှစွာသော ဗေဒင်ဆရာ၊ ရေဒီယိုပြင်ဆရာ၊ သိုင်းဆရာကြီး၊ **"ကိုသေး"** ပင် ဖြစ်သတည်း။

ကိုလှအေး၊ ကိုစိန်ထွန်း၊ ကိုလေးမောင်တို့ကြောင့် ပြည်နှင့် တကောင်းကျောင်းဆောင်ကြီးတို့ ဂုဏ်မြင့်ရာဘွင် ထပ်ဆင့်၍ ဂုဏ်တိုးပေးမည့်သူများက အသီးသီး ပေါ်လာသည်။

တက္ကသိုလ် သမဂ္ဂက ကြီးမှူး ကျင်းပသော ဂီတ ပြိုင်ပွဲ၌ **မောင်ရှိန်က** ဆုကြီးများယူပြလိုက်ပြန်၏၊နဂိုကကျော်ပြီးသော **မောင်ရှိန်** (တယောတစ္ဆေကြီး)၏အမည်မှာ ပိုထွန်း တောက် လာ၏။

ပြည်နှင့် တကောင်းကျောင်းဆောင်ရှိ ကျောင်းသား ကြီး များအလယ်၌ မထင်မရှားနေခဲ့ကြရသော အေးဝင်းနှင့် သက် ခိုင်တို့ကလည်း အမိ ကျောင်းဆောင်ကြီးများ၏ ဂုဏ်ကိုသူတို့ နည်းနှင့် သူတို့ မြှင့်တင်ပေးကြ၏။

အေးဝင်း၏ဝတ္ထုမှာ သွေးသောက်မဂ္ဂဇင်းကြီး၌ တခမ်း တနားပါလာသည်၊သက်ခိုင်၏ကဗျာကား....ရှုမဝမဂ္ဂဇင်းကြီး၌ စာမျက်နှာတမျက်နှာအပြည့်အသားပေးဖော်ပြခြင်းခံရသည်၊ ကြိုးစားထင်ရှားသူများကိုမြှောက်စားသည့်ပြည်နှင့်တကောင်း ကျောင်းဆောင်၏ အစဉ်အလာအတိုင်း.... အေးဝင်းနှင့်သက် ခိုင်တို့မှာ နေ့ချင်းညချင်း ရွှေမင်းသားလေးများ ဖြစ်လာကြ ၏။

အချိုပေါ် သကာလောင်းသည့်နှယ်၊ ပြည်နှင့် တကောင်းကျောင်းဆောင်တောလုံးသမားများကလည်း တံခွန်စိုက်ဒိုင်းကိုယူပြလိုက်ပြန်၏။

ထိုခေတ်ထိုအခါက...ကျောင်းဆောင်များ နှစ်ပတ်လည်ထမင်းစားပွဲကြီးဟူ၍...နှစ်ပွဲသာရှိသည်။

တပွဲကား....ဗဟိုကျောင်းဆောင်များ၏ပွဲဖြစ်သည်၊ အငြိမ့်ပါ၏၊....တပွဲကား....ပြည်နှင့် တကောင်းကျောင်းဆောင်တို့၏နှစ်ပတ်လည် ထမင်းစားပွဲကြီးဖြစ်၏၊ ဤ၌လည်း အငြိမ့်ပါသည်။

ပြည်နှင့်တကောင်းကျောင်းဆောင်ကြီးတို့၏ နှစ်ပတ်သည်ညစာ-စားပွဲကြီးသို့အဖိတ်မခံရလျှင်....အင်းယား၊ ဘင်တန်၊ တီ-တီ-စီတို့မှ ကျောင်းသူများသည်ကျောင်းသူဖြစ်ရကျိုးမနပ်ဟု....မျက်နှာငယ်....အားငယ်....ဂုဏ်ငယ်ကြ၏။

ပြည်နှင့်တကောင်းကျောင်းဆောင်ကြီးတို့၏ နှစ်ပတ်လည်ညစာစားပွဲ၌ နှစ်ပိုင်းပါဝင်သည်၊ တပိုင်းမှာထမင်းစားပွဲဖြစ်၍ တပိုင်းမှာ လဘက်ရည်ပွဲဖြစ်သည်၊ ထမင်းစားပွဲကို ပြည်ကျောင်းဆောင်အောက်ထပ်ရှိ ထမင်းစားခန်းမကြီး၌ ကျင်းပသည်၊ အထူးဖိတ်ထားသော ဧည့်သည်တော်များ၊အဆောင်မှူး ဦးစီးသောအဆောင်တာဝန်ခံများနှင့် အဆောင်ကျောင်းသားများချည်းသာစားသောက်ကြ၏။

လဘက်ရည်ပွဲကိုမူ အဆောင်ကြီး နှစ်ခုကြားရှိမြက်ခင်းပြင်၌ကျင်းပသည်၊ အမှန်မှာ ဤပွဲသည်သာ အဓိကပွဲဖြစ်လေသည်။



အငြိမ့်စင်မှစ၍ ပွဲခင်းတခုလုံးကို အခမ်းနားဆုံး-အလှပဆုံးဖြစ်အောင် အထူးဆင်ပြင်ထား၏၊ အင်ဂျင်နီယာကျောင်းသူကျောင်းသားအများသာနေကြသည့်အဆောင်ပီဒီ ဆင်မြင်စီရင်မှုကား ထိပ်တန်းဖြစ်၏၊ လျှပ်စစ်မီး အမျိုးမျိုးကို ပွဲခင်း၏တင့်တယ်မှုအတွက် စံနစ်တကျအစွမ်းကုန်အသုံးပြုကြသည်။

ဇာတ်စင်ရှေ့ရှိ ပွဲခင်းတွင် ဆရာ–ဆရာမများနှင့်ဧည့်သည်တော်များအတွက် အထူးစားပွဲရှည်ကြီးနှင့် ကုလားထိုင်များရှိ၏၊ ကျောင်းသားများအတွက်မူ လေးယောက်တွဲစားပွဲ၊ ခြောက်ယောက်တွဲစားပွဲများရှိသည်၊ ဧည့်သည်တယောက်အတွက်လက်မှတ်တစောင်ကို လေးကျပ်နှုန်းနှင့် ကျောင်းသားတိုင်း ဝယ်ယူနိုင်သည်၊ မိမိတို့ချင်း စိတ်ကြိုက်တွဲကာ ဖိတ်ထားသော ဧည့်သည်ဦးရေအလိုက် ခြောက်ယောက်စားပွဲကိုဖြစ်စေ.... လေးယောက်စားပွဲကိုဖြစ်စေ....သင့်လျော်သကဲ့သို့ယူကြ၏။

ကျောင်းသူများသည် ပြည်နှင့်တကောင်းကျောင်းဆောင်တို့၏ လဘက်ရည်ပွဲသို့တက်ရန် ဂုဏ်ယူကြသကဲ့သို့ ကျောင်းသားများအတွက်လည်း မိမိတို့စားပွဲ၌ဧည့်သည်ကျောင်းသူများမရှိလျှင် မျက်နှာငယ်သည်ထင်ကြ၏၊ ကျောင်းသားတဦးသည် ကိုယ်ပိုင်ဖိတ်စရာမရှိလျှင် ရှိသောကျောင်းသားကိုကပ်ကာ ထိုသူ၏ မိမိမှတဆင့် ကိုယ့်အတွက် တညတာထိပ်သားကိုကြံဖန်ငှားဖိတ်ရ၏၊ မကြာခဏ...တညတာထိပ်ထားသည် ဘဝတာသက်ထားဖြစ်သွားလေ့ရှိသည်။

အေးဝင်းက မွန့်ကိုဖိတ်သည်၊ သက်ခိုင်က မလေးနွယ်ကိုဖိတ်၏၊ထို့ကြောင့် လေးယောက်စားပွဲယူကြသည်၊မိန်းကလေးမိတ်ဆွေပေါလှသော မောင်ရှိန်နှင့်တင်မောင်စိုးတို့ က ယုမောင်

နှင့်တွဲကာ ခြောက်ယောက်စာပွဲယူ၏၊ သူ့စာပွဲ၌ယူတယောက်ကိုမဖိတ်နိုင်သဖြင့် ယုမောင်တယောက် စိတ်ကောင်းနိုင်ရှာမည်မဟုတ်။

တက္ကသိုလ်ကျောင်းသူတဦးကို လဘက်ရည်ပွဲသို့ဖိတ်ရသည်မှာ လွယ်ကူလှသည်တော့မဟုတ်၊ အကြိုအပို့ အတွက် ကားလိုသည်၊ တက္ကစီကိုသုံးပြန်လျှင် ဂုဏ်ငယ်သည်ဟူ၍ မဲ့ဘုရားကလေးများက မကြိုက်ကြ၊ မောင်မင်းကြီးသား ဘသားချောတို့မှာ ကိုယ်ပိုင်ကားရှိသူ– သူငယ်ချင်းများကို ဝပ်တွားခယဆည်းကပ်ကြရ၏။

သက်ခိုင်နှင့်အေးဝင်းတို့မှာ ဤဒုက္ခမှ ကင်းကြရ၏။

ထမင်းစားပွဲအပြီး ခြောက်နာရီခန့်၌ ဦးချစ်တိုးမောင်းသောငွေကားဖြူသည် အဆောင်ရှေ့၌ဆိုက်လာသည်၊ သက်ခိုင်နှင့်အေးဝင်းတို့က ဝင်ဒါမီယာသို့ပြန်သွားကာ မလေးနွယ်ကိုခေါ်သည်၊ ထိုနောက် အင်းယားကျောင်းဆောင်သို့ ဆက်သွားကာ မွန့်ကိုဝင်ခေါ်ကြ၏၊ ခုနစ်နာရီပွဲမစမီ ပွဲခင်းသို့ပြန်ရောက်ကြ၏။

မီးရောင်တို့က ထိန်ထိန်ဝင်းနေသည်၊ အထက်မိုးကောင်းကင်ပြာပြာ၌သည်း လနှင့်ငွေကြယ်တို့မြမြလဲ့နေသည်၊ ပွဲခင်းစာပွဲတို့ဝယ် တက္ကသိုလ်ကေရိနုတ်တို့၏ ပင်ကိုယ်အလှမာတ်နှင့်ဝတ်စားတန်ဆာ ရတနာရောင်စုံဟပ်၍ ရွှန်းရွှန်းပနေ၏။

ကျောင်းဆောင်နှစ်ခုလုံး၏ ဤပွဲတွင်မပါဝင်သူမှာ တဦးသာရှိ၏၊ ထွန်းငွေခေါ် မောင်ညိုမှိုင်းတည်း။

ထွန်းငွေသည် ပြည်ကျောင်းဆောင် ဗဟို လှေကားထစ်များထိပ် ကြမ်းပြင်၌ ကျကျနနဖင်ချထိုင်ကာရှိနေ၏၊ ကိုယ်၌



စွတ်ကျယ်သာ ဝတ်ထားပြီး စွတ် ကျယ် ပေါ်မှ အရောင်အသွေးမပေါ်သော ကုတ်အင်္ကျီကို ထပ်ဝတ်ထား၏၊ ခြေနှစ်ချောင်းကိုလှေကားထစ်ပေါ်၌ ချထားသည် ပေါင်နှစ်ခုပေါ်၌ လက်နှစ်ဘက်ကိုကွေးကာ စုံထောက်ထား၏၊ လက်ဝါးနှစ်ဘက်ပေါ်တွင် မျက်နှာအခုလုံး တင်ထား၏။

ထွန်းငွေသည် ဤညသဘင်ကိုအရှဲ့တိုက် သရော်နေသည်လော....၊ ရောမမြို့ကြီး မီးလောင်နေစဉ် စောင်းတီးသီချင်းဆိုနေရက်လေခြင်းဟုရင်ထုမနာထိုင်ဖြစ်နေသည်လော....၊သူ့ဘာသာ သူသာသိနိုင်လိမ့်မည်။

လဘက်ရည်ပွဲကို အဆောင်သဟာယနှင့် စာဘတ်အသင်းဥက္ကဋ္ဌ၏မိန့်ခွန်းနှင့်စဖွင့်သည်၊ထိုနောက်အဆောင်မှူးပါမောက္ခချုပ်၊ အင်ဂျင်နီယာ မဟာဌာနမှူးတို့က စကားပြောကြသည်၊ အားလုံးက ပြည်ကျောင်းဆောင်နှင့်တကောင်းကျောင်းဆောင်သားများ၏ အောင်မြင်မှုများကို ဟာသများနှောကာ ဝေဝေဆာဆာ ချီးကျူးဂုဏ်ပြုသွားကြ၏။

ထိုနှစ်၏ အထူးအစီအစဉ်ကား အငြိမ့်မထွက်မီ ပြည်နှင့်တကောင်းကျောင်းဆောင်မှ မောင်ရှိန် ခေါင်းဆောင်သော ဂီတအဖွဲ့က သီချင်းများနှင့်ဖျော်ဖြေခြင်းဖြစ်သည်။

ရှေးဦးစွာမောင်ရှိန်က ပတ္တလားတီး၊ ယုမောင်ကမင်ဒိုလင်တီးကာ စိန်လွင်ကဘာယောထိုး၍ အတိုင်းမသိ မင်္ဂလာဩဘာသွဲ့ကို တင်မောင်စိုးကဆိုလျက် စကြသည်။

ကြီးမားထွားကျိုင်းသော ခန္ဓာကိုယ်၊ အင်္ဂလိပ်ကပြားရုပ်ပေါက်သောအသွင်အပြင်၊ ထာဝစဉ် စပ်ဖြဲဖြဲနိုင်သော မျက်နှာရှိအပ်သည့်တင်မောင်စိုးက သီချင်းကြီး ဆိုမည်သိကြသောအခါ

ပရိသတ်မှာ ပြုံးစေ့စေ့ ဖြစ်ကုန်ကြ၏၊ အထူးသဖြင့် မိန်းကလေးများကပြုံးကြသည်၊ သို့ရာတွင် တင်မောင်စိုးက စည်းနှင့်ဝါးကိုကိုင်ကာ ကျကျနန ဆိုပြလိုက်သောအခါ ဩဘာသံ မစဲတော့။

ဩဘာသံစဲသောအခါ တင်မောင်စိုးက မောင်ရှိန်နားကပ်၍ တစုံတခုတိုးတိုးပြောသည်၊ သို့ရာတွင်သူပြောမိသည်မှာ အသံချဲ့စက်စပီကာအနီး၌ဖြစ်၏။

"ဟေ့ ကောင်တရုပ်ပုပ်၊ လူတွေက ငါ့အသံသေးနေတယ် ထင်တယ်၊ ငါကအခုအဟုတ်လုပ်ပြလိုက်တာ၊ ငါ့ကိုယ်ငါတော့ ကွန်ဂရက်ကျူလေးရှင်းဘဲ ယောက်ဖရေ...."

အသံချဲ့စက်မှ သူ့အသံကြီးသည် ဤအတိုင်းဒိဗိသသကြီး ထွက်လာသဖြင့် ပရိသတ်များရယ်ကြသည်။

တင်မောင်စိုးကပရိသတ်ကို မျက်လုံးပြူးကြည့်ခိုက်သဘောပေါက်သွားသော မောင်ရှိန်ကကြိမ်းသည်။

"မင်းတိုးအေ....၊ စပီကာနားတိုးတိုးပြောတော့ အားလုံးကြားကုန်ဒါပေါ့၊ အစစအရာရာ.... သပ်သပ်ယပ်ယပ်ကလေး လုပ်ပါလို့ သူငယ်ချင်းကောင်း ယောက်ဖပီပီ....ဟိုက်.... အမလေး မွှာမွှာ...."

မောင်ရှိန်က စပီကာကိုကပျာကယာ လက်ဝါးနှင့်အုပ်လိုက်၏၊ ပရိသတ်များ ပိုရယ်ကြတော့၏။

ပျော်ကြရွှင်ကြသောပွဲ ဖြစ်သောကြောင့် အမှတ်မထင်ပြုမိသော သူတို့နှစ်ဦး၏ အမှားသည်ပင် ပွဲကိုပိုမြိုင်စေ၏။

ကျောင်းသားများထံမှ အော်ဟစ် ပွဲတောင်းသော အသံများပေါ်လာ၏။



"တယောတစ္ဆေကြီး.... ဘုန်းနေ့ဆက်လွှမ်း တီးပါဗျို့၊ ယုမောင်ဆိုပါ...."

"ဟုတ်တယ်....၊အင်ကိုး...."

လက်ခုပ်သံများပေါ်လာ၏၊ ပရိသတ် ပွဲတောင်းသည့်အတိုင်း ယုမောင်က ဘုန်းနေ့ဆက်လွှမ်း ထွက်ဆိုပြရ၏။

ဘုန်းနေ့ဆက်လွှမ်းမှစကာ ကာလပေါ် သီချင်းတပုဒ်ပြီး တပုဒ်တီးဆိုလာပြီးနောက် အခမ်းအနားမှူးက ကြေငြာသည်။

"အခု ပြည်နဲ့ တကောင်းကျောင်းဆောင် အဆောင်သားများက အထူး တောင်းပန်ထားချက်အရ.... ကဗျာဆရာ.... ကိုသက်ခိုင်ရဲ့ ကိုယ်တိုင်စပ်ဆိုပီး....ကိုယ်တိုင်သီဆိုမဲ့ **တကောင်းညလရောင်မှာ** ဆိုတဲ့ သီချင်းပါတဲ့ခင်ဗျား....၊ ကိုသက်ခိုင်ကြွပါ...."

မလေးနွယ်သည် ပါးစပ်ကလေးဟကာ သက်ခိုင်ကို ကြည့်သည်၊ ထိုနောက် ဝမ်းသာအားရ လက်ခုပ်စတီးသည်၊ မလေးနွယ်၏ လက်ခုပ်သံမှာ ကျောင်းသားအများ၏ လက်ခုပ်သံနှင့် ရောသွား၏။

သက်ခိုင်သည် တီးဝိုင်းဆီသို့ထသွား၏၊ သူသည် ပရိသတ်ကို ဦးညွှတ်လိုက်ပြီး.... ပြာဝင်းသန့်စင်သောမိုးပြင်ကို တချက် မော့ကြည့်လိုက်ကာ သီချင်းစဆို၏။

**"(ဆောင်းဦးညရုံ-နှင်းမှုန်ဖွေးလို့၊ပျံ့မွှေးကာ သဇင်နံ့ကြွယ်၊ လေနွဲ့ပြန်လောင်း–၊ပြာ မောင်း၊ တကောင်းည လရောင်မှာကွယ်၊ မျှော်ကာငေး၊ ဖော်ဝေး တဲ့ သူ တွေးမယ်။ ၂)**

အတိတ်ကိုလှန်လို့ .... ပြန်လွမ်းရမည်နှယ်၊ ဘုန်းသက်လယ်....ပြုံးချိုနွဲ့ခဲ့တယ်၊ မိုးမြေသည်းစေ.... အချစ်ဝေမမှန်းဘုတဲ့၊ ခုမျှားဖြင့်ရှောင်....လေရှူးသုတ်တဲ့တိမ်တောင်ပုံနှယ်.... အိပ်မက်သာဖြစ်ပါစေကွယ်၊ ငွေနှင်းသက်တဲ့ မြက်ခင်းထက်စယ်၊ စက်မပျော်....တယောက်....ထဲ....ရယ်...."

ကျောင်းသားများ၏ ဘောင်းဆိုချက်အရ သက်ခိုင်သည် သီချင်းကို နှစ်ကြိမ်ထပ်ဆိုပြခဲ့ရ၏။

မိမိစာပွဲသို့ ပြန်ရောက်ချိန်၌ ပရိသတ်အားလုံး၏ မျက်လုံးများသည်...မိမိဆီ၌သာရှိနေမှန်း သက်ခိုင်သတိပြုမိ၏။

မလေးနွယ်က သက်ခိုင်ကိုပြုံးလျက်ကြိုဆိုရင်း "မောင်ကတကဲ့ကဗျာဆရာ.... သီချင်းရေးဆရာကြီး ဖြစ်နေဒါကိုး....၊ မမနွယ်ကမောင့်ကို တကယ်ချီးမွမ်းတယ်၊ သိလားမောင်...." ဟု ဆိုသည်။

မွန်က သက်ခိုင်ကိုတချက်ကြည့်ပြီး အေးဝင်းဘက်လှည့်ကာပြော၏။

"ပိတောက်ကိုဖြင့် မချစ်ဝံ့ပြီရေးလို့ မွန်က....ကိုဝင်းကိုသာ အလွမ်းသမားကြီးထင်နေဒါ၊ အခုတော့ ကိုသက်ခိုင်ကလဲဘဲ အလွမ်းသမားကြီးကို...."

မွန်သည် မလေးနွယ်ဘက် လှည့်၍ ဆက်ဆိုသည်။

"မဟုတ်ဘူးလားနွယ်၊ နွယ့်မောင်က.... တကောင်းညလရောင်မှာ အိပ်လို့တောင်မပျော်ဘူးတဲ့....၊ အစစ....အိပ်မက်သာဖြစ်ပါစေတဲ့....၊နွယ် သူ့ကိုမသနားဘူးလား...."

ဖြေရန်ခက်သဖြင့် မလေးနွယ်နှုတ်မဟနိုင်၊ သို့ရာတွင်အချိန်မီပင် မောင်ရှိန်နှင့် တင်မောင်စိုးတို့က ရောက်လာ၏။



မောင်ရှိန်က မလေးနွယ်ကို ရင်းနှီးစွာ နှုတ်ဆက်ပြီးမေး၏။

"မလေးနွယ်....၊ သက်ခိုင်...ညည အိပ်မပျော်ဒါ....ဘာပြုလို့လဲ သိလား"

မလေးနွယ်ကလည်း ရင်းနှီးခင်မင်စွာပင် ပြန်ပြုံးပြီး ဖြေ၏။

"မောင်အိပ်မပျော်ဒါက....တစ္ဆေအခြောက်ခံရလို့ ဖြစ်မှာပေါ့၊ တယောတစ္ဆေကြီး ခြောက်လို့ ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား....ကိုတင်မောင်စိုး...."

တင်မောင်စိုးက မဖြေမီ ပါးစပ်ဖြဲ ရယ်ပြ လိုက်၏၊ အရယ်ရပ်ပြီးမှ ဖြေစရာ စကား ရုတ်တရက်ရှာမတွေ့သဖြင့် ခေတ္တကြောင်နေ၏၊ ပြီးမှ အဟီးဟု ထပ်ရယ်လိုက်ကာ ဖြေ၏။

"ဟုတ်တယ်....တယောတစ္ဆေလဲ အခြောက်ခံရ တယ် ထင်တယ်၊ ပီးတော့ အသဲတစ္ဆေလဲ အခြောက်ခံနေရပုံနဲ့တူတယ်၊ မဟုတ်ဘူးလားမွန်ရ...."

မွန်က မျက်လုံးလေးပြူးပြီးဖြေ၏။

"မွန်က ဘယ်လို လုပ်သိ နိုင်ပါ့မလဲ ကိုတင်မောင်စိုးရ"

တင်မောင်စိုးသည် သူ့လက်ကို နှာခေါင်းဆီသို့ပို့ပြီး တည်ကြည်စွာ ဆို၏။

"အင်းလေ....အဲဒါပြောပြနေဒါပေါ့၊မသိတဲ့လူချင်း မေးတော့... မဟုတ်ထာဘဲ ဖြေမှာပေါ့၊ ပီးတော့....အင်း....အဲ....သော့ကောင်....မောင်ရှိန်၊ မင်းက....မင်းနားရှက် ဘာလို့ လိမ်နေရဒါလဲ၊ အေးဗျာ.. ကျွန်တော်မျှား ကြွလိုက်ကြ ပါအုံးမယ်၊ စိတ်တော့မရှိနဲ့နော်....အဟီး...."

သက်ခိုင်၊ မလေးနွယ်၊ အေးဝင်း၊ မွန်တို့သည် ရယ်မောကျန်ရစ်ကြ၏။

လဘက်ရည်ပွဲ စသည်၊ အဆောင်၏ သဟာယနှင့် စာဘတ်အသင်းအမှုဆောင်များက ကြီးမှူး၍ အဆောင် အလုပ်သမားများနှင့်အတူ လဘက်ရည်၊ ကော်ဖီခရားများ လိုက်ချပေး၏၊ ကိတ်မုန့်မျိုးစုံ၊ သပုက်သီး၊ ပန်းသီး၊ သစ်တော်သီး များကာ စားပွဲများထက် ရှိနှင့်ပြီး ဖြစ်၏။

အငြိမ့်စင်ထက်မှ ပဏာမ တေးဂီတသံများ စတင် ထွက်ပေါ်လာ၏။

မွန်သည် ဖြူဖြူ နုနု ချော၏၊ မွန့် အလှကို ဖြူဖြူ နုနု ချော၏ဟူ၍ ပြောရန်မှတပါး အခြား စကား မရှိ၊ ပြုံးလိုက်လျှင် ပေါ်လာသော သွားတက် ကလေး များကိုသာ ထပ်မံဖြည့်စွက်ရမည်ထင်သည်။

အေးဝင်းသည် ပန်းသီးအနီတလုံးကိုယူကာ အခွံစခွာ၏။

သက်ခိုင်က ပန်းသီး အစိမ်း တလုံးကို လှမ်းယူသည်၊ သို့ရာတွင်....ထိုပန်းသီးထက်၌ မလေးနွယ်၏လက်နှင့် ဆုံတွေ့သည်၊ သက်ခိုင်က လက်ရုပ် လိုက်ရ၏။

မလေးနွယ်သည် ပန်းသီးကို ကိုယ်တိုင် အခွံ ခွာနေ၏။

အေးဝင်းက အခွံခွာပြီးသော ပန်းသီးကို လေးစိတ်-စိတ်ကာ ပန်းကန်ပြား၌ထည့်၏၊ သူသည် ပန်းကန်ပြားကို မွန့်ထံ အရင်ပေး၏၊ မွန်က တစိတ် ယူစားသည်၊ အေးဝင်း သည် ပန်းကန်ပြားကို မလေးနွယ်ထံ ကမ်းပေးသည်။

မလေးနွယ်က ခေါင်းလေး အသာခါသည်။



"ကိုအေးဝင်းတို့ဘဲ....စားကြပါ၊ နွယ့်ပန်းသီးလဲ ပီးတော့မယ်...."

အေးဝင်းက ပန်းကန်ကိုရုပ်သိမ်းလိုက်၏၊ သူသည်ပန်းသီးတစိတ်ကိုလက်နှင့်ကိုင်ကာ မွန့်နှုတ်ခမ်းများဆီ ခွံ့ မပေး ရုံတမည် ယုယုယယပေး၏။

မွန်၏ပါးတွင် ရှက်သွေးများရဲသွား၏၊ မျက်လုံးပြာများကမူ သမုဒယရောင်လွှင် လဲ့လဲ့နှင့် အေးဝင်းကို တချက် ကြည့်လိုက်ပြီး သစ်သီးစိတ်ကလေးကိုယူကာ စားသည်။

မလေးနွယ်က ပန်းသီးကို ထက်ပိုင်းခြမ်းလိုက်၏၊ ထက်ပိုင်းအပိုင်းခံရသော ပန်းသီးနှစ်ခြမ်းသည် အသဲလွှာပုံရှိနေ၏။

"အို...."

သက်ခိုင်သည် ရေရွတ် မိရင်း ပန်းသီး ခြမ်းများကို ကြည့်သည်။

မလေးနွယ်ကလည်း ပန်းသီးခြမ်းများကို စိုက်ကြည့်သည်။

ခဏ၌မှ မလေးနွယ်ကရယ်သည်။

"မောင်ရေ....ဒီသစ်သီးကို....မမနွယ်တို့ စားကြအုံးမလား"

"ဟင့်အင်း....မမနွယ်၊ မောင်မစားချင်ဘူး"

မလေးနွယ်သည် တည်ငြိမ်သော မျက်လုံးများနှင့် သက်ခိုင်ကို တချက်စိုက်ကြည့်ပြီး သက်ပြင်း မသိမသာ ရှိုက်၍ တိုးတိုးဆို၏။

"မမနွယ်လဲ....မစားချင်ဘူး"

မလေးနွယ်သည် သစ်သီး ခြမ်းများကို ဆယ်စိတ် ကျော်အောင် ထပ်မံစိတ်လိုက်ပြီး အေးဝင်းတို့၏ ပန်းကန် တွင်းသို့ ထည့်ပေးလိုက်၏။

အေးဝင်းက နားမလည်နိုင်ဘဲ မလေးနွယ်ကို ကြည့်သည်။

မလေးနွယ်က လေးဆေး တည်ငြိမ်စွာ အားလုံး အတွက် ကောဖီငှဲ့ပေးသည်။

ထိုအချိန်တွင် အငြိမ့်ထွက်ခဲ့ပြီ ဖြစ်သည်။

ကောလိပ်မြို့င်အငြိမ့်၌ သဘင်သည်အားလုံး၏ ဘခင်ကြီးဟု ခေါ်ဆိုကြသည့် လူရွှင်တော်ကြီး ဦးဓာတ်စံ ပါလာ၏။

ဦးဓာတ်စံမှာ အိုမင်းလှပြီ၊ သူချစ်သော အနုပညာကို သူ မစွန့်နိုင်၍သာ သမီးအရွယ်၊ သားအရွယ် မက မြေးသမီး၊ မြေးသားအရွယ်တို့နှင့် တွဲဘက်ကာ ငြိမ့်ပေါ် ရောက်နေရှာ၏။

ဦးဓာတ်စံ၏ပညာကို တက္ကသိုလ်မှ ဆရာဆရာမ များ၊ ကျောင်းသူကျောင်းသားများက လေးစားကြ၏၊ ထိုကြောင့်လည်း ဦးဓာတ်စံကို...သူ၏ **ပန်းမြိုင်လယ်တရားထူး**ကို ဟောခိုင်းကြ၏။

တုန်တုန်သင်ယင်နှင့် ဇရာပိုင်းသို့ရောက်နေပြီဖြစ်သော ဦးဓာတ်စံသည် ဇာတ်သေတ္တာပေါ်တက်၍ ရဟန်းအသွင်ဟန်ပြသည်၊ လက်ထောက်လူရွှင်တော်များက တရားတောင်းကြသည်။

**ပန်းမြိုင်လယ်**ကား ပြင်စည်မင်းသားကြီးရေးသော ယိုးဒယားဖရင်းချားကြီးဖြစ်၏။

ပူလောင်ကြည်ကွဲ၊ ငိုယောင်ဆည်သဲလျက် သည်းသဲကာ မပြေသော...ရာမ- လက္ခဏာ ညီနောင်တို့ သီတာဒေဝီကြောင့် စွန်တောင်ကိုင်ရွှေလေးနှင့်... ပန်းမြိုင်လယ်သာနယ်တွေ့တွင်ရိပ်



ဝင်လေခိုကြောင်း အခရေးကိုတေးဖွဲ့ထားသော သီချင်းဖြစ်၏။

ဦးဓာတ်စံသည်ဆိုလည်း ဆိုပြ၏၊ ငိုလည်းငိုပြ၏၊ဆိုရင်းငိုရင်းကလည်း ဟာသဖောက်သေး၏၊ဟာသဖောက်ရင်းကလည်း တရားမပ္ပကိုပြရှာ၏။

ပြင်စည်မင်းသား၏ မျှော်လေတိုင်း ပြာခြေဆိုင်း ဝေမှိုင်းမှုမှောင်ချယ်ဟူသောစာသားကို... ပိတ်ဖုံးသောအဝိဇ္ဇာအဖြစ် ရှင်းပြ၏၊ အဝိဇ္ဇာပစ္စယာသင်္ခါရာမှစ၍ **သံသရာတည်းဟူသော ပန်းမြိုင်လယ်**တွင် ဇာတိဇရာဗျာဓိမရဏာစသော ဒုက္ခတို့၏ အကြောင်းရင်း ပဋိစ္စသမုပ္ပါဒ်ကို ရှင်းပြ၏။

ဦးဓာတ်စံ၏အနုပညာကြောင့် ရယ်လည်းရယ်ကြရသည်၊ မျက်ရည်လည်းစို့ကြရသည်၊ ဓမ္မသံဝေလည်းရကြရသည်။

ကျန်လူရွှင်တော်များကလည်း ဟာသကွယ်၍ ရယ်ရသည်၊ အိန္ဒြေရှိသမျှ ပညာပြည့်သောကောလိပ်မြို့င်၏ အကများကလည်းရှုမငြီးဘွယ်ပင်ရှိ၏။

ဆယ်နာရီကျော်သောအခါ ကျောင်းသူများ စပြန်ကြသည်။

သက်ခိုင်တို့သည် မွန့်ကို အင်းယားကျောင်းဆောင်သို့လိုက်ပို့ကြ၏။

အေးဝင်းကမွန်နှင့်အတူ ကားပေါ်မှဆင်းပြီးဆိုသည်။

"သက်ခိုင်ရေငါတော့....ဒီကကြုံတဲ့ကားတစီးနဲ့ဘဲပြန်လိုက်သွားတော့မယ်၊ ငါအငြိမ့်ဆက်ကြည့်ချင်သေးတယ်၊ မင်းတို့မောင်နှမက....အိမ်ပြန်ရောက်ရင် ပီယာနိုတီးကြအုံးမှာမဟုတ်လား၊ ငါနေရစ်ခဲ့တော့မယ်...."

သက်ခိုင်တို့သည် အေးဝင်းကိုထားခဲ့ကြပြီး ထွက်လာခဲ့၏။

မလေးနွယ်က ဦးချစ်တိုးကို ပြော၏။

“ဦးလေးကိုချစ်တိုး ဘုန်းသဘင် အဆောက်အဦနောက်ဘက်ကမောင်းပါ၊ နွယ်နဲ့ငြီးစီစီဖြစ်နေလို့ ခဏလေသန့် ရှူချင်သေးတယ်”

ဦးချစ်တိုးသည် မလေးနွယ်၏ အမိန့်အတိုင်းမောင်းကာ ဘုန်းသဘင်မြောက်ဘက်ရှိ အင်းယားကန်စပ်၌ ကားကိုရပ်ပေး၏။

ကန်စပ်တွင် အခြားလေညှင်းခံ ကားသုံးစီး ရှိနေသေးသည်။

သက်ခိုင်နှင့်မလေးနွယ်သည် ကားပေါ်မှဆင်းကြပြီး ရေစပ်သစ်ပင်တပင်အောက်၌ ရပ်လိုက်ကြ၏။

“မမနွယ် တကယ်ဘဲ ငြီးစီစီ ဖြစ်နေသလား”

“နဲနဲပါမောင်၊ မမနွယ်က အငြိမ့်တို့ဇာတ်တို့ ကြည့်လေ့မရှိဘူးတော့ ခေါင်းနဲနဲလေးအုံသွားဒါပါ”

“ဒီလိုဆိုရင် မောင်က....မမနွယ်ကိုအငြိမ့်ဖိတ်ပြပြီး နှိပ်စက်သလိုဖြစ်နေဘီ”

“အို....အို....မဟုတ်ပါဘူး ၊မမနွယ် ဒီညပျော်ပါတယ်၊လူရှင်တော်နတ်ကလဲ သိပ်ရီရဒါဘဲ၊ ရီရလွန်းလို့ ခေါင်းအုံလာဒါပါ၊ လေကောင်းလေသန့်ရှူရင် ခုပျောက်သွားမှာပါ”

မလေးနွယ်သည် ခေါင်းကလေးနောက်သို့လှန်၍ သစ်ပင်ကိုမှီရပ်ကာ ငြိမ်ငြိမ်လေး လေရှူနေ၏။



နတ်တော်ဆန်းရက်တွင်သာရှိသေးသောကြောင့် အချမ်းမသည်းလှသေး၊ နှင်းငွေခွင့်ဘိုလှုံခဝနေသည်၊ မိုးပြင်မှ ရှန်းမြသောလနှင့် ကြယ်တို့သည် ရေပြင်၌လည်း ရောင်ပြန်လာထင်တောက်ပနေ၏။

ရေပြင်ကိုဖြတ်ကာ ညင်ညင်သာသာ တိုက်ခတ်လာသောမြောက်ပြန်လေ၌ ဆောင်း၏ပန်းယန်းများ သင်းချံ့ပါလာနေ၏။

ငြိမ်ငြိမ်လေးရပ်ခနေရာမှ မလေးနွယ်ကရုတ်တရက် ခေါ်သည်။

“မောင် ...”

“ဗျာ....၊မမနွယ်”

“မောင်သတိရလား”

“ဘာကိုပြောဘာလဲ မမနွယ်”

“နတ္တော်လရောက်ပြန်ပြီလေ၊ မောင်မှတ်မိသေးလား၊ပင်းချောင်းဘေးမှာ မောင်ကမမနွယ်ကို ဒိုဗမာသာကီမျိုး တရားတွေဟောဒါ၊ အခုလိုနတ္တော်လမှာဘဲလေ၊ ဆယ်နှစ်တိတိပြည့်ပြီမောင်”

မလေးနွယ်စကားကြောင့် သက်ခိုင်၏ရင်မှာ ထူးဆန်းစွာထိခိုက်ဆွေးမြေ့သွား၏။

မလေးနွယ်ပြောပြသည်ကို ကောင်း ကောင်း မှတ် မိသည်၊ ထိုစဉ်က ဒို့ဗမာသာကီမျိုးအကြောင်းကိုသာမက....အာဒံနှင့်ဧဝတို့အကြောင်းကိုလည်း ပြောခဲ့ကြသေးသည်၊ အာဒံနှင့်ဧဝ မောင်နှမသည် မစားသင့်သောသစ်သီးကို စားမိကြ၍ မှောက်မှားကာ ဩကာဒုက္ခ သမုဒယပွားခဲ့ကြရရှာသည်။

သက်ခိုင်သည် သက်ပြင်းရှိုက်ရင်း ညည်းညည်း ဆို၏။
"ဟုတ်တယ်မမနွယ်၊ ဆယ်နှစ်တောင်ရှိသွားပြီ"
"မောင်အခုလိုအသက်ကြီးလာဒါကို ပျော်သလား"
"ပျော်သလား....၊ အို....၊ ဒီမေးခွန်းကို မောင်မဖြေတတ်
ဘူးမမနွယ်"
"မမနွယ်တော့မပျော်ဘူး"
သက်ခိုင်က အသာအယာရယ်သည်။
"မမနွယ်ရယ်၊ အသက်ကြီးလာဒါဟာသဘာဝဘဲ၊မမနွယ်
က အိုရမှာကြောက်လို့လား၊ အိုခြင်းတရားက အဝေးကြီးမှာ
ရှိပါသေးတယ်၊ နွေလိုဘဲ အဝေးကြီးမှာ ရှိနေသေးတယ်၊
မမနွယ်တို့ မောင်တို့ အခုအရွယ်က ဆောင်းတွင်းရယ်ပါ၊ အမ
တန်လှတဲ့ဆောင်းတွင်းအခါ ရယ်မှာပါ"
မလေးနွယ်က မရယ်မပြုံးဘဲ သက်ခိုင်ကို ခေါင်းငဲ့
ကြည့်၏။
"မမနွယ်အိုခြင်းတရားကိုမကြောက်ပါဘူး၊နောင်နှစ်ခါဆို
ဒါကိုသာကြောက်ထာ၊ မောင်သိရဲ့လား၊ နောင်နှစ်ခါဆိုရင်
မမနွယ် အသက်နှစ်ဆယ်ပြည့်တော့မယ်"
"ဩ....မမနွယ်ကလဲ....၊ အသက်နှစ်ဆယ် ပြည့်မှာဟာ
ကြောက်စရာလား"
"ကြောက်စရာပေါ့မောင်၊ အသက်နှစ်ဆယ်ပြည့်တဲ့နေ့မှာ
မမနွယ်ဟာ အဆုံးအဖြတ်တခုကို ပေးရတော့မယ်၊ အဲဒီအဆုံး
အဖြတ်ဟာ.... မမနွယ်ရဲ့ ဘဝအတွက်ရော၊ အန်တီရဲ့ ဘဝ
အတွက်ရော၊ဖေဖေတို့အတွက်ရော....၊ဒါတွေတင် မကသေးဘူး
နောက်လာမဲ့....မမနွယ်တို့ရဲ့ တဆွေလုံးတနွယ်လုံးအတွက်ရော



အားလုံးရဲ့ကြမ္မာကို အဆုံးအဖြတ်ပေးမဲ့ ဆုံးဖြတ်ချက်တခု
ဖြစ်နေတယ်"
သက်ခိုင်သည် ဘာမျှ ပြန်မပြောဘဲ လရောင်ကြယ်ရောင်
တောက်နေသော ရေပြင်ကိုသာငေးကြည့်နေ၏၊ စိတ်တွင်းကမူ
မလေးနွယ်သည် သူမကြားလိုသောစကားများကို ဆက်မပြော
ပါစေနဲ့ဟု ဆုတောင်းမိ၏။
မလေးနွယ်က ဆက်ပြောရင်းမေး၏။
"မောင်သိပါ့မလားမသိဘူး၊ အင်းလေ ဒေါ်လေးသက်
သက်က ပြောပြထားရင်တော့ သိမှာပါဘဲ၊မောင်....ပုဆိုးစနဲ့
ဆဗ္ဗစ ဆိုတဲ့ မမနွယ်တို့မျိုးရိုးက အသုံးစကားကိုသိတယ်....
မဟုတ်လား"
"သိပါတယ်....မမနွယ်"
"သိတယ်ဆိုရင်တော့....မမနွယ်ဘာဆုံးဖြတ်ရမယ် ဆိုဒါကို
လဲ မောင်နားလည်မှာဘဲ၊ အဲဒီဆုံးဖြတ်ချက်ကိုမချခင် မမနွယ်
မောင်နဲ့တိုင်ပင်ချင်တယ်၊ မမနွယ်ကြောက်ထာက မောင်ဟာ
မမနွယ်တိုင်ပင်ဒါကို နားမှ ထောင်ပါ့မလား ဆိုဒါဘဲ ဟင်....
မောင်...."
သက်ခိုင်ငိုင်ကျသွားသည်၊ ခေါင်းမဖော်နိုင်အောင်ပင် ငိုင်
ကျသွားသည်၊ ဖြစ်ရလေ.... မမနွယ်ရယ်၊ ဒီည.... ဒီအချိန်မှ....
မောင့်ကိုဒီစကားတွေ ပြောပလေတယ်။
မလေးနွယ်၏ နူးညံ့သော လက်ဝါးလေးတဘက် သည်
ငုံထားသော သက်ခိုင်၏မျက်နှာကို ယုယကြင်နာစွာ ပင့်မ
လာ၏။

"ဟော…ကြည့်စမ်းမောင်၊ ဒီလောက် ကလေး ပြောရုံနဲ့တင်…မောင်ဒီလောက်ဖြစ်သွားသလား ဒီလိုဆိုရင်…မောင့်ကို မမနွယ် ဘာတွေများ ဆက်ပြောဝံ့ပါအုံးမတဲ့လဲ ရှင်ရယ်"

သက်ခိုင်သည်အံကြိတ်ပြီး မလေးနွယ်ကို ပြန်ကြည့်မိသည်။

လရောင် အောက်တွင် ဖြစ်သဖြင့် မလေးနွယ်၏ ပင်ကိုယ်အသားဝါသည်မထင်၊သို့ရာတွင် နုညက်သန့်စင်သော မျက်နှာလေးသည် ရှိမ်းရှိမ်းမြမြ ဝင်းဝင်းပနေသည်၊ မျက်တောင်ကော့များဝန်းသည့် မျက်လုံးကြည်ကြီးများကလည်း လရောင်ကြယ်ရောင်နှင့်ပြိုင်ကာ ပြာပြာလဲ့နေ၏။

သက်ခိုင်၏ရင်တွင် မြတ်နိုး စုံမက်ခြင်း၊ နှမြောတသခြင်း၊ ယူကျုံးမရခြင်းဟူသည့် ဆုံးရှုံး လက်လွှတ် လေရသူ တဦး၏ ခံစားမှုမျိုးစုံကို အသဲနှင့်မျှခံစားရ၏။

သက်ခိုင်သည် မလေးနွယ်၏လက်ဖဝါးနုနုနစ်နစ်ကို ဆုပ်ကိုင်ယူလိုက်သည်၊ ရဲရဲတင်းတင်း စိုးစိုးပိုင်ပိုင်နှင့်ပင် ဆုပ်ကိုင်ယူသည်၊ မြတ်မြတ်နိုးနိုး စုံစုံမက်မက်နှင့်ပင် ဆုပ်ကိုင်ယူသည်။

"အမှန်ကတော့… မမနွယ်ပြောမဲ့ စကားတွေကို မောင်မကြားချင်ပါဘူး မမနွယ်၊ တတ်နိုင်ရင်လေ…မမနွယ်တို့ရဲ့…တနည်းအားဖြင့်.. မေမေ့သက်သက်တို့ရဲ့ နှဝရတ် ရောင်စုံ စာရင်းကြီးကို မီးရှို့ပစ်လိုက်ချင်တယ်၊ ဒါပေမဲ့…. ဒီစာရင်းကြီး မီးလောင်ပျက်စီးသွားရုံနဲ့ မပြီးဘူး၊ဒီစာရင်းထဲက လူတွေရဲ့ အသဲနှလုံးတွေအားလုံး ပြောင်းကုန်မှပြီးမှာ… ဒီတော့မှလဲ ရေနံ့သာမြေ က ကြေကွဲစရာ…ရင်နာစရာ ဇာတ်လမ်းတွေက ပျောက်မှာ….၊ အခုနေတော့ ဖေဖေစိုးခိုင်နဲ့ မေပေသက်သက်တို့ရဲ့သား….၊ မမနွယ်ရဲ့မောင်….သက်ခိုင်အဖြစ်နဲ့ လွဲမရဒါ



မို့လို့ဒီစကားတွေကို မောင်နားထောင်ပါ့မယ်၊ဒါပေမဲ့မမနွယ်ရေ…"

"ပြောလေမောင်…. ဒါပေမဲ့ ဘာဖြစ်သလဲ…."

"ဒါပေမဲ့ အခုတော့မဘိုင်ဘင်ပါနဲ့အုံးမမနွယ်၊ ဆောင်းကလှနေတုံးအခါမှာ နွေဟာကြိုဘင်ပြီး မဝင်ပါလေနဲ့၊ မောင်နဲ့ မမနွယ်ကြုံနေရတဲ့ ဆောင်းဆိုဒါဟာ တိုတိုကလေးပါ၊ တိုတိုလေးမို့လဲ တတ်နိုင်သမျှသည်ခွင့်ရတို မောင်မြော်လင့်ပါရစေ၊ နွေရောက်လာတဲ့အချိန်မှာ ရွက်ဝါကြွေဒါကို မောင်မကြောက်တော့ပါဘူး….၊ အဲဒီအခါကျမှ မောင်အသဲနှလုံးနဲ့မပြောဘဲ ဦးနှောက်နဲ့ စကားပြောရင် မမနွယ်ခွင့်လွှတ်ရမယ်နော်…."

မလေးနွယ်သည် ကရုဏာနှင့် သမုဒယ လှပသင့် မြတ်စွာ ရောသောအကြည့်နှင့် သက်ခိုင်ကိုဒေးဒေးစိုက်ကြည့်၏၊ သက်ပြင်းနှင့်ရင်ကို ဖော့မည်သုပ်ပြီးမှ သာသာကြည်လင်စွာ ရယ်လျက် စိတ်ကိုပြောင်းပစ်သည်။

"မောင်က…သိပ်စကားတတ်တယ်….၊ မောင်သိတ်စကားတတ်တော့ မမနွယ်မှာ ဘာမှ ပြန်ဖြေစရာ ရှာမတွေ့တော့ဘူး၊ ဒီတော့….မောင် ပြောလေ၊အခု….မမနွယ်တို့ ဘာလုပ်ကြရမလဲ"

"ဆောင်းရဲ့အလှကိုဘဲ သာယာကြည်နူးကြပါစို့မမနွယ်၊ ဩော်….မမနွယ်၊ ရှုဝမှာပါလာတဲ့ မောင့်ကဗျာကို မမနွယ် ဘယ်လိုသဘောရသ…."

မလေးနွယ်သည်ပြုံးစူစူနှင့် မျက်မှောင်ကို ဟန်ဆောင်ကုပ်ပြီး နှာခေါင်းသေးရှုံ့၍ဆို၏။

“မကြိုက်ဘူး....၊ မောင်ကလူကလေးငယ်ငယ်နဲ့ ဝတ်လိုက်ရင် လူကြီးဆင်၊ စပ်လိုက်ရင် ဘုန်းကြီးလေ....၊ မောင့်ဒွိဟ ကဗျာက အဘိဓမ္မာစော်ညြော်လွန်းတယ်၊ မမနွယ်မကြိုက်ဘူး”

“ဒါဖြင့် ဒီညဆိုပြခဲ့တဲ့ **တကောင်းညလရောင်မှာကိုကော**”

“အဲဒါကလဲ ကောင်းတော့ကောင်းပါရဲ့....၊ ဒါပေမဲ့.... ပျော့လွန်း လျော့လွန်း နွဲ့လွန်းတယ်....”

“နို့....ဒါဖြင့် မောင် ဘာစပ်ပီး.... ဘာဆိုရတော့မလဲ....”

သက်ခိုင်က မျက်မှောင်ကြုတ်မေးသဖြင့် မလေး နွယ် က နှစ်ခြိုက်အားရစွာရယ်သည်။

“မောင်က မမနွယ်ကို မျက်မှောင်ကြုတ်မေးတော့မမနွယ်ကလဲ ဟောဒီလို မျက်မှောင်ကြုတ်ပီးပြန်ဖြေမယ်”

မလေးနွယ်က မျက်နှာကိုတမင်တည်လိုက်ပြီး မျက်မှောင်တမင် ကြုတ်ပြသည်၊ မျက်နှာလေးသည် တို အခါမှ ပို၍ ချစ်ဘွယ်ကောင်းနေ၏။

မလေးနွယ်သည် ချက်ခြင်းပင် ပြန်ပြုံးလိုက်ပြီးဆို၏။

“မမနွယ်က အလင်္ကာနောက်ထာပါ၊မောင်စပ်သမျှတော့ ကြိုက်ထာချည်းဘဲ....! ဒါပေမဲ့.... မမနွယ်က မောင့်ကတိကို မမေ့ဘူး....၊မောင်မိုးနတ်ဒေဝီအကြောင်း ကဗျာစပ်မလို့ဆို၊ စပ်မိရင်လဲ မမနွယ်ကို အရင်ပြမယ်ဆို....”

သက်ခိုင်သည် မလေးနွယ်၏မျက်လုံးများကို စူးစိုက်ကြည့်သည်၊ မလေးနွယ်၏မျက်လုံးများက ပြုံးကြည်ရီရွှန်းနေ၏။

သက်ခိုင်သည် မိုးပြင်၊ ရေပြင်နှင့်ပတ်ဝန်းကျင် တခုလုံးကို ကြည့်မိပြန်သည်။



တလောကလုံး ပြုံးကြည်ရီရွှန်းနေ၏၊**ဆောင်းဥတလောက**လုံးသည် ပြုံးကြည်ရီရွှန်းမြဲဖြစ်၏။

သက်ခိုင်က မလေးနွယ်၏ လက်ကလေးများကို လွှတ်လိုက်ပြီး ဆို၏။

“မမနွယ်.... နားထောင်ချင်တဲ့ မိုးနတ်ဒေဝီအတွက် စပ်ထားတဲ့ ကဗျာတပုဒ်ကိုဘဲ မောင်ရွတ်ပြမယ်၊ မမနွယ်တကာယ် နားထောင်မယ်နော်....”

“ပိုလိုက်.... ဝိလိုက်တဲ့မောင်၊နားထောင်ချင်ပါတယ်လို့.... မမနွယ်က ဘယ်နှစ်ခါ သံတော်ဦးတင်ရအုံးမှာလဲ....”

“ဩော်....မမနွယ်ကလဲ.... စိတ်တိုနေပြန်ဘီ၊ ကဲပါလေ.... မောင် ရွတ်ပြပါမယ်၊ကဗျာ နာမည်ကတော့ **မိုးနတ်ဒေဝီသို့ တောင်းပန်ချက်....**တဲ့....”

“မောင်တောင်းပန်ဒါကို....မောင့်မိုးနတ်ဒေဝီက ကြားမှာမို့လို့လား....”

“ကြားမယ်ထင်လို့ စပ်ရဒါပေါ့....၊ **မမနွယ်ရဲ့**၊ မမနွယ်ကလဲ....သိပ် အမေးအမြန်း ထူဒါဘဲ....”

“အင်းပါချင်ရယ်၊ မမေးတော့ပါဘူး၊ ဆိုမှာသာဆိုပါ”

သက်ခိုင်က သံနေသံထားမှန်မှန်၊ မတြာပြည့်ပြည့်၊ စည်းနရီစေ့စေ့နှင့် ကဗျာကိုရွတ်ပြ၏။

**“မြေပြင်နဲ့ ဝေဟင်၊**
**လေအယဉ် လှိုင်းငွေဦးမှာလ၊**
**ဂီတလေ့-ကိုယ်ကမူးမှာပေါ့ ....လို့၊**
**ကူးစိတ်နှ- နွဲ့ယဉ်ယဉ်။....။**

လကွေးငံ့ ကျွန်းငွေသောင်၊
တိမ်ကျောက်ဆောင် ဧွှာတ်ခိုင်းသောဲ့၊
မိုးနတ်မေ စံရာတိုင်းထိသို့၊
မဆိုင်းဘဲ လာခဲ့လျှင်။....။

အနိမ့်မြေ တလူသားရယ်က၊
စွန့်စားမာန် လွန့်ရန်ကောပါဘိ၊
လွှမ်းအာရုံ ဒီသဘောကိုလ၊
တေးထံတျာ ချစ်ဘွယ်နှောသော်လဲ၊
မောစေတဲ့လား မစိန်းပင်ရယ်၊
ငိုချင်လေရဲ့—၊ မရှိုက်အား။....။

လောကဓံ ထန်မှန်တိုင်းနဲ့၊
သောကမြူ မှုန်မှုန်မှိုင်းလေတဲ့၊
ဘဝကို ဒီပုန္နိုင်းချင်ရဲ့၊
ကသိုဏ်းဉာဏ် တဖန်ရှုလေတော့၊
အရိုင်းကံ သူမပြုလေဘု၊
တ–ုင်းဝန် ကိုယ်အမှုပေမို့၊
(မိုးနတ်ဒေဝီရေ) ပြုပြုသမျှ၊
အနုသယက စခဲ့ရတဲ့၊
သမုဒယဆိုတဲ့ မောင့်ရဲ့အမှား....”

သက်ခိုင်က,ကဗျာကို ညင်ညင်သာသာဆို၍ အဆုံးသတ်လိုက်၏၊ ညင်ညင်သာသာနှင့်ပင် သူကမလေးနွယ်ကို မော့ကြည့်သည်။



မလေးနွယ်၏ ပါးပြင်တွင် လရောင်၌ တောက်ပနေသော မျက်ရည်ဥများကို မြင်ရ၏။

သက်ခိုင်ကမလေးနွယ်၏မျက်နှာလေးကိုရင်ထုမနာနှင့်ငေးကြည့်မိသည်၊ ငေးကြည့်ရင်းလည်း လောကနှင့် ဘဝကိုစိတ်နာမိသကဲ့သို့ရှိ၏။

ထိုအခိုက်တွင်ပင်ချောင်းဟန့်သံကြားရ၏။

ဆေးပေါ့လိပ်တိုကို ဖွာရင်း ဦးချစ်တိုးက သူတို့အနီးသို့ချဉ်းကပ်လာ၏။

“ညဥ့်နက်လာပြီ၊ ပြန်ကြစို့၊ နွယ်ရော....၊သက်ခိုင်ရော.... ဦးလေးစကားနားထောင်ကြကွယ်....”

ဦးချစ်တိုးသည်ဤမျှသာသတိပေးပြီးကားဆီသို့ပြန်ရှောက်သွား၏။

မလေးနွယ်နှင့်သက်ခိုင်သည် တဦးမျက်နှာ တဦးကြည့်ကြ၏။

ထိုနောက်လက်ချင်းတွဲကာ ဦးချစ်တိုးနောက်သို့လိုက်လာခဲ့ကြလေသတည်း။

## အခန်း–၂၅

### အိပ်မက်၏နိဂုံး

ဆောင်းကာလ၏ ငွေလရောင်အောက်မှ တက္ကသိုလ်နယ်မြေသည် ဤသို့လျှင်လှပသာယာနေသည်၊ တိုတောင်းသော ထိုဆောင်းကာလသည် သက်ခိုင်အတွက်လည်း အမှန်ပင်လွမ်းမောကြည်နူးဘွယ်သောအချိန်ကလေးဖြစ်ခဲ့၏။

မြန်မာတပြည်သုံးမှာကား မသာယာ၊ ကြည်နူးဘွယ်ရန်ဝေးစွ၊ စိတ်မချမ်းသာဘွယ် အဖြစ်အပျက်များသည် ဆက်တိုက်ပေါ်ပေါက်နေသည်၊ တစထက်တစ အခြေအနေ များသည် ပို၍ ပို၍ ဆိုးလာ လေ၏။

အလုံဖြူ၊ အလံနီကွန်မြူနစ်များနှင့် ရဲဘော်ဖြူတို့အနေနှင့်ကား ဘာမျှထိထိရောက်ရောက်အောင်မြင်မှုများမရကြ၊ စကတည်းက မခိုင်လုံသော တရားသေနိုင်ငံရေးအမြင်၊ လွဲမှားသော တော်လှန်ရေးလမ်းစဉ်တို့နှင့် ထကြွသောင်းကျန်းခဲ့ကြသည်ဖြစ်ရာ သူတို့မှာတောတွင်း၌သာ ရေစုံမျောနေကြသည်၊ စစ်ရေးအောင်မြင်မှုဟူသည် သုံည အောက်၌ များစွာကျနေသည်၊ သို့ရာတွင်ကေအင်ဒီအိုအရေးကားတမူထူးခြား၏။

လွတ်လပ်ခါစလည်း ဖြစ်၍ တည်ထောင်စပြည်ထောင်စုလည်းဖြစ်သောပြည်ထောင်စု မြန်မာနိုင်ငံတွင်....လွတ်လပ်ခါစနိုင်ငံတိုင်းနှင့် ပြည်ထောင်စုနိုင်ငံတိုင်းသခိုင်းသဘောအရ မလွှဲမရှောင်နိုင်သော အလွန်သဘာဝကျသည့်ပြဿနာများရှိနေ၏၊ ထို သဘာဝ ကျသော ပြဿနာဘကာအနက် ပြည်ထောင်စုမိသားစုအဖွဲ့ဝင်တိုင်းရင်းသားလူမျိုးအသီးသီး၏ပြဿနာသည် အဓိကပြဿနာဖြစ်ခဲ့သသည်။

မြန်မာပြည်၏သမိုင်းသည် မြန်မာတမျိုးတည်း၏ သမိုင်းမဟုတ်၊ တိုင်းရင်းသား လူမျိုး တိုင်း၏ သမိုင်း ဖြစ်သည်၊ မြန်မာ့ လူ့ ဘောင်သည် မြန်မာ တမျိုး တည်း၏ လူ့ဘောင်မဟုတ်၊ တိုင်းရင်းသားလူမျိုးတိုင်း၏ လူ့ဘောင်ဖြစ်သည်၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုမှာလည်း မြန်မာတမျိုးတည်း၏ကြိုးပမ်းမှုမဟုတ်၊တိုင်းရင်းသားလူမျိုးတိုင်း၏ကြိုးပမ်းမှုဖြစ်သည်၊ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ သာယာသော လူ့ဘောင်သစ်ဘဝပ်ပေါ်ပေါက်လာသော် အသီးအပွင့် အကျိုးအမြတ်ကို တိုင်းရင်းသားလူမျိုးတိုင်းတန်းတူသုံးစား-စံစားကြမည်၊ ဤသဘောတရားကား နှစ်ဆယ်ရာစုနှစ် နိုင်ငံတည်ဆောက်ပုံမှ ထူးခြားလှသည့် ပြည်ထောင်စုအသွင်ဆောင်သော နိုင်ငံတိုင်း၏ မြင့်မြတ်လှသော ယုံကြည်မှုဖြစ်သည်၊ မြင့်မြတ်လှသော ရည်ရွယ်ချက်ဖြစ်သည်၊ မြင့်မြတ်လှသော ပန်းတိုင်ဖြစ်သည်၊ ဤသဘောတရားတို့၏ ရှေ့ဆောင်ချက်ဖြင့် ပင်လုံညီလာခံကြီး အောင်မြင်ခဲ့ပြီးလွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံကြီး မွေးဖွားလာခဲ့၏။

စင်စစ်မူ....ပြည်ထောင်စုကြီးကို လွယ်လွယ် ကူကူ မွေးဖွားခဲ့ရသည်မဟုတ်၊ စပါးဆန်ရေ ကျွန်းသစ်ရေနံ ကျောက်သံပတ္တမြားတွင်းထွက်သတ္တုများကို နှစ်ပေါင်း တရာကျော် သွေးစုတ်ယူခဲ့သည့်အင်္ဂလိပ် ကုန်ရှိင်းကိုပေါ်ပေါ်သယ်ကုန်ချောကို အမြတ်ကြီးကြီးနှင့် ပြန်သွင်းလျက် ခေါင်းပုံဖြတ်ခဲ့ ကြသော နယ်ချဲ့- အရင်းရှင်တို့အနေနှင့် ပြည်ထောင်စု သန္ဓေကို မမွေးမီ

ကတည်းက ဖျက်ချလိုခဲ့သည်၊ ဗိုလ်ချုပ်အောင်ဆန်း တည်းဟူသော ဇီဝက လက်သည် စွမ်းလွန်း၍သာ ပြည်ထောင်စု သတို့သားသည် အောင်အောင်မြင်မြင်မီးဖွားသန့်စင်ခဲ့ရ၏။

သို့ရာတွင်....ဝမ်းတွင်း၌မသေလျှင် မီးတွင်း၌ သေစေ၊ မီးတွင်း၌ မသေလျှင် ပုခက်တွင်း၌သေစေဟု နယ်ချဲ့ အရင်းရှင်တို့သည် ကြီးစွာသောလုံ့လကို ပြုကြရာသည်။

နယ်ချဲ့- အရင်းရှင် ဘီလူးဘဲ့တို့ ပြည်ထောင်စု ဒီသားစု သတို့သား ထံ မကပ်နိုင်ရန် ဝိုင်းရံ ထားနိုင်သည့် ရတနာပရိတ်ကား ....အစ–အလယ်–အဆုံး- သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည့်ဆိုရှယ်လစ်လမ်းစဉ် တည်းဟူသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး....အရေးသုံးဖြာ၌ **အကာလိကော** အချိန်မရွေးမှန်ကန်၍ အချိန်မရွေး အကျိုးပေးသော ပရိတ်သားလျှင်တည်း....။

သို့ရာတွင် ဘုရားရှင် လက်ထက်၌ အစွန်းနှစ်ဘက် သွားကာ ဝိနယဂိုဏ်း နှင့် ဓမ္မဂိုဏ်း ကွဲလေ သကဲ့သို့ ဆိုရှယ်လစ်ဒေသနာ ကို ကိုးကွယ်ကြပါသည် ဆိုကြသူတို့ အကွဲကြီး ကွဲကြသည်၊ ဘုရားရှင်နှင့် တဂိုဏ်းတည်းနိုင်းအပ်သော ကျေးဇူးရှင် မိခင်မြေကိုပင် မေ့ကြလေသည်။

ဝိနယ ဂိုဏ်းသားတို့က စာအုပ်ကြီးကို လှန်ကြည့်ကြသည်၊ အနက်မမြင်သော် တိုင်းဘပါးမှ ပုရာဏကဿပ၊ မောဂ္ဂလိဂေါသာလ စသော ဆရာ့ ဆရာကြီးများ၏ အဆုံးအဖြတ် ကိုပင် ယူလိုက်ကြသေး၏။

ထိုနောက် တစင်ထောင်ကာ တောခိုဝင်မိုး၍ ပြည်ကြီးပျက်ရာကို စိတ်ချမ်းသာစွာ ကြိုးစားလေကြကုန်၏။



ဓမ္မဂိုဏ်းသားတို့ကလည်း ဓမ္မကိုသာ တွင်တွင်ဟောသည်၊ အကျင့်၌မူ မစောင့်ထိန်းကြ၊ အကျင့်ကို မစောင့်ထိန်း သောအခါ....သူတို့၏ဓမ္မမှာလည်း စာအုပ်ကြီး ထဲမှ ဓမ္မသာ ဖြစ်နေသည်၊ လူသားအားလုံးအတွက် ဓမ္မမဟုတ်၊ ဤသို့ ပြည်တွင်းညီညွတ်မှုမရှိသောအခါ နယ်ချဲ့ အရင်းရှင် ဘီလူးသည် စန္ဒဂုတ်စစ်ပရိယာယ်နှင့် အားပျော့ရာမှ စ,ဝင် တိုက်ခိုက်သည်။

ပြည်ထောင်စု၏ အားပျော့ ရာမှာ တိုင်းရင်းသား လူမျိုးရေးရာပင် ဖြစ်သည်၊ သူတို့က ကရင် ရေးရာကို ရွေးချယ်လိုက်ကြ၏။

ကရင် သို့မဟုတ် ကော်သူးလေတို့သည် ပြည် ထောင် စု ၏ ချစ်ဘွယ် အကောင်းဆုံးသော လူမျိုးတမျိုးဖြစ်၏၊ ယဉ်ကျေးခြင်း၊ ဖော်ရွေခြင်း၊ ပွင့်လင်းခြင်း၊ သစ္စာရှိခြင်း၊ ရဲရံ့ခြင်း စသော ဂုဏ်ထူး ဝိသေသများနှင့် ပြည့်စုံကြ၏၊ ခေတ်ပညာတတ်သူပေါများ၍ နိုင်ငံရေး နိုးကြားမှုရှိကြသည်၊ ဝမ်းနည်းဘွယ် ကောင်းသည်မှာ ဤချစ်ဘွယ်သော လူမျိုး၏ အသွယ်၌ သမိုင်းတလျှောက် မရှောင်မတိမ်းနိုင်ခဲ့သော အကြောင်းများကြောင့် ညီအကိုမြန်မာများအပေါ်တွင် မသင်္ကာစိတ်ပျံ့ပွားနေ၏၊ ဤမသင်္ကာစိတ်ကို မီးလောင်ရာ လေ ပင့် ပေး မည့်ဘေးပယောဂများကလည်းရှိနေ၏။

မြန်မာနိုင်ငံ လွတ်လပ်လာစဉ် ကော်သူးလေ ပြည် နယ် ဟု သီးသန့်မရှိသေး၊ ကော်သူးလေများက သီးခြားပြည်နယ်လိုချင်ကြသည်၊ သို့ရာတွင် ကော်သူးလေတို့ကား အခြားလူမျိုးများကဲ့သို့ တနေရာတည်းတွင် စုပေါင်းနေကြသူများမဟုတ်၊ မြန်မာပြည်တောင်ပိုင်းတနံလုံး၌ ပျံ့နှံ့နေထိုင်ကြသည်၊ ကော်သူး

လေပြည်နယ် သတ်မှတ်ရေးမှာ လွယ်ကူသော ကိစ္စ မဟုတ်၊ ကော်သူးလေများတွင် စကောနှင့်ပိုးဟူ၍ နှစ်မျိုးလည်း ကွဲနေကြသေးသည်၊ ထိုနှစ်မျိုးသည် ကိုးကွယ်သောဘာသာ၌လည်း မတူကြ၊ ထိုနှစ်မျိုးလုံး စိတ်ကြိုက်ဖြစ်ရေး ကလည်း အရေးကြီးသည်။

ထိုစဉ်က နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ကရင်ပြည်နယ် ဖွဲ့စည်းတည်ထောင်ပေးရမည်ဟု အတိအလင်း ဆိုထားသည်၊ အစိုးရအဖွဲ့တွင်လည်း ကရင်ရေးရာဝန်ကြီးဌာန တခုလည်းရှိနေသည်၊ ကရင်ပြည်နယ် သတ်မှတ်ရေး အတွက် စကောကရင်၊ ပိုးကရင်၊ မွန်၊ မြန်မာ၊ တောင်သူ အမျိုးသားများပါသည့် ကော်မရှင်အဖွဲ့လည်းဖွဲ့ကာ အလုပ်လုပ်နေသည်။

ကရင်ခေါင်းဆောင်အချို့က ဤမျှ ဆောင်ရွက် ပေးနေသည်ကိုပင် မယုံကြည်၊ သူတို့ရင်တွင်းမှ မသင်္ကာစိတ်ကို မစွန့်လွှတ်၊ လက်နက်စွဲကိုင် တိုက်ပွဲဝင်၍ သီး ခြား ပြည် နယ် ထူထောင်ရေးကိုသာအလိုရှိနေကြသည်၊ မိသားစုစိတ်ဓာတ်ကို အားမကိုးဘဲ နိုင်ငံခြားအကူကိုသာလျှင် အားကိုးကြသည်။

အမှန်မှာ ကေအင်ဒီအိုအရေးသည် သွေးက ပြော သည် ကို မနာယူဘဲ ဓားကပြောသည်ကို ယုံကြည်မိသူ တို့၏ အမှားသာလျှင်ဖြစ်လေသည်။

လက်နက်ကိုင် သောင်းကျန်းရေးလမ်းစဉ်ကို စွဲကိုင်သော အဖွဲ့အစည်းမှာ ကေအင်ယူအဖွဲ့အစည်းဖြစ်၏၊ ကေအင်ယူကို ဦးစီးကြသူများကား.... စောဘဦးကြီးကဲ့သို့သော မြေရှင်ကြီး အမျိုးအနွယ်များသာဖြစ်ကြ၏၊ ကေအင်ယူ လက်အောက်၌



ကေအင်ဒီအိုခေါ် ကရင်လက်နက်ကိုင် ကာကွယ်ရေးအဖွဲ့က ရှိနေ၏၊ သူတို့နောက်၌ နယ်ချဲ့အရင်းရှင်တို့က ရှိနေ၏။

ကေအင်ဒီအိုတို့သောင်းကျန်းသည်မှာကြာပြီ၊ ကျဉ်းမြောင်းသောလူမျိုးရေးကို ဖုံးကွယ်ထားပြီး ပြည်နယ်ရရှိရေးဟု ကမ္ဘာကြားကောင်းအောင်အော်ကာ ဒိုင်းသဘွယ်ခံထားသဖြင့် ဖြေရှင်းရန်မှာ သိမ်မွေ့ခက်ခဲလှ၏။

ထိုနှစ်၏ငွေနှင်းမှုန်သော ဆောင်းကာလ၌ ကေအင်ဒီအိုတို့၏သောင်းကျန်းမှုသည် လွန်သည်ထက်လွန်ကာ ကဲသည်ထက် ကဲလာ၏၊ သူတို့၏သရုပ်မှန်ကို ဖွင့်ပြသော **ထူးလောက်** နှင့် **ကင်းဗဲ(လ်)** တို့၏ **အမှုကြီးကလည်း** ဘွားကနဲပေါ်လာ၏။

ကာနယ်တူးလောက်ဆိုသူ ဗြိတိသျှတဦးသည် အိန္ဒိယပြည် ကာလကတ္တားမြို့၌ ရောက်နေ၏၊ အလွှက်ဇန်းဒါးကင်းဗဲ(လ်) ဆိုသူက မြန်မာနိုင်ငံ ရန်ကုန်မြို့ စထရင်းဟော်တယ်၌ တည်းခိုနေ၏၊ ကင်းဗဲ (လ်) သည် စက်တင်ဘာလ ၁၁–ရက်နေ့၌ ဘီအေအိုစီလေယာဉ်သမား **အိုင်ဒီဆိုင်းမွန်း** ဆိုသူအား စာတစောင်ပါးလိုက်သည်၊ ထိုစာမှာ ကာလကတ္တားမြို့ စပင့်(စ်) ဟော်တယ်၌ တည်းခိုနေသူ ကာနယ်တူးလောက်ထံ ပို့ရန် စာဖြစ်၏၊ ဆိုင်မွန်းသည် စာကိုမသင်္ကာသဖြင့် ဖွင့်ဖေါက်ကြည့်သည်၊ စာ၌ ကေအင်ဒီအို ထကြွရေးနှင့်ပတ်သက်၍ ဗြိတိသျှ အချို့၏ အားပေးအားမြှောက်ပြုမှုများ၊ လက် နက်နှင့် ငွေထောက်ပံ့ရေးများ ပါနေ၏။

မြန်မာပြည်အတွက် ကံကောင်းသည်မှာ မစ္စတာအိုင်ဒီ ဆိုင်းမွန်းသည် ဗြိတိသျှဆိုရှယ်လစ်ဘဦး ဖြစ်နေခြင်းပေဘည်း။

မစ္စတာအိုင်ဒီဆိုင်းမွန်းသည် စာ၏မိတ္တူတစောင်ကို ကရာချီမြို့ရှိ မြန်မာသံအမတ်ကြီး **ဦးဖေခင်** ၏ လက်သို့ အပ်လိုက်သည်။

မစ္စတာအိုင်ဒီဆိုင်းမွန်းသည်ထိုမျှနှင့်မရပ်သေးဘဲ ၁၉၄၈ ခု နိုဝင်ဘာလ ၃–ရက်နေ့တွင် လန်ဒန်မြို့၌ မိမိ၏လက်တွင်းဤစာရလာပုံကို တရားရုံး၌ ကျမ်းကျိန်ထွက်ဆိုသွား၏။

ဗြိတိသျှဆိုရှယ်လစ်တဦး၏ ကျေးဇူးကြောင့် ကေအင်ဒီအိုအရေးသည်နယ်ချဲ့အရင်းရှင်တို့၏ လက်ရာဖြစ်ကြောင်းပူးပေါ်သကဲ့သို့ ပေါ်လာတော့၏။

ပြည်ထောင်စုသား ညီအကိုချင်း သွေးရိုးသားရိုးအမြင်မှားအထင်မှားကြလျှင်သွေးကပြောသော သစ္စာပေါ်အခြေတည်၍ ဖြေရှင်းရန်လွယ်ကူသည်၊ ကေအင်ဒီအိုအရေး၌ ဘေးပယောဂနှင့်အောင် ပါနေ လေပြီ ဖြစ်သောကြောင့် မိသားစု စိတ်ဓာတ်နှင့် ငြိမ်းချမ်းစွာဖြေရှင်းမှုမှန်သမျှသည် သဲ၌ရေသွန်သည့်ကဲ့သို့ အချိုးနှီးသာ ဖြစ်ခဲ့ရ၏။

စောဘဦးကြီးခေါင်းဆောင်သော ကေအင်ယူအဖွဲ့ဝင်လူကြီးတို့သည် ကွန်ဖရင့်များ၊ မျက်နှာစုံညီအစည်းအဝေးများ၌ တိုင်းပြည်လည်း ကြားကောင်း၍ ကမ္ဘာလည်း ကြားကောင်းအောင် အလိမ္မာသုံးလျက် စကားလှလှများပြောပြီး အချိန်ဆွဲနေခိုက် ကေအင်ဒီအိုလက်နက်ကိုင်တပ်များကမူ နယ်များ၌ သောင်းကျန်းချင်တိုင်း သောင်းကျန်းကြကုန်၏။

နိုဝင်ဘာလအတွင်း၌ ပဲခူးခရိုင်အတွင်းရှိရွာများကို မီးရှို့ပြီး လူများကိုသတ်ကြ၏၊ မော်လမြိုင်ခရိုင်လမိုင်းရွာတွင်စစ်ဝန်ထမ်းများ ရဲသားနှင့်အရပ်သားများကိုသတ်ကြသည်။



မြစ်ဝကျွန်းပေါ်ဒေသအတွင်း သွားလာနေသော မော်တော်သင်္ဘောများကို ခေးပြတိုက်၍ခရီးသည်များကိုသတ်ကြ၏၊ ဒီဇင်ဘာလအတွင်း၌ တောင်ငူအပိုင်သာတောင်မြို့ကိုတိုက်၍ ငွေတိုက်ဖောက်ကြ၏၊ ပန်းတနော်မြို့ကိုတိုက်၍အိမ်များကို မီးရှို့ကြသည်။

၁၉၄၉-ခုနှစ် ဇန္နဝါရီလအတွင်း၌ကား . အခြေအနေသည် ကြောက်မက်ဘွယ်အဆိုးရွားဆုံးဖြစ်လာခဲ့၏။

ရန်ကုန်မြို့တော်၏ ဂိတ်ဝရှိအင်းစိန်မြို့၌ ကေအင်ဒီအိုတို့က အခိုင်အမာစခန်းပြုကြသည်၊ အင်းစိန်မြို့သည် ကေအင်ဒီအိုတို့၏ **အင်းစိန်ခံတပ်ကြီးဟူ၍** ကျော်မကောင်းကြားမကောင်း ထင်ရှားလာသည်၊ အင်းစိန်ရှိ ကေအင်ဒီအိုလက်နက်ကိုင်တပ်များသည် ပြည်ထောင်စု၏ဥပဒေမှန်သမျှကို ဘေးဖယ်ပစ်လိုက်ကြသည်၊ ကရင်မဟုတ်သောတိုင်းရင်းသားများကိုရင်း၊ မျက်နှာဖြူမဟုတ်သော နိုင်ငံခြားသားမှန်သမျှကိုရင်း၊ ပြောင်ပြောင်ကြီး လုယက်ကြသည်၊ ဖက်ဆစ်နည်းနှင့် ဖမ်းဆီးချုပ်နှောင်စစ်ဆေးနှိပ်စက်ကြသည်၊ အခြေအနေကို လျစ်လျူရှုမထားနိုင်သော ပြည်ထောင်စုအစိုးရသည် သမာဓိဘည်ကြည်၍ ပြည်ထောင်စုသားအားလုံး၏ ယုံကြည်ခြင်းကိုခံယူရသော တပ်မတော်အရာရှိကြီးများ၊ အထက်တန်းအုပ်ချုပ်ရေးအရာရှိကြီးများနှင့် ကေအင်ယူ ခေါင်းဆောင်များ ပါဝင်သည့် **ရှစ်ဦးကော်မတီကို** ခန့်၍ စေ့စပ်ရန်ကြိုးစားသည်။

ရှစ်ဦးကော်မတီက ဤသို့ကြိုးပမ်းနေဆဲတွင်ပင် ကေအင်ဒီအိုတို့က တိုး၍ပင်ဆိုးရွားပြကြ၏။

မော်လမြိုင်နယ် ကော့ဘိမ်းရွာမှ လူအများကို သတ်ပြကြ၏၊ မအူပင်၊ ညောင်တုံး၊ ဟင်္သာတ၊ ကျုံပျော် နယ်တို့တွင် ရွာများမီးရှို့၊ လူများသတ်နှင့် ထင်တိုင်း ကြဲပြကြတော့၏။

ရှစ်ဦးကော်မတီ၏ကြိုးပမ်းချက်မှန်သမျှမှာလည်း ကေအင်ယူအဖွဲ့က ပြည့်ပြည့်ဝဝ ပူးပေါင်းဆောင်ရွက်ခြင်းမရှိသဖြင့် လုံးဝပျက်ပြားသွားရလေသည်။

အိမ်ဝ၌ လာရပ်ကာ....ကျောကိုချမှ ခေါးပြမှန်း သိသော ရန်ကုန်မြို့တော်သည်လှုပ်ရှားသွား၏၊အထူးသဖြင့် အင်းစိန်နှင့် ကပ်နေသော တက္ကသိုလ်နယ်မြေသည်လှုပ်ရှားသွား၏၊ မိမိတို့၏မြို့များ၊ ရွာများ၊ အိမ်များကိုမီးရှို့ခံရသော ကျောင်းသားအများ ကဒေါပွနေသည်၊ ကေအင်ဒီအိုအရေးသည် သာမန်အရေးမဟုတ်၊ ပုခက်တွင်းရှိ ပြည်ထောင်စုကို နယ်ချဲ့အရင်းရှင်နှင့် လက်ဝေခံမြေရှင်ကြီးတို့ ပူးပေါင်းလုပ်ကြံကြသော အရေးသာဖြစ်ကြောင်း သဘောပေါက်ကြသော ကျောင်းသားများမှာ စိုးရိမ်တုန်လှုပ်ကြ၏၊ အထူးသဖြင့် တောမီးလောင် တောကြောင်လက်ခမောင်းခတ်ကာ တောတွင်းပါတီတို့၏ တပည့်တပန်းကျောင်းသားအရေခြုံတို့ ခြေလှမ်းသွက်လာသည်ကို မြင်ကြရ၍ ပိုမို စိုးရိမ်တုန်လှုပ်ကြသည်။

ဇန္နဝါရီလ ၂၅-ရက်နေ့ညတွင် သက်ခိုင်သည်မလေးနှင့်တို့အိမ်မှ ပြန်လာပြီးမြို့တွင်း၌ဝယ်စရာရှိသောကြောင့် ဟံသာဝတီအဝိုင်း၌ရပ်ကာ အင်းစိန်-ရန်ကုန်အချိန်မှန် ဘတ်(စ်)ကားကို လက်ပြတားဆီး၏။

ကားပေါ်၌ ခရီးသည်တို့သည် ဆူဆူညံညံ စကားပြောလာ၏။



တဦးက ဆိုသည်။

"ကျုပ် လှည်းကူးက ပြေးလာဒါ၊ အခုလှည်းကူးကိုကေအင်ဒီအိုတွေ ဝင်တိုက်ပြီး ဆေးရုံနဲ့ အိမ်ကြီး အိမ်ကောင်းတွေကို မီးရှို့ပစ်တယ်...."

လူကြီးတယောက်က မိန်းမကြီးတယောက်၊ ကလေးငါးဦးနှင့် သယ်နိုင်သမျှ သယ်လာရဟန်တူသော ပစ္စည်းများကိုလက်ညှိုးညွှန်ပြပြီး ပြော၏။

"ကျုပ်လဲ အင်းစိန်ကပြေးလာဒါ၊ အင်းစိန်မှာ မင်းမဲ့တိုင်းပြည်ဖြစ်နေဘီ၊ မဟုတ်ဘူးလားကွဲ့ မောင်စံသာ...."

လူကြီးလှမ်းပြောသော မောင်စံသာဆိုသူမှာ.... ဒရိုင်ဘာကိုယ်တိုင်ပင်ဖြစ်သည်။

"ဟုတ်တယ်ဗျို့၊ ကျွန်တော်လဲဒီည အင်းစိန်မပြန်တော့ဘူး၊ ကမာရွတ်မှာတင် ကားသိမ်းမယ်...."

အသားကျသုံးဆယ်ခန့်ရှိ တိုက်ပုံအင်္ကျီဝတ်ထားသော လူတဦးက ကန့်ကွက်၏။

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်တို့က အစိုးရအမှုထမ်းတွေ၊ ဒီည....အဲ....ဒီညမဟုတ်တောင် မနက်ရုံးအမီ အင်းစိန်ကို ပြန်ရမှာ...."

သူ့ကို....သူ့လိုပင် အစိုးရအမှုထမ်း ဖြစ်ဟန် တူသူများက ဝိုင်းထောက်ခံကြ၏။

ကား၏ ရှေ့ဆုံးခုံတန်းတွင် တပါးတည်း လိုက်ပါလာသော ရဟန်းတော်က နောက်သို့လှည့်ပြီး ပြော၏။

"အေး....အဲဒါ အကုန်လုံးဟာ မင်းတို့ရဲ့ .... ဝန်ကြီးချုပ်ဆိုတဲ့အကောင်မ ကောင်းလို့ဖြစ်တာ၊ သူ့ကိုယ်သူ.... သခင်နုတဲ့၊ ဦးဇင်းတို့ကတော့ သူ့ကို ကရင်နုလို့ဘဲ ခေါ်တယ်...."

ကားတွင်းရှိ ခရီးသည်အားလုံး ငြိမ်ကျသွားသည်၊ သခင်နုကို....ကရင်နုဟု ရန်ကုန်မြို့ကခေါ်ကြသည်မှာ ကြာပြီ။

အားလုံးငြိမ်နေကြခိုက် လက်မောင်းတွင် အရစ် သုံးရစ်ပါသော တပ်မတော် တပ်ကြပ်ကြီးတဦးက ဝင်ပြော၏။

"တပည့်တော်လဲ မင်္ဂလာဒုံကို နေ့တိုင်းတာဝန်နဲ့သွားနေရသူပါဘုရား၊ အခြေအနေကတော့ ဆိုးနေဒါအမှန်ပါဘဲ၊ ဒါပေမဲ့ သိပ်အစိုးရိမ်လွန်လို့မဖြစ်ပါဘူး၊ ခေါင်းအေးအေးထားပြီး ဖြေရှင်းကြရမှာပါဘဲဘုရား...."

ဦးပဥ္ဇင်းသည် တပ်ကြပ်ကြီးကို သေသေချာချာ ကြည့်သည်။

"နေပါဦး....ဒကာကြီးက ယူမြန်ဘီ တပ်ကလား...."

"အရှင်ဘုရား ဘာအမိန့်ရှိဒါလဲ...."

မနေနိုင်သောသက်ခိုင်က ဝင်ရှင်းပြ၏။

"နောင်ကြီးရေ....၊ နောင်ကြီးကို....ယူ-အမ်-ပီ တပ်ကလားလို့ ဦးဇင်းကမေးနေဒါ"

ဦးပဥ္ဇင်းသည် သက်ခိုင်ကိုမျက်မှောင်ကြုတ် ကြည့်ပြီးပြော၏။

"ဟဲ့ဒကာလေးရဲ့....၊ ယူအင်ပီတပ်ကို.... ယူအင်ပီတပ်လို့ ငါလဲပီပီသသ ခေါ်တတ်ပါတယ်၊ ယူမြန်ဘီတပ်လို့ခေါ်ဒါက တမင်ခေါ်ဒါပါဟဲ့၊ နားလည်ရဲ့လား"

"တင်ပါ့ဘုရား...."



တပ်ကြပ်ကြီးသည် ထိုအခါကျမှရယ်လိုက်ပြီး အေးချမ်းတည်ငြိမ်စွာနှင့် ဦးပဥ္ဇင်းကိုလျှောက်တင်သည်။

"တပည့်တော်က.... ယူအမ်ပီတပ်က မဟုတ်ပါဘူး၊ ဗမာ့တပ်မတော်က တပ်ကြပ်ကြီးပါဘုရား"

"အိမ်း....ဒီလိုသား၊ ဗ မာ့ တပ် မ တော် ဆိုဒါ ဒကာကြီးအောင်ဆန်းဖွဲ့ပေးခဲ့တဲ့ တပ်မဟုတ်လား"

"မှန်ပါတယ်အရှင်ဘုရား"

ဦးပဥ္ဇင်းသည် ထိုအခါကျမှ ပြုံးပြီးပြော၏။

"မင်းတို့စစ်တပ်က.... အခုအထိ ဘာလို့ထိုင်ငြိမ်နေဒါလဲ၊ ဗိုလ်နေဝင်းက ကော ဘာလို့....တက်ပြီး စစ်အေသနာပတိမလုပ်ထာလဲ"

တပ်ကြပ်ကြီးသည် သက်ခိုင်ကိုလှမ်းပြုံးကြည့်ပြီးမှဦးပဥ္ဇင်းအား ယဥ်ကျေးစွာဖြေသည်။

"တပည့်တော်ဟာ သာမာန်တပ်ကြပ်ကလေးပါဘုရား...၊ အရှင်ဘုရားရဲ့မေးခွန်းကို မဖြေတတ်ပါဘူး၊ တပည့်တော်ဖြေတတ်တာတခုဘဲရှိပါတယ်၊ တိုင်းပြည်ကြီး ဘေးရောက်တော့မယ်ထင်ရင်....တပည့်တော်တို့ တပ်မတော်ကြီး တခုလုံးဟာ....လက်ပိုက်ကြည့်မနေပါဘူး"

ဦးပဥ္ဇင်းသည် ဦးပည်းတော်ကို တချက်လက်ဝါးနှင့် ပွတ်လိုက်ပြီး ဖြေတော်မူ၏။

"အိမ်း....၊ဒီစကား ကြားရလို့ ဝမ်းသာ သကွ၊ ပြောတဲ့အတိုင်းဖြစ်ပါစေ၊ဦးပဇင်းကိုလဲမှတ်ထား၊ကြို့ကုန်းဆရာတော် ဦးသဒ္ဓမကိတ္တိ ကျောင်းကဘဲ၊ လိုအပ်တဲ့အကူအညီကို ဝိနည်းတော်ကခွင့်ပြုသမျှ ဦးဇင်းတို့ကလဲ ပေးချင်ပါတယ်"

ကားသည် သိမ်ကြီးဈေးဂိတ်၌ ဆိုက်၏။

သက်ခိုင်သည် မြို့တွင်းဆက်မသွားတော့ဘဲ ကြုံရာကားနှင့် ပြန်တုန့်ခဲ့၏။

မိမိ၏အခန်းတွင်း၌ထိုင်မိ၍ မကြာပီပင် ကိုစောလွင်ရောက်လာ၏။

"ကိုသက်ခိုင်၊ ခင်ဗျားအခန်းကို ကျွန်တော်လာဒါ နှစ်ခါရှိဘီ၊ ခင်ဗျားဘယ်ပျောက်နေသလဲ"

"ကျွန်တော် မမနွယ်တို့အိမ်သွားနေတယ်ကိုစော၊ ဘာကိစ္စရှိလို့လဲ"

"ကိစ္စကတော့ အရေးကြီးတယ်၊ လာဗျာ ကျွန်တော်တို့အခန်းကိုလိုက်ခဲ့...."

သက်ခိုင်သည် ဘာမျှမပြောတော့ဘဲ မီးမှိတ်ကာအခန်းတံခါးသော့ပိတ်ပြီး ကိုစောလွင်၏နောက်သို့လိုက်ခဲ့၏။

ကိုလေးမောင်နှင့်ကိုစောလွင်၏အခန်းတွင် နီးစပ်ရာသူငယ်ချင်းများစုံနေကြ၏၊ ကိုလေးမောင်အပြင် ကိုလှဖေ၊ ကိုမြင့်သောင်း၊ ကိုအုံးခိုင်၊ ကိုကြင်လှိုင်၊ ကိုဘကြည်၊ ကိုကြည်လင်စသူတို့ရှိနေကြ၏။

ကိုစောလွင်နှင့်သက်ခိုင်ဝင်လာကြသောအခါကိုလေးမောင်က ဆီးအပြစ်တင်သည်။

"ဟဲ့ကောင်....ကဗျာဆရာလေး၊ တိုင်းပြည်ကြီးမီးလောင်နေတုန်း နင်က ကဗျာစပ်တုန်းလား၊ တယောတီးတုန်းလား"

နှုတ်မှု၌ယဉ်ကျေးသော ကိုလေးမောင်သည် သူငယ်ချင်းချင်း နင်နှင့်ငါနှင့်ပြောလေ့မရှိ၊ ချစ်လွန်းသူများကိုသာ အထူးအခွင့်အရေးအဖြစ်သုံးလေ့ရှိသည်။



သက်ခိုင်က ပြုံးပြီးဖြေသည်။

"ကိုလေးတို့ ကိုစောတို့အပြစ်တင်ရင် ကျွန်တော်ခံပါ့မယ်၊ ကိုလေးတခါက ပြောသလိုဘဲ အခုတလော.... ကျွန်တော်.... လူလေးကငယ်တော့ စိတ်တွေများနေတယ်ကိုလေးရေ...."

ကိုလေးမောင်သည် ရယ်မောလိုက်ပြီးဆို၏။

"ဝန်ခံရင် ပညာရှိတဲ့....ဟဲ....ဟဲ....၊ အလကား ကိုလေးကနောက်ထာပါ....၊ ကိုသက်ခိုင်ရေ....ကိုလေးတို့အားလုံး ဒီနေ့အရေးတကြီးဆွေးနွေးစရာရှိနေတယ်...."

ဆွေးနွေးပွဲသည်ချက်ခြင်းပင်စကြ၏။

ဆွေးနွေးပွဲတွင် ပါဝင်သူမှန်သမျှသည် ဖက်ဆစ်တော်လှန်ရေးအခါက.... ဗိုလ်အဆင့်အတန်း၊ ရဲဘော်အဆင့်အတန်း၊ ပါဝင်သူများဖြစ်ကြ၏၊ တနည်းနှင့်မဟုတ် တနည်းဖြင့် တပ်မတော်နှင့် အဆက်အသွယ်ရှိကြသူများဖြစ်ကြ၏။

အားလုံးတညီတညွတ်တည်း အန္တရာယ် သုံးသွယ်ကို မြင်ကြသည်။

ပထမ အနေနှင့် နယ်ချဲ့ပရိယာယ်ကိုမမြင်ကြဘဲ....တိုင်းရင်းသားလူမျိုးချင်း မုန်းတီးကြပြီး ထိုအမုန်းသည် ကျောင်းသားများထံ ကူးစက်လာမည့်အန္တရာယ်။

ဒုတိယအနေနှင့်....သွေးပူနေကြသောကျောင်းသားလူငယ်များကို မြေပေါ် မြေအောက် နိုင်ငံရေးပါတီတို့က သွေးဆောင်၍ လက်နက်တပ်ဆင်ပေးမည့် အန္တရာယ်....။

တတိယအနေနှင့် တက်ကြွနေသော ကျောင်းသားလူငယ်များကို မှန်ကန်သော ခေါင်းဆောင်မှုမပေးနိုင်လျှင် အချိန်နှင့်သွေးပေါက်တို့ မြေခရမည့် အန္တရာယ်။

ဤအန္တရာယ်ဆုံးသွယ်ကို မြင်ပြီးကြသောအခါ သင့်လျော်သောလမ်းစဉ်ကို စဉ်းစားကြသည်။

အဆုံး၌ ယခုအချိန်အထိ သမာဓိ တည်ကြည်စွာနှင့် နိုင်ငံနှင့်ပြည်သူ့အရေးကိုသာ ဦးထိပ်ထား ဆင်ခြင်နေကြသော ဗမာ့တပ်မတော်နှင့် ဆက်သွယ်ကြရန် ဆုံးဖြတ်ကြ၏။

ကိုကြွင်လှိုင်နှင့်ကိုအုန်းခိုင် တို့က ဗဟိုကျောင်းဆောင်များ၏ အခြေအနေကိုရှင်းပြကြသည်။

ဗဟိုကျောင်းဆောင်များ၌ ကိုဗထွေး၊ကိုလှမော်၊ကိုအောင်ထွန်း၊ ကိုစိုးမြင့်အောင်စသော တပ် မ တော် ဗိုလ် ဟောင်း ကျောင်းသားများကလည်းအခြေအနေကိုထိန်းသိမ်း၍အဆက်အသွယ်ရှာနေကြ၏။

အခြေအနေအရပ်ရပ်ကို သုံးသပ်ကြပြီးသောအခါ လူစုခွဲကြ၏၊ လူစုသာခွဲလိုက်ကြသော်လည်း တဦးချင်း၌ တာဝန်အသီးသီးသည် ဖိစီးပါလာကြ၏။

ဪ....နိုင်ငံသည်....ချစ်သားတို့ကို တဖန်ခေါ်နေပြန်လေပြီတည်း။

× × ×

နောက်ရက်များအတွင်း၌ တပြည်လုံး၏အခြေအနေသည် မယုံလောက်နိုင်ဘွယ် အရှိန်နှုန်းနှင့် ပြောင်း လဲ ကုန် သည်၊ အကောင်းအတွက်ပြောင်းလဲခြင်းမူမဟုတ်။

ကေအင်ဒီအိုတို့ထဲတွင် ကမ္ဘာစစ်ကြီးနှစ်ပွဲလုံး၌ဝင်နွဲခဲ့ဖူးသူ စစ်သားဟောင်းများ အများအပြားရှိသည်၊ ပြည် ထောင် စု အစိုးရက သဘောထားကြီးကြောင်း ပြသသည့်အနေနှင့်ခွင့်ပြုထားခဲ့လေသောကြောင့်လည်း လက်နက်အင်အားတောင့်တင်းသည်၊ ထိုကြောင့်လည်း ကေအင်ဒီအိုတို့သည် တမြို့ပြီးတမြို့ သိမ်းနိုင်ကြ၏။

ဇန်နဝါရီလ ၂၆-ရက်နေ့တွင် ဖျာပုံနှင့် ထန်းတပင် မြို့များ အသိမ်းခံရသည်၊ ၂၇-ရက်နေ့၌ ပုသိမ်မြို့တွင်းဝင်၍ အချို့ ရပ်ကွက်များကို သိမ်းကြသည်။

ကြောက်မက်ဘွယ် အကောင်းဆုံး သတင်းကား တောင်ငူ ဘက်မှလာသည်၊ တောင်ငူမှ ကေ အင် ဒီ အို တို့ သည် ကရင် ရိုင်ဖယ်အမှတ် (၁)စစ်တပ်နှင့်ပေါင်း၍ ဇန်နဝါရီလ ၂၇-ရက် နေ့တွင် တောင်ငူကိုသိမ်းလိုက်ကြ၏၊ တောင်ငူမှတဖန် ပဲခူးကို သိမ်းရန်ဆင်းလာကြပြီဆို၏။

ဤသတင်းမျိုးစုံကြောင့် တက္ကသိုလ်နယ်မြေတခုလုံးအုံးအုံး ကြွက်ကြွက်ဖြစ်နေ၏၊ စာသင်တန်းများရှိသော်လည်းကျောင်းသား ကျောင်းသူအများကမတက်ကြ၊ နေရပ်ပြန်ရန် ပြင်သူတို့က ပြင်နေကြသည်၊ ဘာ လုပ် ရ မှန်း မသိ သော ကြောင့် ဟိုစုံစမ်း သည်စုံစမ်းနှင့်ဗျာများသူတို့က များနေကြသည်။

သက်ခိုင်တို့တစုမှာလည်း အထူးအလုပ်များနေကြသည်။

တော်လှန်ရေးအချိန်က ဗိုလ်အဆင့် အတန်းနှင့် တိုက်ခိုက်ခဲ့ကြသော ကျောင်းသားကြီးများက စစ်ဌာနချုပ်မှ ပုဂ္ဂိုလ်ကြီးများနှင့် အဆက်အသွယ်ရရန် ကြိုးစားကြ၏။

သက်ခိုင်ကဲ့သို့ တပ်မတော်၏အရန်ဖြစ်သောကျောင်းသားများကလည်း နိုးစပ်ရာဗိုလ်မှူး၊ ဗိုလ်မှူးကြီး စသည်တို့ထံ ချဉ်းကပ်ကြ၍ အခြေအနေအရပ်ရပ်ကို တင်ပြကြသည်၊ ဆွေးနွေးကြသည်၊ အကြံဉာဏ်တောင်းကြသည်။

သို့ရာတွင် အားလုံးသည် လျှို့လျှို့ဝှက်ဝှက် သိပ်သိပ်သည်းသည်းလုပ်ကြရ၏။

သက်ခိုင်တို့နည်းတူ အလုပ်များ နေကြသူများလည်းရှိကြသေး၏။

ဇန္နဝါရီလ ၂၇–ရက်နေ့၌သက်ခိုင်သည် မင်္ဂလာဒုံရှိ အကိုဝမ်းကွဲ ဗိုလ်မှူးတဦးအိမ်မှ ညအတော်နက်မှ ပြန်လာခဲ့သည်၊ သူ့အခန်းသို့ပြန်ရောက်၍မကြာမီမှာပင် ယုမောင်ပေါ်လာ၏။

"သက်ခိုင်....၊ မင့်အခန်းငါလာဒါ သုံးခေါက်ရှိပြီ၊ မတွေ့ဘူး၊ မင်းညတိုင်းလိုပဲ မိုးချုပ်မှပြန်ပြန်လာတယ်၊ ဘယ်သွားနေဒါလဲ"

သက်ခိုင်က ပေါ့ပေါ့ဆဆအမူအရာနှင့်ဖြေ၏။

"မမနွယ်တို့အိမ်ကပေါ့၊တခြားငါဘယ်သွားစရာရှိလို့လဲ"

"တိုင်းပြည်ကြီး မီးလောင်နေတုံး.... မင်း တို့ မောင်နှမကပီယာနိုတီးပြီး သီချင်းဆိုကောင်းနေကြဒါပေါ့.... ဟုတ်လား"

သက်ခိုင်က အဖြေမပေးဘဲပြုံးနေ၏။

ယုမောင်သည် ကုလားထိုင်၌ ဝင်ထိုင်လိုက်ပြီး အရေးကြီးသောအမူအရာနှင့် လေသံတိုး၍ပြော၏။

"သက်ခိုင် ငါလျှို့လျှို့ဝှက်ဝှက် ပြောစရာတခုရှိတယ်၊ နောင်မှ....ငါ မပြောဘူးလို့ မင်းအပြစ်မတင်နဲ့...."

"ပြောပါသူငယ်ချင်းရယ်၊ ငါနှုတ်လုံပါ့မယ်...."

ယုမောင်သည် သက်ခိုင်၏မျက်လုံးများကို စူးစမ်းသဖွယ် တချက်ကြည့်သည်၊ သက်ခိုင်က အေးချမ်းစွာပင် သူ့ကိုပြန်ကြည့်၏။

ယုမောင်က သက်ပြင်းတလုံးချလိုက်ပြီးပြော၏။



"ငါအစကပြောခဲ့ဒါကို မင်းမယုံဘူး၊ အခုတော့မြင်ပလား ဒီတက္ကသိုလ်ကြီးလဲ ပိတ်ရတော့မှာဘဲ၊ ဒီတိုင်းပြည်ကြီးလဲပျက်တော့မှာဘဲ"

"ထားပါတော့လေ....၊ ဒီတော့ငါက ဘာလုပ်ရမလဲ"

"ဒို့ပြည်ကိုပြန်ကြရအောင်သူငယ်ချင်း၊အေးလေငါ့တော့ပြန်ဘို့ပြင်ဆင်ပြီးပြီ၊ မင်းကိုလဲ လိုက်ခဲ့စေချင်တယ်၊ တတ်နိုင်ရင်ငါ....မောင်ရှိန်တို့၊ တင်မောင်စိုးတို့၊ အေးဝင်းတို့ကိုပါခေါ်သွားချင်တယ်"

"မင်းကဘာလို့ ဒို့ကိုခေါ်သွားချင်ရဒါလဲ"

ယုမောင်သည် ဒေါသနှင့် ဝမ်းနည်းမှုရောသော မျက်လုံးများနှင့် သက်ခိုင်ကိုကြည့်သည်။

"မင်းကငါ့ကိုဘာသို့ မေးခွန်းတွေချည်းထုတ်နေရဒါလဲ သက်ခိုင်၊ အခုတလော....မင်းငါ့အပေါ် နဲနဲစိမ်းစိမ်းကားကားနိုင်နေတယ်"

သက်ခိုင်ကလည်း ဝမ်းနည်းသွားမိ၏၊ ထို့ကြောင့်လေသံကိုချိုသာစွာထားပြီးပြောသည်။

"မင်းထင်ဒါဘဲ ဖြစ်ပါလိမ့်မယ် သူငယ်ချင်းရယ်....၊ ဒီတက္ကသိုလ်တခုလုံးမှာ မင်းဟာငါရဲ့တဦးတည်းသော ငယ်သူငယ်ချင်းဘဲ၊ ဒို့နှစ်ယောက်နိုင်ငံရေးအမြင်ချင်းမတူဘူး၊ဒါပေမဲ့ မင်းကငါ့ကိုချစ်သလို၊ငါကလဲမင်းကိုချစ်ပါတယ် သူငယ်ချင်း၊ ဒီစကားကို မင်းယုံပါကွာ"

ယုမောင်သည် ခေတ္တဘွေ့သွား၏၊ ထို့နောက် ခန့်ညားစွာပြုံးလိုက်ပြီး ခန့်ညားလှသောစကားကိုခန့်ညားစွာပင်ဆိုသည်။

“အေး....မင်းကို ငါယုံတယ်၊ ယုံလို့ဘဲပြောတော့မယ်၊ ဒို့တွေ တပြည်လုံးကိုသိမ်းတော့မယ်”

သက်ခိုင်မျက်လုံးပြူးသွားသည်၊ သူ့နားကိုသူမယုံမိ၊ ယုမောင်၏စကားကလည်း ယုံနိုင်စရာမရှိ။

“ဘယ်လိုကွ....၊ မင်းတို့က တပြည်လုံးကိုသိမ်းတော့မယ်၊ မင်းတို့ဆိုဒါ ဘယ်သူတွေလဲ....”

ယုမောင်ကကြွားဝင့်စွာပြုံးပြီးဖြေ၏။

“ဒို့ဆိုဒါက....ဒို့ရဲဘော်ဖြူတွေရယ်၊ တော်လှန်နေသော ဗမာ့တပ်မတော်ရယ်၊ ဗမာပြည်ကွန်မြူနစ်ပါတီရယ်”

“ဟုတ်ပါ့မလား ယုမောင်ရယ်၊မင်းစကားက....ကြီးကျယ်လွန်းမနေဘူးလား၊ ငါ့ကိုတော့ စိတ်မဆိုးနဲ့နော်”

“စိတ်မဆိုးပါဘူး၊ ဒါပေမဲ့....မင်းစဉ်းစားကြည့်လေ၊ ဒို့ပြည်သူ့ရဲဘော်တွေဟာ တနိုင်ငံလုံးမှာ အင်အားအကြီးမားဆုံးဘဲ၊ စုစုပေါင်း (၇)သိန်းရှိတယ်သူငယ်ချင်း၊ တော်လှန်နေသောဗမာ့တပ်မတော်နဲ့ ဗမာပြည်ကွန်မြူနစ်ပါတီနဲ့လဲ.... ဒို့နားလည်မှုရထားဘီ၊ မင်းအစိုးရက ဘယ်လောက်အင်အားရှိလို့လဲ၊ တိုင်းပြည်ကို ကေအင်ဒီအို ရန်ကတောင် အကာအကွယ်ပေးနိုင်လို့လား....”

သက်ခိုင်ငိုင်သွား၏၊ အရေအတွက်နှင့် အခြေအနေမှန်မှာ ယုမောင်ပြောသည့်အတိုင်းပင်ဖြစ်၏။

သက်ခိုင်ငိုင်နေသည်ကို သဘောကျသွား၍ အခွင့်အရေးကိုမြင်သွားသည့်အလား ယုမောင်သည်တစုံတခုကို ကုတ်အင်္ကျီအိတ်တွင်းမှဆွဲထုတ်လိုက်ပြီး စာပွဲပေါ်သို့တင်ပြလိုက်၏။



အေးစက် မာကျော၍ နက်ပြောင်နေသော ပစ္စတိုသေနတ်တလက်ဖြစ်၏။

ယုမောင်က သူ၏ ရုတ်တရက် စိတ္တဇသေနင်္ဂဗျူဟာသည် သက်ခိုင်ပေါ် မည်မျှ လွှမ်းသွားသနည်းဟု စူးစမ်းကြည့်နေသည်။

သက်ခိုင်ကမူ မတုန်မလှုပ်နှင့် သေနတ်ကိုငေးကြည့်နေ၏၊ အတန်ကြာမှ အေးချမ်းစွာပင်မေးသည်။

“ဒီသေနတ်ကို မင်းဘယ်ကရသလဲယုမောင်”

ဟုမောင်က ရယ်သည်။

“ဟဲ....ဟဲ....၊ အဲဒါကိုပြောပြနေဒါပေါ့၊ ဒီမှာကွ ...ဒီအစိုးရဟာ ရန်ကုန်အစိုးရပါ၊ ငါဒီသေနတ် ဘယ်ကရလာသလဲ မေးမနေနဲ့၊ ပဲခူးရယ်၊ ဒလရယ်၊ လှိုင်မြစ်တလျှောက်ရယ်မှာ ဒို့တပ်တွေချည်းဘဲ”

သက်ခိုင်ကမရယ်မပြုံးဘဲ တည်တည်ကြီးမေးသည်။

“ယုမောင်....၊ ကျောင်းသားလက်ဟာ သေနတ်နဲ့ကျည်ဆံကိုင်ဘို့မဟုတ်ဘူး၊ ဖောင်တိန်နဲ့စာအုပ်သာကိုင်ဘို့၊ မင်းတို့က အခု သေနတ်ကိုင်နေဘီလား”

“အေး-ကိုင်နေတယ်၊ကိုင်နေလို့လဲ မင်းအခုမြင်ရဒါပေါ့၊ ဒို့ချည်းဘဲကိုင်နေဒါမဟုတ်ဘူး၊ ဆိုရှယ်လစ်ပါတီက ရွှေလှအောင်ကိုသိတယ်မဟုတ်လား၊ ရွှေလှအောင်တို့ကလဲ လူစုပြီး သေနတ်လိုက်ပေးနေတယ်၊ ကေအင်ဒီအိုနဲ့ဆက်ထားတဲ့ ဟိုကျောင်းသားတွေတော့မပြောနဲ့”

သက်ခိုင်သည် သူ့ထုံးစံအတိုင်း မျက်မှောင်ကြုတ်၍ ယုမောင်ကိုကြည့်၏။

"ဒီလိုဆိုတော့... မင်းတို့အားလုံးဟာ.... ကျောင်းသားတွေကိုသေခိုင်းမလို့ပေါ့လေ၊ ငါဘော့...အဂိပ္ပာယ်မဲ့မသေချင်သေးဘူးယုမောင်၊ ကျန်တဲ့ကျောင်းသားတွေကိုလဲ မသေစေချင်ဘူး၊ အေး....တိုင်းပြည်အတွက် သေထိုက်တဲ့အချိန်မှာတော့ အသေခံကြရမှာပေါ့၊ ခုလိုခင်းက.. ငါ့ကို ယုံယုံကြည်ကြည်လာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ မင်းကိုလဲ ငါယုံယုံကြည်ကြည်နဲ့ဘဲ ဖြေလိုက်ပါမယ်၊ ငါ....ပြည်ကို ပြန်မလိုက်ဘူး၊ မင်းတို့က တပြည်လုံးသိမ်းတော့မယ်ဟုတ်လား၊ အေး....ဒို့ကလဲ တပြည်လုံးကိုကာကွယ်ဘို့ဆုံးဖြတ်ပီးဘီ"

သက်ခိုင်သည် ကုတင်ပေါ်၌ထိုင်နေရာမှထလိုက်၏၊ ယုမောင်ကသူ့သေနတ်ကိုကောက်ကိုင်လိုက်၏။

သက်ခိုင်သည် နံရံပေါ်မှတယောကိုဖြုတ်ယူသည်၊ သေနတ်ကိုင်ထားသော ယုမောင်ဘက်လှည့်လိုက်ပြီးဆို၏။

"ယုမောင်ရေ၊ မင်းသေနတ်ကို ပြန်ဝှက်ထားလိုက်ပါ၊ အခန်းပြန်ပီးမင်ဒိုလင်ယူကွာ၊ ဒို့သီချင်းရှောက်တီးရအောင်"

သူ့ထုံးစံအတိုင်းပင် ယုမောင်ကဆဲသည်။

"—ီး၊ ငါ့ဝတ္တုအားကုန်ဘီ၊ ရောမမြို့ကြီး မီးလောင်နေဟန်းစောင်းမတီးချင်ပါသူး၊ ဒါပါဘဲသက်ခိုင်၊ ငါပြန်တော့မယ်...."

ယုမောင်သည်ဒေါနှင့်မောနှင့်ပြန်သွား၏။

သက်ခိုင်က တယောကိုပိုက်လျက် အခန်းမှထွက်လာခဲ့သည်၊

ညဉ့်ဆယ့်တနာရီရှိပြီ၊ ဤအချိန်မျိုး၌ အဖော်အဖြစ်ခေါ်နိုင်သူတဦးသာရှိ၏။



သက်ခိုင်သည်အေးဝင်း၏အခန်းသို့သွား၏၊ ဤအချိန်မျိုး၌အေးဝင်းသည်ဝတ္ထုရေးနေဘတ်သည်။

အေးဝင်း၏အခန်းရှေ့သို့ရောက်သွားသောအခါ သက်ခိုင်စိတ်ပျက်သွားသည်။

အေးဝင်း၏အခန်းမှာ မီးမှိတ်လျက်မှောင်နေသည်၊ အခန်းကား အပြင်မှသော့မခတ်ထား၊ အတွင်းမှသာချက်ချထား၏၊ သက်ခိုင်က အခန်းတံခါးကိုဆွဲလှုပ်ကြည့်သည်၊ အတန်ကြာမှအတွင်းမှခေါ်သံပေါ်လာသည်။

"ဘယ်သူလဲ...."

"ငါပါကွအေးဝင်း၊ သက်ခိုင်ရယ်ပါ...."

ထိုအခါကျမှတံခါးပွင့်လာသည်၊ တံခါးကပွင့်လာသော်လည်း မီးကမပွင့်၊ သက်ခိုင်မနည်းကြည့်ပါမှ....အေးဝင်းကိုယ်တော်မြတ်ကိုခဲမဲကြီးဖူးမြင်ရသည်။

ကောင်ရစ်ဒါမှ မီးပွင့်ရောင်ကြောင့်အေးဝင်းဝတ်ထားသမျှကိုသက်ခိုင်မြင်ရခြင်းဖြစ်၏၊

အေးဝင်းသည် ကုတ်အင်္ကျီအနက်ကို ဝတ်စားထား၏၊ တသက်လုံး ဘောင်းဘီမဝတ်သူက ယခု ဘောင်းဘီ ဝတ်ထား၏၊ ဘောင်းဘီအရောင်မှာလည်း အနက်ဖြစ်လေ၏။

"ဟေ့ကောင်အေးဝင်း၊ မင်းကဘာအရူးထပီး မျောက်လိုဝတ်ထားဒါလဲ၊ ဒါမှမဟုတ်မိုးနက်လုပ်ပီး မွန်အခန်း သွားတယ်ဘက်မလို့လား...."

အေးဝင်းက နှုတ်ခမ်းပေါ် လက်ညှိုးတင်လျက် "ရှူး" ဟု သတိပေးသည်၊

သက်ခိုင်က ငြိမ်ကြည့်နေခိုက် အေးဝင်းသည် ကဗျာကယာ အခန်းသော့ခတ်ပြီး "လာ....သူငယ်ချင်း.... မြန်မြန်" ဟု ခေါ်လျက်ရှေ့မှသွားသည်၊ သက်ခိုင်ကနောက်မှ လိုက်လာ၏။

လမိုက်သဖြင့် ညသည် မှောင်နေ၏။

ကျောင်းဆောင်အောက် ရောက်သောအခါ သက်ခိုင်က အေးဝင်းကို မေးသည်။

"ဟေ့ကောင်....မင်းဘာလုပ်နေဒါလဲ၊ အခု ဘယ်သွားမသို့လဲ...."

အေးဝင်း သည် "ဟီး" ကနဲ တချက်ရယ်လိုက်၏။

"စွန့်စားခန်းတခု ရှိလို့ကွ၊ နောင်စာရေးရင် အသဲတုန်အူတုန်စွန့်စားခန်းကို ကိုယ်တိုင်နဲ့ဘူးတဲ့ အတွေ့အကြုံ ရချင်လို့၊ အဟီး....ငါ့စေတနာမှန်ကိုသိရင်....မောင်ညိုမှိုင်းကတော့ ဆဲတော့မှာဘဲ...."

"မောင်ညိုမှိုင်းက ဘာလို့မင့်ကို ဆဲရမှာလဲ...."

"ဒီလိုကွ....၊ မောင်ညိုမှိုင်းက ဒီညမှာ လျှို့ဝှက် အစည်းအဝေးတခုလုပ်ထားပြီး ငါ့ကို ဘိတ်သွားတယ်၊ တိုးတက်သောအစိတ်အပိုင်းမှာ ပါရမဲ့ စာရေးဆရာ တယောက်အနေနဲ့ပေါ့ကွာ၊အဟီး....ဟီး... အဟင့်ဟင့်....၊ သူတို့ဒီစီကိုယ်တိုင်လာမှာ....တဲ့...."

"သူတို့ဒီစီ၊ ဒီစီဆိုဒါက ဒီစတြိတ်ကော်မစ်ရှင်နာ (အရေးပိုင်)လား...."

"မဟုတ်ဘူးကွ.... ဒီစီဆိုဒါက ဒီမတြိုက်တ် ကော်မီတီတဲ့၊ လတယောက်ထဲက ဘယ်နှယ်ဘယ်နှယ် ကော်မီတီ ဖြစ်နေ



သလဲမသိဘူး၊ အင်းလေ....ကွန်မြူနစ်ပါတီရဲ့ အရေးပိုင်(ဝါ) ခရိုင်ဝန်ပေါ့၊ ရန်ကုန်ခရိုင်ဝန်...."

သက်ခိုင်က သဘောကျစွာရယ်၏။

"ဘယ်ဆိုးလို့တုံး....၊ဒါထက် ငါလိုက်ခဲ့လို့ဖြစ်မလား"

"ဘာလို့ မဖြစ်ရမှာသဲ၊ ညိုမှိုင်းက မင်းကိုပါခေါ်ခဲ့ဘို့ ပြောတယ်၊ ငါ မင်းအခန်းလာသေးတယ်၊လေးခေါက်လောက်ရှိတယ် သူငယ်ချင်း၊ မတွေ့ဘူး၊ ဒါထက် မင်းအခုတလော ဘယ်ပျောက်နေဒါသဲ...."

"ဘယ်မှ မပျောက်ပါဘူး၊ မမနွယ်ဆီသွားနေဒါ...."

အေးဝင်းသည် ခေါင်းတချက် ညိတ်လိုက်၏။

"အင်း....၊ သွားပေါ့လေ၊ ဒါပေမဲ့ဟေ့ကောင်.... မင်းကဗျာကိုလဲ မင်းမမေ့နဲ့နော်....၊ ဘာတဲ့....ပြုပြုသမျှ.... အနုသယကစခဲ့ရတဲ့....သမုဒယဆိုတဲ့ မောင့်ရဲ့အမှား.."

သက်ခိုင်ကဘာမျှပြန်မဖြေ၊ အေးဝင်းကသာ တချက်ရယ်လိုက်ပြီးပြော၏။

"ပြုပြုသမျှ....အနုသယက စခဲ့ရတဲ့....၊သမုဒယဆိုတဲ့ မောင့်ရဲ့အမှား၊ သက်ခိုင်ရေ...မင့်အဲဒီကဗျာကို ငါသိပ်ကြိုက်တာဘဲ၊ အနုသယကစခဲ့တဲ့ သမုဒယကို.. အဘယ်မည်သောသတ္တဝါမှမရှောင်လွှဲနိုင်ဘူး၊ ငါပြောရင် မင်း အံ့ သြသွား မယ်.... မောင်ညိုမှိုင်းတောင် မရှောင်နိုင်ဘူး"

"ဟေ....၊ ဘယ်လို...."

"မောင်ညိုမှိုင်းတောင် မရှောင်နိုင်ဘူး၊ ကြုံမှကြုံလေရတယ် သက်ခိုင်ရေ၊ မောင်ညိုမှိုင်းကကောင်မလေးတကောင်ကိုကြိုက်နေသတဲ့ကွ၊ အဲဒီကောင်မလေးက ဘယ်သူလဲသိသား"

"မင်းဘိုးအေ၊ ငါကဘယ်လိုလုပ်သိပါ့မလဲ"

"ဟုတ်သားဘဲ၊ မင်းမသိနိုင်ဘူး၊ သိတောင်ယုံနိုင်မှာမဟုတ်ဘူး၊ မောင်ညိုမှိုင်း ကြိတ်ကြိုက်နေဒါက.... ယုကွ၊ ယုမောင်ရဲ့ ယုကွ....၊ သိပလား"

"မြတ်စွာဘုရား....၊ မောင်ညိုမှိုင်းကလဲ ယုကို ကြိုက်နေပြန်ဘီ၊ မင်းဘယ်လိုလုပ်သိသလဲ"

"မှန်ဆီကသိဒါပေါ့ကွ၊ မောင်ညိုမှိုင်းက ယုကိုစာပေးဘူးတယ်၊ အဲဒီစာကိုယုက မှန်ကိုပြတယ်၊ ပြည်ကျောင်းဆောင်ကထွန်းငွေဆိုတော့...မှန်ကငါ့ကိုမေးဒါပေါ့....၊ သူငယ်ချင်း.... တခုတော့ရှိတယ်ကွာ၊ ထွန်းငွေကြီးသနားပါတယ်၊ မင်းဘယ်သူ့ကိုမှရှောက်မပြောမနေနဲ့"

"မပြောပါဘူး အေးဝင်းရာ၊ ဒါပေမဲ့ ငါရိချင်ဒါတခုတော့ ရှိတယ်၊ ယုက အတွင်းဝန်သမီး၊ မောင်ညိုမှိုင်းက.... အဲ....သူ့အဆိုအရ ပစ္စည်းမဲ့ ပြည်သူ့ဘက်တော်သား၊ အတွင်းဝန်ဆိုဒါကို သူတို့က အဘွ(ချ်)ဗြူရိုကရက် (ဝ)ဗြူရိုကရက်ဂိုဏ်းချုပ်လို့ခေါ်တယ်၊ ပစ္စည်းမဲ့ဘက်တော်သားက အတွင်းဝန်သမီးကိုမှရွေ့ ကြိုက်ပုံကလေးတော့ သဘောကျတယ် သူငယ်ချင်း၊ မောင်ညိုမှိုင်းတယောက်ထဲမဟုတ်ဘူး ၊ ဒို့တက္ကသိုလ်က လက်ဝဲသမားဆိုတဲ့ ဖိုးတိတွေ.... အထူးသဖြင့် လက်ဝဲစာရေးဆရာဆိုတဲ့ ဖိုးတိတွေ....အားလုံးကြိုက်လိုက်မှဖြင့် အတွင်းဝန်သမီးတို့၊ အရေးပိုင်သမီးတို့၊ အဲဒီကနေ တပြားမှမလျော့ကြဘူး၊ အံ့ပါရဲ့ကွာ"

အေးဝင်းက စဉ်းစဉ်းစားစားပြန်ဖြေ၏။



"ဒီလိုရှိတယ်သူငယ်ချင်းရ၊ သူတို့က အတွင်းဝန်သမီးတို့၊ အရေးပိုင်သမီးတို့ကိုချစ်ချင်လို့ ချစ်ကြရဒါမဟုတ်ဘူး၊ သမိုင်းရဲ့တောင်းဆိုချက်အရ ချစ်ကြရရှာဒါပါ"

"ဘယ်လိုကွ၊ ဒီတချီတော့ မင်းက....ငါ့ကို ပဟေဋ္ဌိဝှက်ပြန်ပြီ"

"မဝှက်ပါဘူး သူငယ်ချင်းရာ၊ ရှင်းရှင်းလေးပါ၊ ဒီဖိုးတိတွေက ရုပ်ကမ္ဘာကြီးကို ကိုးကွယ် ကြတယ်၊ ရုပ်ကမ္ဘာကြီးကဘဲ အသဲနှလုံးနဲ့ ချစ်ခြင်း မေတ္တာကို စိုးပိုင်ထားတယ်လို့ ယုံကြတယ်၊ ရုပ်ချောတဲ့ အတွင်းဝန်သမီးကို ကြိုက်မိရင် ရုပ်ဝါဒအရ သူတို့မမှားဘူးတဲ့....၊ မရနိုင်လို့ပူဆွေးကြရင်လဲ အဲဒီပူဆွေးခြင်းကပေးတဲ့ မျက်ရည်နဲ့ဖွဲ့နွဲ့ပြီး မနုရှင်အိမ်ထောင်ရေးစနစ်ကိုဆဲခွင့်ရှိသေးဘယ်တဲ့....၊ ဒါကြောင့်.... သူတို့ဟာဗြူရိုကရက် သားသမီးတွေကိုချစ်မိရင်ချစ်မိသမျှဟာ အမြတ်တဲ့....၊ လွမ်းရသမျှဟာ အမြတ်....တဲ့၊ အတိုချုံးလိုက်တော့ သမိုင်းပေးတာဝန်ကို ကျေပွန်ခြင်းဘဲ....တဲ့...."

သက်ခိုင်က လှိုက်လှိုက်လှဲလှဲရယ်သည်၊ ရယ်၍အားရမှ မေး၏။

"ဒါထက်....အခု ဒို့ဘယ်သွားကြမလို့လဲ...."

"ဂျဒ်ဆွန်ဘက်ကိုကွ၊ အတော်ဘဲ....မင်းတယောတီးတော့ကွာ.... ငါသီချင်းဆိုမယ်၊ မသင်္ကာသူတွေကတွေ့ရင် ညနက်သန်းခေါင် ထွက်တယောတီး သီချင်းဆိုနေတဲ့ ကျောင်းသားတွေဘဲလို့ထင်ကြမှာ...."

အေးဝင်းနှင့်သက်ခိုင်တို့သည် တက္ကသိုလ် ရိပ်သာ လမ်းပေါ်သို့ရောက်လာခဲ့ကြပြီဖြစ်သည်၊ အနောက်ဘက် ဆက်

ရှောက်ကြပြီး အဓိပတိလမ်းအတိုင်းမြောက်ဘက်သို့ရှောက်ကြပြန်၏။

သက်ခိုင်က ရွှေပဇွန်ကိုတီး၏၊ အော်ဝင်းကဆိုလာ၏။

သို့နှင့်ပင် ဂျဒ်ဆွန်ဟော(လ်)ရှေ့ရောက်လာကြ၏။

သဘော်တည်ပင်အောက်မှ မောင်ညိုမှိုင်းက သူတို့ကို ဆီးကြို၏။

"လာကြဟေ့....၊ အတော်ဘဲ၊ လူစုံနေဘီ၊ ကိုသက်ခိုင်ပါသာလို့လဲ ဝမ်းသာသဗျ ..."

မောင်ညိုမှိုင်းက ရှေ့ဆောင်ခေါ်ယူသွား၏။

သက်ခိုင်တို့သည် မြောက်ဘက် ရှေ့ဆုံးအဆွယ်မှ အခန်းကျဉ်းတခုတွင်း ရောက်လာကြသည်၊ အခန်းကျဉ်းထဲ၌ဖရောင်းတိုင်မီးမှိန်မှိန် လင်းနေ၏။

အခန်းတွင်း၌ လူဆယ်ဦးခန့်ရှိနေသည်၊ သုံးဦးမှာ မိန်းကလေးများ ဖြစ်ကြ၏။

ထွန်းငွေကတံခါးကိုပိတ်လိုက်ပြီး....''ကဲ....စနိုင်ကြပါဘီ'' ဟု ကြေငြာ၏။

ဒီစီဆိုသူကစ၍ မိန့်ခွန်းပေးသည်၊ သူသည် ဖြူဖြူနွဲ့နွဲ့နှင့် မိန်းမချော, ချောသူတဦးဖြစ်၏၊ အသံကပျော့ပျောင်း၍ အမူအရာက သိမ်မွေ့သည်။

တက္ကသိုလ်မှ သာမန် လက်ဝဲ ကျောင်းသားများ ကဲ့သို့ မဟုတ်ဘဲ သူသည် စကားကို ညင်ညင်သာသာ ပြောသည်၊ လွယ်လွယ်နှင့် ရှင်းရှင်းပြောသည်၊ ကြီးမားသော စကားလုံးများကို တတ်နိုင်သမျှရှောင်သည်၊ ဆွဲဆောင်နိုင်မှုကားအပြည့်အဝရှိ၏။



ထိုညက သူသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သမိုင်းကို တရုပ်ပြည်ကွန်မြူနစ်ပါတီ၏သမိုင်းနှင့်ယှဉ်၍ တင်ပြ၏၊ အထူးသဖြင့် တရုပ်ကွန်မြူနစ်များ၏ **လောင်းမတ်(ချ်)** ခေါ် မဟာခရီးရှည်ကြီးအကြောင်းကို နားထောင်သူတိုင်း စိတ်ဝင်စားအောင်၊ စိတ်တက်ကြွအောင်၊ အားကျအောင် ပြောပြသည်၊ မဟာခရီးရှည်ကြီးအတွင်း၌ရင်း၊ အဆုံး၌ရင်း၊ ဒုက္ခခံကြရပုံ၊ အနစ်နာခံကြပုံ၊ ဇွဲရှိကြပုံတို့ကို အသေးစိတ်ပြောပြသည်၊ ဤစွမ်းရည်များကြောင့် ယခုအခါတွင် တရုပ်ကွန်မြူနစ်များသည် တရုပ်ပြည်ကြီးတခုလုံးကို မကြာမီပင်သိမ်းတော့မည့်အကြောင်းကို ဟောကိန်းထုတ်ပြ၏၊ (ထိုအချိန်ကတရုပ်ကွန်မြူနစ်များနှင့် ကူမင်တန်တပ်များ အကြိတ်အနယ်တိုက်နေဆဲဖြစ်သည်) ထိုနည်းတူစွာ ဗမာကွန်မြူနစ်များကလည်း မကြာမီပင် မြန်မာတပြည်လုံးကို သိမ်းတော့မည်ဖြစ်ကြောင်း၊ မိမိတို့ကစစ်ရေးနည်းနှင့်တိုက်စစ်ဆင်နေချိန်တွင်မြို့ပေါ်ရှိပညာတတ်များ၊ လူသတ်တန်းစား စာရေးစာချီများကလည်း နိုင်ငံရေးနည်းနှင့်အစိုးရကိုတိုက်စစ်ဆင်ရမည် ဖြစ်ကြောင်း၊ ဤသို့ဖြိုင်ဖြိုင်ညီညီထလျှင် အစိုးရပြုတ်ကျပြီး....အာရှတိုက်၌မြန်မာပြည်သည် ပထမဆုံးကွန်မြူနစ်နိုင်ငံ ဖြစ်လာနိုင်ကြောင်း ဖြစ်လည်းဖြစ်တော့မည်ဖြစ်ကြောင်း စသဖြင့် ရှန်းရှန်းဝေအောင် ပြော၏။

ဒီစီပြောပြီးသောအခါ ကျန်လူများက အခြေအနေကို အသီးသီးတင်ပြကြသည်။

ရှေ့ဦးစွာတင်ပြသူကား အသက်သုံးဆယ်ခန့်ရှိသည်၊ မူလက သူ့ကိုကျောင်းသားတဦးဟု သက်ခိုင်ထင်သည်၊ သို့ရာတွင်

သူ့စကားကို နားထောင်ရင်း သူသည် အစိုးရအမှုထမ်းတဦး ဖြစ်ကြောင်း ထင်ရှားလာ၏။

သူက အစိုးရသည် ရှားပါးစရိတ်များ ဖြတ်ပစ်တော့မည် ဖြစ်ကြောင်း၊ ၎င်းပြင် အမှုထမ်းဦးရေကို ၂၅-ရာခိုင်နှုန်းလျှော့ ပစ်တော့မည်ဖြစ်ကြောင်း၊ ဤသည်ကိုမကျေနပ်၍ အမှုထမ်း ပေါင်းစုံ သပိတ်ကြီး ဖြစ်လာရန် အလားအလာကောင်းနေ ကြောင်း တင်ပြသည်၊ ဒီစီက ဤသပိတ်ကြီး မပေါ်ပေါ် အောင် ဖြစ်သည့်နည်းနှင့် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ဖြစ် လည်းဖြစ်မည်ဖြစ်ကြောင်း၊ ဤကိစ္စအတွက် အစီအစဉ်များရှိ ပြီးကြောင်း၊ မိမိသိလိုသည်မှာ ကျောင်းသားများ၏ အခြေ အနေဖြစ်ကြောင်း၊ အမှုထမ်းပေါင်းစုံသပိတ်ကြီးနှင့် ကျောင်း ပေါင်းစုံသပိတ်ကြီးတို့ တပြိုင်တည်း ပေါ်ပေါက်ရမည်ဖြစ် ကြောင်း ရှင်းပြ၏။

အခန်းတွင်းမှ လူအားလုံးသည် ထွန်းငွေဘက်သို့ လှည့် ကြည့်ကြသည်၊ ထွန်းငွေက စကားစပြော၏။

“ဗ-က-သ နဲ့ ရ-က-သ ကတော့ ကျွန်တော်တို့လက်ထဲမှာ ရှိတယ်၊ အမှုထမ်းပေါင်းစုံသပိတ်ကြီး စဒါနဲ့ တပြိုင်နက် ရန် ကုန်ခရိုင်မှာရှိတဲ့ ကျောင်းတွေကစပြီး တပြည်လုံးကကျောင်း တွေ သပိတ်မှောက်ကြမှာပါဘဲ”

ဒီစီက ဝင်ဖြတ်မေး၏။

“အင်းလေ....ဒါတော့ ကျွန်တော်သိဒါပေါ့၊ အခုသိချင် ဒါက တက္ကသိုလ်ကဘယ်လိုလဲ”

တ-က-သ ကတော့ ရဲဘော်သိတဲ့ အတိုင်းဘဲ၊ အချောင် သမားသန့်ရှင်းတွေလက်ထဲမှာ”



ဒီစီကပြုံးသည်။

“တ-က-သ ကို ဘေးဖယ်ထားလိုက်ပါလေ၊ တက္ကသိုလ် ကျောင်းသားတွေအနေနဲ့ ဘယ်လိုရှိသလဲ”

မောင်ညိုမှိုင်းက စိတ်ပျက်စွာခေါင်းခါ၏။

“တက္ကသိုလ် ကျောင်းသားတွေက တက္ကသိုလ်ကြီး ရက် အကန့်အသတ်မရှိ ပိတ်ပေးဘို့သာ စိတ် ဝင်စားနေကြတယ်”

“ဒါလဲကောင်းသားဘဲ၊ သပိတ်ရဲ့ဘောင်ထဲဝင်လာဒါဘဲ မဟုတ်ဘူးလား”

“ဟင့်အင်း....၊ သူတို့ရည်ရွယ်ချက်က တမျိုး၊ ပထမ... ကျောင်းပိတ်ပေးရမယ်၊ ဒုတိယ...တက္ကသိုလ်အပျော်ဘမ်းတင် ဖွဲ့ပေးရမယ်၊ တတိယအနေနဲ့.... တပ်ဖွဲ့ပြီးရင်.... အစိုးရဘပ် တွေနဲ့တွဲပြီး.... ကျွန်တော်တို့တော်လှန်ရေး အင်အားစုတွေကို ချိုးကြမလို့တဲ့”

ဒီစီသည် ရှေးဦးစွာအဖြစ် စိတ်မကျေနပ်ဟန်ကိုပြ၏။

“အဲဒီကျောင်းသားတွေကို ဘယ်သူတွေက ခေါင်းဆောင် နေသလဲ၊ ဆိုရှယ်လစ်ငနဲတွေဘဲ မဟုတ်လား”

“ဒီလိုပြောင် ဝန်မခံကြဘူး၊ တော်လှန်ရေးတုန်းက တပ်မ တော်မှာဗိုလ်တို့ တပ်သားတို့ လုပ်ဘူးကြတဲ့ ကျောင်းသား တွေဘဲ”

“ဘာထူးလဲဗျာ၊ ဒီလူတွေဟာလဲ ဖဆ ဆိုရှယ်တွေရဲ့လက် ကိုင်ဒုတ်တွေဘဲဟာ....”

သက်ခိုင်၏စိတ်တွင်း၌ ထိုင်းကနဲဒေါသထွက်သွား၏၊သို့ရာ တွင် မိမိသည် ဤနေရာ၌ ဧည့်သည်သာဖြစ်နေ၏၊ အေးဝင်းက လည်း သက်ခိုင်ကို လက်ကုတ်သတိပေး၏၊ ထိုကြောင့်သက်ခိုင်

သည် ရုတ်တရက်ပြောဘော့မည့်စကားကို မပြောတော့ဘဲနှုတ်ဆောင့်စည်းနေလိုက်ရ၏။

ဒီစီသည် အေးဝင်းနှင့် သက်ခိုင်ကိုကို စူးစမ်းသလောင်ကြည့်ပြီးမေးသည်။

"ကိုသွန်းငွေ....ဒီကရဲဘော်သင်နှင်ဦးက ဘယ်သူတွေလဲ"

ယွန်းငွေက ပျာပျာသလဲ ဝင်ရှင်းပြ၏။

"ကျွန်တော့်သူငယ်ချင်းတွေပါ စောစောထဲက ကျွန်တော် ကိုကြင် ဆက်ဆင်းပို့ပါ့ပြီ၊ ဒီဘက်က....ကိုအေးဝင်း၊ ဟိုဘက်က....ကိုသက်ခိုင်၊ နှစ်ယောက်စလုံး စာရေးဆရာတွေပါ"

ဒီစီသည် အေးဝင်းနှင့်သက်ခိုင်ကို ပြုံးရွှင်းမေးသည်။

"ခုလိုရဲဘော်သစ်တွေနဲ့တွေ့ရလို့ ဝမ်းသာပါတယ်၊ အခုကျွန်တော်တို့ ဆွေးနွေးကြတဲ့အပေါ်မှာ ရဲဘော်တို့ဘယ်လိုမြင်သလဲ...."

အေးဝင်းသည် သက်ခိုင်ကိုလက်နှင့်ထပ်ကုတ် သတိပေးပြီး ဆို၏။

"ရဲဘော်ကြီးတို့က ကျွန်တော်တို့ကို ယုံယုံကြည်ကြည်လက်ခံဆွေးနွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရဲဘော်ကြီးတို့က ယုံကြည်တော့.... ကျွန်တော်တို့ကလဲ ပွင့်လင်းစွာဘဲ ပြောပါ့မယ်...."

"ပြောပါဗျာ... ပြောပါ"

"ဟုတ်ကဲ့...ပြောပါ့မယ်၊ ကျွန်တော်တို့ မြင်တာဒါက.... ကျွန်တော်တို့အားလုံးဟာ နယ်ချဲ့ဆောင်ချောက်ထဲကို ကောင်းကောင်းကြီး ဝင်မိနေပြီဆိုဒါပါဘဲ၊ ဒီဗေားက လွတ်ဘို့လမ်းဟာလဲ တလမ်းထဲဘဲရှိပါတယ်၊ သူကကွန်မြူနစ်၊ သူကရဲဘော်



ဖြူ၊ သူကဆိုရှယ်လစ်၊ သူကဘာ....စသဖြင့် အချင်းချင်းမယုံသင်္ကာ ဖြစ်နေကြမဲ့အစား.... နယ်ချဲ့စံနစ်ကို ရွံမုန်းသူအားလုံး၊ ဆိုရှယ်လစ်လူ့ဘောင်ကို ယုံကြည်သူအားလုံးဟာ ပုဂ္ဂလိကဆန္ဒစွဲတွေ၊ ဂိုဏ်းဂဏစိတ်တွေကိုဖယ်ပြီး.... စစ်မှန်တဲ့လက်ဝဲညီညွတ်ရေးလုပ်ကြဖို့ဘဲ ဖြစ်ပါတယ်"

ဒီစီက သဘောကောင်းစွာ ခေါင်းညိတ်ပြီး ပြုံးလျက်ပြော၏။

"ရဲဘော်ပြောဒါဟာ.... မှုအားဖြင့်မှန်ပါတယ်၊ ဒါပေမဲ့ လက်တွေ့မှာမဖြစ်နိုင်ဘူး၊ လက်တွေ့ဖြစ်နိုင်ဘို့က.... မှန်ကန်တဲ့ သဘောတရားရေး ခေါင်းဆောင်မှုလိုပါတယ်၊ အဲဒီသဘောတရားက လဲတခုဘဲရှိတယ်၊ မတ်(စ်)-လီနင်ဝါဒပါဘဲ၊ မတ်(စ်)လီနင်ဝါဒကို မယုံကြည်တဲ့လူတွေနဲ့ ညီညွတ်ရေးသွားလုပ်ရင် ဘာဖြစ်မလဲ၊ အဲဒါဟာ ဗူဇွာလူတန်းစားရဲ့ အလှည့်အပြောင်းဖြစ်ပါတယ်၊ ရဲဘော်ကစောစောက... စစ်မှန်တဲ့လက်ဝဲညီညွတ်ရေးဆိုတဲ့ စကားကိုသုံးသွားတယ်၊ စစ်မှန်တဲ့ လက်ဝဲ ညီညွတ်ရေးဆိုဒါဟာလဲမတ်(စ်)လီနင်ဝါဒပေါ်မှာသာ အခြေခံလို့ရတယ်...."

အေးဝင်းသည် ဘာမျှပြန်မပြောနိုင်စွမ်း ရှိဟန်မတူသော အဦးကဲ့သို့ ခေါင်းကိုလေးလေးကျိုးညိတ်ပြ၏။

ဒီစီက.... သက်ခိုင်ကိုလှမ်းကြည့်၏။

"ဒီကရဲဘော်ကြီးကကော....ဘယ်လို သဘောရပါသလဲ"

"အေးဝင်းအမြင်နဲ့ ကျွန်တော့် အမြင်ကအတူတူပါဘဲ၊ မတ်(စ်)-လီနင်ဝါဒဟာသာတခုတည်းသောမှန်ကန်တဲ့သဘောတရားဆိုဒါကိုတော့ ကျွန်တော် လက်မခံနိုင်ဘူး၊ ထားပါတော့လေ၊ဒီနေ့ကျွန်တော်တို့သဘောတရားရေးရာ တွေငြင်းနေကြဖို့

အချိန်မဟုတ်ဘူး၊ ဒီလိုဘဲ....ဒီနေ့ကျွန်တော်တို့ နိုင်ငံရဲ့အခြေအနေတွေအရလဲ ဂိုဏ်းဂဏကွဲနေကြဘို့မဟုတ်ဘူး...."

"ဆိုပါအုံးရဲဘော်...."

"ဆိုပါ့မယ်၊ ကျွန်တော်တို့လွတ်လပ်ရေးကြိုးပမ်းစဉ်ခေတ်က... ခုလိုဘဲ ဂိုဏ်းဂဏအကွဲအပြဲတွေပေါ်ခဲ့တယ်၊ ဒီတုန်းက တာဝန်သိသူတိုင်းဟာ.... ဝါဒရေးရာသည်ဒုတိယ၊ လွတ်လပ်ရေးရာသည်ပဌမလို့ ညီညွတ်ရေးခေါ်ပြီး လုပ်ဆောင်ခဲ့ကြတယ်၊ အခုလဲ....ဝါဒရေးရာသည်ဒုတိယ၊ ပြည်ထောင်စုတည်မြဲရေးရာသည်ပဌမလို့ ကြွေးကြော်ကြရမယ်ထင်ပါတယ်...."

ဒီစီသည်အသာအယာရယ်မော၏၊

"ရဲဘော်က....ကေအင်ဒီအိုအခြေကိုထဲ့တွေးနေတယ်နဲ့တူတယ်၊ ကေအင်ဒီအိုတွေဟာ နယ်ချဲ့ကော်တော်သားတွေအမှန်ဘဲ၊ ဒီလိုဘဲ....ဖဆဆိုရှယ်တွေကလဲ နယ်ချဲ့ရုပ်သေးတွေဘဲ၊ သူတို့အချင်းချင်းတိုက်ကြပါစေ၊ ရွာတချို့ တခလမ်းသော မြို့တချို့ တခေါ်ကြေမွ၊ လူတွေလဲ သေဆင့်သာမျှသေကြပေါ့၊ တော်လှန်ရေးသမိုင်းလမ်းကြောင်းမှာ....အသက်တွေ သွေးတွေ စတေးကြရဒါမဆန်းပါဘူး၊ ကျွန်တော် ခုနင်က ပြောခဲ့တဲ့ လောင်းမတ်(ချ်)ကို ပြန်သုံးသပ်ကြည့်ပါ၊ ရဲဘော်သဘောပေါက်ပါလိမ့်မယ်၊ အပြီးသတ်တော့နယ်ချဲ့ ရုပ်သေးကြက်နှစ်ကောင်ပမ်းကြမှာဘဲ၊ အဲဒီတော့မှ ကျွန်တော်တို့ဘပ်နီတော်က အသာဝင်ဖမ်းပြီးအောင်ပွဲဆင်ရုံဘဲ၊ အဲဒီ အချိန်ဟာလဲ....မဝေးတော့ပါဘူး၊ ဘယ်နှယ်လဲ...."

သက်ခိုင်ကလည်းအေးဝင်းနည်းတူ ဘာမျှပြန်ပြောနိုင်စွမ်းဟန်မရှိလေသူကဲ့သို့ခေါင်းညိတ်ပြ၏။



နောက်ထပ်အနည်းငယ် ဆွေးနွေးကြပြီးနောက် အစည်းအဝေးကိုဆုံးလိုက်ကာ လူစုခွဲ၍ပြန်လာကြသည်။

ထွန်းငွေခေါ်မောင်ညိုမှိုင်းလည်း သက်ခိုင်တို့အေးဝင်းတို့နှင့်အတူပြန်လိုက်လာ၏။

သုံးယောက်သား စကားမဆိုကြဘဲ ရှောက်လာကြသည်၊ သက်ခိုင်ကတယောက်ကို လက်ဦးတည့်ရာထိုးလာသဖြင့် သီချင်းလည်းဝင်ဆို၍မရကြ။

ပိတောက်ပင်များအောက်သို့ ရောက်သောအခါ ထွန်းငွေက စ,စကားပြောသည်။

"ဒီနေ့ဆွေးနွေးပွဲကို မင်းတို့နှစ်ယောက် ဘယ်လို သဘောရသလဲ...."

အေးဝင်းကတိုတိုနှင့်လိုရင်းဖြေ၏။

"ဒို့ဘယ်လို သဘောရဘယ်ဆိုဒါကို ဒို့ ပြောင်ပြောပြခဲ့ပြီးဘိကော ..."

ထွန်းငွေသည် သက်ပြင်းလေးရှိုက်ပြီးဆို၏။

"မင်းတို့နှစ်ယောက် ပြောတဲ့စကားတွေက ငါ့အတွက် စဉ်းစားစရာဖြစ်လာဘယ်၊ ခက်ထာက....မင်းတို့နှစ်ယောက်က အမျိုးသားရေးကို ထိပ်တင်ထားဒါဘဲ...."

သက်ခိုင်သည်တယောသိုးရပ်လိုက်ပြီးမေး၏။

"အမျိုးသားရေးကို ထိပ်တင်ဒါနဲ့ မင်းကဘာလို့ခက်နေရဒါလဲ ထွန်းငွေ ..."

"အေးလေ.... မင်းတို့အတွက်တော့ မခက်ဘူးပေါ့....၊ ငါ့အတွက်တော့ခက်နေတယ်"

အေးဝင်းက ပြောသည်။

"မင်းခက်နေဒါ ငါသိပါတယ်မောင်ညိုမှိုင်းရာ၊ မင့်စာအုပ်ကြီးတွေက အမျိုးသားရေးကို သာမညပြုဆိုထားတယ်မဟုတ်လား....၊ ဒါပေမဲ့....ဟစ်တလာက ဆိုဗီယက်ယူနီယံကိုဝင်တိုက်တော့....ရုရှတွေဟာသဘောဘာဝများရေးကို သာမညလုပ်ပစ်ပြီး အဘနိုင်ငံကာကွယ်ရေးကိုရှေ့တန်းတင်ခဲ့တယ်မဟုတ်လား....၊ စစ်ပွဲကြီးကိုလဲ.... ဂရိတ်ပက်တရီရောတစ်ဝါး (မဟာမျိုးချစ်စစ်ပွဲကြီး)လို့ ကင်ပွန်း တပ်ခဲ့ကြတယ် မဟုတ်လား"

ထွန်းငွေသည် ခေတ္တငိုင်သွား၏၊ ထိုနောက်မှရင်ပတ်တွင်းမှ လာသော ရယ်သံကိုပြုရင်းဆဲသည်။

"ခွေးကောင်တွေ.... လက်ဝဲစာအုပ်ကလေး တအုပ်နှစ်အုပ် ဖတ်ဘူးဒါနဲ့ ငါ့ကုလားထွဲကောက်နှုတ်ချက်ချပြီး မဟုတ်တာတွေ ပြောနေတယ် နေဦး....အခု ငါ့အခန်းပြန်ရောက်ရင် စာအုပ်တွေသပ်ဘတ်ပိုက်အုံးမယ်၊ မနက်ကျမှ ငါ့ချင် ပြမယ်"

သက်ခိုင်က နောက်၏။

"ဒါဖြင့် မောင်ညိုမှိုင်းရယ်.... ပင်စာမဖတ်ခင်ငါဘားယား တီးပြပ ရစေ...."

"တီးလေ....တီးလေ....၊ အေး....ဇာခါဘလေ....ရောမမြို့ကြီး မီးလောင်နေတုံး စောင်းသံနှားထောင်ရဒါကောင်းသလိုဘဲ....၊ အဟီး... ဟင့်....ဟင့်....ဟင့်....အဟက်...."

သက်ခိုင်က တယောကို အသံစမ်းတော့၏၊ အေး ဝင်းက မေးသည်။

"ဟေ့ကောင်....မင်းဘာတီးမလို့လဲ...."

"အဆီလျှော်ဆုံးသီချင်းကွာ....၊ ကြုံလေဘုံဘွေ"



သက်ခိုင်က တယောတီးသည်၊ အေးဝင်းကဆို၏၊ မောင်ညိုမှိုင်းက ခေါင်းငိုက်စိုက်နှင့် စဉ်းစား တွေးခေါ်ရင်း လိုက်ပါလာ၏။

"ကြုံလေ....ဘုံဘွေ....၊ ဆော်ထွေမှိုင်မိရင်း....၊ ကံကံငယ် ခေလို့....ကြုံရသေခြင်း........"

ထိုညက....တက္ကသိုလ်နယ်မြေပေါ်၌ ငွေသရောင်မရှိန်းပါ။

## အခန်း ၂၄

## ပြည်ရေး၊ ဝမ်းရေး၊အလွမ်းရေး

ဇန်နဝါရီလ ၂၇–ရက်နေ့ညက ဗဟိုကျောင်းဆောင်သားများ စုဝေးကာ ကျောင်းပိတ်ပေးရန်နှင့် တက္ကသိုလ်ဘပ်ရင်းဖွဲ့ပေးရန်ဆုံးဖြတ်တောင်းဆိုကြသည်၊ ထိုအခါ အိပ်မောကျနေသော တ-က-သ (တက္ကသိုလ် ကျောင်းသားများသမဂ္ဂ) လည်း လှုပ်ရှားလာ၏။

အေးဝင်း၊ သက်ခိုင်နှင့် တင်မောင်စိုးတို့သည် သုံးယောက်တည်း နံနက်ထမင်းစားဆင်းကြ၏၊ ယုမောင်မူ ပျောက်နေ၏၊ ထမင်းစားခန်းတွင်း၌ပင် ကျောင်းသားတိုင်း လှုပ်လှုပ်ရွရွဖြစ်နေသည်၊ တက်တက်ကြွကြွလည်းရှိနေ၏။

"ကျောင်းပိတ်ပေးရမည်၊ တက္ကသိုလ်တပ်ရင်း ဖွဲ့ပေးရမည်"

ဤစကားကို လူတိုင်းပြောနေကြသည်၊ သို့မဟုတ်တောင်း ဆိုနေကြသည်။

အေးဝင်းနှင့်သက်ခိုင်သည် ကျောင်းတက်ထွက်ခဲ့ကြသည်။

ဂျီ-စီ-အော(ရ်)ခေါ် ယောကျ်ားလေးများနားနေခန်းရှေ့ရှိ ကြော်ငြာသင်ပုန်းရှေ့၌ ကျောင်းသားများ စုဝိုင်းနေကြသည်၊ သင်ပုန်းပေါ်၌ တ-က-သ ၏ကြေငြာချက်ကိုကပ်ထားသည်၊ ၎င်းကြေငြာချက်က.... မနေ့ညက ဗဟိုကျောင်းဆောင်သားများ၏ တောင်းဆိုချက်ကို ရောင်ပြန်ဟပ်ထားသည်။

သက်ခိုင်တို့နှင့်သိသော မြန်မာစာယူသည့် ကျောင်းသားတဦးက ကြေငြာချက်ကို ဖတ်ရာမှ ရွတ်နောက်နောက်နှင့် အော်၏။

"အမယ်မင်း....အားလုံးခက်ကုန်ကြပါပြီကို.... မောင်မင်းများရဲ့...."

အခြားတဦးက ဝင်မေးပေး၏။

"ဘာများခက်လို့လဲ သူငယ်ချင်းရဲ့...."

"တက္ကသိုလ်အရံတပ်ရင်းဖွဲ့ပြီး....စစ်ထဲလိုက်ရမယ်ဆိုတော့– ဥမ္မာဒန္တီမျို့ထဲက စာကိုသတိသွားရလို့ပါ"

"ဘယ်လိုတဲ့လဲ...."

"လွှမ်းတပူဆွေး၊ သူနှင့်ဝေးက၊ ပြည်ထဲရေးနှင့်၊ ဝမ်းရေးတို့ထက်၊ လွမ်းရေးခက်၏၊ တဲ့....၊ ခက်၏တဲ့"

"ဩော်... ကိုယ်တော်ကြီးက သူနဲ့ဝေးမှာမို့ လွမ်းရေးခက်နေလို့လား...."

"မဟုတ်ဘူး၊ ဒီ့ထက်ခက်သေးတယ်"

"ဘာများပါလဲဘုရာ့...."



"သူနဲ့ဝေးဒါက တနေ့ပြန်တွေ့နိုင်သေးတယ်၊ အခုအိမ်က ငွေမလာတော့ လက်မှတ်မလဲနိုင်ဘူး၊ လက်မှတ်မလဲနိုင်တော့ ....ဆုံးပါပြီ၊ ဆုံးပါပြီ"

"ဘာဆုံးဒါလဲ....ဘန်ကောက်လုံချည်လား"

"ဟင့်အင်း...."

"ဖောင်တိန်လား...."

"အနားသားဟင့်အင်း...."

"ဒါဖြင့် လက်ပတ်နာရီလား...."

"အဲဒါတွေအားလုံးထက် တန်ဘိုးရှိတယ်"

"နို့....ဒါဖြင့်ဘာလဲ...."

"လက်တသစ်လောက်ထူတဲ့ ငါ့မျက်မှန်"

သက်ခိုင်တို့အားလုံးက ဝိုင်းရယ်သည်၊ ထိုကျောင်းသားက ရှုတည်တည်နှင့်ပြော၏။

"မရီနဲ့ကိုယ့်လူတို့၊ အဟုတ်ပြောနေဒါ၊ ပေါင်စရာကုန်လို့ မတတ်သာတဲ့အဆုံး ရွှေကိုင်းတပ်မျက်မှန်လေးပေါင်မိဒါ၊ အခုအဘိုင်းဆိုတော့ ၎င်းဖေကိုယ်မှာ သမ္ဗာဝညီနောင်နဲ့ပြိုင်ပြီး စက္ခုနှစ်ကွင်း အလင်းရှော့တိတ်(ချ်)နဲ့ ဒုက္ခရစရိယ ဘယ်နှစ်သကျင့်ရဘော့မှန်း မသိဘူး"

ထိုကျောင်းသား၏ စကားကြောင့် အေးဝင်းနှင့် သက်ခိုင်သည် ရယ်ချင်မှုဘဝက်၊ ကရုဏာတဝက်နှင့် ထွက်လာခဲ့ကြသည်။

သက်ခိုင်နှင့်အေးဝင်းတို့သည်နံနက်ပိုင်း၌သတ္တဗေဒလက်တွေ့သင်တန်းတက်ကြသည်၊ ခါတိုင်းဆိုလျှင် သတ္တဗေဒ လက်တွေ့သင်တန်း၌ပျက်ကွက်သူကျောင်းသားကျောင်းသူရှိခဲလှ၏၊ ယခု

ကျောင်းသား ကျောင်းသူ အများပျောက်ကွက်နေသောကြောင့် ပဒေယာင်းခွက်အများတွင်း၌ မေ့ဆေးပေးထားသော ဖားလေးများသည် အခွဲအစိတ်မခံရဘဲ ပိုးလိုးပက်လက်ငြိမ်လျက်သား ရှိနေကြရှာသည်။

သက်ခိုင်က မိမိ၏ဖားကို စိတ်ဝင်စားစွာနှင့် ခွဲနေသော်လည်း အေးဝင်းကဂဏာမငြိမ်၊ အကြောင်းမှာ....မွန်ကျောင်းမတက်သောကြောင့်ဖြစ်၏။

လက်တွေ့သင်တန်းအပြီး၌ အေးဝင်းသည် သက်ခိုင်နှင့် လဘက်ရည်သောက်မလိုက်တော့ဘဲ မွန်ကိုရှာရန်ထွက်သွား၏။

သက်ခိုင်က လဘက်ရည်သောက်ပြီးနောက် ဓာတုဗေဒသင်တန်းသို့သွားတက်သည်၊ သင်တန်းတွင် အေးဝင်းကိုရော မွန့်ကိုရောမတွေ့၊ ဓာတုဗေဒသင်တန်းအပြီး ကြား၌ တချိန်အားနေသောကြောင့် သက်ခိုင်လည်းမလေးနွယ်ကိုရှာရန်ထွက်ခဲ့၏။

မလေးနွယ်တက်လေ့ရှိသော အခန်းများ အားလုံး နှံ့အောင်ရှာသော်လည်း မလေးနွယ်ကိုမတွေ့၊ မလေးနွယ်ကိုသာမက ဒိုရာသင်းနှင့် မလှသူတို့ကိုပါမတွေ့။

ညနေပိုင်း၌ မြန်မာစာသင်တန်းကို နောက်ဆုံးတက်ခဲ့ပြီး သက်ခိုင်သည် ကျောင်းဆောင်သို့ပြန်လာခဲ့၏။

အေးဝင်းက သူ့အခန်း၌ ပြန့်ရောက်နှင့်နေပြီ၊ ရောက်နှင့်နေရုံမက ရေချိုးရန် ပြင်ဆင်နေ၏။

"မင်း....မွန်နဲ့တွေ့ခဲ့လား အေးဝင်း"

"အေးတွေ့တယ်....၊ မွန်က ဒီညနေပဲ ထဲက.... ယုတို့အိမ်ကို ပြောင်းနေတော့မလို့တဲ့"

"ဘာပြုလို့ ပြောင်းနေမှာလဲ...."



"ကျောင်းကြီးကသာ မပိတ်သေးဒါ၊ နယ်ပြန်တဲ့ကျောင်းသူတွေက ပြန်ကုန်ဘီ၊ နယ်မပြန်ဘဲ မြို့ထဲအသိရှိတဲ့လူတွေကလဲ မြို့ထဲပြောင်းနေကုန်ဘီ၊ သက်ခိုင်ရေ...ညနေငါနဲ့ အင်းယားကို လိုက်ခဲ့ပါလား၊ မွန့်ကိုနှုတ်ဆက်ရအောင်"

သက်ခိုင်မှာလည်း မွန် နှင့် ခင် မင် ခဲ့ပြီ ဖြစ်သောကြောင့် "အေး....လိုက်ပါမယ်" ဟု ဂတိပေးသည်။

"ဒါဖြင့်သွား....မြန်မြန်ရေချိုးကွာ...."

အေးဝင်းရင်ထဲ ဗျာပါနေမည်ကို ကိုယ်ချင်းစာနားလည်မိသောကြောင့် သက်ခိုင်သည် သူတိုက်တွန်းသည့်အတိုင်း လိုက်နာ၏။

အေးဝင်းနှင့် သက်ခိုင်တို့ အင်းယား ကျောင်း ဆောင် သို့ ရောက်သောအခါ ကျောင်းသူများနှင့် ပစ္စည်းများကို သယ်ဆောင်၍ ကားများတစီးပြီးတစီး ထွက်ခွာလျက်ရှိနေ၏။

ကျောင်းဆောင်ဝင်းအဘွင်း၌ မမြော်သင့်ဘဲ မလေးနွယ်၏ ငွေကားပြာကိုသွားတွေ့၏။

အေးဝင်းက ကျောင်း ဆောင် တွင်း သို့ ဝင် သွား သည် သက်ခိုင်က ကားဆီသို့ရောက်သွား၏၊ ကားရှေ့ခန်း၌ ထုံးစံအတိုင်း အေးအေးဘာထိုင်နေသော ဦးချစ်ဘိုးကိုတွေ့ရ၏။

"ဦးလေးကိုချစ်ဘိုး....ဒီဘာလာလုပ်သလဲ...."

"ဪ....သက်ခိုင်ပါလား....၊ မင်းကော ဒီဘာလာလုပ်ထာလဲ...."

"သူငယ်ချင်းတယောက်နဲ့လိုက်လာဒါပါ....၊ ကျွန်တော်မေးဒါလဲပြောအုံးလေ....၊ အခုဘာလာလုပ်ထာလဲ ...၊ မမနွယ်ကော...."

"ထုံးစံအတိုင်း ဒိုရာသင်းတို့ကိုလာခေါ်ဒါပေါ့၊ ဪ.... ဒါထက် ငါမင်းကိုပြောစရာတခုရှိတယ်...."

ဦးချစ်တိုး၏မျက်နှာမှာ အထူး တည်ငြိမ်နေ၏၊ အသံကလည်း လေးနက်နေသည်။

သက်ခိုင်က ဦးချစ်တိုးကို မျက်မှောင် ကြုတ် ကြည့် ၏၊ ဦးချစ်တိုး၏စေတနာကို သူကောင်းကောင်းသိသည်၊ အပြီးသတ်ကျလျှင် ဦးချစ်တိုးတို့လိုလားသည့်အတိုင်း မိမိ ပြုလေ မည် ကို မိမိသာအသိဆုံးဖြစ်၏၊ သို့ရာတွင် ဦးချစ်တိုးသည် အစိုးရိမ်ကြီးလွန်းသည်၊ မိမိအား မကြာခဏ သတိပေးလိုသည်၊ ဤသည်ကိုမူ သက်ခိုင်မကျေနပ်လှ၊ ထို့ကြောင့်လည်း သက် ခိုင်သည် ဦးချစ်တိုးကို မျက်မှောင် ကြုတ် ကြည့် မိ ခြင်း ဖြစ် ၏၊ ဤသည်ကိုဦးချစ်တိုးကလည်းရိပ်မိ၏။

"ကွာ.... မင်းက ငါ့ကို မကျေမနပ်နဲ့ မျက်မှောင်ကြုတ်ကြည့်နေပြန်ပါဘီ၊ အဲဒီလိုတော့မကြည့်နဲ့မောင်....၊ မပြောစေချင်ရင် ဘာမှမပြောဘူး...."

သက်ခိုင်သည် ရုတ်တရက် ရယ်ချလိုက်၏။

"ဪ....ဦးလေးကိုချစ်တိုးလဲ အကြောင်းမဲ့ စိတ်တိုနေပြန်ဘီ... ဘာပြောစရာရှိလဲ၊ ပြောမှာသာ ပြောစမ်းပါ"

"အေး....ပြောရ မပြောရကလဲ စဉ်းစားရသေးသကွ....၊ မင်းက ဇွတ်လုပ်ဘတ်မှန်း၊ အရွဲ့တိုက်တတ်မှန်း သိတော့ ကြောက်ရသေးတယ်....၊ ငါပြောမှ မင်းရွှတ်ရင် ခက်ရချေရဲ့၊ ပြီးတော့ ငါပြောဒါကိုမမလေးနွယ်ကလဲကြိုက်ချင်မှကြိုက်မှာ"

သက်ခိုင်က မျက်နှာကိုတည်လိုက်ပြီး ခိုင်မာစွာဆို၏။



"ပြောသင့်ဒါထင်ရင်ပြောပါ၊ ကျွန်တော် နားထောင်ပါ့မယ်...."

ဦးချစ်တိုးသည် စဉ်းစားသယောင် ခေတ္တငြိမ်နေပြီးနောက် တလုံးချင်းပြော၏။

"ထဗိစကြီး အိမ်ရောက်နေဘီ သက်ခိုင်...."

သက်ခိုင်၏ကိုယ်သည်မတ်သွား၏၊ နှုတ်မှလည်း "ဪ...." ဟုသာ တလုံးတည်းမြည်နိုင်၏။

ဟော(လ်)တွင်းမှမလေးနွယ်သည် ဒိုရာသင်း၊မလှသူတို့နှင့် အတူထွက်လာ၏၊ သက်ခိုင်ကိုမြင်သော် ဝမ်းသာအားရလှမ်းခေါ်သည်။

"အတော်ဘဲ....၊ မောင်ရေ....လာပါအုံး....၊ မမနွယ်တို့ကို လာကူပါအုံး၊ ဦးလေးကိုချစ်တိုးလဲ လာခဲ့ပါ...."

ဦးချစ်တိုးနှင့်သက်ခိုင်သည် မလေးနွယ်တို့ထံသွားပြီး လေးပင်သော ပစ္စည်းများကိုကူသယ်၍ ကားတွင်း၌ နေရာချပေးကြ၏။

အားလုံးပြီးသောအခါ မလေးနွယ်က "လာမောင်....ခဏ" ဟုခေါ်သဖြင့်သက်ခိုင်လိုက်ခဲ့ရ၏။

တရုပ်စကားပင်တပင်အောက်၌ အတူရပ်သိုက်ကြသည်။

ကျောင်းဆောင်ဝင်းအတွင်းအခြားတနေရာ၌ ယု၏ဝူစလေ ကားနက်ကြီးရပ်ထား၏၊ကားနှင့်မလှမ်းမကမ်းတွင် အေးဝင်းနှင့် မွန်တို့နှစ်ဦးချင်းစကားပြောနေကြသည်၊အေးဝင်း၏ခေါင်းက ငိုက်စိုက်ကျလျက်ရှိသည်၊ မွန်ကသာတိုးတိုးညင်ညင်နှင့်.... ဘာတွေမှာကြားပြောဆိုနေလေသည်မှန်း မသိ။

တရုပ်စကားပင်အောက်တွင်မူ မလေးနွယ်သည်တောက်ပစွာပြုံးလိုက်၏။

"တချိန်ထဲ မဟုတ်ဘူး မဟုတ်ဘဲ၊ မမနွယ်ကိုမှန်မှန်ပြောစမ်း၊ မောင်ဘယ်သူ့ လာနှုတ်ဆက်ထားလဲ...."

မလေးနွယ်ကရွှန်းနောက်နောက်ပြောသော်လည်း သက်ခိုင်က တည်တည်ညို့ညို့ကြီး ဖြေ၏။

"အဲဒီလို မောင်နှုတ်ဆက်ရမဲ့ လူတယောက်....မောင့်မှာရှိချင်လိုက်တာမမနွယ်...."

"ဟွန်း....ပိုလိုက်တာ၊ ဒါဖြင့်....မောင့်....ပိုးနတ်ဒေဝီ....ကိုဘယ်သွားထားမလဲ...."

"မောင့်ပိုးနတ်ဒေဝီကို မောင်ဘယ်တော့မှနှုတ်မဆက်ဘူး၊ နှုတ်ဆက်တယ်ဆိုဒါဟာ...ကွဲကွာရခြင်းကို အသိအမှတ်ပြုဒါဘဲ၊ ပိုးနတ်ဒေဝီနဲ့ မောင်ဘယ်တော့မှနှုတ်မဆက်ဘူးမမနွယ်၊ အနည်းဆုံးနှုတ်မဆက်ချင်ဘူး...."

မလေးနွယ်က တမင်သက်ပြင်းကြီး ချလိုက်ပြ၏။

"တကတဲ....၊မမနွယ်ကရယ်စရာပြောဒါကိုမောင်က တည်တည်လေးလေးကြီးလုပ်နေပြန်ပါဘီ၊ မောင့်ကို တခါတလေ မမနွယ်....သိပ်... မုန်းဒါဘဲ...."

ထိုအခါကျပြန်တော့လည်း သက်ခိုင်မှာ ပြုံးလိုက်ရပြန်သည်၊ သက်ခိုင်ပြုံးပြန်တော့ မလေးနွယ်ကမျက်နှာကို တည်ပြီးမေးပြန်၏။

"မောင့်ကို ဦးလေးကိုချစ်တိုးက ဘာတွေပြောနေဒါလဲ"



သက်ခိုင်က ဦးချစ်တိုးကို လှမ်းကြည့်သည်၊ ဦးချစ်တိုးကလည်း သူတို့ကိုလှမ်းကြည့်နေသည်၊လှမ်းကြည့်နေသော ဦးချစ်တိုး၏မျက်နှာတွင် စိုးရိမ်စိတ်ပြနေ၏။

သက်ခိုင်က မုသားဆို၏။

"ဦးလေးကိုချစ်တိုးကမောင့်ကိုဘာမှမပြောပါဘူးမမနွယ်"

မလေးနွယ်က သက်ခိုင်၏ မျက်လုံးများကို စူးစိုက်ကြည့်သဖြင့် သက်ခိုင်မျက်နှာလွှဲလိုက်၏။

မလေးနွယ်က သဘောကျဟန် သဲ့သဲ့ရယ်သည်။

"မောင့်ကိုမမနွယ် သိပ်သဘောကျဒါဘဲသိလား၊ ထားပါတော့လေ...၊ ပြော...., မောင်....၊ မောင်တို့ကျောင်းသားတွေ အခုဘာလုပ်ကြဲတော့မလို့လဲ"

"ဒါကိုမောင်မဖြေနိုင်ပါဘူး မမနွယ်"

"မဖြေနိုင်ဘူး၊ အဲဒါဟာအဖြေပါဘဲ၊ မမနွယ်သိပါတယ်၊ မောင်တို့ဘာခုလုပ်ကြမလို့ပါ၊အထူးသဖြင့်မောင်....၊မောင်နဲ့ မောင့်သူငယ်ချင်းတွေ....၊ ဟုတ်တယ်မဟုတ်လား...။

သက်ခိုင်ကအဖြေမပေး၊မလေးနွယ်ကသာဆက်ပြောသည်။

"မောင့်ကို မမနွယ် ကောင်းကောင်းသိတယ်၊ မောင်ထင်ဒါဆက်ကို ပိုသိတယ်၊ မောင်လုပ်ချင်ဒါ ရှောက်လုပ်ပါသေး၊ မမနွယ်တားသို့မရပါဘူး၊ ဒါပေမဲ့ဘာဘဲဖြစ်ဖြစ်....မောင်လုပ်ချင်ဒါတွေ ရှောက်မလုပ်ခင်....မောင့်ကိုမမနွယ်.... တွေ့ပါရစေအုံး၊ ဟုတ်လားမောင်"

သက်ခိုင်သည် ဟန်ဆောင်၍ရယ်၏။

"မမနွယ် ဘာတွေရှောက် ပြောနေဒါလဲ....၊ မမနွယ်ကို မောင်လာတွေ့မှာပေါ့၊ ဘာတွေလုပ်လုပ်၊ မမနွယ်ဟာ....ထာဝစဉ် မောင့်မမနွယ်ပါဘဲ၊ ကျေနပ်ပလား"

"ဒါ....မောင့်ဂတိနော်...."

"ဒါဟာ မောင့်ဂတိပါမမနွယ်...."

မလေးနွယ်က ရယ်သည်။

"ဒါဖြင့်.... မမနွယ်ကျေနပ်ပီ၊ လာ သွား ကြရအောင်....၊ ဩော်....မောင်....၊ မောင့်စကား မောင်မမေ့နဲ့နော်၊ဆောင်းဟာလှတုံးဘဲမောင်၊ ဆောင်းလှနေတုံး.... နွေအရောက်မစောရဘူး....၊ ဒါဘဲနော်....မောင်"

မလေးနွယ်နှင့် သက်ခိုင်သည် ကားဖြူဆီ ပြန်ရှောက်လာခဲ့၏။

မန္တလေးကိုခေါ်ဆောင်သွားသော ယုတို့၏စုစလေ ကားကြီးက အရင်ထွက်သည်၊ အေးဝင်းကသက်ခိုင်တို့နား လာရပ်၏။

မလေးနွယ်က အေးဝင်းကိုနှောက်၏။

"ကိုအေးဝင်း၊ ရှင့်မျက်နှာကြီးက ငိုတော့မဲ့အတိုင်းဘဲ၊ ရှင်ငိုချင်လဲငိုလေ၊ ဒါပေမဲ့.... နွယ့်မောင်ကိုပါရော မငိုပါစေနဲ့နော်...."

အေးဝင်းက မျက်နှာကိုပြုင်လိုက်ပြီး ပြန်ပြော၏။

"စိတ်ချမလေးနွယ်၊ သက်ခိုင်မငိုစေရပါဘူး၊ ဘာပြုလို့လဲဆိုတော့....သူက ကျွန်တော့်ကိုမျက်ရည်ခမ်းအောင် အရင်ငိုပြပီးဘီခင်ဗျ...."



စာရေးဆရာပီပီ တိုက်ရိုက်မပြောဘဲ သွယ်ဝိုက်၍ အနက်ဖွင့်ပြသည့် အေးဝင်း၏စကားကို မလေးနွယ်က အမှတ်မထင်ပြုံလျက် ရယ်မောလိုက်၏။

မလေးနွယ်တို့ကားလည်း ထွက်သွားသည်။

ကားထွက်သွားမှသက်ခိုင်က အေးဝင်းကို ဘုကြည့်ကြည့်သည်။

အေးဝင်းက ပုခုန်းတွန့်ပြပြီးဆိုသည်။

"မတတ်နိုင်ဘူးလေ၊ မင်းစာနဲ့ မင်းဘဲ၊ဘာတဲ့....အရိုင်းကံသူမပြုလေဘူ့၊ တပိုင်းဝန် ကိုယ်အမှုပေမို့...."

"နေ့ကောင်း....တော်တော့ ပြန်ကြမယ်"

\+ \+ \+

ထိုနေ့ည၌ ကိုလေးမောင်၏အခန်းတွင် သက်ခိုင်တို့ရဲဘော်များစုဝေးကြပြန်သည်။

အသီးသီးသည် မိမိတို့ရခဲ့သော အဖြေများကို တင်ပြကြသည်၊ ရခဲ့သောအဖြေများကလည်း အတူတူပင်ဖြစ်ကြ၏။

ရှေးဦးစွာ ကိုမြင့်သောင်းကရှင်းပြသည်။

"လူကြီးတွေက ကျွန်တော်တို့ရဲ့ စိတ်ဓာတ်ကို ချီးမွမ်းကြပါတယ်၊ ဒါပေမဲ့ ကလေးတွေ စစ်ပညာအခြေခံ ဘာမှမရှိဘဲ လက်နက်ကိုင်ပီး စစ်မြေပြင်ထွက်ကြမှာကို မလိုလားကြဘူး၊ ကျွန်တော်ကလဲ တတ်နိုင်သမျှရှင်းပြဒါဘဲ....၊ ကျွန်တော်တို့ လက်နက်တောင်းနေဒါမဟုတ်ဘူး....၊ စစ်ပညာအရင်ပေးပါ၊ ပီးတော့မှ သင့်လျော်ရာတာဝန်ပေးပါလို့၊စဉ်းစားပါ့မယ်လို့တော့ ဂတိရပါတယ်"

ဗိုလ်ဟောင်းတဦးဖြစ်သူကိုအုံးခိုင်ကလည်းကိုမြင့်သောင်းကို ထောက်ခံပြောသည်။

"ကျွန်တော်လဲ ဒီအဖြေမျိုးဘဲရဒါဘဲ၊ လူကြီးတွေစဉ်းစားပုံက ဒီလို၊ ကျောင်းသားလူငယ်တွေကို တတ်နိုင်ရင်ပြည်တွင်းစစ်ထဲ ဆွဲမသွင်းချင်ဘူး၊ မလိုလားအပ်ဘဲသေကြေပျက်စီးမှာကို မကြည့်ချင်ဘူး၊ အခြေအနေကလဲ အများထင်သလောက် မဆိုးရွားသေးဘူး၊ သူတို့ဘာသာသူတို့ အုပ်ထိန်းသွားနိုင်တယ်လို့ ယုံကြည်နေတယ်၊ လူကြီးတဦးက ပြောတယ်၊ သေစရာ ရှိရင် ဒို့ရှေ့က အသေခံပါမယ်တဲ့....၊ မင်းတို့ ဝင်သေပေးဘို့ အချိန်မရောက်သေးပါဘူးတဲ့...."

ကိုလေးမောင်က သက်ခိုင်ကိုလှမ်းကြည့်၍မေး၏။

"ကိုသက်ခိုင်ကော ဘာအဖြေရသလဲ...."

"ဒီအတိုင်းပါဘဲကိုလေး၊ လူကြီးတွေနဲ့တော့ ကျွန်တော် မတွေ့ရပါဘူး....၊ လူသတ်ပိုင်းထဲ ကပါ၊ ကာကွယ်ရေးဟာ ဒို့အလုပ်ပါတဲ့၊ ထူထောင်ရေးအတွက် မင်းတို့ ပညာသင်ကြပါတဲ့...."

ကိုကြင်လှိုင်က အံကြိတ်၍ ခေါင်းညိတ်ရင်းဆိုသည်။

"လူကြီးတွေရဲ့ စေတနာကို ကျွန်တော်တို့သိတယ်၊ ခက်တာက ကျန်တဲ့လူတွေက သူတို့လို စေတနာ ထားနေကြဒါ မဟုတ်ဘူး၊ ကျွန်တော်သိရသလောက်.... အနည်းဆုံး သုံးဖွဲ့လောက်ကတော့ လက်နက်တွေပြုပြီး မျှားခေါ်နေဘီ၊ လက်နက်ပြုပြီး မျှားမခေါ်နိုင်တဲ့လူတွေကလဲ ကျန်တဲ့နည်းနဲ့ လိုက်စည်းရုံးနေကြဘီ၊ ဒါတွေလူကြီးတွေသိအောင် ကျွန်တော်တို့ တင်ပြဘို့ ဝတ္တရားရှိနေတယ်"



စကားနည်းသောကိုလှဖေသည် စဉ်းစားနေရာမှ ဝင်အကြံပေး၏။

"ကျွန်တော်တို့ပြဿနာကို ပြန်ပြီး ကျကျနန စဉ်းစားကြရအောင်၊ ကျွန်တော်တို့ ဘာတွေ့နေကြသလဲ၊ အဲဒါ ကြောင့် ကျွန်တော်တို့ ဘာစိုးရိမ်နေကြသလဲ၊ ဒါကြောင့် ဘာလုပ်ချင်နေကြသလဲ၊ ကျွန်တော်တော့ထင်တယ်၊ ကျွန်တော်တို့ တွေးပုံနဲ့ လူကြီးတွေ တွေးပုံဟာမကွာလှဘူး၊ ဟော့ လူ.... ကိုစော ပြောဗျာ...."

ကိုစောလွင်သည် ကြည်လင်တောက်ပသော မျက်လုံးများနှင့် အားလုံးကိုကြည့်သည်၊ သူသည် ပြုံးပြုံး အေးအေးနှင့် ရှင်းပြသည်။

"ကိုလှဖေပြောတဲ့အတိုင်းဘဲ၊ လူကြီးတွေနဲ့ ကျွန်တော်တို့ တွေးပုံမကွာဘူး၊ ဒါကိုလူကြီးတွေနားလည်အောင်တင်ပြဘို့ဘဲလိုတယ်၊ အခြေအနေကရှုပ်ထွေးနေတော့ တယောက်တမျိုး ပြောမိချင် ပြောမိနေမယ်၊ ပြဿနာ အမှန်က ကိုကြင်လှိုင် ပြောသလိုဘဲ မျှားခေါ်တဲ့လူတွေက မျှားခေါ်နေဘီ၊ အခြေအနေကို ဒီအတိုင်း လက်ပိုက်ကြည့်နေရင်... လူကြီးတွေ မမြင်ချင်ဆုံးကိစ္စတွေဘဲဖြစ်လာတော့မယ်၊ ကျွန်တော်တို့ရဲ့ အဓိက ရည်ရွယ်ချက်က လူငယ်တွေကိုစစ်ပညာသင်ပေး၊ လက်နက်ပေးပြီးတော့....မိုက်မိုက်ကန်းကန်းသေခိုင်းဘို့မဟုတ်ဘူး....၊ အဲဒါနဲ့ ဆန့်ကျင်ဘက် မိုက်မိုက်ကန်းကန်း မျှားခေါ်နေတဲ့ လူတွေရဲ့ ဘေးအန္တရာယ်က ကာကွယ်ပေးဘို့၊ မိုက်မိုက်ကန်းကန်း လုပ်ကြတော့မဲ့ ကလေးတွေကို မှန်မှန်ကန်ကန် စည်းရုံးထိန်းသိမ်းထားဘို့၊ နောက်တဆင့်ဖြစ်နိုင်ရင်.... သူတို့ရဲ့သတ္တိ၊ သူတို့ရဲ့

မျိုးချစ်စိတ်၊ သူတို့ရဲ့တာဝန်သိမှု တွေကို မှန်ကန်တဲ့လမ်းပေါ် တင်ပေးဘို့၊ အဲဒါကို လူကြီးတွေသိအောင် တင်ပြဘို့ အရေးတကြီးလိုနေတယ်"

အားလုံးက ကိုစောလွင်၏စကားကို သဘောတူကြောင်း ခေါင်းညိတ်ပြကြ၏။

ကိုလေးမောင်က ကိုအုံးခိုင်ကိုလှမ်းကြည့်မေး၏။

"ဒီည ဗဟိုကျောင်းဆောင်ကရဲဘော်တွေ ဆုံဖြစ်မလား"

"ဆုံဖြစ်မယ်၊ ဆယ်နာရီမှာချိန်းထားတယ်"

"ဒါဖြင့် ကျွန်တော်တို့ ပြည်နဲ့တကောင်းကျောင်းဆောင်ကသဘောထားကို ဟိုကရဲဘော်တွေသိအောင် သွားတင်ပြကြမယ်၊ ညှိနှိုင်းကြပြီး လူကြီးတွေကိုထပ်တင်ပြမယ်၊ ကဲ....လူရွေးကြဗျာ...."

အားလုံးက တညီတညွတ်တည်း ကိုကြင်လှိုင်၊ ကိုအုံးခိုင်၊ ကိုစောလွင်နှင့် ကိုမြင့်သောင်းတို့ကို ရွေးလိုက်ကြ၏။

နောက်တနေ့ (ဇန်နဝါရီလ ၂၉-ရက်) နံနက်စောစော၌ ကိုစောလွင်၊ ကိုလေးမောင်၊ကိုလှဖေ၊ကိုမြင့်သောင်းနှင့် သက်ခိုင်တို့သည် ပြုံးရွှင်သော မျက်နှာထားများနှင့် ပြည်နှင့်တကောင်းကျောင်းဆောင်ရှိ အခန်းတိုင်းသို့ လှည့်လည်ကာ တက္ကသိုလ်အပျော်ထမ်းတပ်သို့ဝင်ရန် ပုံစံများကိုဝေငှကြသည်။

"တက္ကသိုလ်အပျော်ထမ်းတပ်....ဖွဲ့ခွင့်ရဘီ...."

ဤသတင်းသည် အိပ်ရာမှနိုးစ ကျောင်းသားတိုင်း၏ ပါးစပ်ဖျားမှ ဝင့်ကြွားစွာထွက်လာ၏၊ သူတို့၏အသံများသည်အိပ်နေသူများကို နိုးစေ၏။



ကျောင်းသားတိုင်းလိုလိုပင် ဝမ်းသာအားရ ပုံစံဖြည့်ပြီး လက်မှတ်ထိုးကြ၏။

ယုမောင်တယောက်ကမူ ပုံစံကို သေသေချာချာကြည့်၏၊ ထို့နောက် ခေါင်းခါပြီး အိပ်ယာပေါ်လှဲကာ ခေါင်းမြီးခြုံလိုက်၏။

အေးဝင်းက ဘာမျှမပြောဘဲ လက်မှတ်ထိုးသော်လည်း မောင်ရှိန်ကမူ စျေးဆစ်နေသေး၏။

"စစ်ထဲတော့ ဝင်ချင်ပါရဲ့....တခုဘော့ငါကြောက်တယ်"

"ဘာလဲ....သေရမှာလား"

"မဟုတ်ဘူး....၊တယောမထိုးရမှာ"

"နင့်ဘိုးအေ....၊နင့်တယောကို သေရွာအထိယူခဲ့နိုင်တယ်"

"ရွာအထိတွင်ဘဲလား၊ မြို့အထိမယူနိုင်ဘူးလား"

"ရွေးကောင်း သေမဲ့ကိစ္စကိုများ....ရွာနဲ့ မြို့ ရွေးနေသေးတယ်"

"ရွေးရတယ်သူငယ်ချင်းရေ့၊ ရွာမှာဆိုတော့ ဘုန်းကြီးကျောင်းကကုတင်နဲ့ ဂျောင်းရမှာ၊မြို့မှာဆိုတော့....မော်တော်ကားစီးပြီး ဇိမ်နဲ့ကြွရမှာ"

"တရုပ်ပုပ်၊ ပါးစပ်ပုပ်နဲ့စောစောစီးစီး၊ ကဲ....လက်မှတ်ထိုးမှာသာထိုးစမ်းပါ"

"မင့်ဖောင်တိန် ပေးလေ"

"မင့်ဖောင်တိန် ဘယ်ရောက်သွားလို့လဲ"

"ငါ့ဖောင်တိန်က.... မျက်နှာပြောင်တဲ့ငါနဲ့အတူနေလို့ မရဘူးတဲ့၊ အေးအေးဆေးဆေး သွားဘုရားအားထုတ်နေဒါ ငါးရက်ရှိသွားဘီ"

မောင်ရှိန်ကရယ်စရာပြောပြီး သက်ခိုင်၏ ဖောင်တိန်နှင့် လက်မှတ်ထိုး၏၊ သရက်သားမောင်ရှိန်မှာ မြို့နှင့်အဆက်ပြတ်၍ ငွေမပို့သည်မှာကြာပြီ၊ သူ့ ဖောင်တိန်သာမက ....သူ့တယော ပါ တရုတ်သွားအားထုတ်မှုနေခြင်းသည်.... သူ့အနုပညာ သူ ချစ်လွန်း၍သာဖြစ်၏။

တင်မောင်စိုးက တမျိုးမူ၏....။

"စစ်ထဲတော့ ဝင်ချင်ပါပြီ၊ ဒါပေမဲ့.... မင်းတို့အာမခံ ချက်တခုပေးရမယ်"

"ဘယ်လိုလဲ...."

"ဖွ....မပြောကောင်း ပြောကောင်း၊ ငါ့ကိုကျည်ဆံမှန်ရင် ပွဲချင်းပြီး မာလကီကုတ်အောင် မှန်ရမယ် ဒါက သာဒ် ချွိုက်(စ်)၊ ဒါမှမဟုတ် ဆေးရုံတက်ရပြီး လူတကာလာ သတင်းမေးခံရအောင်ပဲ ပွတ်ရှပ်မှန်ရမယ်၊ အရေးကြီးသော အင်္ဂါအစိတ်အပိုင်းကို ယောင်လို့မှမထိရ၊ ဒါက ဆက်ကင်း ချွိုက်(စ်)၊အဲဒါမှမဟုတ်ရင်....ခွေးမသားကျည်ဆံ ငါ့အသား ကို ရင်းပြီမာတောင်လာမနေနဲ့ရဘူး၊ ဒါကတော့.... ဖတ်ဆစ် ကလတ်စ် ချွိုက်(စ်) ဘယ့်နှယ်လဲ"

"ဒီလောက်တောင် သတ္တိမှိုရင်လဲ....စစ်ထဲမဝင်ပါနဲ့တော့ သူငယ်ချင်းရာ"

"ဒါကတော့....ကိုယ်လိုချင်ဒါတောင်းရဒါ၊ ရဒါ မရဒါ တော့မသိဘူး၊ အေး-ဟော့....ထိုးဘိဟော့ လက်မှတ်.... လာလေ ရော့....ဂျီ....၊တစ်သိုလ် ဘက္ကမောင်စိုး"

ထိုနေ့က တနေ့လုံးအလုပ်များကြသည်။



သက်ခိုင်သည် တာဝန်ကျရာ လုပ်ငန်းများပြီးသောအခါ ကိုယ်ပိုင်ပစ္စည်းများထားရေးအတွက် စဉ်းစားရ၏။

သက်ခိုင်က ပြည်မှဖြစ်သည်၊ မောင်ရှိန်က သရက်မှဖြစ် သည်၊ အေးဝင်းက မန္တလေးမှဖြစ်၏၊ တင်မောင်စိုးဘယော့ သာ ရန်ကုန်မြို့တွင်း၌အိမ်ရှိလျက် ကျောင်းဆောင်၌လာနေသူ ဖြစ်သည်။

သူငယ်ချင်းတသိုက်သည် အိပ်ရာလိပ်၊ ပုဆိုးအင်္ကျီဘထည် နှစ်ထည်သာချန် ထားပြီး စာအုပ်များ၊ အဝတ်သေတ္တာများ စသည်တို့ကို တင်မောင်စိုး၏ ဘားလမ်းရှိနေအိမ်သို့ ပို့ကြ၏၊ ပို့ကြပြီးမှ သေတ္တာများကို ဖွင့်ကြည့်မိကာ ရယ်မောကြ၏။

သေတ္တာများအားလုံးတွင်း၌ အဘိုးတန်အဝတ်အစားဟူ၍ တခုမျှမရှိကြ၊ မောင်ရှိန်ပြောသကဲ့သို့ အေးချမ်းစွာတရား အားထုတ်နှင့်ကုန်ကြပြီ....၊ကုန်ကြပြီ ...။

ဇန်နဝါရီလ ၃၁ ရက်နေ့ နံနက် ၂ချက်တီး အချိန်မှစ၍ အင်းစိန်ဘက်မှသေနတ်သံ၊မော်တာသံ ပေါက်ကွဲသံများကြား ရသည်၊ အင်းစိန်ပတ်ဝန်းကျင်ရှိ ရွာများမှ ကေအင်ဒီအိုများ ကို လက်နက်ပြန်အပ်ခိုင်းရာမှစ၍ တိုက်ပွဲများဖြစ်ကုန်သည်ဟု သိရ၏။

ကိုစောလှိုင်လာသောအခါ သဖြင့် သက်ခိုင်သည်မျက်နှာပင်မသစ် အားဘဲလိုက်ခဲ့သည်။

သဘင်းကား သတင်း ကောင်း တည်း၊ သက် ဆိုင် ရာ မှ ကျောင်းသားများကို စစ်သင်တန်းပေးရန် နံနက် ဂနာရီ၌လာ ခေါ်တော့မည်။

သက်ခိုင်တို့သည် အခန်းစေ့လိုက်နှိုးဆော်ကြ၏။

ကျောင်းဆောင်မှ နောက်ဆုံးကျွေးသောထမင်းကို စောစောစားကြပြီး ဝန်ကျဉ်းသောအထုပ်အပိုးကိုယ်စီနှင့်ကျောင်းသားတို့စောင့်ကြ၏။

ပြည်နှင့်တကောင်းကျောင်းဆောင်တို့၏အောက်ထပ်ကော်ရစ်ဒါကြမ်းပြင်များ၌ ထိုင်ရင်း အိပ်ရင်းအသင့်ရှိနေကြသည်၊ စုစုပေါင်း တရာခန့်ရှိသည်၊ ဗဟိုကျောင်းဆောင်သား သုံးရာခန့်ကလည်း သင်္ဂဟအဆောက်အဦ၌ အဆင်သင့် စောင့်နေကြသည်။

နေ့လယ် ၁၂ နာရီသာထိုးသွား၏၊ သင်တန်းပေးရန်လာခေါ်မည်ဆိုသည့် တပ်မတော်မှကားများ တစီးမျှပေါ်မလာ။

အခြေအနေ မည်သို့ ရုတ်ချည်း ပြောင်းလဲသွားသည်ကိုမည်သူမျှမသိကြ၊ ခေါင်းဆောင်သော လူသိုက် အတွင်းတွင်သာ စုပ်စုချက်များပေါ်လာ၏။

မြို့ပေါ်မှအာဏာရ ပါတီဝင်ကျောင်းသားခေါင်းဆောင်အောင်မောင်းတဦး၏ ခြေထိုးမှုကြောင့် အစီအစဉ် အားလုံးပျက်သွားပြီဟူသတည်း....။

ကျောင်းသား အားလုံး စိတ်ဓာတ် ပျက်ကုန် ကြသည်၊ ကျောင်းကြီးမှာလည်း ပိတ်လိုက်ပြီ၊ ကျောင်းဆောင်များ၌လည်း ထမင်းမကျွေးတော့။

နယ်သို့ ပြန်နိုင်သေးသော ကျောင်းသားများက နယ်သို့ပြန်ရန် အပူတပြင်းစိုင်းပြင်းကြသည်၊ နယ်သို့မပြန်နိုင်သူများက နီးစပ်ရာမြို့တွင်းရှိ အိမ်များသို့ ရွှေ့ပြောင်း ကုန်ကြသည်။

ဘယ်ကိုမျှ သွားစရာမရှိသူအချို့က ကျောင်းဆောင်များ၌ပင် မျက်စိသူငယ်နှင့် ကျန်ရစ်သည်၊ အချို့ကမူ တက္ကသိုလ်



အပျော်ထမ်းတပ်အတွက် မဖြစ်မနေ.... ဆက်ကြိုးစား နေကြသည်။

ထိုညနေက ဘာမျှလုပ်စရာမရှိသော အေးဝင်းနှင့်သက်ခိုင်တို့သည် တက္ကသိုလ်တခွင်လုံးနှံ့ အောင် လမ်းလျှောက်ကြသည်။

ပြည်နှင့် တကောင်းကျောင်းဆောင်တွင်းရှိ စိန်ပန်းပြာပင်တို့သည် ပင်လုံ ကျွတ် ပွင့်ပြနေ၏၊ ပွင့်ဖပ်ပြာ ပြာတို့သည် ကြွေလည်း ကြွေနေကြသေး၏၊ အဆောင်ချင်းဆူးသော လမ်းပေါ်တွင်ကြွေပွင့်လွှာပြာပြာများ နင်းရက်စရာမရှိအောင်ဖုံးလွှမ်းနေ၏။

ယခင်အခါများက....တပေါင်း....သို့မဟုတ်....မတ်လတိုင်မှ ရွက်ဝါကြွေသည်ဟု ယေဘူယျမှတ်ထားမိသည်၊ ယခုသတိပြုကြည့်ရှုမိကာမှ...ဆောင်းမကုန်မီ ရွက်တို့ဝါစပြုသည်ကို မြင်မိကြ၏၊ တရွက်စနှစ်ရွက်စလည်း ကြွေကြလေပြီ၊ အပင်များအားလုံးပေါင်းသော် မြေပြင်၌ရွက်ဝါများ လုံလုံ လောက်လောက် ရှိနေသည်၊ လေတို့သော်မြေပြင်မှ ရွက်ဝါတို့ သဲသဲ ရှုတ်ရှုတ်ထလွင့်ပျံကြ၏။

စည်ကားလှသော တက္ကသိုလ်နယ်မြေတခွင်သည်ဆိတ်သုဉ်းသည်ဟု ဆိုရမလောက် သွေ့ခြောက်နေ၏။

ယခင်က...ညနေတိုင်လျှင် တက္ကသိုလ်နယ်မြေ၌ အစိုပြေဆုံးဖြစ်သည့် အင်းယားကျောင်းဆောင်၌ပင် အသက်မရှိ၊ လူလည်းမဲ့ ကာ...ကားလည်းရှင်းနေ၏၊ အဆောင်ရှေ့မှ ပန်းမာလ်များကသာလေ၌ လှုပ်ရှားနေ၏၊ သည့်အပြင်အခြားလှုပ်ရှားမှုဟူ၍မရှိ....မရှိ....။

အေးဝင်းနှင့် သက်ခိုင်သည် ဘုတ်ကလပ်ကုန်းစွယ်၌ ထိုင်နေကြသည်၊ စကားတလုံးစ၊ နှစ်လုံးစသာဆိုမိကြ၏၊ ငေးရတွေးရသည်မှာ အရသာရှိသကဲ့သို့ဖြစ်နေ၏။

အင်းယားရေပြင်ပေါ်သို့ ရွက်ဝါဦးများနှင့်ချနေကြ၏။

မြောက်ဘက် တောတန်းတို့ ထိပ်၌ နှင်းငွေ့ဝေနေသည်၊ နှင်းငွေ့များကိုလွန်ကာမီးခိုးလုံးများ အူတက်လာနေ၏။

အမြောက်သံလော၊ မော်တာသံလော.... မသိသော.... ပေါက်ကွဲသံများသည် ဟိန်း၍ထွက်ပေါ်လာနေ၏၊ ရေပြင်နှင့်မြေပြင်က ဤအသံများကို ပဲ့တင်ပြန်ထပ်နေ၏။

နေဝင်မှ သူငယ်ချင်းနှစ်ယောက် ထပြန် လာကြသည်၊ ဝမ်းထဲကဆာမှ ငွေတွက်ကြည့်ကြသည်၊ နှစ်ဦးပေါင်းမှ.... အကြွေမြောက်မူးတ်တ် ချမ်းသာကြ၏။

လှည်းတန်းထိပ်ရှိ ထမင်းနှင့် အကြော် တဲ့ရောင်းသော မိန်းမပျိုနှစ်ဦးရောင်းသည့်ဆိုင်သို့ ရောက်ခဲ့ကြ၏၊

ထမင်းတပွဲကား တမတ်ဖြစ်၏၊ တယောက်တပွဲ ဆိုလျှင် ငါးမူးကျမည်၊

အေးဝင်းက တည်ကြည်ခန့်ညားစွာ မှာသည်။

"ထမင်းနှစ်ပွဲပေးပါဗျို့...."

အကြီးမိန်းမပျိုက အနီးသို့ကပ်လာပြီး အေးချမ်းသော အပြုံးလေးနှင့် မေး၏။

"ဟုတ်ကဲ့ရှင်....ဘာဟင်းစားပါမလဲ...."

အေးဝင်းက သက်ခိုင်ကို လှမ်းကြည့်သည်၊ သက်ခိုင်က အတန်ကြာမှ လေးပင်စွာဖြေသည်။



"ဟင်း မစားတော့ပါဘူး၊ ဗူးသီးကြော်တမူးဘိုးပေးပါ"

မိန်းမပျိုက သူတို့နှစ်ဦးကိုခဏတွေမှု နားမလည်ဟန် ကြည့်သည်၊ ထိုနောက် ဘာမျှမပြောတော့ဘဲ ထွက်သွား၏။

ထမင်းနှစ်ပွဲ ရောက်လာသည်၊ ဗူးသီးကြော်နှစ်ချပ်လည်း ပါလာ၏။

အေးဝင်းနှင့်သက်ခိုင်သည် အလကားရသောဆား၊လဘက်ရည်ကြမ်းအိုးတို့ အကူအညီနှင့် ဗူးသီးကြော် နည်းနည်းစီ ကိုက်လိုက်၊ ထမင်းလုပ်ကြီးကြီးသွတ်လိုက်နှင့် ညစာကို မြိန်ယှက်စွာစားကြသည်၊

ဆိုင်ရှင် မိန်းမပျိုနှစ်ဦးက သူတို့နှစ်ဦးအား ငေးကြည့်ရင်း တိုးတိုး ပြောနေကြသည်။

ဗူးသီးကြော်မကုန်မီ ထမင်းကပြောင်သွားကြ၏၊ သူငယ်ချင်းနှစ်ဦးသည် တဦးမျက်နှာတဦးကြည့်ကြသည် ဗိုက်များကလည်း မဝကြသေး။

ဆိုင်ရှင်အကြီးမသည် ထမင်းနှစ်ပွဲ ထပ်လာချပေး၏။

အေးဝင်းက မျက်လုံးပြူး၍ လက်နှစ်ဘက် ကာပြသည်။

"တော်ပါဘီခင်ဗျ၊ ကျွန်တော်ဘို ....ဝ....ဝ....ဝ....ပါဘီ"

အငယ်မက ဗူးသီးကြော်တပန်းကန်မောက်မောက် လာချပေးပြန်၏။

အေးဝင်းနှင့် သက်ခိုင်သည် တယောက်မျက်နှာ တယောက် ကြည့်ကာ ကြောင်နေကြသည်။

အငယ်မက ခစ်ကနဲရယ်သည်၊ အကြီးမကသာ သက်ခိုင်တို့ကို ကရုဏာမကင်းသော မျက်လုံးများနှင့် ကြည့်၍ဆို၏။

"မရက်ကြပါနဲ့ရှင်၊ အားလဲ မနာကြပါနဲ့၊ ရှင်တို့ တက္ကသိုလ်ကျောင်းသားတွေ ဘယ်လောက်ဒုက္ခရောက်နေတယ် ဆိုဒါ ကျမတို့သိပါတယ်၊ ကျမတို့ဆိုင်တွေ အားလုံးဟာလဲ ရှင်တို့ကိုမှီပြီး အသက်မွေး ဝမ်းကျောင်းခဲ့ရဒါပါ၊ အခုကျမ တို့က....ကျေးဇူးပြန်ဆပ်ထာပါ...."

စာရေးဆရာနှင့် ကဗျာဆရာတို့သည်... ဤဈေးသည်မလေး၏ စေတနာကို တုံ့ပြန်ရန်စကားရှာမတွေ့ကြ၊ သူကလေး၏ စေတနာကို လက်ခံသည့်အနေနှင့်သာ ထမင်းငုံ့လွေးတော့၏။

ထမင်း စားပြီးကြသောအခါ အေးဝင်းနှင့် သက်ခိုင်က ရှိသမျှ အကြွေခြောက်မူးကို ထုတ်ပေးကြ၏။

ဈေးသည်မလေးက ခေါင်းခါသည်။

"နောင်တနေ့ကျမှဘဲ ပေးကြပါရှင်၊ အခုကျမ....မယူရက် ဘူး...."

အေးဝင်းသည် ခေါင်းကျိုးကျသွားသည်။

သက်ခိုင်က ခြောက်မူးသောအသပြာကို အိတ်တွင်းပြန် ထည့်လိုက်ပြီး ဖြေ၏။

"ညီမတို့ရဲ့ကျေးဇူးကို....အကိုတို့ တသက်မမေ့ဘူး၊ အခု နေတော့....ဒီစကားနဲ့ဘဲ တုန့်ပြန်နိုင်တယ်ညီမတို့..."

တသက်နှင့်တကိုယ် အချမ်းမြဆုံး၊ အနူးညံ့ဆုံး၊ အသိမ်မွေ့ ဆုံးဝေဒနာကို ရင်ဝယ်ကိုယ်စီခံလျက် အေးဝင်းနှင့် သက်ခိုင် တို့သည် ကျောင်းဆောင်သို့ပြန်လာခဲ့ကြ၏။

အိပ်မည်ပြုပြီးမှ သက်ခိုင်သည် ကိုယ့်အခန်း ကိုယ်ပြန် ကြည့်မိ၏၊ အိပ်ယာလိပ်မှတပါး အခန်းသည် ပလာဟင်းလင်း ဖြစ်နေသည်။



ရင်မှာလည်း ပလာဖြစ်နေဘို့ကောင်းသည်၊ သို့ရာတွင်ဈေး သည်မလေး၏မေတ္တာကြောင့် ရင်သည်ပြည့်လျှမ်းနေ၏။

ထိုအခိုက်အတန့်တွင်ပင် ယုမောင်သည် ကျောင်းသားနှစ် ဦးနှင့်ခေါ်လာ၏။

ယုမောင်က နိဒါန်းမပျိုးဘဲဆို၏။

"ဒို့ပြည်ခရိုင်က ကျောင်းသားတွေပြန်ဘို့ ကားငှားပြီးဘီ၊ ဝင်းယဟောမှာ စုအိပ်ကြတယ်၊ တိုတိုဘဲသက်ခိုင်၊ ငါမင်းကို ပြန်လိုက်ခဲ့ဘို့ ဒုတိယအကြိမ်လာခေါ်ဒါဘဲ...."

"ကျေးဇူးတင်ပါတယ်သူငယ်ချင်း၊ ငါကလဲဒုတိယအကြိမ် ငြင်းပါရစေ...."

ယုမောင်သည် မျက်လွှာချလိုက်၏၊ ပြီးမှ သံပြတ်နှင့်ခမ်း၏။

"မင်းအမေ....ဒေါ်သက်သက်ဆီ ဘာမှာလိုက်အုံးမလဲ"

"မှာစရာမရှိပါဘူး သူငယ်ချင်း၊ ငါဘာလုပ်နေမယ်ဆိုဒါ ကို....ငါ့အမေသိပါတယ်"

ယုမောင်သည် "ကဲ....ဒါဖြင့် ငါပြန်မယ်"ဟုဆို၍နေရာမှ ထသည်၊ လက်ပင်ဆွဲနှုတ်မဆက်။

အခန်းဝရောက်မှ သူကလှည့်ပြီးဆို၏။

"မင်းကို ငါ....တတိယခေါ်တဲ့အချိန် တချိန်ဟာ....ရောက် လာအုံးမှာဘဲသက်ခိုင်"

သက်ခိုင်က ဝမ်းနည်းစွာပြုံးပြ၏။

"အဲဒီအချိန်ကျတော့....ငါလဲဘဲတတိယအကြိမ်ငြင်းရပြန်ပါ အုံးမှာဘဲယုမောင်...."

ယုမောင်သည် ချာကနဲလှည့်ထွက်သွား၏။

သက်ခိုင်ကငြိမ်လျက် သူတို့ခြေသံကို နားထောင်နေမိသည်။

သူတို့ခြေသံသည် စစ်ချီတက်သံဟန်ပေါက်နေ၏။

ဘယ်ကိုသွားချီတက်ကြမည်နည်း....၊ ဘယ်ကိုသွားချီတက်ကြမည်နည်း....။

**အခန်း–၂၈**

**နွေရိပ်မြင်မြင်**

၁၉၄၉–ခုနှစ်၊ ဖေဖော်ဝါရီလ ၁-ရက်၊အင်္ဂါနေ့....။

အင်းစိန်တိုက်ပွဲကြီးစခဲ့သည်၊ အမှန်မှာ ကေအင်ဒီအိုတို့၏ရှုထောင့်မှကြည့်လျှင် ရန်ကုန်တိုက်ပွဲကြီးစခဲ့သည်ဟု ခေါ်ရမည်ထင်သည်၊ အကြောင်းကား....သူတို့ချိန်သည်မှာ ရန်ကုန်မြို့တော်သာဖြစ်၍တည်း။

ရန်ကုန်မြို့သူမြို့သားများ၊ ရဲသားများ၊ စစ်ဝန်ထမ်းများ၊ စစ်ရဲများ၊ တပ်မတော်သားများ အားလုံးသည် ဖြစ်သလိုစုစည်း၍ ဖြစ်သလိုနှံခံကြသည်၊ စိတ်မြန်သော စစ်ပညာတတ်ပြီးသူအချို့ခေါင်းဆောင်၍ တက္ကသိုလ်ကျောင်းသားတသိုက်ကလည်း လူစုလက်နက်ရှာကာ ရှေ့တန်းစစ်မျက်နှာသို့ထွက်တိုက်ကုန်ကြသည်။

သက်ခိုင်တို့မဖြစ်စေချင်သော အခြေအနေသည် ဖြစ်ပေါ်၍လာပေပြီ။



ထိုနေ့ တနံနက်လုံး သက်ခိုင်သည် သမဂ္ဂအဆောက်အဦ၌ အချိန်ကုန်သည်။

အပျော်ထမ်းတပ်အတွက် ဂွဲကောင်းကောင်းနှင့်စောင့်နေသူများအတွက် သမဂ္ဂက ထမင်းကျွေးထားသည်၊ မြို့ပေါ်မှ စေတနာရှင်များကြောင့် သမဂ္ဂဘွဲ့ဆန်အိတ်များ၊ ဆီပုံးများ၊ ဟင်းချက်ဘွယ်ရာများရောက်ရှိနေ၏။

အပေါ်ထပ် စာကြည့်ခန်းထဲ၌မူ သမဂ္ဂ အမှုဆောင်များနှင့်တပ်မတော်သားဟောင်း ကျောင်းသား ခေါင်းဆောင်တို့ခေါင်းချင်းရိုက်ဆွေးနွေးနေကြသည်၊ သက်ဆိုင်ရာ အာဏာပိုင်တို့နှင့်တွေ့ဆုံရေးက ကိစ္စဘာမျှမပြီးသည်၊ သွေးကြွကာ ခုပ်ခေါင်းလုံလွင့်၍ စစ်မျက်နှာဆီထွက်သွားမည့်သူများအားထိန်းသိမ်းရသည်မှာလည်း အခြားတကိစ္စဖြစ်၏။

နေ့လယ်ပိုင်းတွင် သတင်းကောင်းရ၏၊ စစ်ဌာနချုပ်မှ ပုဂ္ဂိုလ်ကြီးတဦးက တယ်လီဖုန်းနှင့် အကြောင်းပြန်မည်ဆို၏၊ သမဂ္ဂဘွဲ့ တယ်လီဖုန်းမျိုး၊ ဆင်နွဲ့ပိုယ်မှ တယ်လီဖုန်းကိုသာ အသုံးပြုရသည်။

သက်ခိုင်နှင့် ပခုက္ကူမှကျောင်းသား ကိုကြည်တင်တို့သည် တယ်လီဖုန်းစောင့်တာဝန်ကျကြသည်။

ကြည်တင်နှင့် သက်ခိုင်တို့သည် မစိန်ညွန့် ဆေးပေါ့လိပ်တလိပ်စီကို ခွဲချွဲဘာတာသောက်ရင်း တနေ့လယ်လုံးတယ်လီဖုန်းစောင့်ကြ၏။

ဆောင်း၏ နောက်ဆုံးတနေ့လယ်သည် ပတ်ဝန်းကျင်၌ လူသူရှင်းနေသောကြောင့် ခါတိုင်းသာမာန်အချိန်ဆိုလျှင် ပျင်းရိဘွယ်ရှိနေမည်။

ပိတောက်ပင်မှ ရွက်ဝါဦးတို့သည် တရွက်ချင်း ဖြေးဖြေး မှန်မှန်ကြွေကျနေ၏၊ တိမ်ရှင်းသော ကောင်းကင်ပြာပြာမှ နေရောင်သည် ထိန်ထိန်လင်းလင်း ကျရောက်နေသောကြောင့် တက္ကသိုလ်ရိပ်သာလမ်းသည် မဲမဲပြောင်ပြောင် တောက်ပနေ၏၊ လေရှူးမပီတပီ ဝှေ့သောအခါ ရွက်ဝါတို့သည်ထခုန်ပြီး နောက် ကတ္တရာလမ်းကိုဖြတ်ကူးကြသည်။

ဆေးပေါ့လိပ်ဖွာရင်း တယ်လီဖုန်းထိုင်စောင့်ရသောအလုပ်မှာ အမှန်ပင်ပျင်းဘို့ကောင်းသည်၊ ရာသီကလည်းငိုက်မြည်း ဘွယ်ကောင်းသည်။

သက်ခိုင်တို့ကား မပျင်းနိုင်၊ ငိုက်မြည်းချင်စိတ်လည်းမရှိ၊ သူတို့ရင်မှာ မြှော်လင့်မှုနှင့်ခုန်နေ၏၊ စိုးရိမ်မှုနှင့်လည်းတုန်နေ၏။

မင်္ဂလာဒုံနှင့်အင်းစိန်ဘက်မှ အမြောက်သံကြီးများမှန်မှန် ပေါ်ထွက်လာနေ၏၊ အမြောက်သံပေါ်လာတိုင်း ဆင်နှတိုရိယံမှ မှန်တံခါးတို့သည် သိမ့်သိမ့်ဆတ်ဆတ် လှုပ်ခါတတ်၏။

နေသာစောင်းသွားသည်၊ တယ်လီဖုန်းကမလာ၊ သမဂ္ဂမှ တာဝန်ရုပ်သိမ်းခွင့်ပေးသဖြင့် သက်ခိုင်တို့ တယ်လီဖုန်းဘေးမှ ခွာခဲ့ကြသည်။

ပထမဦးဆုံးအနေနှင့် သက်ခိုင်စိတ်ပျက်သွားမိ၏။

ရည်ရွယ်ချက်မရှိဘဲ ပြည်လမ်းအတိုင်းလျှောက်၍ကျောင်း ဆောင်ဘက်ပြန်ခဲ့သည်။

ကျောင်းဆောင်အဝ၌ ဂျစ်ကားတစီးကို တွေ့သည်၊ ဂျစ် ကားပေါ်၌ မောင်ရှိန်နှင့် တင်မောင်စိုးတို့ပါလာကြ၏၊ သူတို့ နှင့်အတူ သူတို့ အဆောင်၌ နောက်ဆုံး ချန်ထားသော အိပ်



ရာလိပ်နှင့် အခြားအထုပ်အပိုးကလေးများကိုပါ တွေ့ရသည်။

“ဟေ့ ကောင်တွေ....ဒါဘယ်လဲ”

မောင်ရှိန်က မျက်နှာငယ်လေးနှင့် ဖြေ၏။

“တင်မောင်စိုးတို့အိမ်ရွှေ့နေတော့မလို့ကွာ၊ အချိန်ရှိတုန်း အလုပ်ကလေးဘာလေးရှာမလို့....၊ ဒီမှာ ကြာကြာနေရင် ထမင်းငတ်ထာနဲ့သေမှာ”

“ဒါထက် အေးဝင်းကော....”

“အေးဝင်းရော တားလို့မရဘူး၊ ကိုအုံးခိုင်တို့ အသိုက်နဲ့ ရှေ့တန်းစစ်မျက်နှာကိုလိုက်သွားတယ်”

တင်မောင်စိုးကသက်ခိုင်ကိုခေါ်သည်။

“မင်းလဲငါတို့နဲ့ဘဲ အိမ်လိုက်ခဲ့ကွာ....၊ မရှိအတူ–ရှိအတူ ပေါ့၊ ဒီမှာတော့ဆက်မနေနဲ့တော့ကွာ....”

နဂိုကစိတ်ပျက်နေသောသက်ခိုင်မှာအားလျော့ချင်သကဲ့သို့ ဖြစ်သွား၏။

“ဒီတညတော့စောင့်ကြည့်အုံးမယ်ကွာ....၊ မဟန်ရင်တော့ မင်းတို့နဲ့ ငါလိုက်နေပါ့မယ်၊ အခုလဲမင်းတို့ကားနဲ့ ငါလိုက်ခဲ့ မယ်၊ ငါ့ကိုဝင်ဒါမီယာမှာချပေးခဲ့”

သက်ခိုင်သည် ဂျစ်ကားနှင့်လိုက်ခဲ့ပြီး ဝင်ဒါမီယာ၌ ဆင်း နေရစ်၏။

ဦးချစ်တိုးကသတိပေးတားမြစ်ထားသည့်ကြားက ဤအိမ် သို့ မိမိဘာကြောင့်လာခဲ့မိသည်ကို မိမိမသိ၊ မိမိ၏ခြေ လှမ်း များကို မိမိတားမရသည်ကိုသာသိ၏။

ခြံဝ၌ရပ်မိကာမှ သက်ခိုင်သည် စိတ်တမျိုးပြောင်း၍ ပြန် လှည့်မည်ပြုသည်၊ သို့ရာတွင် နောက်ကျသွားလေပြီ၊

ခြံကွင်း၌ မလေးနွယ်သည် ဒေါ်ရာသင်း၊ မလှသူတို့နှင့်အတူ တန်းစီ ရင်း စကားပြောနေရာမှသက်ခိုင်ကိုလှမ်းမြင်သွား၏။

မလေးနွယ်သည် ခြံဝဆီသို့ပြေးလာခဲ့၏။

"မောင်....လာလေ၊ ဝင်လေ....၊ ဘာရပ်လုပ်နေဒါလဲ"

ဒေါ်ရာသင်းနှင့်မလှသူတို့ကလည်းအနီးသို့ရောက်လာကြ၏။

"အဘော်ဘဲ ကိုသက်ခိုင်ရောက်လာဒါ၊ ကျမတို့ သတင်းမျိုးစုံကြားနေရလို့....မေးစရာတွေရှိနေတယ်...."

သက်ခိုင်သည်သူတို့အားလုံးနှင့်အတူလိုက်ခဲ့ပြီး တန်းအနီးရှိ ခုံတန်းတွင် ဝင်ထိုင်လိုက်၏။

မလှသူကဆိုသည်။

"ကိုသက်ခိုင် အသက်ရှည်အုံးမယ်....၊ ကျမတို့ အခု ဘဲ ရှင့်အကြောင်းပြောနေကြဒါ...."

"ကျွန်တော့်အကြောင်း ဘာပြောနေကြဒါလဲ"

"ကျမတို့ကပြောဒါမဟုတ်ပါဘူး နွယ်ကပါ၊ ရှင်နဲ့နွယ်နဲ့ ငယ်ငယ်က ပင်းချောင်းမှာ သွားသွား ဒန်းစီးတဲ့ အကြောင်းတွေလေ"

သက်ခိုင်က မလေးနွယ်ကို တချက် လှမ်းကြည့် လိုက် ပြီး စကားလမ်းပြောင်းရန်မေး၏။

"ဒါထက် စောစောက မလှသူတို့က ကျွန်တော့်ကိုမေးစရာတွေရှိလို့ဆို"

မလှသူက "ဟုတ်ပါရဲ့"ဟုဆိုကာ စတင်မေးသဖြင့် ကျွန်နှစ်ယောက်ကပါ ဝိုင်းမေးတော့၏။

သူတို့ဘယ်ကကြားရသည်မသိ၊ သတင်းပေါင်းကစုံနေ၏။ ဟုတ်သည်တို့လည်းပါ၏၊ မဟုတ်သည်တို့လည်း ပါသည်။



အင်းစိန်မှ ကောအင်ဒီအိုတို့သည် ကမာရွတ်ကိုပင်ဝင်စီးမိနေပြီလိုလို....၊ အင်းယားကန် တဘက်ကမ်း၌ပင် တိုက်ပွဲ ဖြစ်နေသည်လိုလို....၊ တက္ကသိုလ်နယ်မြေကို တပ်မတော်က တပ်စွဲထားသလိုလို....၊ ရှေ့တန်း ထွက်တိုက် သော ကျောင်း သား များ အနက်မည်သူမည်ဝါကျဆုံးသွားပြီလိုလို....။

သက်ခိုင်က ရယ်မောပြီးမေး၏။

"ဒီသတင်းတွေဘယ်ကရလဲ...."

ဒေါ်ရာသင်းကဖြေ၏။

"ဒီလိုဘဲ တယ်လီဖုံးနဲ့တနေ့လုံး ဟိုသူငယ်ချင်းအိမ် ဆက်မေး၊ ဒီသူငယ်ချင်းအိမ်ဆက်မေးနဲ့ သိရဒါ"

"ဒေါ်ရာတို့မေးဒါ တခုမှမဟုတ်ပါဘူး....၊ မင်္ဂလာဒုံ အထိ ပြည်လမ်း ကြီးက ပွင့်နေပါသေးတယ်....၊ ကေအင်ဒီအိုတွေလဲ အင်းစိန်မြို့ပြင် အစွန်းအနားကလွဲပီး ရန်ကုန်ဘက် ကျံမလာနိုင်ပါဘူး၊ တက္ကသိုလ်နယ်မြေမှာလဲ အပျော်တမ်းတပ် ဖွဲ့ဘို့ ကြိုးစားနေဆဲပါဘဲ...."

"နို့–ထွက်တိုက်တဲ့ ကျောင်းသားတွေကကော"

"ဟုတ်တယ်တချို့ကျောင်းသားတွေတားမရဘဲထွက်တိုက်နေကြတယ်၊ အခုအထိတော့အကျအဆုံး တယောက်မှမရှိသေးပါဘူး...."

မိန်းကလေးသုံးဦးသည် ထိုအခါကျမှ စိတ်အေးသွားဟန် သက်ပြင်းပြိုင်တူချကြ၏။

မလေးနွယ်က တစုံတရာကိုဆက်တွေးနေပြီးနောက်မေး၏။

"မောင်တို့အပျော်ထမ်းတပ်ဖွဲ့ဖြစ်ရင် ဘာလုပ်ကြမလို့လဲ"

"ဒါကတော့ တိုင်းပြည်အခြေအနေနဲ့ ပြည်ထောင်စုအစိုးရရဲ့ စစ်အောင်ရေးပေါ်မှာတည်ဒါတဲ့....၊ အခြေအနေမဆိုးရင်တော့ လက်လွန်ခြေလွန်ဖြစ်မဲ့ ကျောင်းသားသူငယ်တွေကို စည်းကမ်းတကျ စုစည်းစောင့်ရှောက်ထားတဲ့ အနေမှာရှိမယ်၊ ဆိုးလာရင်တော့ အရံတပ်အနေနဲ့ လူကြီးတွေတာဝန်ပေးသမျှ ထမ်းဆောင်ကြရမှာဘဲ....၊ အခြေအနေဟာ ခုထက် ဆိုးလာမလား....၊ မဆိုးလာဘူးလားဆိုဒါကို ဘယ်သူမှ အခု မပြောနိုင်ဘူး...."

"အင်းလေ....ဘာဘဲဖြစ်ဖြစ်တာဝန်ကျရာကို မောင်တို့ထွက်ရမယ်မဟုတ်လား၊ အခု မောင်.... မမနွယ်ကို လာနှုတ်ဆက်ထာလား"

သက်ခိုင်ကမဖြေဘဲငြိမ်နေ၏။

"လာ....မောင်....အိမ်ထဲဝင်ပီး.... ပီယာနိုတီးကြရအောင်။ မောင်နဲ့မမနွယ် နောက်ထပ်မတွေ့ဘဲ ဘယ်လောကဲကြာကြာနေကြရအုံးမလဲမှမသိဘဲ"

သက်ခိုင်ကငြင်းမည်ကြံသေး၏၊ မလှသူတို့ကလည်း ဝိုင်းထောက်ခံသည်၊ တဖန်စဉ်းစားတော့လည်း မလေးနွယ် ပြောသည်မှာမှန်နေ၏၊ မောင်နဲ့မမနွယ်နောက်ထပ်မတွေ့ဘဲ ဘယ်လောက်ကြာကြာနေကြရဦးမည်နည်းမသိ။ တသက်တာ ပြန်မတွေ့ရသည့်ဘဝကိုပင် ရောက်ချင်ရောက်လိမ့်မည်။

အိမ်တွင်းဝင်၍တီးမှုတ်သီဆိုကြသည်၊ ပထမတွင်မလှသူတို့နားထောင်ချင်ကြသည့် ကာလပေါ်သီချင်းများ တီးမှုတ်သီဆိုကြ၏။



အဆုံး၌မူ မလေးနွယ်၏အသဲစွဲ မိုးနတ်ဒေဝီ ဘောသယ်ကိုသာ သက်ခိုင်ဆိုတီးရ၏။

သီချင်းအဆုံး၌ မိမိ၏ဘေးတွင် တစုံတယောက်လာရပ်နေသည်ကိုသက်ခိုင်သတိပြုမိ၏။

သက်ခိုင်သည် ခြေဖျားမှစကာ.... တဖြေးဖြေးမော့ကြည့်သွား၏။

ဝါဝင်းသော အသား အရေ၊ ပြည့်ဖြိုးခန့်ညားသော ကိုယ်ထည်၊ ချောမောသော်လည်း မာန်မာနရှိန် ပြင်းသည့် မျက်နှာထားနှင့်ရပ်နေသော အသက် ၆၀-ခန့်ရှိ မိန်းမကြီးမှာ မလေးနွယ်၏မိခင်မူမဟုတ်။

ဒေါ်ကြီးခက်ခက် (ဝါ) ဒေါ်မြခက်....၊ သက်သက်နှင့်ဦးထင်ကျော်တို့၏ မမကြီး....၊ မလေးနွယ်နှင့် သက် ခိုင် တို့၏ ဒေါ်ကြီး....အပျိုကြီးမမ....။

ဒေါ်မြခက်သည် သက်ခိုင်ကို စေ့စေ့စိမ်းစိမ်းကြည့်သည်၊ ကြည့်နေစဉ်လည်းတစုံတရာကို အမှတ်ရသည့်ဟန်မျက်နှာထားသည် မသိမသာ ဘင်းတက်လာ၏။

"သူဘယ်သူလဲ မီလေးနွယ်...."

မလေးနွယ်သည် ဒေါ်မြခက်ကို တလှည့် သက်ခိုင်ကို တလှည့်ကြည့်သည်၊ တုန်လှုပ်သည် မဟုတ်သော်လည်းစကားရှုတ်တရက်ရှာမရဟန် တွေ့နေ၏။

သက်ခိုင်ကသာ ဒေါ်မြခက်၏ မျက်လုံးများကို စူးစိုက်ပြန်ကြည့်ပြီး တည်ငြိမ်စွာဖြေ၏။

"ကျွန်တော့်နာမည် သက်ခိုင်ပါ၊မေမေသက်သက်ရဲ့သား သက်ခိုင်ရယ်ပါ...."

အဖွားကြီး၏မျက်လုံးများက ပြူးသွားသည်၊ ကိုယ်မှာလည်း တစ္ဆေသရဲနှင့် ရင်ဆိုင်မိသည့်အလား တုန်လှုပ်ပြီး နောက်သို့ ခြေတလှမ်းဆုတ်သွား၏၊ ခဏမှာပင် မျက်နှာက ခက်ထန်သွားပြီး မျက်လုံးများက မီးဝင်းဝင်းတောက်လာ၏။

"မိသက်သား သက်ခိုင်....ဟုတ်လား....၊မင်းကဒီအိမ်ကိုဘာလုပ်လာရသလဲ...."

သက်ခိုင်က တည်ငြိမ်စွာပင်ဆက်ဖြေ၏။

"ကျွန်တော် ဒီအိမ်ကိုလာဖို့ အခွင့်အရေးအပြည့်ရှိပါတယ် ဒေါ်ကြီးခက်ခက်...."

"ဘာ.... ဘယ်လိုခေါ်လိုက်တယ်၊ မင်းကငါ့ကို ဘယ်လိုခေါ်လိုက်တယ်...."

"ဒေါ်ကြီးခက်ခက်ကို.... ဒေါ်ကြီးခက်ခက်လို့ဘဲ ကျွန်တော်ခေါ်ပါတယ်...."

အဖွားကြီးမှာ ပို၍ဒေါသထွက်သွား၏။

"ငါ့ကိုမင်း ဒေါ်ကြီးလို့မခေါ်ပါနဲ့၊ မင်းနဲ့ငါ ဘာမှမတော်ဘူး ..."

"ဒေါ်ကြီး မတော်ချင်ရင်ရပါတယ်၊ ဒါပေမဲ့ ဦးကြီးကတော့ တော်ထားတယ်၊ ကျွန်တော့်ဦးကြီးအိမ်ကို ကျွန်တော်လာခွင့်ရှိနေတယ်...."

ဒေါ်မြခက်သည် ဒေါသထွက်လွန်း၍ သက်ခိုင်ကိုဘာပြန်ပြောရမှန်းမသိ၊ မလေးနွယ်ဘက်သို့သာလှည့်၏။

"နင်ကကော....သူ့ကိုလက်ခံဘယ်ဟုတ်လား မိလေးနွယ်"

မလေးနွယ်ကလည်း သက်ခိုင်နည်းတူပင် အေးချမ်းတည်ငြိမ်စွာနှင့် ဖြေ၏။



"မောင်ဟာ.... နွယ့်မောင် တဝမ်းထဲ ကွဲပါသေးတယ် အန်တီ...."

"ဘာ....ဘာပြောတယ်...."

"အန်တီ့မှာ မောင်အရင်း နှစ်ယောက်တောင် ရှိတယ်၊ နွယ့်မှာ မောင်ဝမ်းကွဲ တယောက်ထဲဘဲရှိတယ်၊ ပြီးတော့ ဖေဖေကလဲ နွယ့်ကိုခွင့်ပြုထားတယ်...."

မလေးနွယ်၏စကားကြောင့် အဖွားကြီး ဆွေ့ဆွေ့ခုန်သွား၏။

"ကောင်းကြရော....၊ ကောင်းကြရော၊ နင်တို့အားလုံး ငါ့ကို တော်လှန်ကုန်ကြဘီပေါ့....၊ ဟုတ်လား.... မိလေးနွယ်.... နင်ကငါ့ကို တော်လှန်ဘီပေါ့လေ...."

အဖွားကြီးသည် မလေးနွယ်အား တစုံတရာလုပ်တော့မည့်အလား အပါးသို့ ကပ်သွား၏၊ မလေးနွယ်က မတုန်လှုပ်ဘဲ ငြိမ်ငြိမ်လေး ပြန်ကြည့်နေ၏။

အဖွားကြီးက လက်သီးနှစ်ဘက်ဆုပ်ကာ မလေးနွယ်ကို စိုက်ကြည့်နေသည်၊ ထိုနောက် မျက်လုံးများပြူးလျက် သူတို့ကို စိုက်ကြည့်နေသည့် ဒိုရာသင်းနှင့် မလှသူတို့ကို မြင်သွား၏။

အဖွားကြီးသည် သူ့ရင်ပတ်သူထုပြီး ချာကနဲလှည့်ထွက်သွား၏။

အိမ်တွင်းခန်းမှ ပေါ်လာသော မလေးနွယ်၏ မိခင်သည် ခေတ္တ အကဲခတ်သယောင် ကြည့်နေသေးသည်၊ ထိုနောက် အဖွားကြီးနောက်သို့ လိုက်သွား၏။

သက်ခိုင်၏ရင်တွင်းမှာ မသက်သာ၊ မပြုချင်ပါဘဲလျက် အမှားတရပ်ကို ပြုမိပြန်ပါလေပြီ၊ သိလျက်နှင့် ပြုမိလေသဖြင့်

ဝိပါက်ကြမ္မာဟူသည်း၍မဖြစ်၊ ကိုယ့်ကိုယ်ကိုသာ အပြစ်တင်ရမည်။

သက်ခိုင်သည်စိတ်မကောင်းစွာနှင့်မလေးနွယ်ကိုမော့ကြည့်ပြီး နေရာမှ ထသည်။

"မမနွယ်ရေ....၊မောင်ပြန်တော့မယ်"

သက်ခိုင်သည် မလေးနွယ်ထံမှ စကားပြန်ကိုမစောင့်တော့ဘဲ ယခုကိုင်သူကို့အား အံ့ဩ၍စိတ်မပြေသေးဘန်းငေးကြည့်နေကြသော ဒေါ်ရာသင်းနှင့်မသူသူတို့ကိုပါ နှုတ်ဆက်၍ အိမ်တွင်းမှထွက်လာခဲ့သည်။

ခြံဝ၌ ပြိုင်တူချပ်လိုက်ကြသည်။

မလေးနွယ်ကကြိုးစားပြုံးပြီးဆို၏။

"အန်တီ့ကိုမောင်ဒီနေ့ရင်ဆိုင်လိုက်ပုံလေး....မမနွယ်သိပ်ကြိုက်တယ်"

"မောင်တော့ စိတ်မကောင်းပါဘူးမမနွယ်"

မလေးနွယ်က မဲ့မဲ့လေးပြုံး၏။

"မောင်နဲ့မမနွယ် အန်တီ့ကိုရင်ဆိုင်ရတိုင်း ဘယ်တော့မှစိတ်ကောင်းစရာကို တွေ့ရမှာမဟုတ်ဘူး၊ အရင်ကကော.... တွေ့ခဲ့ဘူးကြလို့လားမောင် စိတ်မကောင်းစွာနဲ့ ရင်ဆိုင်ရမယ်လို့ဝန်ခံဒါဟာ.... စိတ်ကိုအရှုံးပေးစွာနဲ့ ရင်ဆိုင်ရမယ်လို့ မမနွယ်မဆိုလိုဘူး၊ မမနွယ်ပြောဒါကို မောင်သဘောပေါက်ရဲ့လား"

"မမနွယ်ပြောဒါကို မောင်သဘောပေါက်ပါတယ်၊ တခုတော့ရှိတယ်မမနွယ်ရေ၊ ဒေါ်ကြီးကိုသာမဟုတ်ဘူး၊ နောင်



ကို မမနွယ်နဲ့မောင်.... ဘာကိုရင်ဆိုင်ရ....ရင်ဆိုင်ရ စိတ်ကိုအရှုံးမပေးဘဲ ရင်ဆိုင်ကြရအောင်"

မလေးနွယ်ငိုင်ကျသွားသည်၊ ခဏကြာမှပြုံးပြီး သက်ခိုင်ကို မော့ကြည့်သည်၊ ဤအပြုံး၏ဒဏ်ကို သက်ခိုင်မခံနိုင်၊ အကြောင်းမှာ ရွှေချက်နှာ ပပဝင်းကသာ ပြုံးလေသည်၊ သောက်ရှူးကြယ်–မျက်လုံးများကမူ....

သက်ခိုင်သည် ချစ်လှစွာသော အမ၏လက်ကလေးများကို ဆုပ်ညှစ်နှုတ်ဆက်ခဲ့ပြီးလျှင်မြန်စွာထွက်ခွာလာခဲ့၏။

နွေသခင်ရယ်....၊စောစောသာလျှင် ရောက်ပါလေလော့၊ ရောက်ပါလေလော့....။

\+ \+ \+

တက္ကသိုလ်သမဂ္ဂအပေါ်ထပ်သို့ သက်ခိုင် ရောက်လာချိန်၌ ညဥ့်ရှစ်နာရီရှိပြီ။

သက်ခိုင်က ထမင်းဖြူတပန်းကန်နှင့် ကန်စွန်းရွက်ကြော်တပုံယူလျက် ညစာစားသည်။

ခန်းမ၏တဘက်စွန်း စားပွဲတခုထိပ်တွင် ဥက္ကဋ္ဌ ကိုရန်ဝေးသည် မေးထောက်လျက်ထိုင်ငိုင်နေ၏၊ စစ်ယူနီဖောင်းအစိမ်းကိုဝတ်ထားသော ကိုဗထွေးသည် ရှေ့ရှိ ထမင်းဟင်းများကို မစားဘဲ ဆိုရှယ်လစ်ပါတီနှင့် ဆိုရှယ်လစ်ပါတီတပည့်ကျောင်းသားခေါင်းဆောင်များကို ကလော်တုတ်နေ၏။

သက်ခိုင်ကထမင်းအမြန်စားပြီး သမဂ္ဂပေါ်မှ ဆင်းလာခဲ့သည်။

အဓိပတိလမ်းပေါ်အရောက်၌ အပြင်း ရှောက်လာသော ဆိုနပ်ခွာသံများကိုကြားရ၏။

လမ်းဘေးမီးတိုင်များ၏အရောင်ကြောင့် ခြေသံပြင်းပြင်းနှင့်ရောက်လာကြသူများကို သက်ခိုင်မြင်ရ၏၊ ကိုမြင့်သောင်းနှင့်ကိုစောလွင်တို့တည်း၊ သူတို့ကလည်း သက်ခိုင်ကိုမြင်သွားကြ၏။

ကိုမြင့်သောင်းက စအော်သည်။

"အံမာလေး....ဖိုးသက်ခိုင်၊ဒို့ကဖြင့် မောင်ရင့်ရှာလိုက်ရဒါ၊ ဘယ်ပျောက်နေဒါလဲ"

"အပြစ်မတင်နဲ့ ရှနက်ကြီး၊တနေ့လုံးကိုယ်တယ်လီဖုန်းထိုင်စောင့်ခဲ့ရတယ်၊ ညနေကစိတ်နဲ့နဲပျက်ထာနဲ့ အပြင်ထွက်သွားဒါ....ဆိုပ`အုံး....ဘာအရေးကြီးလာကြပြန်ဘီလဲ...."

ကိုစောလွင်က သူ့ထုံးစံအတိုင်းပြုံးရင်းပြောသည်။

"တပ်မတော်က ကားတွေ ကျွန်တော်တို့ ကျောင်း ဆောင်ဝင်းထဲမှာအဆင်သင့်ရောက်နေဘီ၊ ခင်ဗျား အမြန်ဆုံးပြေးပြီး ကိုလေးနဲ့ ကိုလှဖေကိုကူပေတော့....၊ ကျွန်တော်တို့တော့ ဗဟိုကျောင်းဆောင်ကရဲဘော်တွေကို သွားအကြောင်း ကြားလိုက်အုံးမယ်...."

သက်ခိုင်သည်ဘာမျှပြန်မပြောတော့ဘဲ တက္ကသိုလ်စာတိုက်ရှေ့လမ်းမှတဆင့် အမှုထမ်းများရိပ်သာကိုဖြတ်ကာ ပြည်နှင့်တကောင်းကျောင်းဆောင်များဆီ ခြေကုန်သုတ်ခဲ့၏။

ကျောင်းဆောင်ဝင်းအတွင်း၌ သက်ခိုင်သည်ကိုလေးမောင်ကိုလှဖေစသူတို့နှင့်ဆုံတွေ့၏။

တကောင်းကျောင်းဆောင်ရှေ့ လမ်းပေါ်တွင် သစ်ပင်ရိပ်များအောက်ခိုလျက် တပ်မတော်စစ်ကားကြီးသုံးစီးဆိုက်လျက်ရှိနေ၏။



သက်ခိုင်တို့က အခန်းအသီးသီးသို့သွားကာ ကျောင်းသားများကိုခေါ်ယူ၏။

ထားဝယ်သား မျိုးအောင်ကြီးကမူ သူ့အသံ မြဲကြီးနှင့် လှည့်ပတ်အော်နေ၏။

"ရဲဘော်တို့.... အချိန်ရောက်ဘီ၊ တိုင်းပြည်ချစ်တဲ့ သူတိုင်းထွက်ခဲ့ကြ...."

တိုင်းပြည်ကို `ချစ်သူတိုင်းမှုထွက်လာခဲ့ကြသည်၊ သို့ရာတွင်တရက်တာ အချိန်နှောင်းခဲ့ပြီဖြစ်သောကြောင့် လူအင်အားမများလှ...မများလှသောထိုလူစုသည်ပင် မိမိတို့၏အခန်းများကိုသည်အတိုင်းပစ်၍ထွက်လာကြသူများဖြစ်ကြ၏။

မကြာမီပင် ကိုမြင့်သောင်းနှင့်ကိုစောလွင်တို့ ပြန်ရောက်လာကြသည်။

ဗဟိုကျောင်းဆောင်မှ ကျောင်းသားများကို အလွယ်တကူပြန်လည်စုရုံး၍မရသောကြောင့် အချိန်မီမည်သူမျှမလိုက်နိုင်ခဲ့ကြ။

သက်ခိုင်တို့သည် ကားကြီးများပေါ်သို့ တက်လိုက်ကြ၏။

ကားတွင်း၌ ငြိမ်ငြိမ်ထိုင်လျက်ရှိသော တပ်မတော်သားကြီးများကိုတွေ့ရသည်၊ မောင်းပြန်သေနတ်များကိုင်ထားသောသူတို့၏လက်မောင်းများမှ ငွေကြယ်တံဆိပ်သည် ပက်စင်ဝင်လာသောအလင်းရောင်၌ဝင်းလက်နေ၏။

သူတို့ကခိုင်မာမြဲမြံသော အပြုံးများနှင့်သက်ခိုင်တို့အားဆီးကြိုကြသည်။

အရာခံဗိုလ်ဆရာဦးမျိုးခင်သည် လူစေ့မစေ့ရေတွက်ပြီး

နောက် ကားကြီးများ၏ရှက်ဖျင်များကိုအလုံးချထားစေလိုက်၏။

အင်းစိန်ဘက်ဆီမှ အမြောက်သံများကို ကြားနေရဆဲဖြစ်၏၊ လေတိုက်သဖြင့် ရှက်ဝါများကျောက်လမ်းပေါ်ပွတ်တိုက်ရွေ့ရှားသံကိုလည်းကြားရ၏။

စက်သံများပေါ်လာပြီးနောက် ကားကြီးများစထွက်ကြ၏။

ရှေ့နောက်ဝဲယာကိုမမြင်ရသောကြောင့် ဘယ်ဆီသွားနေမှန်းသက်ခိုင်တို့မသိကြ၊ သိသည်မှာ.... မိခင်တပ်မတော်၏ရင်ခွင်သို့ လုံခြုံစွာ ပြန်ရောက်ကြပြီ ဆိုခြင်းသာဖြစ်၏။

နာရီဝက် ကျော်ကျော်မောင်းလာခဲ့ပြီးနောက် ကားကြီးများ ရပ်သွားသည်၊ မေးသံ၊ ဖြေသံများကြားရပြီး ဂိတ်တံခါးကြီးပွင့်သွားသံကြားရ၏၊ ကားကြီးများဘီးပြန်လိမ့်ပြီး မကြာမီပင်ထပ်မံရပ်သွားကြ၏။

ဆရာဦးမျိုးခင်၏အသံပေါ်လာ၏။

"ရောက်ပီ၊ အားလုံးဆင်းနိုင်ဘီ...."

မိုးကာများကိုဖွင့်ပြီး သက်ခိုင်တို့အားလုံး ခုန်ဆင်းလိုက်ကြ၏။

သက်ခိုင်တို့သည် ကျယ်ဝန်းလှသော စစ်စခန်းကြီးတခုအတွင်းရောက်နေမှန်းသိသည်၊ မည်သည့်စခန်းကြီးဟုမူမသိ။

သံဆူးကြိုး အရံအတားများကိုလည်းမြင်ရသည်၊ သွပ်မိုးခုံးခုံးနှင့် ဂိုဒေါင်အလုံးကြီးအများကိုလည်း မြင်ရသည်။

သက်ခိုင်တို့အားလုံးသည် တန်းစီကြ၏၊ ကိုစောလွင်က အမည်ခေါ်၍လူစစ်သည်။



"ကိုလေးမောင်၊ ကိုမြင့်သောင်း၊ ကိုလှဖေ၊ ကိုသက်ခိုင်၊ ကိုဝင်းမောင်၊ ကိုမျိုးအောင်၊ ကိုဝင်းအောင်၊ ကိုဘကြည်၊ ကိုရန်နိုင်လင်း၊ ကိုကြည်လင်..........."

အားလုံးစုစုပေါင်းကျောင်းသားနှစ်ဆယ်ရှိကြ၏။

လူစစ်ဆေးပြီးသောအခါ အားလုံးကိုတဲတန်းရှည်တလုံး၌ နေရာချထားပေး၏၊ တဦးစီအတွက်ခြင်ထောင်များ၊ စောင်များထုတ်ပေးသည်၊ တယောက်လျှင်ရိုင်ဖယ်တလက်၊ ကျည်ဆံငါးဆယ်၊ လက်ပစ်ဗုံးနှစ်လုံးစီလည်းပေး၏။

အိမ်ခံရဲဘော်ကြီးများကလဘက်ရည်ယူလာကာ သက်ခိုင်တို့အား တိုက်သည်၊ သက်ခိုင်တို့ လဘက်ရည်သောက်နေဆဲ ဆရာဦးမျိုးခင်က လောလောဆယ် ကျင့်သုံးရမည့်စည်းကမ်းများနှင့် အခြားစောင့်ထိန်းဘွယ်များကို အတိုချုပ်ရှင်းပြ၏။

မကြာမီခတ်လှမ်းလှမ်းကင်းမှ ချလင်းလုပ်သံပေါ်လာ၏၊ အေးချမ်း၍ နားထောင်ကောင်းသော အသံဝဲဝဲကဖြေသည်။

"ငါဟေ့.... ငါဟေ့.... တပ်ရင်းမှူးပါ"

သက်ခိုင်တို့အားလုံးမတ်တတ်ရပ်၍တပ်ရင်းမှူးဆိုကြိုဆိုကြ၏။

တပ်ရင်းမှူး၏အရပ်အမောင်းသည် ကောင်းလှ၏၊ ပုခုန်းကျယ်၍လက်ရုံးတောင့်ကာ ခါးသေးပြီးကာယဗလအချိုးကျသည်၊ အသားအရေသည် ပုခုန်းမှရွှေသပြေရွက်နှင့် ရွှေခရေပွင့်များနည်းရှောင်းဝါသန့်ရှင်းသည်၊ မျက်ခုံးကောင်း၊ မျက်တောင်ကော့ကာ၊ မျက်လုံးကြည်သည်၊ မေးရိုးများကခိုင်ခန့်၍ ထောင့်မှန်ပေါ်ထင်သည်၊ မျက်နှာသည်အိန္ဒြေပြည့်သော်လည်း နှုတ်ခမ်းများကပြုံးရယ်နေ၏၊ သက်ခိုင်တို့ စာရေး

ဆရာများဝတ္ထုတွင် ဖေါ်ပြလေ့ရှိသည့် သူရဲကောင်းဇာတ်လိုက်၏ ဥပဓိရုပ်မျိုးကို ကောင်းကောင်းမီသူဖြစ်၏။

တပ်ရင်းမှူးနှင့်အတူ ကုလားဆင်ဗိုလ်ကြီးဘဦးနှင့် မျက်နှာသွယ်၍ သနဘာကောင်းဟန်တူသူ ဒုဗိုလ်ဘဦးလည်းပါလာ၏။

ဆရာဦးမျိုးခင်ကတပ်ရင်းမှူးကို သတင်းပို့အစီရင်ခံသည်။

တပ်ရင်းမှူးက ကျောင်းသားများဘက်သို့လှည့်မေးသည်။

"ဘယ့်နှယ်လဲ....၊လူနှစ်ဆယ်ထဲသား...."

ကိုမြင့်သောင်းက အကျိုးအကြောင်းကိုပြန်အစီရင်ခံသည်။

"အစက ငါးရာလောက်ရှိပါတယ်ဗိုလ်မှူး၊ အခုဘချို့က ခြေကျ ကုန်ကြဘီ...."

"ဘယ်လို....ဘယ်လို...."

"ကျောင်းသားတချို့ဟာ ဘယ်က လက်နက်ရှာရဘယ်မသိဘူး၊ စစ်မျက်နှာကိုထွက်တိုက်နေကြဘီ၊ တချို့ကလဲဘာလက်နက်မှမပါဘဲဇွတ်ထွက်သွားကြဒါဘဲ၊ သူတို့အတွက်ကျွန်တော်တို့သိပ်စိတ်ပူနေကြပါတယ်...."

တပ်ရင်းမှူးကခေါင်းကိုအသာခါသည်။

"ဘယ်ဖြစ်မလဲ.... ကလေးတွေအသားလွတ်သေကုန်ကြလိမ့်မယ်၊ ဒဏ်ရာအနာတရ.... ရကုန်ရင်တောင်မသောင်းဘူး...."

ကိုလေးမောင်ကဝင်ပြော၏။

"ကျွန်တော်တို့လဲဒါကိုဘဲစိုးရိမ်နေပါတယ်ဗိုလ်မှူး"

တပ်ရင်းမှူးသည် ခေတ္တငြိမ်စဉ်းစားနေ၏၊ အတန်ကြာမှတည်ငြိမ်စွာပြုံးပြီးဆို၏။



"အင်းလေ....စိုးရိမ်စရာဘဲ၊ ဒါပေမဲ့မပူကြပါနဲ့၊ ကျွန်တော်တို့ကြည့်လုပ်ပေးပါမယ်၊ လူဘယောက်ရဲ့အသက်ဆိုဒါအလကားမသေကောင်းဘူး၊ အထူးသဖြင့်ခင်ဗျားတို့လိုပညာတတ်လူငယ်တွေကို ကျွန်တော်နှမြောတယ်၊ ကောင်းပါဘီ၊ ကျွန်တော်တို့ ကြည့်စီစဉ်ပါမယ်၊ ကဲ....တပ်ဝင်းထဲ လိုက်စစ်မယ်၊ လိုက်ကြမလား...."

သက်ခိုင်တို့အားလုံးသည် တပ်ရင်းမှူးနှင့်အတူ လိုက်ခဲ့ကြ၏။

တပ်ဝင်းကြီးကားကျယ်လှသည်၊ သံဆူးကြိုးကာသားသော ဂိုဒေါင်နှင့်အဆောက်အဦးများကလည်း....များလှ၏။

ဘေးပတ်ဝန်းကျင်တွင် ဒုတိယကမ္ဘာစစ်အတွင်းက ကြွင်းကျန်ရစ်သော ဗုံးဒဏ်ထိထားသည့် တိုက်တာအဆောက်အဦပျက်များကဝိုင်းရံလျက်ရှိသည်။

လရောင်မရှိ၍ ညကမှောင်နေသည်၊ တပ်ရင်းမှူးနှင့်အဖွဲ့ကမူလသာသာတွင်ရှောက်သွားနေသကဲ့သို့ အခက်အခဲမရှိဘဲ မှန်မှန်လျှောက်လျက်ရှိ၏။

သက်ခိုင်တို့အသိုက်ကမူ မကြာခဏခလုပ်တိုက်ကြ၏။

မြောင်းကြီး မြောင်းပျက်များ၊ သဘာဝအလျောက်ပေါက်နေသောချုံပုတ်များကလည်းရှိနေ၏။

မမြော်လင့်သောနေရာတိုင်းမှ ကင်းရဲဘော်၏ချလင်းလုပ်သံသည်ပေါ်ပေါ်လာ၏။

"ငါဟော့....ငါဟော့....တပ်ရင်းမှူး...."ဟူသော အသံဝဲဝဲကမှန်မှန်ဖြေသည်၊ ဤအသံကိုရဲဘော်တိုင်းသိဟန်တူသည်၊ဤ

အသံသည်ပင် အလုံခြုံဆုံးလျှို့ဝှက်အထိမ်းအမှတ်သံဖြစ်နေပုံရသည်။

တပ်ဝင်းကြီးတနုလုံးကို နှံ့အောင်လှည့်လည်စစ်ဆေးပြီး၍ ပြန်လာကြစဉ် လမ်း၌ ဝင်းမောင် (ပီတာ)ကသက်ခိုင်၏နားနားကပ်၍ပြော၏။

"ကျည်ဆံ ငါးဆယ်လွယ်လာရဒါ.... မသက်သာပါလား၊ ပခုန်းကော.... ကျောရောအောင့်လာဘီ၊ ရိုင်ဖယ်ကလဲ လေးတယ်ကွ...."

'အေး....အဲဒါဟာ....အပေါ့ဆုံးဘဲ၊ တပ်မတော်သားဖြစ်လာရင်....နောင်....ဒီ့ထက်လေးဒါတွေကိုထမ်းရအုံးမယ်၊ မှတ်ထား...."

တဲတန်းရှည်သို့ ပြန်ရောက်သောအခါ တပ်ရင်းမှူးသည် သက်ခိုင်တို့အတွက် ယူနီဖောင်း၊ စားရိက္ခာ၊ သင်တန်းပေးရေးစသည်တို့ကို ဗိုလ်များနှင့်အတူ အကြပ်များကိုမှာကြားလျက် ကျောင်းသားအားလုံးကို နှုတ်ဆက်ပြီးထွက်ခွာသွားသည်။

သက်ခိုင်တို့အားလုံးသည် တပ်ရင်းမှူး၏ နောက်ကျောကို ငေးကြည့်ကျန်ရစ်သည်။

ဤရက်များအတွင်း သူတို့အားလုံးသည် တုန်လှုပ်ဘွယ်ရာများကိုသာကြုံခဲ့ရသည်၊ စိုးရိမ်ဘွယ်ရာများကိုသာဆုံခဲ့ရသည်၊ အားငယ်ဘွယ်ရာများကိုသာမြင်ခဲ့ရသည်။

ယနေ့မူ တည်ငြိမ်ခြင်းကိုစတွေ့ရသည်၊ အားထားဘွယ်ရာများကိုကိုင်တွယ်မိသည်၊ တက်ကြွဘွယ်ရာကို ခံစားရသည်။



ထိုညကစ၍ စစ်စည်းကမ်းအတိုင်း သက်ခိုင် တို့ အားလုံးသည် တာဝန်ခွဲ၍ရဲဘော်ကြီးများနှင့်တွဲကာ ကင်းစောင့်ခြင်းအလုပ်ကိုစကြ၏။ ပထမအသုတ်တွင် သက်ခိုင်နှင့် ကိုလှဖေတို့တာဝန်ကျကြ၏။

ညကမှောင်နေ၏၊ ညကမှောင်သဖြင့် ခကောင်းကင်ကပင်နက်နက်ပြာနေ၏၊ နက်နက်ပြာသောကောင်းကင်၌ ကြယ်ပွင့်ကြယ်ခိုင်တို့သည် စုံစုံညီညီတောက်ပနေ၏။

သက်ခိုင်တို့မမြင်ဘူးသောအင် (မ်) နိုင်းအေဝမ်းထိပ်ဖူးတပ်လက်နက်ကိုကိုင်ရင်း ရဲဘော်ကြီးတဦးကမေးသည်။

"ရဲဘော်တို့....၊အိမ်တို့....ကျောင်းတို့....ကောင်မလေးတို့ကိုမလွမ်းဘူးလား...."

ကိုလှဖေက ဘာမှမဖြေသော်လည်း သက်ခိုင်ကဖြေ၏။

"မလွမ်းဘူးဆိုရင် ကျွန်တော်တို့ ညာရာကျမှာပေါ့....၊ ရဲဘော်မှာကော လွမ်းစရာမရှိဘူးလား...."

ရဲဘော်ကြီးသည်ငိုင်သွားပြီးနောက် အားရပါးရရယ်မောသည်။

"ရှိဒါပေါ့....၊ ဒါပေမဲ့.... ကျုပ်တို့ အပြင်ထွက်ခွင့်မရဒါကိုးလရှိဘီ၊ ရီးစားနဲ့ မိဘကိုပြန်မတွေ့ရဒါ နှစ်နှစ်ကျော်ဘီ၊ ကြာတော့....ဘာကိုမှမလွမ်းတော့ဘူးဗျို့၊ ဟား... ဟား...."

ရဲဘော်ကြီးက ရယ်မောနိုင်သော်လည်း သက်ခိုင်မှာ ရင်နင့်သွား၏။

"ဩော်... သည်ကား.... တပ်မတော်၏ ဘဝပါတကား....။

သက်ခိုင်သည် ရိုင်ဖယ်ကိုတင်းကြပ်စွာဆုပ်ကိုင်မိ၏၊ ပစ္စတိုသေနတ်ကိုကိုင်ပြသော ယုမောင်ကိုလည်း သတိရမိသည်။

လက်နက်မကိုင်ချင်သောသူ့လက်တွင် သေနတ်က ရောက်နေပေပြီ၊ သို့ရာတွင် ဤသေနတ်သည် အလွန်တာဝန်ကြီးသူများထံမှလာသည်၊ ဤသေနတ်ကိုကိုင်မိ၍လည်း မိမိမှာတာဝန်ကြီးခဲ့ပြီ။

သေနတ်ဆိုသည်မှာ တာဝန်မဲ့သူများလက်၌ရှိမှု....ကြောက်ဘွယ်အကောင်းဆုံးရန်သူတည်း၊ တာဝန်သိသူများလက်၌ရှိမှု ချစ်ဘွယ်အကောင်းဆုံးမိတ်ဆွေတည်း။

သက်ခိုင်က သက်ပြင်းရှိုက်၍ မိုးကိုမျှော်ကြည့်၏။

မဲမဲမှောင်သောကောင်းကင်၌ ကြယ်တို့ ဖူးပွင့်နေ၏။

အင်းစိန်ဘက်မှ အမြောက်သံသည် သဲ့သဲ့ ဝေ့ဝေ့ ပေါ်လာနေ၏။

မြေသည်မလှုပ်၊ ကောင်းကင်သည်မတုန်၊ မျက်တောင်သာခတ်သော်လည်း မည်သည့်ကြယ်မျှမကြွေ။

ကြယ်မကြွေသောည....၊ မကြွေသောကြယ်များ၏ ည....၊ ည....၊ ည....။

## အခန်း– ၂၉

## မဟာနွေဦး

ဆောင်းနှင့်နွေလျှင် ခွဲဝေခြမ်းကြသော နွေဦးကာလသည် မြန်မာ့မြေတွင် ချစ်ဘွယ်၊လွမ်းဘွယ်၊စာဖွဲ့မကုန်နိုင်ဘွယ်သော အချိန်သမယ ဖြစ်လာ၏။

မြန်မာ့သမိုင်း၏ အဝိက မှတ်တိုင် ဖြစ်ရပ်ကြီးများသည်လည်း ဤအချိန် ဤကာလ ဤသမယတွင်သာ တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်ခဲ့ကြခြင်းမှာလည်း အံ့သြဘွယ်ရာပင်တည်း။

ဤအချိန် ဤကာလ ဤသမယမျိုးတွင်ပင် ဗမာ့လွတ်လပ်ရေး တပ်မတော်သည် နယ်ချဲ့ အင်္ဂလိပ်တို့ကို မြန်မာ့မြေမှမောင်းထုတ်ခဲ့ဘူးသည်၊ ဤအချိန် ဤကာလ ဤသမယတွင်ပင် ဗမာ့မျိုးချစ် တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်၊ ယခု....၁၉၄၉–ခုနှစ်၏ ဤအချိန်ဤကာလ ဤသမယတွင်လည်း ဗမာ့ တပ်မတော်ကြီးသည် ပြည်ထောင်စုတည်မြဲရေး စစ်ပွဲကြီးကို နွှဲလေရပြန်ပြီ။

နွေဦး....၊အဟောင်းနှင့်အသစ်တို့ လွန်ဆွဲသည့်နွေဦး၊အမှားနှင့် အမှန်တို့ ရုန်းကန်သည့်နွေဦး၊ အဟောင်းကြွေ အသစ်ထွန်း၍ အမှားပေါ် အမှန်လွှမ်းသည့်.... အံ့မောဘွယ်သော မဟာနွေဦး....။

၁၉၄၉–ခုနှစ် မဟာနွေဦး၏ဇာတ်လမ်းသည် လန့်ဘွယ်၊

အုံဘွယ်၊ ကြေကွဲဘွယ်၊ တက်ကြွဘွယ်တို့နှင့် ပြည့်စုံ၍ ဆန်းလည်းဆန်းသည်၊ လှမ်းလည်း လှမ်းလောက်သည်။

ရှိသမျှတပ်တို့နှင့်ဖြစ်သလို အင်းစိန်တိုက်ပွဲကြီးကို ဆင်နွှဲနေရချိန်တွင် ပြည်ဘက်မှသတင်းဆိုးကြီးတခု ရောက်လာ၏....။

ဖေဖော်ဝါရီလ ၄–ရက်နေ့တွင် ပြည်မြို့မှ ကရင်ရိုင်ဖယ်အမှတ် ၂–စစ်ဘပ်သည် ပုန်ကန်၍ အင်းစိန်ဆီသို့ ရှေးရှူချီတက်လာ၏၊ သူတို့ချီသာရာ လမ်းတလျှောက် ရှိ အင်းမ၊ မအူကုန်း၊ အင်းပက်လက်၊ ဗောဓိကုန်း၊ ဝက်ပုတ်၊ ဖိုးသာအောင်ကုန်းစသော ရွာများနှင့် နတ္တလင်းမြို့ကိုမီးရှို့ကြသည်၊ ရွာသူရွာသားအများနှင့် မြို့သူမြို့သားအများ အသတ်ခံကြရသည်၊ အစိုးရတပ်များက ကြို့ပင်ကောက်အထိ ချီတက်ကာခုခံကြရ၏။

တောင်ငူမှ ချီဘက်လာကြသော ကရင်တပ်များနှင့်လည်း အစိုးရတပ်တို့သည် ညောင်လေးပင်၌ အပြင်းအထန် တိုက်ပွဲဖြစ်ကြ၏။

ဤမျှ ပြင်းထန်သော တိုက်ပွဲကြီးများကို ဆင်နွှဲနေကြရစဉ် အင်းစိန်မှ ကေအင်ဒီအိုများ ပေါက်ကျိုး ထွက်မလာနိုင်ရန်လည်း မြေတလက်မ တသက်နှုန်းနှင့် ဆို့ပိတ်ဝိုင်းရံ ခံထားရ၏။

သက်ခိုင်တို့ ရောက်ရှိနေသော တပ်စခန်းကြီး၏ အမည်မှာ ဘီ–အေ–အိုင်–ဒီ–ခေါ် ဗမာ့တပ်မတော် စစ်လက်နက်ပစ္စည်းသိုလှောင်ရေးစခန်းကြီးဖြစ်၏၊ သက်ခိုင်တို့ကိုလက်ခံထားသည့် တပ်မှာ ဖတ်စ်ဘားမား ရဂျီမင့်ခေါ် ဗမာ့တပ်မတော် ခြေလျင်တပ်ရင်း အမှတ် ၁–ဖြစ်၏၊ တပ်ရင်းသည် မင်္ဂလာဒုံ၌



ရှိသော်လည်း (အေ) ကုမ္ပဏီခေါ် တပ်ခွဲတစ်သည် ဘီ–အေ–အိုင်–ဒီ–စခန်းကြီး၏ လုံခြုံမှုကို တာဝန်ယူထားရ၏၊ တပ်ခွဲမှူးကား ဗိုလ်ကြီးဆန်းအောင်၊ တဦးတည်းသော ဒုဗိုလ်ကား ဗိုလ်တင့်လွင်၊ တပ်ခွဲအရာခံဗိုလ်ကား.... ဗိုလ်မျိုးခင် (ဝါးရင်းတုတ်) ၂ဦးတည်းသောတပ်ကြပ်ကြီးများကားဆရာကိုသောင်းရွှေနှင့် ဆရာပု၊ တပ်ရင်းအရာခံဗိုလ်ကား တပ်မတော်သမိုင်းတွင် တပ်ကြပ်မောင်ထူးဟုဗိုလ်မြင့်ဦးတို့၊ ရွှေလုံး (စစ်မြင်းကြီး) တို့နှင့် အတူ ကျော်ကြားသည့် ဆရာထူးကိုယ်တိုင်ပင်ဖြစ်သည်၊ တပ်ရင်းမှူးကား....ဒုဗိုလ်မှူးကြီး စိန်ဝင်းဖြစ်သတည်း။

ပထမအသုတ်အဖြစ် ရောက်လာခဲ့ကြသော သက်ခိုင်တို့အားလုံးလိုလိုသည် စစ်ပညာအခြေခံ ရှိပြီးကြသူများဖြစ်၏၊ ဤသို့တိုင်အောင် နံနက်စောစောပိုင်းနှင့် ညနေပိုင်းတွင် ဆရာပုနှင့် ဆရာကိုသောင်းရွှေတို့၏ ကြီးကြပ်မှုအောက်၌ စစ်သေကျင့်ခန်းများကို အပြင်းအထန်ပြန်လည် လေ့ကျင့်ကြရသည်၊ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင်လည်း မနားကြရ၊ လက်နက်အသေးစားနှင့် စက်ကြီးစက်ကလေး ကိုင်တွယ်ရေးနည်းသစ်များကို အပူတပြင်း လေ့လာကြရ၏။

ဖေဖော်ဝါရီလ ၂–ရက်နေ့မှစ၍ ကျောင်းသား ရဲဘော်သစ်များ တသုတ်ပြီးတသုတ် ရောက်လာ ကြသည်၊ သူတို့ကို ကိုလှမော်၊ ကိုအောင်ထွန်း၊ ကိုအုံးခိုင်၊ ကိုမောင်မောင် (ဝီလီ) ကိုဘိုးသာ စသူတို့က အုပ်ချုပ်ကွပ်ကဲသည်၊ တပ်ဝင်းအတွင်း၌ စုစုပေါင်းကျောင်းသား နှစ်ရာကျော်ခန့် ရှိနေ၏၊ ရောက်လာကြသည့်နေ့မှစ၍ စစ်သင်တန်းများမနားတန်းပေး၏။

ထိုအခါကျမှ လူကြီးတွေ၏စေတနာနှင့် အကြံအစည်ကို သက်ခိုင်တို့သဘောပေါက်ကြသည်၊ လူငယ်ကျောင်းသားတို့ မလိုလားအပ်ဘဲ သေကျေပျက်စီးမည့်ဘေးကိုလည်း ထိန်းပြီးသားဖြစ်နေသည်၊ လိုအပ်လာသောအချိန်၌ စစ်ပညာပြည့်ပြည့်၊ စစ်စည်းကမ်းပြည့်ပြည့်နှင့် ကျရောက်ရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက်လည်း သင်တန်းပေးပြီးသားဖြစ်နေမည်။

စစ်ပညာအခြေခံရှိပြီးသူများအတွက်ကမူ တကဏ္ဍဖြစ်၏။

ဖေဖဝါရီလ-၄ရက်နေ့တွင် သက်ခိုင်တို့အသိုက်သည်သုံးစုခွဲ၍သီးသန့်တာဝန်သုံးရပ်ယူကြရသည်။

တစုသည်အမြောက်ကာကွယ်ရေးပလက်တွန်းနှင့်အတူသာယာဝတီဘက်သို့ ထွက်သွားကြသည်၊ တစုသည် ရန်သူလက်ဖြောင့်တပ်သားများမင်းမူနေသည့်ပြည်လမ်းမကြီးအတိုင်းဖြတ်ကာ တပ်ရင်းမှူးနှင့်အတူ အင်းစိန်စစ်မျက်နှာဘက်လိုက်သွားကြရ၏၊သက်ခိုင်ပါသောတစုကား...........။

နံနက်–၉နာရီမိနစ်၂၀တွင်အထူးမီးရထားနှင့်မင်္ဂလာဒုံသို့ထွက်ခဲ့ကြရ၏၊ ဝင်းမောင်(ပီတာ)၊တင်အောင်ကြည်၊ ကိုလေးမောင်၊ ကိုလှဖေတို့လည်းပါသည်၊ ရဲဘော်ကြီးများနှင့်ပေါင်းလျှင် တပ်စိတ်တစိတ်စာသာရှိသည်၊ ထိုတပ်စိတ်ကို ဒုတပ်ကြပ်ကြီးမောင်မောင်(ကုလားကလေး)ကဦးဆောင်သည်။

ဒုတပ်ကြပ်ကြီးမောင်မောင်က ထမ်းဆောင်ရမည့်တာဝန်ကို မီးရထားပေါ်ကျမှ ပြောပြသောအခါ သက်ခိုင်တို့အားလုံးမျက်လုံးပြူးသွားကြ၏။



လက်နက်သိမ်းထားခြင်းခံရသော ကရင်ဘပ်သားဟောင်း ၁၅၆–ယောက်နှင့်သူတို့၏ အိမ်ထောင်စုသားများကို စောင့်ရှောက်ခေါ်ငင်လာ၍ ရန်ကုန်ကူရှင်ကျောင်းဝင်းအတွင်း၌ နေရာချထားပေးရမည်....။

မင်္ဂလာဒုံ–ရန်ကုန်လမ်းသည်မလုံခြုံ၊ ခေါ်လာရမည့်သူများကား စစ်ပညာပြည့်ပြီးသော ကရင်စစ်သားကြီးများ၊ မိမိတို့အင်အားက....တပ်စိတ်တစိတ်၊ လူ....၃၂–ယောက်သာပါသည်။

ပီတာဝင်းမောင်က သက်ခိုင်ကိုပြော၏။

“ခင်ဗျားပြောဒါမှန်သဗျို့၊ တပ်မတော်သားတယောက်ထမ်းရတဲ့ဝန်က တယ်လေးပါကလား....”

မင်္ဂလာဒုံဘူတာသို့ရောက်သောအခါ လက်နက်သိမ်းရေးတာဝန်ခံတပ်က လက်နက်အသိမ်းခံထားရသောကရင်ရဲဘော်များကို သက်ခိုင်တို့တပ်စိတ်သို့လွှဲပြောင်းအပ်ပေးသည်။

ဒုတပ်ကြပ်ကြီး မောင်မောင်၏မျက်နှာကမကောင်း၊ သူ့မျက်နှာသည်ငိုတော့မည့်နှယ်ရှိနေ၏။

သူကသက်ခိုင်ကို လက်တို့ခေါ်သွားပြီး တထောင့်ရောက်မှဆို၏။

“ကိုသက်ခိုင်၊ အဲဒီကရင်ရဲဘော်တွေကို သေသေချာချာကြည့်စမ်း”

သက်ခိုင်ကလည်း သေသေချာချာကြည့်သည်။

ကရင်ရဲဘော်အားလုံး၏အရပ်အမောင်းသည် ကောင်းကြ၏၊ ကာယဗလလည်းထွားကျိုင်းသည်၊ မျက်နှာထား၊အသွားအရေး၊ အမူအယူ၊ ကိုယ်နေကိုယ်ဟန်၊ ဤသည် အားလုံးသည်

သူတို့ကား စစ်ပညာပြည့်ဝသော ဗျစ်ဆွဲ အဆွေအကြံ စုံသူများ ဖြစ်ကြောင်းဖော်ပြနေ၏။

ဒုတပ်ကြပ်ကြီး ကိုမောင်မောင်က ဝမ်းနည်းစွာရှင်းပြ၏။

"အဲဒီ... ကရင်ရဲဘော်အားလုံးဟာ ကျွန်တော်တို့နဲ့ စစ်မြေပြင်မှာ တိုက်ဖော်တိုက်ဖက်ကြီးတဲ့၊ ကျွန်တော်တို့ရဲ့ ဆရာတွေ တောင်ပါတယ်၊ နိုင်ငံ့တာဝန်ကြောင့်သာလုပ်ရတယ်၊ မှားသွင်းတဲ့ ကရင်လက်နက်ဆွဲဆုပ်သောအဖွဲ့က ကရင် ကောင်း တွေကို ယိမ်းခိုက်မိဒါ နဲ့နဲမှစိတ်မကောင်းဘူး"

"ဒါတော့ ဆရာရေ.... အယောက်ယောက်က အမှားကိုပြုရင်.... အပြစ်မဲ့တဲ့သူ တော်တော်များများဟာလဲ အမှားရဲ့ ဒဏ်ကိုခံရတယ်...."

ကိုမောင်မောင်သည် တစုံတခုကို သတိရဟန်နှင့် သူ့ဘောင်းဘီ အိတ်တွင်းမှသတင်းစာတစောင်ကိုထုတ်ယူသည်။

"ဒါထက် ရဲဘော်တို့ သတင်းစာဖတ်ကြရရဲ့လား...."

"သတင်းစာမဖတ်ရဒါကြာပါပြီဆရာ"

ကိုမောင်မောင်က သတင်းစာကိုပေးသည်၊ ဘောင်းဘီ အိတ်တွင်းဝင်အောင်ထည့်ထားသဖြင့် သတင်းစာက အခေါက်ခေါက်ကျိုးနေ၏၊ သက်ခိုင်က သတင်းစာကို ဖြန့်ကြည့်သောအခါ လိုအပ်သည့်စာမျက်နှာကို ဆရာမောင်မောင်က ကူညီပြပေး၏။

သတင်းကား.... ကရင်လူငယ်များ အစည်းအရုံး ဥက္ကဋ္ဌက ဗြိတိသျှလေဘာပါတီဝင် ပါလီမန်အမတ် မစ္စတာတွန်မ်ဒရိုင်းဗတ် ထံသို့ရိုက် လိုက်သောသံကြိုးစာဖြစ်နေ၏။



၎င်းသံကြိုးစာတွင် ကေအင်ဒီအိုအဖွဲ့ ခေါင်းဆောင် ဆိုသူများသည် စစ်အတွင်း၌ ဂျပန်ဖက်ဆစ်များနှင့် ပူးပေါင်းခဲ့ကြသူများဖြစ်ကြောင်း၊ ကရင်လူငယ်များသည် ဗမာ့တပ်မတော်ကြီးနှင့်လက်တွဲ၍ ဖက်ဆစ်ဂျပန်ကို တော်လှန်ကြသည့်အထိ ထိုသူများသည် ဂျပန်နှင့်မခွဲဘဲ ပူးပေါင်းနေကြသူများဖြစ်ကြကြောင်း၊ ဗြိတိသျှ၏နံပါတ် ၁၃၆-အပ်ဘွင်ဝင်ကာ ဖက်ဆစ်ရန်ကို တော်လှန်ခဲ့ကြသူများ ကေအင်ဒီအိုအဖွဲ့ကိုမထောက်ခံကြောင်း၊ ကေအင်ဒီအိုအရေးမှာ ဗြိတိသျှခနရှင်များက သူတို့ကိုယ်စား ကရင်များကိုတဒယောက်မကျန်သေခိုင်းသည့်လုပ်ကြံမှုသာဖြစ်ကြောင်း၊ ၎င်းအရေး၌ တိုးတက်သော ကရင်အများမပါဝင်ကြောင်း၊ အင်္ဂလန်ပြည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ချစ်ကြည်ရေးသည် ကေအင်ဒီအိုကဲ့သို့ လိုက်ဟပ်နေသည့်ကွန်ဆာဗေးတစ် အမတ်များကြောင့် မပျက်ပြားစေသင့်ကြောင်း၊ ၎င်းအချက်များကို လေဘာပါတီဝင်အမတ်များက သိရှိပြီး လိုအပ်သကဲ့သို့ကြိုးစားကြပါရန် အကြောင်း စသဖြင့် တိတိကျကျခိုင်ခိုင်လုံလုံဖော်ပြထားသည်။

သက်ခိုင်က သတင်းကိုဖတ်ပြီးသောအခါ ခေါင်းကဆတ်ဆတ်ညိတ်ပြီ၊ ဆရာကိုမောင်မောင်ကိုမော့ကြည့်၏။

ကိုမောင်မောင်ကဆက်ပြောသည်။

"ဝမ်းသာစရာတခုပြောရအုံးမယ်၊တောင်ငူကဆင်းလာတဲ့ ကေအင်ဒီအိုတွေညောင်လေးပင်ကိုမကျော်နိုင်ကြဘူး၊ သူတို့ကို ခံတိုက်တဲ့လူတွေထဲ ဘယ်သူတွေပါသလဲ သိလား...."

"ဆိုပါအုံး...."

“ဗမာ့တပ်မတော်....၊ သေနတ်ကိုင် တပ်ရင်း ၂-မှာ ပါတဲ့ ဝင်းဂိဒ်တပ်မှာတောင်ပါခဲ့ကြဘူးတဲ့ကရင်တပ်မတော်သားကြီး ဘော့ပေါ့....၊ သူတို့ရဲ့ခေါင်းဆောင် ဗိုလ်မှူးကြီး **စောဟာဒီ** ဟာ ညောင်လေးပင်မှာ ပြည်ထောင်စုအတွက် အသက်ပေးပြီး ကျဆုံးသွားရှာတယ်၊ ရဲဘော် သိရဲ့လား..”

“ကျွန်တော်မသိရသေးပါဘူး၊ အခုသိရပြီ....၊ပြည်ထောင်စုကို ချစ်မြတ်နိုးတဲ့ကရင်ညီအကိုတွေအကြောင်းကိုကျွန်တော့် အသဲနှလုံးမှာ မှတ်တမ်းတင်ထားပါ့မယ်....”

“အသဲနှလုံးမှာတွင် မှတ်တမ်းတင်ထားလို့ အာ ပို ပေါ့....၊ တော်တော်ကြာ မေ့ပျောက်သွားမှာ....၊ ဒါထက် ရဲဘော်.... အဲ....ကိုသက်ခိုင်က စာရေးဆရာဆို....”

“ဟုတ်ပါတယ်ဆရာ....”

“ဒါဖြင့်....စာနဲ့ပေနဲ့မှတ်တမ်းတင်လိုက်ပေါ့....”

“ဒါကို ကျွန်တော်ဂတိပေးပါတယ်ဆရာ....”

“အဲဒါပြောပြချင်လို့....၊ ကိုင်းလာ....တာဝန်တော့ ထမ်းလိုက်ကြဦးစို့....၊ဘာဘဲဖြစ်ဖြစ် သတိတော့မပေါ့နဲ့”

လက်နက်အသိမ်းခံကရင်ရဲဘော်များနှင့်အိမ်ထောင်များကို ရထားပေါ်သို့ စံနစ်တကျနေရာချထားပြီးသက်ခိုင်တို့ တပ်စိတ်သည် တွဲအသီးသီးပေါ်၌ ဖြူဟာနည်းကျစွာ နေရာယူကြ၏။

ရထားကြီးက ရန်ကုန်ဘက်သို့ပြန်လည်ထွက်လာခဲ့သည်။

သက်ခိုင်တို့အားလုံး ဘုရားတ၍သတိနှင့်လိုက်ပါခဲ့ကြ၏၊ ဘုရားတသည်မှာ ကြောက်၍မဟုတ်ကြ၊မလုပ်ချင် မလုပ်ရက်သော အလုပ်ကို လုပ်ရမည်စိုးသောကြောင့်ဖြစ်၏။



သက်ခိုင်တို့၏မေတ္တာ၊ ကရင်ရဲဘော်တို့၏ သစ္စာကြောင့် လမ်းခရီး၌ ဘာမျှမဖြစ်ကြ။

ကူရှင်ကျောင်းရှိ အနားယူစခန်းသို့ ချောမောစွာ ရောက်လာနိုင်ခဲ့လေသတည်း။

× ×

ဘီ-အေ-အို-ဒီ- တပ်ဝင်းကြီးကို ကာကွယ်ရခြင်းသည် စစ်မြေပြင်ကိုဆင်းရသည်ထက်ပင် ရင်ခုန်ဘွယ်ရှိလှ၏။

ဘီ-အေ-အို-ဒီ-ကျလျှင် တပြည်လုံးကျမည်ဖြစ်ကြောင်း သက်ခိုင်တို့အားလုံး ကောင်းကောင်းနားလည်ထားကြသည်။

ဤအချိန် ဤအခါမျိုးတွင် ဤစခန်းကြီးကိုစောင့်ရှောက်ခွင့်ရသည့်အတွက်လည်း သက်ခိုင်တို့ဂုဏ်ယူကြသည်။

ဘီအေအိုဒီနှင့် မျက်နှာချင်းဆိုင် တဘက်ကမ်းရှိ.... ဒလ-ပျော်ဘွယ်ကြီး စသည်တို့၌ ရဲဘော်ဖြူများ ကြီးစိုးနေသည်၊ အင်းစိန်အရေးကြောင့် အစိုးရတပ်များနှင့် ရဲဘော်ဖြူများသည် ယာယီနားလည်မှုရထားကြ၏၊ ညအချိန်တွင် တပ်ဝင်းကြီးအပြင်သို့ထွက်၍ ရုပ်ဖျောက်ကင်းလှည့်ထွက်တိုင်းသက်ခိုင်တို့တပ်သည် လက်နက်ကိုင်ရဲဘော်ဖြူများနှင့် မကြာခဏရင်ဆိုင်မိကြသည်၊ အချင်းဖြစ်ပွားမှုကား မရှိခဲ့ကြ။

သို့ရာတွင် ထိုခေတ်က....တပ်မတော်မှသာမန်ရဲဘော်လေး တဦးသည် ရဲဘော်ဖြူများဘက် ကူးသွားလျှင် ဗိုလ်အဆင့် အတန်း ချက်ခြင်းရ၏၊ ရဲဘော်ဖြူဗိုလ် ဖြစ်လာလျှင် ကိုယ့်နယ်တွင် ကိုယ်ဘုရားဖြစ်သောကြောင့် မက်လုံးများကား ကျလောက်ပါပေသည်။

မက်လုံးပေး၍ ဆွယ်မြူချက်အမျိုးမျိုးကို သက်ခိုင်တို့တပ်သည် ခံခဲ့ရသည်၊ သက်ခိုင်တို့ ကျောင်းသားအားလုံးနှင့် ရဲဘော်များသည်ပြည်ချစ်စိတ်သစ္စာမဏ္ဍိုင်ကိုဘက်၍ကြံ့ကြံ့ခံနိုင်ခဲ့ကြ၏၊ ကျောင်းသားများနှင့် ရဲဘော်များကြား အပြန်အလှန် ကြည်ညိုစိတ်၊ လေးစားစိတ်၊ ခင်မင်စိတ် တို့လည်း ဆထက်တံပိုး တိုးပွားလာခဲ့ကြ၏။

ဇပ်ဝင်းကြီး၏အပြင်ဘက်တွင် ရဲဘော်ဖြူတို့သာခြေချင်းလိမ်နေသည်မဟုတ်၊ ကျန်အဖွဲ့အစည်းများကလည်း အလုပ်ရှုပ်နေပြီ။

ညစဉ်ညတိုင်းလိုလို သပိတ်သံပေးသည့်ရန်ကုန်ခရိုင်ကျောင်းသားများသမဂ္ဂ၏ အသံချဲ့စက်နှင့်တရားဟောသံများကိုကြားရသည်၊ သတင်းစာများ၌လည်း အမှုထမ်းပေါင်းစုံသပိတ်ကြီး မရှောင်မလွဲပေါ်လာတော့မည့်အကြောင်း ဘတ်ကြရသည်၊ ထိုထက်ပိုဆိုးသည့်သတင်းကား.... သာယာဝတီနယ်တွင် အစိုးရတပ်များက ဇာရင်ရိုင်ဖယ်အမှတ်(၂)တခုလုံးကို လက်ရဖမ်းမိအောင် အောင်ပွဲခံလိုက်ရလင့်ကစား.... ကရင်တပ်နောက်မှ ကပ်လိုက်လာသော သောင်းကျန်းသူ ရောင်စုံ တပ်ပေါင်းစုက ပြည်ခရိုင်တခုလုံးကိုသိမ်းလိုက်ရုံမက ရန်ကုန်သို့ ရှေ့ရှုချီလာပြန်ပြီဆိုခြင်းပေတည်း။

၁၉၄၉–ခုနှစ် ဖေဖော်ဝါရီလ ၇-ရက်နေ့၌ အမှုထမ်းပေါင်းစုံသပိတ်ကြီးမှောက်သည်၊ ဗကသ နှင့် ရကသ လက်အောက်ခံကျောင်းသားများကလည်း သပိတ်မှောက်ကြ၏။

၈-ရက်နေ့ နေ့လည်တွင် သက်ခိုင်တို့သည် ရှားပါးလှသော အပြင်ထွက်လည်ခွင့်ရ၏၊ နောက်တနေ့ဆိုလျှင် အင်းစိန်စစ်



မျက်နှာရှိ ဆရာထူး၏ မော်ဘာတပ်စီဘ်သို့ပြောင်းကာ အမှုထမ်းရမည်ဖြစ်သောကြောင့် ဤအခွင့်ရခြင်းဖြစ်၏၊ အပြင်သို့ထွက်လျှင် ကားခပင်သက်ခိုင်ဘို့၌မရှိမှန်းသိသောကြောင့်တပ်ရင်းမှူးက သက်ခိုင်တို့အားလုံးအတွက် ငွေတရာ ထုတ်ပေးသည်။

သက်ခိုင်၊ ကိုလှဖေ၊ ကိုလေးမောင်၊ ကိုစောလွင်၊ ကိုမြင့်သောင်း၊ ကိုဝင်းမောင်(ပီဘာ)တို့သည် အရပ်ဝတ်အရပ်စားများနှင့် တပ်စခန်းကြီးမှထွက်လာခဲ့ကြသည်။

ကိုလေးမောင်က ဝါဒင်ထံအပ်ထားခဲ့သော ပစ္စည်းလေးအချို့ ယူစရာရှိသည်ဆို၍ ရှေးဦးစွာ တက္ကသိုလ်နယ်မြေသို့ အရင်လာကြသည်။

တကောင်း ကျောင်းဆောင်ကြီး၏အောက်ဘပ်ကား အင်းစိန်မှစစ်ပြေးဒုက္ခိတများနှင့် ပြည့်နေ၏၊ အပေါ်ထပ်များတွင် ကျောင်းသားအချို့ကျန်နေလေသေးသည်။

စစ်ပြေး ဒုက္ခိတများအလယ်၌ မမြော်လင့်ဘဲ ထွန်းငွေခေါ် မောင်ညိုမှိုင်းကိုသွားတွေ့၏၊ ညိုညို မှိုင်းမှိုင်း စုတ်စုတ်ပြတ်ပြတ်နိုင်သော ထွန်းငွေသည် စစ်ပြေးဒုက္ခသည်များနှင့် ခွဲမရအောင်ပနံဟပ်နေ၏။

ထွန်းငွေက သက်ခိုင်ကိုမြင်သော် ပြေးလာ၏။

"သက်ခိုင်ရေ....မင်းကို ငါ့အရေးကြီးဒါ တခုပြောစရာရှိလို့....လာ....လာ....ဟိုနားသွားကြရအောင်"

ထွန်းငွေဆွဲခေါ်ရာနောက်သို့ သက်ခိုင်လိုက်လာခဲ့၏။

ထွန်းငွေက တိုးတိုးဆိုသည်။

"ယုမောင်ရောက်နေတယ်၊ မင်းကိုတွေ့ချင်လို့တဲ့...."

"ဘာ... ယုမောင်ရောက်နေတယ်၊ ဘယ်မှာလဲ"

"ဘယ်မှာလို့တော့ ငါဘယ်ပြောနိုင်မလဲ၊ မင်းတို့ကအစိုးရတပ်ကကောင်တွေမဟုတ်လား"

"ငါ့ကိုမယုံရင်....ဒီအကြောင်းကို အစကတဲက မင်းဘာလို့ပြောရသလဲ"

ထွန်းငွေသည် ခေါင်းကုတ်၏။

"အေးပါကွာ၊ ငါစကားမှားသွားလို့၊ မင်းကိုယုံပါတယ်၊ ကိုလှဖေတို့၊ ကိုလေးမောင်တို့ကိုကော.... ငါယုံနိုင်သလား"

"ဒို့သူငယ်ချင်းတွေဟာ သစ္စာဖောက်တတ်တဲ့ လူတွေမဟုတ်ဘူးမောင်ညိုမှိုင်း"

"ရှိ်း....၊ မင်းက အသားယူပြောနေပြန်ပါဘီ၊ ထားပါတော့လေ၊ ငါကလဲယုံလိုက်ပါ့မယ်၊ ယုမောင်တွင်မကဘူး၊ မိုးမြင့်လဲပါလာတယ်၊ ပီးတော့....လေတပ်ကနေတောခိုသွားတဲ့ ကိုချိုကြီးဆိုဒါလဲပါတယ်၊ သူက ကိုလေးမောင်တို့ ကိုစောလွင်တို့ရဲ့သူငယ်ချင်းလို့ပြောတယ်၊ ယုမောင်က မင်းနဲ့တွေ့ချင်တယ်၊ မိုးမြင့်က ကိုလှဖေနဲ့တွေ့ချင်တယ်၊ ကိုချိုကြီးကကိုလေးမောင်တို့ ကိုစောလွင်တို့နဲ့တွေ့ချင်တယ်၊ ငါကလဲမင်းတို့ဘယ်နေရာမှာရှိမှန်းမသိဘူး"

**သက်ခိုင်**သည် ခတ်လှမ်းလှမ်း၌စောင့်နေသော သူငယ်ချင်းများကို လက်ယပ်ပြခေါ်လိုက်၏၊ ထွန်းငွေရှေ့တွင် အားလုံးစုံကြမှ အကျိုးအကြောင်းကို သက်ခိုင်ကရှင်းပြ၏၊ သူငယ်ချင်းအားလုံးသည် ယုမောင်၊ မိုးမြင့်၊ချိုကြီးတို့ကို တွေ့ဆုံရန်ဆုံးဖြတ်ကြ၏။



နေရာကို....အားလုံးနှင့်ခင်သော ဆင်နတိုရီယံမှ ကိုမောင်ကို(ဆရာပို)ဒေါ်သိန်းတို့၏အိမ်ကိုရွေးကြသည်၊ ကိုမောင်ကိုသည် ဂျပန်တော်လှန်ရေးတုန်းက ဆေးတပ်တွင် အရာခံဗိုလ်အဆင့်အထိလုပ်ဘူးသည်၊ ယခုအခါ နိုင်ငံရေးကို လုံးဝစိတ်မဝင်စား၊ ဆင်နတိုရီယံတွင် သိရ်ငယ်လှသောဒရက်ဇာအလုပ်ကိုလုပ်နေ၏၊ သူရသော လခခြောက်ပြားတပဲကုန်အောင် ရဲဘော်ဟောင်းမွန်သမျှကို မျက်နှာမလိုက်ဘဲကျွေးမွေးပြုစုတတ်သူဖြစ်၏၊ အစေအရာရာတွင်လည်း တိတိကျကျ"ကြွားနေသူ"ဖြစ်၏။

မူလက အခြားသူငယ်ချင်းများသည် ရုပ်ရှင်ကြည့်ရန်မှန်းထားသည်၊ သက်ခိုင်က ချစ်လှစွာသောမမနွယ်ထံ သွားမည်ရည်စူးထား၏၊ ယခုမူ အားလုံးဆရာပိုနှင့် ဒေါ်သိန်းတို့အိမ်သွားကြသည်။

ဒေါ်သိန်းသုပ်ပေးသော ပဲကြီးလှော်ကြော်နှင့်လဘက်ရည်ကြမ်းကိုသောက်ရင်း တညနေလုံး ထိုင်စောင့်ကြရ၏၊ ညနေငါးနာရီခန့်ရှိမှ သူတို့တဦးချင်းပေါ်လာကြ၏။

အစိုးရတပ်နှင့် နားလည်မှုရထားသဖြင့် အန္တရာယ်ဖော္ရန်အနည်းဆုံးဖြစ်သူ ရဲဘော်ဖြူအဖွဲ့မှ ယုမောင်သည် ရှေ့ဆုံးကအရင်လာ၏၊ အခြေအနေကို ကြိုက်၍ သူက အချက်ပြလိုက်လေမှ မိုးမြင့်နှင့်ချိုကြီးတို့ကလာကြ၏၊ ထွန်းငွေက အပြင်မှစောင့်နေသည်။

ဝါဒမည်မျှကွဲကြသည်ဖြစ်စေ....သူငယ်ချင်းများသည် သူငယ်ချင်းများပေတည်း၊ တဦးကိုတဦး လိုက်လှဲခင်မင်စွာဖက်လှဲတကင်နှုတ်ဆက်ကြ၏။

နေရာတကျ ထိုင်မိကြသောအခါ မိုးမြင့်က စမေးသည်။

"အခု... ခင်ဗျားတို့ဘယ်တပ်မှာလဲ"

သက်ခိုင်တို့အားလုံးကခေါင်းခါပြကြသည်။

မိုးမြင့်ကရယ်သည်။

"ကိုယ့်တပ်ကိုယ် မပြောချင်ကြဘူးပေါ့၊ အဲဒီ သစ္စာ ကလေးတွေ ဘာ့ကြိုက်သဗျူ ့၊ ဒါထက်ခင်ဗျားတို့အားလုံး အခုဗိုလ်တွေလား၊ သူငယ်ချင်းကိုလှဖေ ခင်ဗျားကဖြေဗျာ"

ကိုလှဖေကဖြေသည်။

"ကျွန်တော်တို့ ဗိုလ်တွေမဟုတ်ဘူး ရဲဘော်လေးတွေ၊ ရဲဘော်မှ... လခတပြားမှမရတဲ့ စေတနာ့ဝန်ထမ်းရဲဘော်တွေ"

"ဒါဖြင့်ခင်ဗျားတို့ငတ်နေကြမှာပေါ့..."

"မငတ်ပါဘူး၊ ပဲနဲ့ထမင်းတော့ နေ့တိုင်းမှန်မှန်စားကြ ရပါတယ်၊ ဒါကိုလဲဒို့တင်းတိမ်တယ်မိုးမြင့်ရေ..."

မိုးမြင့်သည် ကိုလှဖေအား ကရုဏာသက်ဟန် ကြည့်ပြီး ယုမောင်ဘက်သို့လှည့်လိုက်၏။

ယုမောင်ကသက်ခိုင်ကိုကြည့်ပြီး ပြောသည်။

"စကတဲက... ပြည်ကိုပြန်လိုက်ခဲ့ဘို့ မင်းကိုငါခေါ်တယ်၊ မင်းကနေ့ရစ်တယ်၊ ငါကြွားဒါမဟုတ်ဘူးသက်ခိုင်၊ အခုငါ က ခေတ္တရာတပ်ခွဲ၊ တပ်ခွဲမှူး၊ ကိုမိုးမြင့်က တော်လှန်နေတဲ့ ဗမာ့တပ်မတော်မှာဗိုလ်မှူး၊ ကိုချိုကြီးကလဲယန္တရားတပ်မှာဗိုလ် မှူးဘဲ၊ မင်းတို့အဖြစ်ကိုငါခြကြည့်ရက်ဘူး...."

ယုမောင်သည် အမှန်ပင်ကရုဏာအပြည့်နှင့် သူ့ကို ပြန် ကြည့်နေမိသည်၊ ဘာမျှတော့ပြန်မဖြေ....။

ကိုချိုကြီးကချောင်းဟန့်ပြီး ကိုလေးမောင်ကိုပြော၏။



"ကျွန်တော်တော့ သွယ်ဝိုက် ပြောမနေချင်ဘူး၊ ဒီမှာ ကိုလေး၊ အခုကျွန်တော်လာဒါ... ကိုလေးတို့... ကိုစောတို့ကို လာခေါ်ဒါ..."

ကိုလေးမောင်သည် ယဉ်ယဉ်ကျေးကျေးပြောတတ်၏၊ သူ စိတ်မထင်လျှင်အစွမ်းကုန်ရှင်းတတ်၏၊ ယခု သူကဘာမှတ်၏။

"ကြီးကျယ်လိုက်တာ ဖိုးချိုကြီးရာ၊ မင်း လာခေါ်တိုင်း လိုက်ရအောင်...မင်းကဘာကောင်မို့လဲ၊ ဒို့ကိုလဲကလေးတွေ မှတ်လို့လား...."

ကိုချိုကြီး မျက်နှာရဲသွားသည်၊ စကားစ ရှာမရသော ကြောင့်မိုးမြင့်ကိုလှည့်ကြည့်၏၊ မိုးမြင့်သည် သူတို့၏ ခေါင်း ဆောင်ဖြစ်ဟန်တူသည်။

မိုးမြင့်ကသဘောကျလှဟန်ရယ်မောသည်။

"ကိုလေးမောင်က တယ်ဒေါသကြီးဒါကိုး....၊ကျွန်တော် တခုပြောပါရစေ...."

"တခုမဟုတ်ဘူး၊ နှစ်ခု၊ သုံးခု၊ လေးခု၊...အခုတရာခုပြော နိုင်တယ်၊ ဒီကလဲ...အခု နှစ်ရာလောက်ပြန်ပြောစရာတွေရှိနေ တယ်၊ ကဲ...ခင်ဗျားစပြော...."

မိုးမြင့်သည် သည်းခံစွာရယ်ပြီးပြော၏။

"တိုင်းပြည်ကိုချစ်တယ်ဆိုဒါ ကောင်းပါတယ်၊ ဒါပေမဲ့ ချစ်တတ်ဘို့ကလိုတယ်၊ ချစ်တတ်ဘို့ကလဲ ရုပ်ဝတ္ထုပတ်ဝန်း ကျင်ကို မှန်မှန်ကန်ကန်သုံးသပ်ကြည့်နိုင်ဘို့လိုတယ်၊အခု ရုပ် ဝတ္ထုပတ်ဝန်းကျင်က ဘာဖြစ်နေသလဲ၊ ကျွန်တော် ရှည်ရှည် မပြောချင်ပါဘူး၊ တိုတိုဘဲ၊ တော်လှန်ရေး အင်အားစုတွေက နိုင်နေတယ်....၊ နယ်ချဲ့ ဘက်တော်သားတွေကို မှန် တိုင်း က

ရွက်ဝါတွေကို ချွေ သ လို.... ချွေပစ်နေတယ်....၊ ဘာကြောင့် ချွေပစ်နိုင်သလဲ....၊ တိုတိုဘဲ၊ ပြည်သူတွေက ကျွန် တော် တို့ ဘက်မှာရှိနေတယ်၊ ခင်ဗျားတို့က တိုင်းပြည်ကို ချစ်တယ်လို့ ပြောတယ်....၊ ကျွန် တော် တို့ က ပြည် သူ ကို ချစ် တယ်....၊ ပြည်သူဆိုဒါဟာလဲ ပစ္စည်းမဲ့လူတန်းစားကိုခေါ်ဒါ၊ တိုင်းပြည်ကိုချစ်ပါ....ချစ်ပါ....လို့ အော်နေတဲ့ ခင်ဗျားတို့ လူကြီးတွေဟာ မျက်ကန်းမျိုးချစ်ကြီးတွေဘဲ၊ ဘာသဘောတရားမှလဲ မရှိဘူး၊ ဘာနိုင်ငံရေးအမြင်မှလဲမရှိဘူး၊ အောင်ဆန်းနာမည်လေး ရှေ့ကတပ်ကာတပ်ကာနဲ့ လိမ်နေတဲ့လူချည်းဘဲ၊ အောင်ဆန်းဆိုဒါဟာလဲ....စင်စစ်တော့မျက်ကန်းမျိုးချစ် တစ်ယောက်ဘဲ၊ ဗမာ့တော်လှန်ရေးကိုသစ္စာဖောက်သွားတဲ့လူဘယောက်ဘဲ....”

သက်ခိုင်တို့အားလုံးသည် အံကြိတ်ကိုယ်မတ်၍ လှုပ်ရှားသွားကြသည်၊ သူကဒေါသကြီးတတ်သော်သည်း လူများဒေါသကြီးလျှင် အလွန်စိတ်အေးတတ်သော ကိုလေးမောင်က လက်ပြပြီးငြိမ်ခိုင်း၏။

ကိုလေးမောင်က အေးချမ်းစွာမေး၏။

“ခင်ဗျားပြောစရာတွေကုန်ပီလား....”

“မကုန်သေးဘူး၊ အမှန်ကဒီအချိန်မှာ ကျွန်တော်တို့က.... ဘယ်သူ့ကိုမှချော့မော့ခေါ်ရမဲ့အချိန်မဟုတ်ဘူး၊ဒီလိုရှင်းရှင်းပြောလို့တော့စိတ်မဆိုးကြနဲ့ဗျာ၊ ကျွန်တော်တို့ကရှင်းရှင်းဘဲပြောတတ်တယ်၊ ဒါပေမဲ့လူဆိုဒါမှာ သံယောဇဉ်ဆိုဒါက ရှိတတ်တယ်၊ ကျွန်တော်က.... ကိုလှဖေကို သံယောဇဉ်ရှိတယ်၊ ချိုကြီးက ခင်ဗျားနဲ့ ကိုစောလွင်ကို သံယောဇဉ်ရှိတယ်၊ ယုမောင်က ကိုသက်ခိုင်ကိုသံယောဇဉ်ရှိတယ်၊ တနည်းအားဖြင့်



ကျွန်တော်တို့ရဲ့ ပျော့ညံ့ချက်လို့ ခေါ်နိုင်တယ်၊ ကျွန်တော်တို့ ရန်ကုန်သိမ်းတဲ့အချိန်မှာ.... ခင်ဗျားတို့တွေကို....အလောင်းကောင်တွေကြားမှာ မတွေ့ချင်ဘူး၊ စစ်တရားခံတွေကြားမှာ မမြင်ချင်ဘူး၊ ကျွန်တော်တို့စေတနာက....ဒါပါဘဲ....”

မိုးမြင့်၏စကားအဆုံးတွင် သဘောတူကြောင်း ယုမောင်နှင့် ချိုကြီးတို့ကလည်းခေါင်းညိတ်ပြကြ၏။

သက်ခိုင်တို့ဘက်မှ ကိုလေးမောင်က စကားပြန်သည်၊ ကိုလေးမောင်ကိုတက္ကသိုလ် စကားရည်လုပွဲစင်မြင့်၌ သက်ခိုင်အကြိမ်ကြိမ်တွေ့ခဲ့ဘူးသည်၊ သို့ရာတွင် ယခုအကြိမ်၌ ကိုလေးမောင်သည် အတည်ငြိမ်ဆုံးဖြစ်သည်၊အကောင်းဆုံးဖြစ်သည်။

“ကိုမိုးမြင့်တို့ ရုပ်ဝါဒသမားတွေက.... စေတနာဆိုတဲ့.... ဘုရားဟော စကားတလုံးကို သုံးလိုက်တဲ့အတွက် ကျွန်တော်တို့ မသရော်ဘဲ....သာဓုသုံးကြိမ်တိတိ.... ရိုးသားစွာ ခေါ်ပါတယ်၊ သံယောဇဉ်ဆိုတဲ့ စကားကိုသုံးလို့လဲ....ခင်ဗျားတို့မှာ အသဲနှလုံး ရှိသေးမှန်းသိလို့ အတိုင်းမသိ ဝမ်းသာရပါတယ်၊ ကျွန်တော့်စကားကို ကိုမိုးမြင့် လက်ခံပါတယ်နော်....”

“ဗျာ....အင်း....အင်း....လက်ခံပါတယ်....”

“ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့လူကြီးတွေကို မျက်ကန်း မျိုးချစ်တွေလို့ ခေါ်လိုက်တဲ့အတွက်လဲ မချေပလိုပါဘူး၊ နာမည်ဆိုဒါကတော့ တဦးနဲ့တဦး မတွဲကြရင်....ဦးရာလူက အနိုင်ယူ ခေါ်စတမ်းဘဲ၊ ပညတ်ဆိုဒါဟာ.... ပရမတ် မဟုတ်ဘူးဆိုဒါကိုတော့ စကားလုံး ကြီးကြီးကျယ်ကျယ် သုံးတတ်အောင် သင်ထားကြတဲ့ ခင်ဗျားတို့ကို ကျွန်တော်က မိချောင်းမင်း ရေကူးမပြလိုပါဘူး၊ ရုပ်ဝတ္ထု ပတ်ဝန်းကျင်

ဆိုဒါကိုလဲ.... မြင်ချင်သလိုမြင်လို့ရပါတယ်၊ မြင်ကြသမျှဟာလဲ....ကိုယ်ပိုင်စိတ္တဇအစွဲကတဆင့် မြင်ကြဒါချည်းမို့ အငြင်းမပွားကြပါစို့နဲ့.... ဟုတ်လား၊ ကျွန်တော်တို့ မြင်နေဒါကတော့ (မှားရင်မှားမှာပေါ့လေ)....၊ရွာတွေမီးလောင်နေသဗျာ၊ မြို့တွေ ပျက်နေသဗျာ၊ လူတွေအသတ်ခံနေရသဗျာ၊ လယ်တိုင်းမစိုက်နိုင်ဘူးဗျာ၊ စိုက်ပြီးသမျှ ကိုလဲ မရိတ်နိုင်ကြ ဘူးဗျာ၊ ရိတ်ပီးသမျှကိုလဲ မရောင်းနိုင်ကြဘူးဗျာ....၊ ရောင်းရသမျှငွေကိုလဲမပိုင်ကြဘူးဗျာ၊ ပိုင်သမျှငွေကိုလဲ ဆက်ကြေးပေးနေရသဗျာ၊ ခင်ဗျားတို့ချစ်တဲ့ပြည်သူတွေဟာ....အခံရဆုံး ဖြစ်နေသဗျာ၊ ခင်ဗျားတို့မုန်းတဲ့နယ်ချဲ့သမားဟာ.... အပြုံးနိုင်ဆုံးဖြစ်နေသဗျာ၊ အဲဒီနယ်ချဲ့သမားရဲ့ လက်ပါးစေတွေက.... ရန်ကုန်မြို့ကိုတောင် ခြိမ်းခြောက်နေသဗျာ၊ ဝမ်းနည်းတိုကောင်းဒါက....အဲဒီအန္တရာယ်ကို ကျွန်တော်တို့က ရှေ့တန်းစစ်မျက်နှာမှာတိုက်ခနေတုန်း ခင်ဗျားတို့ရဲ့အဖွဲ့အစည်းတွေကသပိတ်မှောက်ပီး အုပ်ချုပ်ရေးပျက်အောင် နောက်ကျောကဓားနဲ့ထိုးနေသဗျာ၊ ဒီအချိန်မှာခင်ဗျားက စေတနာဆိုတဲ့စကားကို သုံးလာတယ်၊ စေတနာဆိုဒါ ကံ ဘဲ၊ ကံဆိုဒါလဲစေတနာဘဲ၊ ကံမှားတော့ စေတနာလဲမှားတာတယ်....၊ နင်သနားဒါကို ငါကြောက်ပါရဲ့ဆိုတဲ့အဖြေကလွဲပီး ကျွန်တော်တို့မှာ ဖြေစရာမရှိဘူး...."

မိုးမြင့်သည် ကိုလေးမောင်ကို မော့ကြည့်၏၊ သူကဲ့သို့ သူပုန်ဗိုလ်မှူးတဦးကို....တပ်မတော်မှ လခတပြားမှမရသည့် ရဲဘော်လေးတဦးက ခံပြောသည့်အတွက် မကျေနပ်ဟန်ပြသည်။

မိုးမြင့်က ယုမောင်နှင့် ချိုကြီးဘက်လှည့်သည်။



"ငါ့ဝတ္တရားကုန်ဘီ၊ မင်းတို့ ဘာပြောချင်သေးလဲဟေ့"

ယုမောင်သည် သက်ခိုင်ကိုကြည့်ကာဆို၏။

"ငါဂတိတည်ခဲ့တယ်သက်ခိုင်၊ မင်းကို တတိယအကြိမ် ငါလာခေါ်မယ်လို့ ပြောခဲ့ဘယ်၊ အခု ငါ့ဝတ္တရားကုန်ဘီ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ မင်းကိုလဲ....တတိယအကြိမ် ငါငြင်းပယ်တယ်...."

ကိုချိုကြီးက ကိုလေးမောင်နှင့် ကိုစောလွင်ကိုကြည့်ကာမေး၏။

"ဒါ....ကိုလေးတို့ရဲ့ နောက်ဆုံးအဖြေလား...."

ကိုစောသွင်ကဖြေသည်။

"ကိုလေးရဲ့အဖြေဟာ....ဒို့အားလုံးရဲ့အဖြေဘဲ...."

မိုးမြင့်သည် အားရပါးရအော်ရယ်သည်၊ ထိုနောက်ကိုလှဖေကိုပြော၏။

"ဒီမှာ....ကိုလှဖေ၊ ချစ်လှန်းလို့ပြောခဲ့မယ်၊ ကျွန်စစ်သားပြောတဲ့စကားဘဲ၊ တလိုင်းတို့လက်.... ခွေးသေ.... သေရစ်၊ မင်းလဲ....မင်းလူတွေနဲ့အတူ.... ရန်ကုန်အစိုးရလက်မှာ.... ခွေးသေ....သေရစ်...."

သူတို့သုံးယောက်က ဘောင်းဘီအိတ်များတွင်း လက်ထည့်ကာ ထွက်ခွာသွားကြ၏၊ သူတို့ဘောင်းဘီအိတ်များအတွင်း၌ ဘာပါသည်ကို သက်ခိုင်တို့အားလုံးသိကြ၏။

ထူးဆန်းစွာပင် သက်ခိုင်တို့အားလုံး စိတ်မဆိုးနိုင်ကြ၊ ကိုယ်စီ....ကိုယ်စီ ဝမ်းနည်းကြသည်သာရှိ၏။

တပ်သို့ ပြန်ကြသောအခါ ကိုလေးမောင်က.... ဝါဒင်

ထံ သူအပ်ထားသော ပစ္စည်းများကိုယူလာခဲ့သည်၊ ရေဒီယို အပျက်တလုံးနှင့် ပြင်ဆင်ရေးကိရိယာများ ဖြစ်ကြ၏။

ကိုလေးမောင်က ရေဒီယို ထိုင်ပြင်သည်၊ သက်ခိုင်တို့က ကူကြရ၏။

ညဉ့် ရှစ်နာရီခန့်၌ ရေဒီယို သည် အလုပ်,လုပ်နိုင်လာ၏။
ထိုည....၊ ၁၉၄၉-ခုနှစ်၏ ဖေဖဝါရီလ ၈- ရက်နေ့ည....။
ကိုလေးမောင်က သူ့ ရေဒီယိုကို ဖမ် ယူသည်။
ပြတ်သားတည်ငြိမ်သောအသံက ပေါ်လာသည်။

"အစိုးရအမှုထမ်းများသို့ ကျွန်တော် မေတ္တာရပ်ခံလိုပါ တယ်...."

ယခုအချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘေးအန္တရာယ်အမျိုးမျိုးတို့ကို လက်နက်ကိုင် တပ်သားများ သာမက တိုင်းသူပြည်သား လူထုကြီး တရပ်လုံး ကလည်း မိမိတို့ တတ်စွမ်းသလောက် တိုက်ခိုက် တွန်းလှန်နေရသည့် အခါကြီးဖြစ်ပါသည်၊ ထိုကဲ့သို့ ပြည်ထောင်စုကြီး ခိုင်မြဲမှု အတွက် လူဘိုင်းလူတိုင်း အားသွန်ကြိုးပမ်းနေကြသော အခါ တွင် အမှုထမ်းအချို့က မကျေနပ်မှုများကြောင့် သပိတ် လက်နက်စွဲကိုင်လျက် မြို့ရွာပိုမိုခြောက်ချားစေမည့် အပြု အမူများကို ဆက်သက်လုပ်ကိုင်နေမည်ဆိုပါက ပြည်ထောင် စု၏ ဘေးအန္တရာယ်များကို မသက်ပေး၍ တွန်းလှန်နေကြ ရသော လက်နက်ကိုင် တပ်သားများကို နောက်ကျောမှ ဓားနှင့် ထိုးခြင်းပင်ဖြစ်ပါသည်၊ ထိုကြောင့် လက်နက်ကိုင် တပ်သားများသည် စိတ်ဖြောင့်ဖြောင့်နှင့် နိုင်ငံတော်၏အမှု



တော်ကို ထမ်းရွက်နိုင်စေရန် အမှုထမ်းများ အားလုံးအား သပိတ်လက်နက်စွဲကိုင်ခြင်းမပြုကြဘဲ တိုင်းပြည်ငြိမ်ဝပ်ပိပြား ရေးကိုအစွမ်းကုန်ကူညီဝိုင်းဝန်းကြရန် လက်နက်ကိုင်တပ်သား များ၏ကိုယ်စားကျွန်တော်က မေတ္တာရပ်ခံလိုက်ပါတယ်...."

သက်ခိုင်တို့နှင့်ဘကွ ရဲဘော်အားလုံးသည် မျက်လုံးပြူး ကာ နားစွင့်သောင်နေကြသည်၊ ဤအသံသည်ရေဒီယိုမှ ကြား နေကျအသံမဟုတ်၊ သို့ရာတွင် ဤအသံကိုနှလုံးသားများက သိနေကြသည်၊ ဤအချိန်ဤအခါဝယ် ဤအသံလာပါစေဟု လည်း အားလုံးက မြော်နေကြသည်၊ ယခုလာပြီတည်း....၊ ယခု....လာပြီတည်း....။

အသံလွှင့်ရုံမှ ကြေငြာသူအမျိုးသမီးက အသံချိုချိုနှင့် ဆိုသည်။

"အစိုးရအမှုထမ်းများသို့ စစ်ဌာနချုပ်မှူး ဗိုလ်ချုပ်နေ ဝင်း၏မေတ္တာရပ်ခံချက်ကိုအသံလွှင့်လို့ပြီးပါပြီရှင်...."

သက်ခိုင်တို့အားလုံးသည် ခေတ္တမှုကြောင်နေကြ၏၊ ခဏ ၌မူမတိုင်ပင်ဘဲဖြိုး ဖြိုင်ညီညီသကြ၏၊

ရရာလက်နက်များကို မိုးပေါ်သို့ပစ်မြောက်ကြ၏၊ခုန်သူက ခုန်ကြ၏၊ ကသူက....ကကြသည်၊အော်သူကအော်ကြသည်။

"ဗိုလ်ချုပ်တက်ပီဟေ့.... ဗိုလ်ချုပ်တက်ပီ....၊ ဒို့ကျွန်မဖြစ် တော့ဘူး....၊ဒို့ကျွန်မဖြစ်တော့ဘူး....၊ အောင်ပွဲကစောင့်နေတီ ဟေး....တပ်မတော်....၊ဒို့တပ်မတော်ဟေ့...."

တပ်ဝင်းကြီးတခုလုံးသိမ့်သိမ့်တုန်သွားသည့် အုတ်အုတ်ည သွားသည်။

ဆူသံပျော်ရှင်နေသူများထံမှ ခွဲခွာသက်ခိုင်သည် တပ်ဝင်းဝ ခြံသို့လှမ်းရှိ သို့ထွက်လာခဲ့သည်။

အင်းစိန်ဘက်မှ အမြောက်သံသည် ယခုနည်းမိုတုန်ဟီးနေ၏၊ လောကလည်း ပြင်းပြင်းတိုက်နေသည်။

တင်ဝင်းအနှံ့ဘက်ရှိ သစ်ပင်များမှ ရွက်ဝါတို့သည်…သဲသဲရုတ်ရှက် ကြွကျနေ၏၊ တရှုံရှုံမြည်ကာ ကြွကျနေ၏။

အဟောင်းမည်သည် ကြွရမည်၊ အသစ်မည်သည်ထွန်းရမည်…။

မဟာဓန္ဒဦးကား…ပီပီသသစခဲ့လေပြီတကား…။

အခန်း–၃၁

မုတ်သုန်မိုးဦး

ဖေဖေါ်ဝါရီလနှင့် မတ်လအတွင်းလေရူးသည်ပွေ၏၊ ရွက်ဝါတို့ကြွေပုံကလည်း သဲသည်။

တိုလများအတွင်း မြို့များရွာများကုန်းဆုံးပုံက ရွက်ဝါတို့ကြွေပုံနည်းအတိုင်းမြန်သည်၊ သူပုန်ရောင်စုံတို့၏ တပ်များကလည်း လေရူးသို့လေးဘက်လေးတန်မှ ဝှေ့သည်။

ပဲခူးဆီဆင်းမရသော တောင်ငူကရင်တို့သည် လာလမ်းအတိုင်းပြန် နန်တက်ကာ ရန်ကုန်မန္တလေးကားလမ်းပေါ်ရှိမြို့အသီးသီးကိုသိမ်းကြ၏။

ဖေဖေါ်ဝါရီလ ၁၇ ရက်နေ့၌ ပျဉ်းမနားကို သိမ်းကြသည်၊ ၁၈ ရက်နေ့၌ရမည်းသင်းကိုသိမ်းကြသည်၊ ၂၀ ရက်နေ့၌မိတ္ထီ



လာကိုသိမ်းကြသည်၊ မိတ္ထီလာ၌လေယာဉ်ပျံနှစ်စီးကိုသိမ်းပြီး မေမြို့သို့ရုတ်တရက်ပျံကြသည်၊ ရာဇဝင်နပြောင်မြောက်သော တိုက်ပွဲများ ဖြစ်ခဲ့ရလှင့်ကစား…အငိုက်မိခံသောမေမြို့သည် ကေအင်ဒီအိုသက်သို့ကျရ၏၊ မေမြို့ကိုသိမ်းပြီးသောအခါ သူတို့သည် စစ်နှစ်ကြောင်းဖြန့်၍ မန္တလေးမြို့သို့ ချီတက်လှုပ်ကြကြသည်။

မတ်လ–၁၁ ရက်နေ့၌ မန္တလေးကျလေသတည်း…။

ဤရက်များအတွင်း သက်ခိုင်တို့သည် အင်းစိန်စစ်မျက်နှာ ငှက်ပျောခြံ အနီးတပ်စခန်းတခုတွင်ဆရာသူ၏ ခြောက်သက်မ မော်တာနှင့်အတူတာဝန်ကျနေ၏။

နေ့အခါဆိုလျှင်သေနတ်သံများကို ပြောက်ကျားပြောက်ကျားပင်းရိဘွယ်ကြားရသည်၊ ဤပျင်းရိဘွယ်သေနတ်သံများကြားတွင် သေမင်းတမန်စနိုက်ပါကျည်ဆံများကပျံပျံပါလာတတ်သည်၊ သက်ခိုင်တို့နှင့်မနီးမဝေး၌ တာဝန်ယူစခန်းချထားသော လက်နမောင်းတွင်မိကျောင်းတံဆိပ်ရုပ်ဆင်ထားကြသည့် (မိုးရိပ်တပ်ခေါ်)ယူအမ်ပီနှင့်လဲဗျိုးတပ်သားများ အများမှာ စနိုက်ပါလက်ချက်ကြောင့် တနေ့တသောင်းနီးပါးကျဆုံးကြရရှာသည်၊

ညအခါဆိုလျှင်မူ သူ့ဘက်ကိုယ့်ဘက်ပစ်ကြသော သေနတ်သံများကား တချင်နှစ်သစ်ကူးပွဲမှ ဗျောက်အိုးသံများအလား ဆူညံသည်၊ ယရေဇာခေါ် ပစ်ကြောင်းလမ်းပြကျည်ဖူးတို့ ကူးကူးယှက်ယှက် ပျံသန်းနေကြပုံမှာ အရာအထောင်သော ပိုးစုန်းကြူးကြီးတို့ မြူးထူးနေကြပုံနှင့်တူ၏၊ တခါတရံ ဘားလုံးငြိမ်သက်နေရာမှအချက်ပြမီးစိမ်းမီးနီတို့သည် နက်မှောင်သော ကောင်းကင်ပြင်တွင် ကြယ်တံခွန်ပေါ်သည့်

အလားရုတ်တရက်လင်းသိန်း၍ပေါ်လာတတ်၏၊ ထိုအခါ ပစ်ခတ်သံမျိုးစုံတို့သောင်းသောင်းညံပြန်သတည်း။

ခြေလျင်တပ်များမှ အကူအညီတောင်းတိုင်း သက်ခိုင်တို့၏မော်တာသည် တအုံးအုံးထုပေးရ၏၊ ထိုအခါသက်ခိုင်တို့၏စခန်းသည် ကရင်စနိုက်ပါ (လက်ဖြောင့်တပ်သား) များ၏ ပစ်ကွင်းဖြစ်လာ၏၊ စနိုက်ပါကပစ်လျှင် သက်ခိုင်တို့ကပြန်မပစ်၊ တောရိပ်၊ တောင်ရိပ်အမှောင်ရိပ်ကိုခိုကာ တိတ်တဆိတ်တပ်ဖျောက်-တပ်ဖြန့်ပြီး အမိဝိုင်းနှံကြသည်။

ဆရာကူးနှင့် စစ်တိုက်ရသည်မှာ ပျော်ဘို့ကောင်းသည်။

ဆရာထူးသည် မော်တာကို ခွေးနိုင်ဝက်နိုင်နိုင်၏။

တကြိမ်ကစခန်းမှထွက်ကာ ပွိုင့်-၁၀၈တောင်ကုန်းမှနေ၍ ဆရာထူးကမော်တာပစ်ပြသည်။

အင်းစိန်မြို့တွင်းမှ စက်ရုံခေါင်းတိုင်ကြီးတခုကို လှမ်းမြင်ကြရ၏၊ ဆရာထူးကခြောက်လက်မမော်တာကြီးကို ဆင်လိုက်ပြီး ထိုခေါင်းတိုင်ကို သုံးချက်ပစ်ပြမည်၊ တတိယအကြိမ်၌ ခေါင်းတိုင်ကျိုးကျရမည်ဟုကတိပေးသည်။

ပထမအကြိမ်ပစ်ရာ....သီသီလွဲသွား၏၊ ဒုတိယ အကြိမ်၌ ခေါင်းတိုင်ကြီးကျိုးကျသွားသည်၊ ခေါင်းတိုင်ကြီးနားဆီမှ ပစ်သည်ဟုခန့်မှန်းရသော သုံးလက်မ မော်တာသံတို့လည်း ဆိတ်ငြိမ်သွား၏၊ တတိယ အကြိမ်ပစ်ရန်မလိုတော့....၊ သို့ရာတွင် ဘေးပတ်ဝန်းကျင်လျှိုမြောင်းများမှ ရိုင်ဖယ်ကျည်ဆံများ ပလူပျံကာ ရောက်လာသဖြင့် စခန်းအရောက်.... ဆုတ်ပစ်ပစ်ရင်း ဒရောသောပါး.... ပျော်ပျော်ပါးပါး....ပြန်ပြေးခဲ့ကြရသည်။



ကြားကာလ အားလပ်ချိန်ကလေးများတွင် ဆရာထူးသည် မင်ဒိုလင်တီးတတ်၏၊ မင်ဒိုလင်တီးဆဲ သေနတ်သံများမကြားလျှင် စည်းတီးပေးမည့်သူမရှိဟု သူကဝမ်းနည်းပမ်းနည်းညည်းတတ်သည်။

ဆရာထူး၏ မင်ဒိုလင်မှာ ကြိုးတခါညှိလျှင် နာရီဝက်ခန့်ကြာသော မင်ဒိုလင်အပျက်ကလေးဖြစ်၏၊ သူ့မင်ဒိုလင်အပျက်ကို သက်ခိုင်တို့ကနှောက်လျှင် သူကကြွားဝင့်စွာဖြေ၏။

"အစက.... အဲဒီမင်ဒိုလင်မျိုးဘောင် မကိုင်နိုင်ဘူး....၊ ငါးသေတ္တာခွက်ကို ကိုင်းတပ်၊ ကြိုးတပ်ပီး တီးခဲ့ဒါပေါ့...."

ကိုသေးမောင်သည် သွားလေရာ သူမြတ်နိုးသည့် ပစ္စည်းတခုခုသယ်ရမှကျေနပ်သူဖြစ်၏၊ ယခု သူက အီတလီပြည်လုပ် မင်ဒိုလင်တလုံးပါလာ၏၊ စစ်စည်းကမ်းအရ ခွင့်ပြုမှန်း–မပြုမှန်းမသိ၍ ဝှက်ထားသည်၊ ဆရာထူးနှင့်တွေ့ကာမှ သူ့မင်ဒိုလင်ကိုထုတ်ဝံ့သည်။

ကိုလေးမောင်၏လက်ကွက်သည် မဆန်း၊ ရိုးသည်၊ သို့ရာတွင် ပီသပြတ်သားသည်၊ စည်းဝါးကို ဆံခြည်တလုံးမျှအမှားမခံ။

သက်ခိုင်၊ ကိုစောလွင်၊ ကိုမြင့်သောင်း၊ ဤသုံးဦးက တီးလည်းတီးတတ်- ဆိုလည်းဆိုတတ်သည်၊ ကိုလှဖေနှင့်ဝင်းမောင်တို့က စည်းပင်ခလိုက်တတ်။

ကိုသေးမောင်က နတ်သျှင်နောင်၊ သစ္စာမဏ္ဍိုင်၊ ရွှေစပယ်ရုံသီချင်းများကို တီးသောအခါ သူများမဆိုရ....၊ ဆရာထူးသည် သူ့မျက်တောင်များကို ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း လှမ်းလှမ်းဆွေးဆွေးသီဆိုတတ်သည်။

သီဆို၍ကောင်းတုန်း အကူအညီတောင်းလျှင် မော်တာ ထပ်စက်ကြပြန်သည်၊ စနိုက်ပါလာလျှင် တပ်ဖျောက်- တပ်ဖြန့်တိုက်ပွဲဝင်ကြပြန်သည်။

လွှမ်းဘွယ်သော မဟာနေ့ဦးပင်တကား....။

နှင်းတို့ဝေသော တနံနက်ခင်းတွင် မြေပြင်ကိုပေရှက်၊ လှံစွပ်ကို ကညင်အဖြစ်သုံးကာ ကိုလေးမောင်သည် သူငယ်ချင်းများ၏ ဇာတာတို့ကိုစစ်၍ ဟောကိန်းထုတ်၏။

"ဟေ့ကောင်....မောင်စော....မင်းက မိန်းမကြိုက် ဇာတာရှင်ဘဲ၊ မိန်းမတွေဝိုင်းကြိုက်လိမ့်မယ်၊ အထူးသဖြင့် ချမ်းသာတဲ့မိန်းမတွေ ဝိုင်းကြိုက်လိမ့်မယ်၊ ဒါပေမဲ့....မင်းက မချမ်းသာဘဲ...သစ္စာရှိတဲ့မိန်းမနဲ့ရမယ်၊ အဲဒီမိန်းမကမင်းညီမလေးအရွယ် ခတ်ငယ်ငယ်ဖြစ်ရမယ်"

ကိုဗောဇ်ကိုဟောပြီးနောက်....ကိုလှဖေကိုဟောသည်။

"ကိုလှဖေက....ရာထူးအများကြီး... ကြီးအုံးမယ်၊ ဒါပေမဲ့ ကိုယ့်ထက် အသက်ကြီးတဲ့မိန်းမကို ကြိုက်ဘူးရမယ်၊ အဲဒီအတွက် မိန်းမကိုစိတ်နာပြီး ရဟန်းဝတ်နေမယ်၊ နောက်ဆုံးကျတော့....ကိုယ့်ထက်ငယ်ဒါနဲ့ဘဲ....ရဖြစ်အောင် ရမယ်"

ကိုမြင့်သောင်းက သူ့ရင်ပတ်သူဖိပြီးပြော၏။

"ကျွန်တော့်ဇာတာလေးကကော ခင်ဗျား...."

ကိုလေးမောင်က လှံစွပ်နှင့်မြေဝယ် ဟိုခြစ်သည်ခြစ်လုပ်ပြီး ဟော၏။

"မောင့်ရင့်ပထက်ာအိမ်မှာရာဟုရှိတယ်၊အိမ်ထောင်နှစ်ဆက် ရမဲ့ကိန်း မြင်နေတယ်၊ ပထမမိန်းမနဲ့ကွဲရမယ်"

"ဒါဖြင့် ဒုတိယမိန်းမနဲ့ကော...."



"အဲဒါတော့....ဗေဒင်ဆရာမမြင်ဘူး" ကိုမြင့်သောင်းသည် "ကောင်းကွာ" ဟု ဆို၍ သူ့နဖူးသူရိုက်သည်။

ကိုလေးမောင်က သက်ခိုင်ကိုလှမ်းကြည့်သည်။

သက်ခိုင်က နေရာမှထလိုက်၏။

"ကိုလေးရေ... ကျွန်တော့်အတွက် ဗေဒင်မဟော....နဲ့၊ ကျွန်တော့်ဘဝ ကျွန်တော်သိပြီးဘီ...."

သက်ခိုင်ကနေရာမှခွာသည်၊ ကျသည့်တိုင်အောင်....ကိုလေးမောင်ကလှမ်းအော်၍ ဟောဖြစ်အောင်ဟောလိုက်သည်။

"ခင်ဗျားကတော့ အချစ်ဦးနဲ့ လဲလိမ့်မယ်ဗျို့...."

ကျန်သူငယ်ချင်းများက ဝိုင်းရယ်ကြသည်။

သို့ရာတွင်.... ကျည်ဆံများ ပျံဝဲလွင့် လာသောကြောင့်.... အားလုံးကတုတ်ကျင်းများဆီ ပြေးနဲ့ကြရ၏။

ထိုနေ့....နေ့လည်ပိုင်းတွင် တပ်ရင်းမှစာများ ရောက်လာကြ၏။

ထူးထူးဆန်းဆန်း.... သက်ခိုင်အတွက် စာတစောင်ပါလာသည်။

စာလာပေးသူ တပ်ကြပ်ကလေးသန်းညွန့်က ရှင်းပြ၏။

"ကိုတင်မောင်စိုးဆိုတဲ့.... ဗိုလ်ကပြားလို လူယောက်က တပ်ခွဲကိုလာပေးသွားဒါဘဲ၊ တပ်ခွဲကနေတပ်ရင်း ရောက်လာတယ်"

သက်ခိုင်သည်...စာကိုအလျင်အမြန်ဖွင့်ဖောက်ကြည့်သည်။

စာအိတ်တွင်း၌ စာနှစ်စောင်ပါသည်၊ တစောင်ကား.... တင်မောင်စိုးထံမှဖြစ်၏။

“သူငယ်ချင်းသက်ခိုင်။

ငါ့အဖေဆုံးသွားလို့.... အမေနဲ့နှမတွေကို အဘက်တန်း စာရေးလုပ်ပြီး....ကျွေးမွေးနေရတယ်၊ စစ်မြေဆီမင်းတို့နဲ့အတူ မချီနိုင်လို့....ဝမ်းမနည်းတတ်တဲ့....ငါ-ငိုချင်မိတယ်၊ အေးဝင်းလဲ....ဒဏ်ရာရပြီ-ဖျားပြန်လာလို့.... ငါနဲ့မောင်ရှိန်က ဆေးရုံတင်ပေးထားရတယ်၊ မောင်ရှိန်လဲ မီးရထားရုံးကြီးမှာစာရေးဝင်လုပ်နေတယ်၊ မင်းမှာ ငွေလိုချင်ပြောပါ၊ ငါနဲ့မောင်ရှိန်ခွဲပြီး တတ်နိုင်သမျှ ထောက်ပံ့ပါ့မယ်။

အေးလေ....ဒါက....ဒို့စေတနာပါ၊ ငါစာတစောင်.... ပူးတွဲထဲ့ပေးလိုက်တယ်၊ မင်းမှမနွယ်ဆီကစာဘဲ၊ မင်းဘယ်ရောက်နေမှန်းမသိလို့.... ငါ့ကိုလာပေးတယ်၊ ငါကလဲ သူငယ်ချင်းကောင်းယောက်ဖပီပီ (မလေးနွယ်နဲ့ငါ့ကိုအထင်မလွဲနဲ့)အဲဒီစာ မင်းဆီရောက်အောင်....ရှောင်တခင်ခွင့်နှစ်ရက်ယူပြီး ကြံဖန်ပို့လိုက်တယ်။

ငါရယ်.... မောင်ရှိန်ရယ်.... အေးဝင်းရယ်က.... မင်းဘေးအန္တရာယ်အသွယ်သွယ်က ကင်းဝေးပြီး ဒို့နဲ့အတူ ပျော်ပျော်ပါးပါး ပြန်ဆုံတွေ့ပါရစေလို့ (ဟိုအရင်တုန်းကနီ ရက်နဲ့ဝေးနေတဲ့) ဆူလေစေတီတော်ကို ရှိခိုးရင်းဆုတောင်းနေတယ်။

မင်းရဲ့အချစ်ဆုံးသူငယ်ချင်းများအနက် တယောက် ဖြစ်ထသော....ငါ....

တင်မောင်စိုး....။

သက်ခိုင်သည် တင်မောင်စိုး၏စာကိုဘတ်ရင်း ဝမ်းနည်းလွမ်းဆွတ်မိ၏၊ တင်မောင်စိုးပူးတွဲပို့လိုက်သောစာကို ဘတ်ရပြန်သောအခါ မျက်ရည်ကျမိ၏။



“ချစ်လှစွာသော....မမနွယ်ရဲ့မောင်....

မောင့်ကို မမနွယ်လွမ်းတယ်၊ လွမ်းတယ်ဆိုမိလို့ မောင့်တာဝန်ကိုအနှောင့်အယှက်ဖြစ်အောင်လုပ်တယ်လို့ အပြစ်တင်ရင်.... မမနွယ်ဝမ်းနည်းစွာနဲ့တောင်းပန်ပါရစေ....။

မမနွယ့်အနားမှာ.... မောင်မရှိမှ နှမ တယောက်အနေနဲ့ မောင်တယောက်ရဲ့အဓိပ္ပါယ်ကို မမနွယ်သဘောပေါက်မိတယ်မောင်....။

မောင့်ဆီကို မမနွယ်ပြေးလာချင်မိတယ်၊ အဲဒီလိုပြေးလာပြန်တော့လဲ မောင်က....မောင့်ထုံစံအတိုင်းမျက်မှောင်ကြုတ်ပြီး မမနွယ်ကို ဆီးဘုကြည့်ကြည့်အုံးမှာဘဲ။

ဒါပေမဲ့.... မောင်ဘယ်မှာရှိနေမှန်း မမနွယ်မသိပါဘူးမောင်၊ မမနွယ်ကသာ....မောင့်ကို အမြဲသတိရနေကြောင်းသိအောင် ဒီစာကိုရေးလိုက်ရတယ်။

သူတို့က (သူတို့ဘယ်သူဆိုဒါ မောင်သိပါတယ်၊) အကိုဘမြိုင်ကိုပြန်ခေါ်ထားတယ်....၊ သူလဲ လာမှာပါဘဲလေ....။

မောင်ရေ....၊ မောင်ကဆောင်းမကုန်သေးဘူးလို့ဆိုတယ်....၊ မမနွယ်က နွေကိုမြင်နေတယ်....။

နွေကိုမြင်မှ မောင့်ကိုမမနွယ်ပိုလွမ်းတယ်။

ဒါပေမဲ့....မောင်ပြန်မလာမချင်း မမနွယ်ကတော့ဆောင်းကိုမကုန်စေဘူးမောင်....၊ မောင့် အမမို့....

မမနွယ်မှာ.... မောင့်လိုဘဲသတ္တိရှိတယ်၊ မောင့်လိုဘဲ ခေါင်းမာစံပါတယ်....။

မောင့်ကို.... မမနွယ်မျှော်နေမယ်မောင်....၊ မောင် ဘေးရန်အားလုံးက ကင်းပါစေ....။

မောင့်အချစ်ဆုံး....မမနွယ်...."

သက်ခိုင်သည် စာရွက်ကိုကိုင်ရင်း သစ်ပင်တပင်အောက်၌ ထိုင်လျက်ငေးနေမိ၏။

သူ့ရှေ့၌ တောင်ကုန်းမို့မို့ဘိုသည် အလှိုင်းလှိုင်းအရှိုင်း ရှိုင်းရှိနေသည်၊ တောင်ကုန်းတို့ထက်မှ ပင်စုံသည်နွေ၏သနစ်ကို လှစ်ပြနေ၏။

ရွက်သစ်ဝေပြီးစ သရက်ပင်များက စိမ်းရင့်မှောင်ခနေ၏၊ သစ်တိုပင်တို့၏အရွက်များကား ပတ္တမြားရောင်နီ သင်ထားဆဲ ဖြစ်ကြ၏၊ ကုက္ကိုရ်နှင့် ညောင်တို့က ရွက်ဝါကို ရွှေဆဲ တည်း။

အချို့အပင်တို့ကအရိုးကြဲကြဲ၊ အချို့အပင်တို့ထက်ပုရစ် နုညို့စ၊ အချို့အပင်တို့က ရွက်သစ်ဆင်ပြီးစ....။

နဘဲပင်တို့ဘုံးထိုးထောင်ထောင်ပေါက်နေသော မြေပြင်၌ ပတ္တမြားနှင့် ရွှေဝါရွက်တို့ဖုံးလွှမ်းနေ၏။

ဥသြောသံကိုဘော့မကြားရ၊ သေနတ်သံ တို့ကြောင့် ဥသြောသည်ဘယ်ဆီသို့ပြေးလေသည်မသိ....။

အနောက်မှ ဖေါ့နင်းလာသော ခြေသံကိုကြားရသော ကြောင့် သက်ခိုင်ကလှည့်ကြည့်လိုက်ရာရိုင်ဖယ်လွယ်လျက်နှင့် ကိုလှဖေကိုတွေ့ရသည်။

"လာဗျ....ကိုလှဖေ...."



"ကဗျာဆရာငိုင်နေတယ်ထင်ဒါ၊ နားတော့ပါးသားဘဲ"

"စစ်မြေပြင်မှာ နားမပါးရင် အသေစောမှာပေါ့ လုံး ရာ...."

ကိုလှဖေသည် ဂင်တိုတိုဗလကောင်းကောင်းဖြစ်၍ သူ့ ကိုယ်သည် လုံးလုံးကျစ်ကျစ်ရှိ၏၊ လျှာကအပြားကြီးသဖြင့် စကားမြန်မြန်ပြောလျှင် လုံးထွေးပြီးလူနားမလည်၊ ဤနှစ် ချက်ကိုဂုဏ်ပြုပြီး သူငယ်ချင်းများကသူ့ကိုလုံးဟုခေါ်သည်၊ ကိုမြင့်သောင်းရှုနက်ဘွဲ့ရသကဲ့သို့တည်း။

ကိုလှဖေကရိုင်ဖယ်ကိုပေါင်ပေါ်ကန့်လန့်ဖြတ်တင်လျက် သက်ခိုင်ဘေးတွင်ဝင်ထိုင်၏။

"ဘယ်အဆက်ဆီက စာလာလို့....ဒီလာငိုင်နေဒါလဲ...."

"အဆက်ဆီကမဟုတ်ပါဘူး၊ မမနွယ်ဆီကပါ၊မယုံဘတ် ကြည့်လေ...."

ကိုလှဖေကစာကိုယူဘတ်ကြည့်၏၊ ဆုံးမှသက်ခိုင်ကို ပြန် ပေးသည်။

တပ်ထဲရောက်ကတည်းက သက်ခိုင်နှင့်ကိုလှဖေသည်အစဉ် တွဲ၏။

ဘီအေအိုင်ဒီ၌ကင်းကျတိုင်း ကိုလေးမောင်နှင့် ကိုစောလွင် ကတတွဲ၊ ကိုမြင့်သောင်းနှင့်ဝင်းမောင် (ပီဘာ) ကတတွဲ၊ ကို လှဖေနှင့်သက်ခိုင်ကတတွဲ၊

တခါတရံ ညဉ့်ဦးပိုင်း၌ ကိုလှဖေတာဝန်ယူသည်၊ သန်း ကောင်မှ မိုးလင်းအထိသက်ခိုင်ကတာဝန်ကျသည်၊ နောက် တနေ့၌သက်ခိုင်ကညဉ့်ဦးပိုင်း၊ ကိုလှဖေက ညဉ့်နောက်ပိုင်း။

အရင်ကျသူသည် တယောက် အိပ်ပျော်နေမှန်း သိလျှင် ကိုယ့်အလှည့်ကုန်သော်သည်း တယောက်ကို မနှိုးဘဲ ဆက်စောင့်၍၊ နောင် အခါ နှစ်ဦးလုံးအလှည့်မခွဲဘဲ မအိပ်ဘန်း တညလုံးတာဝန်ယူကြ၏။

ဤကဲ့သို့ ရဲဘော်စိတ်နှင့် ခင်မင် လာကြ သောအခါ တယောက်နှင့်တယောက် လျှို့ဝှက်မှုမရှိကြတော့၊ တယောက် ရင်တယောက်ဖွင့်ပြကြသည်၊ နှင်းဝေသည့် ရှည်လျားသော နွေဦး ညများကလည်း ရင်ဖွင့်တေးကိုဆိုဖြစ်အောင်လှုံ့ဆော်မြဲ ဖြစ်၏။

မန္တလေးသား ကိုလှဖေသည်.... စောင်းကောက်တီးတတ်သော ခွင့်လွှတ်တတ်သည့်အမကြီးတဦးနှင့်အလွန် တဖွဲ့ဘ်ထိုး နိုင်သော ကောင်လေးတကောင်တို့၏ တော်သွန်ရေးခေတ် စမ်းချောင်းလေးဘေးမှ လွမ်းစရာဇာတ်လမ်းကို သက်ခိုင် အား ပြောပြခဲ့ပြီးဖြစ်လေသည်။

ယခုမူသက်ခိုင်၏အလှည့်တည်း........။

"စာထဲမှာ ပါတဲ့.... အကိုဘမြိုင်ဆိုဒါ ဘယ်သူလဲသူငယ်ချင်း...."

"တွင်းရိုးမျိုးဝတ်လုံတော်ချတဦး...."

"ဘာရယ်....တွင်းရိုးမျိုး၊ တွင်းရိုးမျိုးဆိုဒါ ဘာလဲ...."

သက်ခိုင်ကပြုံး၏။

"ခင်ဗျားက....တကြိမ်တုန်းက.... မန်းတောင်ရိပ်က ဇာတ်လမ်းတပုဒ်ပြောပြဘူးတယ်၊ အဲဒီဇာတ်လမ်းမှာ ခွင့်မလွှတ်နိုင်ကြတဲ့အမျိုးအနွယ်နှစ်ခုကြောင့်စွန့်လွှတ်ခဲ့ခွာခဲ့ကြရတဲ့ အမကြီးနဲ့ မောင်လေးတယောက်အကြောင်းပါတယ်၊ ကျွန်တော်



အခု ပြောပြမဲ့ ဇာတ်လမ်းဟာလဲ.... ခင်ဗျာ့ဇာတ်လမ်းနဲ့ ခတ်ဆင်ဆင်ဘဲ ကိုလှဖေရေ၊ ရေနံ့သာမြေ.... ဆိပ်သာကွန်းထောက်ကအမျိုးအနွယ်နှစ်ခုရဲ့ဇာတ်လမ်းဘဲ...."

ကိုလှဖေ၏ပြုံးနေသောမျက်နှာသည် တည်ကျသွား၏။

"ဇာတ်လွမ်း အသစ်ပြောစရာရှိရင် ပြောစမ်းပါ၊ ဇာတ်လမ်းဟောင်းကိုတော့ ပြန်မနှူးနဲ့ ကဗျာဆရာ...."

"ဗြော်....တိုက်ဆိုင်လို့ ပြောရတာပါ၊ ဒီလိုဗျ....၊ ရေနံချောင်းမြို့ကို ရှေ့က....ဆိပ်သာကွန်းထောက်လို့ ခေါ်တယ်၊ တနေ့မှာ အလောင်းစည်သူမင်းကြီးဟာ....မိဖုရားခုနစ်ဖော်နဲ့ အတူ ဆိပ်သာကွန်းထောက် ဆီ ဖောင်တော် ဆိုက်လာတယ်၊ မိဖုရားခုနစ်ဖော်ဟာ တောတွင်းမှာ လှည့်လည်ပျော်ပါးကြရင်း အလွန်မွှေးပျံ့ကြိုင်လှိုင်တဲ့ ရေနံ့သာစမ်းဆီရောက်သွားကြတယ်၊ ရေနံ့သာစမ်းမှာ ပျော်ပါးနေမိကြဒါနဲ့.... ဖောင်တော်ထွက်မဲ့အချိန်ကို သတိမမူမိကြဘူး၊ အလောင်းစည်သူမင်းကြီးဟာ....မင်းလင့်တောင်ကနေ သူ့မိဖုရားတွေကိုစောင့်နေခဲ့ရတယ်၊ သူတို့ပြန်ရောက်တဲ့အချိန်မှာ ဒေါသကိုမထိန်းနိုင်ဘဲ မိဖုရား ခုနစ်ဖော်ကို သတ်လိုက်တယ်၊ သူတို့နဲ့အတူ သူတို့ရဲ့မောင်တော်နဲ့ အထန်းတော်ကြီးကိုပါ သတ်လိုက်တယ်၊ မိဖုရားတွေရဲ့ ကျိန်စာကြောင့် ရေနံ့သာဟာလဲ ညိုညစ်ပြီး ရေနံဘဝကို ပြောင်းသွားတယ်၊ အဲဒီအထိကို ပုံပြင်လို့ဘဲမှတ်ထားကြရအောင်...."

"ဟုတ်တယ်၊ ဒါပေမဲ့ လွမ်းစရာကောင်းတဲ့ပုံပြင်တခုဘဲ"

"ကဲ....သမိုင်းဆန်လာတဲ့အပိုင်းကို ဆက်ကြရအောင်....၊ နောက်တော့.... အလောင်းစည်သူမင်းကြီးဟာ နောင်တရပြီး

ဆိပ်သာ ကွန်းထောက်နဲ့ ရေနံမြေကို အပိုင်စားပေးချင်လို့ မိဖုရားခုနစ်ဖော်ရဲ့ အမျိုးတွေကို ဆင့်ခေါ်တယ်၊ အဲဒီအချိန်မှာ ယောကျ်ား ၁၈-ဦးနဲ့ မိန်းမ ၆-ဦး ထွက်လာကြတယ်၊ သူတို့တွေဟာ.... ရှေးဦးစွာသော တွင်းရိုးတွေဘဲ၊ နောက်.... ယောကျ်ား ၁၈-ဦးက ဆင်းသက်လာတဲ့တွင်းရိုးမှန်သမျှကို... ပုဆိုးစလို့ ခေါ်တယ်၊ မိန်းမခြောက်ဦးက ဆင်းသက်လာတဲ့ တွင်းရိုးတွေကို ထဘီစလို့ခေါ်တယ်....”

“နာမည်ပေးပုံလေးတော့ ကြိုက်သဗျို့....”

“အဲဒီပုဆိုးစ ထဘီစတွေမှာ သူတို့စည်း သူတို့ကမ်းရှိဘယ်၊ ပုဆိုးစတွင်းရိုးမှာ....သမီးဟာ တွင်းရိုးဖြစ်မလာနိုင်ဘူး၊ သားဦးဟာသာ တွင်းရိုးဖြစ်လာတယ်၊ ကျန်သားတွေက တွင်းစားဘဲ လုပ်ရတယ်၊ တွင်းစားဆိုဒါက....တွင်းပိုင်မဟုတ်ဘူး၊ တွင်းရိုးတွေသာ တွင်းပိုင်ဖြစ်ပြီး... တွင်းသစ်လဲရှာခွင့်ရှိဘယ်၊ ထဘီစမှာလဲ....သားဟာတွင်းရိုးမဖြစ်နိုင်ဘူး၊ သမီးသာလျှင် တွင်းရိုးဖြစ်နိုင်တယ်၊ ထဘီစ၊ ပုဆိုးစတွေရဲ့ ဆင်းသက်လာပုံကို နဝရတ်ရောင်စုံကျမ်းမှာ အစဉ်အဆက်စာရင်းပြုထားကြတယ်၊ ထဘီစ၊ ပုဆိုးစတိုင်းမှာ ဒီကျမ်းကရှိနေတယ်၊ ဝိဝါဒဖြစ်ချင် တွင်းကြီးမင်းဆီမှာ အဆုံးအဖြတ်ခံယူကြတယ်၊ တွင်းကြီးမင်းကလဲ နဝရတ်ရောင်စုံကျမ်းကိုမှီငြမ်းပြုပြီး အဆုံးအဖြတ်ပေးရတယ်၊ ဒါက သူတို့အစဉ်အလာပေါ့လေ၊ ဒီအစဉ်အလာကို ရှင်ဘုရင်တောင် မဖျက်နိုင်ဘူး....”

“တကယ်....”

“တကယ်ဘဲ၊ မင်းတုန်းမင်း တရားကြီးဟာ တွင်းရိုးထဲ ဝင်ချင်ခဲ့တယ်၊ ဒါနဲ့ တွင်းရိုးမျိုး ရေနံချောင်းဝန်ကြီးရဲ့သမီး



ကို ကြေးမြင်မိဖုရားအဖြစ် ကောက်ယူတယ်၊ ကြေးမြင်မိဘုရားဟာလဲ ထဘီစဘဲ၊ ကြေးမြင်မိဖုရားက သမီးတော်မမွေးဘဲ သားတော်သာမွေးတော့.... မင်းတုန်းမင်းကြီး အတော်ဂွကျသွားတယ်၊ ဒါနဲ့.... သူကသားတော်ကို ပျဉ်းမနားမြို့ လက်ဆောင်ပေးပြီး ရေနံချောင်းဝန်ကြီးကိုလဲ ရေနံတွင်းလက်ဖွဲ့ခိုင်းတယ်၊ ဘုရင့်သား ပျဉ်းမနားမင်းသားဟာ.... တွင်းစားသာဖြစ်လာဘယ်၊ တွင်းရိုးမဖြစ်ဘူး၊ တွင်းရိုးကတော့ ကြေးမြင်မိဖုရားကြီးရဲ့ တူမတော်ရဲ့လက်ထဲရောက်သွားတယ်”

“နဝရတ်ရောင်စုံကျမ်းကို ဘာလို့ နဝရတ်ရောင်စုံကျမ်းလို့ခေါ်ဒါလဲ”

“ဘိုရွှေတောင်၊ ညောင်လှ၊ ညောင်အုပ်၊ ညောင်ရမ်း၊ ပုခန်းစလေ.... စသည့် ရှင်မြတ်ခေါင်ကြီး၊ တွင်းတော်မိဖုရား ခုနစ်ပါး၊ မောင်တော်ထင်ရှား ကျေးပုဏ္ဏားလို့... တွင်းရိုးတွေ ပူဇော်တဲ့လင်္ကာကို ကျွန်တော်တပိုင်းတစ ရဘူးတယ်၊ အဲဒီက လာဒါဖြစ်လိမ့်မယ်”

“ဘယ်လို....ကျွန်တော်နားရှုပ်သွားဘီ”

“ညောင်လှ၊ ညောင်အုပ်.... စသည်က မိဖုရားခုနစ်ဖော်ရဲ့ နာမည်တွေ၊ ဘိုရွှေတောင်ဆိုဒါက အထိန်းတော်ကြီး၊ အခု ရေနံချောင်းဘိုးဘိုကြီးလို့ သူတို့ခေါ်ကြတယ်၊ မောင်တော်ထင်ရှား ကျေးပုဏ္ဏားဆိုဒါက မိဖုရားခုနစ်ဖော်ရဲ့ မောင်တော်၊ ကျေးပုဏ္ဏားဘာကြောင့်ဖြစ်နေသလဲတော့ ကျွန်တော် မသိဘူး၊ ပေါင်း....ကိုးယောက်၊ ဒီကိုးယောက်ကဆင်းလာတဲ့ အမျိုးတွေရဲ့စာရင်းမို့ နဝရတ်ရောင်စုံကျမ်းလို့ ခေါ်ဒါနဲ့ တူတယ်”

"စိတ်ဝင်စားစရာဘဲ၊ ခင်ဗျားဒါတွေ ဘယ်ကသိလဲ"

"ဘယ်ကသိလဲဆိုတော့ ကျွန်တော့်အမေက....ထဗီစကိုး၊ ကျွန်တော်ကတော့.... အလုပ်သမားခေါင်းဆောင် အဖေနဲ့ မွေးဒ်မို့ နဝရတ် ရောင်စုံကျမ်းထဲ စာရင်းမဝင်တဲ့ သူပုန်တကောင်"

"ဗျာ....၊ ဟော့ လူကိုသက်ခိုင်၊ ခင်ဗျားဇာတ်လမ်းကပိုစိတ်ဝင်စားစရာကောင်းလာဘီ"

"စိတ်ဝင်စားစရာတော့ကောင်းပါတယ်၊ စိတ်ချမ်းသာစရာတော့မရှိဘူး၊ ကျွန်တော် ဆက်ပြောမယ်နော်....ကိုလှဖေ"

"ပြောပါဗျာ....၊ ကျွန်တော်ကလဲ နားထောင်ချင်ပါတယ်"

"ကျွန်တော်တို့အမျိုးက ထဗီစမျိုး၊ တနည်းဆိုရတော့.... ကျွန်တော့်ဖွားဖွားက တွင်းရိုး၊ ကျွန်တော့်ဦးရီးတွေဖြစ်တဲ့ ဦးထင်ကျော်တို့၊ ဦးတင်သော်တို့ဟာ.... တွင်းစားတွေသာဖြစ်တယ်၊ တွင်းရိုးကိုတော့ ကျွန်တော့်ဒေါ်ကြီး.... ခက်ခက်က သမီးအကြီးမို့ ဆက်ခံတယ်၊ ဒေါ်ကြီးက အပျိုကြီးမို့ သူ့အရိုက်အရာကို သူ့ညီမ ကျွန်တော့်အမေ.... သက်သက်ကိုလွှဲပေးဘို့စီစဉ်ထားတယ်၊ မေမေ့ကို ပုဆိုးစကတွင်းရိုးတယော်နဲ့ပေးစားဘို့လဲလုပ်ထားတယ်၊ ကျွန်တော့်မေမေက တွင်းရိုးကိုမယူဘဲ သာမာန်အလုပ်သမားဖြစ်ပြီး မောင်ငမ်းကွဲတော်တဲ့.... ကျွန်တော့်အဖေ.... သခင်စိုးခိုင်နဲ့ ထွက်ပြေးတယ်၊ ဒေါ်ကြီးခက်ခက်အတွက် တလောကလုံးမှာ.... ခွင့်မလွှတ်နိုင်အောင်မုန်းသူတွေဟာ....ဖေဖေရယ်၊ မေမေရယ်၊ ပြီးတော့.... ကျွန်တော်ရယ်ပေါ့ဗျာ"



"ဒီလောက်တောင်ဘဲသားဗျာ"

"ဒီလောက်တောင်ဘဲ၊ ခင်ဗျား....တွင်းရိုးတွေ ဘယ်လောက်မာနကြီးတယ်မှတ်သလဲ၊ ပိုက်ဆံချမ်းသာလို့ တွင်းဝယ်ပြီး တွင်းစားဖြစ်လာတဲ့လူတွေကို သူတို့က တောင်ပံနီတွင်းစားတွေလို့ ခေါ်တယ်၊ တောင်ပံနီဆိုဒါက မှဒိမ်းခါးပြုလို့ အဓိပ္ပာယ်ရတယ်၊ တောင်ပံနီတွေနဲ့ ဆုံရင်လက်မြှောက်ပြကြတယ်၊ အဓိပ္ပာယ်က....မတူမတန် ထမင်းအတူမစားနိုင်လို့ ဆိုဒါဘဲ...."

ကိုလှဖေကရယ်သည်၊ သက်ခိုင်ကဆက်ပြော၏။

"ပြီးတော့....တွင်းရိုးတွေအလှူလုပ်ငင် ကျန်တဲ့လူတွေကို စားဘို့ သောက်ဘို့သာ ဘိတ်တယ်၊ တရားနာဘို့ တော့ မဘိတ်ဘူး၊ နောင်ဘဝရေစက်ဆုံရမှာကြောက်လို့....တဲ့၊ သူတို့ တွင်းရိုးတွင်းစား သန့်သန့်ချည်း....တရားနာကြတယ်"

ကိုလှဖေသည် ငြိမ်နားထောင်နေရာမှ တစုံတခုကိုစဉ်းစားမိဟန်မေး၏။

"စောစောက–ခင်ဗျားပြောတဲ့အထဲမှာ ဦးထင်ကျော်ဆိုဒါပါလာတယ်၊ အဲဒါဟာ....မလေးနွယ်တို့အဖေဘဲ မဟုတ်သား"

"ဟုတ်တယ်ကိုလှဖေ၊ ဒါပေမဲ့ မမနွယ်ကို ဒေါ်ကြီးခက်ခက်က ပိုပိုင်တယ်၊ ဒေါ်ကြီးကအပျိုကြီးဖြစ်တော့....ပထမ.... သူ့ထဗီစကို မေမေသက်သက်ကိုပေးဘို့ မှန်းခဲ့တယ်၊ ဒီအစီအစဉ်ဟာလဲပျက်ခဲ့တယ်၊ အခု....တူမဖြစ်တဲ့....မမနွယ်ကိုပေးဘို့ စီစဉ်ထားတယ်၊ မမနွယ်ကို....နွယ်လို့ နာမည်ပေးထားဒါ လဲ ဒေါ်ကြီးဘဲ၊ မမနွယ်စီးနေတဲ့ ကားဖြူကိုလဲ မမနွယ်အတွက် ဒေါ်ကြီးက သီးသန့်ဝယ်ပေးထားဒါ၊ ဦးလေးကိုချစ်ဘိုးဟာ»

လဲ.... သာမာန်ဒရိုင်ဘာမဟုတ်ဘူး၊ မမနွယ်ကိုစော့ဖ်ရှာက်တို့ ဒေါ်ကြီးအထူးခန့်ထားတဲ့လူ၊ ဒီကြားထဲက....ကျွန်တော်ဆိုတဲ့ ဂျိုဟ်ကောင်က ဝင်လာတယ်၊ အခုနေ.... တလောက လုံးမှာ ဒေါ်ကြီး အတော်ဆုံးကဘာလဲ....သိလား”

“ကျွန်တော်ဘယ်လိုလုပ်သိမလဲ....”

သူငယ်ချင်းနှစ်ဦးကစကားကောင်းနေသဖြင့် ပတ်စန်းကျင်ကိုခေတ္တမေ့နေကြ၏။

သို့ရာတွင်....အဝေးဆီမှ “ဖောက်” ဟူသောအသံကိုကြားလိုက်ရသည်၊ ကြောင်၏ဗီဇညဉ်မျိုးနှင့် နှစ်ဦးသားသည် မြေပြင်သို့လှိမ့်ချလိုက်ကြ၏၊ “ရွှမ်” ကနဲ ကြားလိုက်ရပြီး စောစောကသက်ခိုင်မှီထိုင်နေသော သစ်ပင်ခြေရင်းမှ အသားများဖွာစင်ထွက်လာ၏။

ကိုလှဖေနှင့်သက်ခိုင်သည် ကိုယ်များကိုလှိမ့်ပြီး မြေကျင်းထဲရောက်ခဲ့ကြ၏။

ကိုလှဖေက သေနတ်ကိုမောင်းတင်ပြီး ဝါရွက်တွဲကြနေသောသစ်ပင်များဆီ စူးစမ်းကြည့်၏။

သေနတ်သံထပ်မပေါ်လာတော့....။

ကိုလှဖေကသက်ပြင်းချပြီး သက်ခိုင်ကိုကြည့်၏။

သက်ခိုင်ကတချက်ရယ်လိုက်ပြီး ပြောသည်။

“ကံကောင်းလို့....ကျွန်တော့်ဒေါ်ကြီး ဖြစ်ချင်ဒါတခု မဖြစ်တယ်”

“ခင်ဗျားဘာပြောဒါလဲ”

သက်ခိုင်သည် အသားများ ဖွာထွက်နေသော သစ်ပင်ကို ညွှန်ပြပြီးဖြေသ၏။



“ကျွန်တော့်ဒေါ်ကြီး ဖြစ်စေချင်ဒါက....အဲဒီသစ်ပင်ဟာ ကျွန်တော့်ခေါင်း ဖြစ်ဘို့ဘဲ....”

\+ \+ \+

လေရှူးမည်သည် ယာယီအင်အားဖြစ်သည်၊ ရွက်ဝါကို တော့ချွေနိုင်မည်၊ သို့ရာတွင် ရွက်တဝါကြွေလေတိုင်း ရွက်တနု သည်ရှုန်း၍ သစ်လာမည်၊ မုတ်သုန်သည်အင်ကြီးအားကြီးနှင့် ဝင်လာသောအခါ လေရှူးလည်း ပျောက်သည်၊ တလောက လုံးလည်း စိမ်းစိုသည်။

သက်ခိုင်တို့အား ရန်ကုန်အစိုးရလက် ခွေးသေသေရစ်ဟု မာနကြီးစွာ ပြောသွားကြသည့် မိုးမြင့်၊ ယုမောင်၊ ချိုကြီးတို့ ပါသော သူပုန်တပ်ခေါင်းစုသည် မှော်ဘီမြို့ကိုပင်မကျော်နိုင်၊ တိုက်ဆိုင်ရပုံမှာ....သက်ခိုင်တို့တပ်သည် အင်းစိန်နှင့် ဘီအေအိုဒီမှ တာဝန်သိမ်းကာ မှော်ဘီစိုက်ပျိုးရေးစခန်းကို ဌာနချုပ်ဖွင့်၍ သူတို့အားခုခံရခြင်းပင်ဖြစ်သည်။

အင်းစိန်တုန်းကတကွဲတပြားဘိုက်ခဲ့ရသည်၊ မှော်ဘီ တွင်မူ သက်ခိုင်တို့၏တပ်ရင်းမှ တပ်ခွဲ(၁)နှင့် တပ်ခွဲ(၄)တို့အားလုံး ပြည့်ပြည့်စုံစုံအတူခုခံကြရသည်၊ သက်ခိုင်တို့၏တပ်ခွဲကို ပထမ ဗိုလ်သော်(ဂျာမနီပြန်)ကအုပ်ချုပ်သည်၊ ဗိုလ်သော်စစ်ဆေးရှိ တက်ရသောအခါ ဗိုလ်ကြီးစောလွှင်လာအုပ်ချုပ်သည်။

ဗိုလ်ကြီးစောလွှင်သည် ဝင်းဂိတ်တပ်၌ ဒုတိယ ကမ္ဘာစစ် အတွင်းက ပါဝင်ခဲ့ဘူးသူဖြစ်၏၊ စစ်တပ်များ တောခိုသော အချိန်က ဘာမသိဘာမသိနှင့် ပါသွားခဲ့သည်၊ ထိုစစ်တပ်များ သည် နိုင်ငံတော်ကို သစ္စာဖောက်မှန်း သိသော အခါ ရှိုးမ

တောင်ခြေတလျှောက် ကုန်းကြောင်းရှောက်ကာ ပြည်မှသည် ရန်ကုန်အရောက်ပြန်ပြေးလာခဲ့သူဖြစ်သည်။

သူ့ကိုရင်ဆိုင်နေသောသူပုန်တပ်တွင် သူ၏ချစ်လှစွာသော ရဲဘော်ဟောင်းများဖြစ်သည့် ဗိုလ်သာဒိုး၊ ဗိုလ်သက်ထွန်းတို့ ပါမှန်းသူသိသည်၊ သူတို့အကြောင်းကို စကားစပ်မိ၍ပြော တိုင်း ဗိုလ်ကြီးစောလွင်သည် မျက်ရည်စဲတတ်၏၊ ယုမောင်၊ မိုးမြင့်၊ ချိုကြီးတို့လည်း ဟိုမှာဘက်၌ရှိမှန်းသိသော သက်ခိုင် တို့ကလည်း ဗိုလ်ကြီးစောလွင်၏ နှလုံးသားကို ကိုယ်ချင်းစာ နားလည်သည်၊ ထိုနည်းတူစွာ သက်ခိုင်တို့၏ လူကြီးများမှာ လည်း ဟိုမှာဘက်မှလွတ်လပ်ရေးအတွက် ကြိုးပမ်းဘော် ကြိုး ပမ်းဘက် ရောင်းရင်းကြီးများအပေါ် သံယောဇဉ် မပြတ် ကြောင်း သက်ခိုင်တို့ကောင်းကောင်းသိသည်။

သို့ရာတွင်....သက်ခိုင်တို့ဘက်မှ၎မျှမတွာကြီးလင့်ကစား သူတို့ဘက်မှ ဘာကြောင့် အမုန်းသီးရသည်ကို သက်ခိုင်တို့ နားမလည်၊ သူတို့၏စာအုပ်ကြီးများမှ အမုန်းတရားတို့သည် အဆိပ်ပမာ သူတို့၏နှလုံးသားကို လွှမ်းထားလေပြီဟုသာထင် ရ၏၊ ထင်ရ၏။

ဘုရားလမ်းစေတီကြီးအနီး ရှမ်းစုရွာ၏ "ဝါးရုံပင်ခံတပ် များအောက်တွင်" သက်ခိုင်တို့တပ်က ရှေ့တန်း စစ်မျက်နှာ ဖွင့်၍ခံကြသည်၊ ဗိုလ်တင့်လွင် (ပုဉ်းမနား)က ဦးစီး၍ ဆရာ ကိုမျိုးခင်ကအုပ်ချုပ်သည်၊ တပ်ရင်းမှူးကိုယ်တိုင်လည်း တခါ တရံညဥ့်သာအိပ်၍ တိုက်ပွဲကိုကိုယ်တိုင် ကွပ်ကဲတတ်သည်၊ တိုက်ပွဲဖြစ်လျှင် တပ်ရင်းမှူးသည် သူ့ကာဘိုင် သေနတ်ကို



သက်ခိုင်တို့အားပေးပြီး သူကရိုင်ဖယ်ယူကာ ဝင်နွဲတတ်သည်၊ ရဲဘော်ကိုချစ်သော တပ်ရင်းမှူးသည်....ရိုင်ဖယ်ကိုပဲချစ်၏။

ရှေ့တန်းစစ်မျက်နှာတွင် ဆရာကိုမျိုးခင်နှင့်အတူ စစ်တိုက် ရသည်မှာ တမျိုးပျော်ဘို့ကောင်းသည်။

ဆရာကိုမျိုးခင်က.... ဆရာထူးလောက်မှုကဗျာမဆန်၊ သူ့ အသဲစွဲလက်နက်ကား သုံးလက်မမော်တာဖြစ်သည်။

သူပုန်တို့ချီတက်လာလျှင် သူက သူ့မော်တာနှင့် အလုပ် များ၏၊ မော်တာပစ်နေစဉ် ပါးစပ်ကလည်း အလုပ်များ၏။

"လာလေရော့....လပျံတလုံး၊သွားလေရော့....အနှံ့သွား လပျံတလုံး...."

ဆရာကိုမျိုးခင်သည် သူ့မော်တာကျည်ဖူးများကို၎သို့.... လပျံဟု ကြံကြံဖန်ဖန် နာမည်ပေးထားသည်။

ပစ်ရင်းခတ်ရင်းကလည်း သတိမလစ်၊ ဘေးဘီကိုကြည့် တတ်သည်၊ တနေရာထဲက ပေတေပစ်ခတ်နေသူကိုတွေ့လျှင်.... သူသာလျှင်တတ်နိုင်သော ရှည်လျားလှသည့်ဆဲခြင်းကိုပြု၏။

"တယ်....ငါ့ပစ္စည်းနဲ့ချတ်ပစ်လိုက်ရ... လည်ပင်းကိုခုနစ် ပတ်လောက် ပတ်မိပြီး.... ပိုနေတဲ့အစကို.... ကျော်ကျိမှတ်ပြီး တထုတ်ထုတ်ကိုက်နေတော့မယ်...."

ဆရာ့ပစ္စည်းသည် ၎မျှမရှည်ကြောင်း သက်ခိုင်တို့သိ သည်၊ ဆရာ့စေတနာကိုလည်းသိသောကြောင့်.... စိတ်မဆိုး နိုင်ဘဲ ရယ်ကြရ၏၊

တိုက်ပွဲ နားသွားလျှင် ကော်ပိုရယ် ကိုသန်းထွတ်ကြီးသည် မင်းသားကျော်အေးဟန်နှင့် မဟုတ်က.... ဟုတ်က ခုနစ်သံချီ သီချင်းများကို ဆိုပြတတ်၏၊ နမူနာများကား....။

"ခင်ရယ်.... ဒီဟဝါ–၂၂ိးကို မုန်းလိုက် ပါတော့ကွယ်၊ ဒေါက်တာရယ်.... ကျွန်တော့်ရဲ့ဟဝါကြီးမှာ.... ဟိုဒင်းပြု လုပေါ့ကွယ်..."

ရဲဘော်ကိုသန်းမြ၊ ကိုလှမောင်၊ ကိုမောင်အေး၊ ကိုတင်မောင်၊ ကော်ပိုရယ် ကိုစိုးမောင်၊ ကိုမျိုးညွန့်၊ ကိုသိန်းဇံ တို့က နက်ဖန်ရဲဘော်အားလုံးအတွက် အမဲသားဟင်းချက်ကျွေးလျှင် စပါးလင် ဘယ်ကရှာရမည်ကို အကြီးအကျယ်ဆွေးနွေးကြ၏၊ သူတို့ဆွေးနွေးပွဲကို "စပါးလင် အော်ပရေးရှင်း" ဟု ကြီးကြီးကျယ်ကျယ်နာမည်ပေးထား၏၊ ပေးလည်းပေးထိုက်၏၊ စပါးလင်အရှာဆောင်းသဖြင့် တမနက်တွင်မိုင်းဗုံးနင်းမိရာ ကံကြီးသဖြင့်သာ သေမကုန်သည်၊ တပ်ရင်းမှူးက.... ဘီအီးများခေါ်လာကာ....မိုင်းဗုံးရှင်းခိုင်းသည် အထိဖြစ်ခဲ့၏။

မုတ်သုန်ဝင်လာစ.... မေလ စစ်မြေမှ.... သက်ခိုင်တသက်မမေ့နိုင်သောအတွေ့အကြုံများတည်း။....။

၁၉၄၉–ဧပြီလ ၂၄-ရက် တနင်္ဂနွေနေ့မှစကာ.... မေလ ၉-ရက် တနင်္လာနေ့အထိ သက်ခိုင်တို့တပ်သည် မှော်ဘီ၌ ခုခံနေရ၏။

မေလ ၉-ရက်နေ့တွင် သက်ခိုင်တို့တပ်ခွဲကိုသေနတ်ကိုင်တပ်ရင်း အမှတ် (၁) မှ တပ်ခွဲသုံးက အစားဖြည့်ရောက်လာသည်။

ကားကြီးများနှင့် သက်ခိုင်တို့ ပြန်လာကြစဉ် မှော်ဘီမြို့သူ မြို့သားတိုင်း ထွက်၍နှုတ်ဆက်ကြ၏။

ထွန်ရေးမငင်နိုင်သေးသော.... ရေတွေလျှံနေသည့် လယ်ကွင်းများကို ဖဲယာ၍ထားလျက် သက်ခိုင်တို့.... ရန်ကုန်မြို့ဆီ ပြန်လာခဲ့ကြရ၏။



ထိုနေ့ည ၈-နာရီလောက်တွင် ရွှေတိဂုံစေတီခြေရင်းရှိ ဂေါ်ရာကုန်းသို့ ရောက်လာကြသည်။

အိပ်စရာနေရာမရသောကြောင့် သက်ခိုင်သည် သံချပ်ကာကားကြီးပေါ်တွင် တညလုံး ထိုင်ငိုက်ခဲ့ရ၏။

နောက်တနေ့ မေလ ၁၀-ရက်နေ့တွင် သက်ခိုင်တို့ တပ်ခွဲသည် စစ်ဌာနချုပ် ဝင်းအတွင်းသို့ ရွှေ့ကြရသည်၊ စစ်ဌာနချုပ်၏ လုံခြုံရေး အတွက် တာဝန်အပေးခံရကြခြင်းဖြစ်သည်။

တပ်ရင်းမှူးသည် ဗိုလ်ကြီးဆန်းအောင်၊ ဆရာထူးတို့နှင့် အတူ သက်ခိုင်တို့၏အခြေအနေကို လာစစ်သည်။

သက်ခိုင်တို့က တပ်ရင်းမှူးကို ဝိုင်းမေးကြသည်။

"ကျန်ရစ်တဲ့.... ကျောင်းသားရဲဘော်တွေ အခြေအနေ ဘယ်လိုပါလဲ ဗိုလ်မှူး...."

တပ်ရင်းမှူးသည် တချက်ငိုင်သွားပြီးနောက်ဖြေသည်။

"သူတို့အားလုံး.... တက္ကသိုလ်မြေက တီတီစီမိန်းကလေးကျောင်းဆောင်မှာစခန်းချနေကြတယ်၊ ဒါတောင်.... ကျွန်တော်တို့ထိန်းရက်ကြားက.... စာဖူးတောင်းသွားတိုက်ကြသေးတယ်၊ အဲဒီမှာ....ကိုဝင်းအောင်၊ ကိုမောင်မောင်မှင်နဲ့....ကိုလှမောင်တို့ကျသွားရှာကြတယ်၊ အခုတော့သူတို့အားလုံးကို ဗိုလ်ကြီးဂွမ်ရှိန်ကအုပ်ချုပ်စောင့်ရှောက်ထားတယ်...."

သက်ခိုင်တို့က ဘာမျှပြန်မပြောတော့၊ ကိုဝင်းအောင်၊ ကိုမောင်မောင်မှင်၊ ကိုလှမောင်တို့အတွက်စိတ်မကောင်း၊သို့ရာတွင် သက်ခိုင်တို့၏ဘပ်ရင်းမှူးအပါအဝင် တပ်မတော်မှလူကြီးများ.... ဝင်မထိန်းပေးလျှင်.... ကျောင်းသားတို့အသက်.... ရာနှင့်ချီ၍သေကုန်မည်။

နေ့ရော.... ညရောပါ.... ဗိုလ်ချုပ်ကစ၍ လူကြီးအားလုံး အလုပ်များနေသော.... စစ်ဌာနချုပ်ကို ယုံယုံကြည်ကြည်ကာကွယ်ခွင့်ရသောကြောင့် သက်ခိုင်တို့ဂုဏ်ယူကြသည်၊ သမိုင်းတကွေ့၌ကိုယ့်တာဝန်ကိုယ်ကျေရပြီ....။

ပတ်ဝန်းကျင်တွင်....စိန်ပန်းတွေကရဲရဲနီနေ၏၊ ငုပန်းတွေကဝါဝါရွှေနေသည်၊ ပင်တိုင်းကစိမ်းစိုနေ၏။

မိုးလုံးအုံ့၍ ဝဿန်ဦးသည်စောစောဆိုက်ကာရွာချသည်။

မုတ်သုန်သည်ဝင်လာသဖြင့် လေရူးကားပျောက်ပြီ၊ ရွက်ဝါတို့ကြွေလွင့်ခဲ့ရကာစား... ရွက်နုတို့သစ်ရုံမက.... မြမြမောင်းနေပြီ....။

စစ်ဌာနချုပ်၏.... ထောင့်များတွင်ရိုင်ဖယ်ကိုင်၍....မိုးဒဏ်ကိုရွှဲရွှဲစိုအောင်သည်အတိုင်းရပ်ခံလျက် ခိုက်ခိုက်တုန်ချမ်းရင်းက.... သက်ခိုင်တို့ဝမ်းသာမိရသေးသည်။

မိုးကသဲသဲ....ရေရွှဲရွှဲတွင်ကင်းစောင့်ရင်း....မေလအတွင်း၌ သက်ခိုင်တို့ စောင့်မြှော်နေသော.... အကောင်းဆုံးသတင်းကို ကြားကြရသည်။

စကာပူခံတပ်ကြီးနှင့် နှိုင်းအပ်သော....အင်းစိန်ခံတပ်ကြီးကို ဗမာ့တပ်မတော်သည်သိမ်းလိုက်သည်။

ဩော်....၊ မုတ်သုန်လာလျှင်.... လေရူးသည်... ဤမြေ၌နေခွင့်မရှိပါတကား.... မရှိပါတကား....။



## အခန်း–၃၁

## ကံ့ကော်ရိပ်မှာငိုပါသည်။

ဂျွန်လ- ၁၀ရက်နေ့တွင် သက်ခိုင်တို့အားလုံး တကောင်းကျောင်းဆောင်သို့ပြန်ရောက်ကြသည်။

သက်ခိုင်တို့ စစ်မြေဆီထွက်သွားစဉ်က.... တသောကလုံး ခြောက်ခမ်းနေသည်၊ ပင်တိုင်းက ရွက်ဝါဆင်နေ၏။

ယခုမူ....ကံ့ကော်တို့က မြမြမှောင်ပြနေ၏၊ ပိတောက်တို့က စိမ်းပြသည့်အပြင်.... ခရွှေလွှာဖူးနှင့်မြူးပြကြသေး၏၊ တတိုင်းမွှေးပန်းရုံတို့ကလည်း.... မွှေးပြနေလေသေးသည်၊ နွေကိုမေ့ကြပြီထင်၏။

သက်ခိုင်တို့၌ငွေလည်းမပါ၊ ဝတ်စရာဟူ၍လည်း တင့်တင့်တယ်တယ် ဘာမျှမရှိကြ၊ တကောင်းကျောင်းဆောင်ကြီးသို့ ပြန်လာခဲ့ကြရသည်မှာ အခြားဘယ်သို့မျှ သွားစရာ မရှိကြသောကြောင့် ဖြစ်၏။

တကောင်းကျောင်းဆောင်ကြီးကို ထိုအချိန်၌ ဆရာဦးမောင်မောင်ကလေး (နာမည်ကျော် ဘောလုံးသမားဟောင်း) က အုပ်ချုပ်နေပြီ။

သက်ခိုင်တို့က ဆရာ့ထံအခန်းသွားတောင်းကြသည်၊ ဆရာသည် သဘောကောင်းစွာ သက်ခိုင်တို့အား အခန်းများပေး၏၊ ပို၍ အံ့ဩဘွယ်ကောင်းသည်မှာ ဆရာကတော်က သက်ခိုင်တို့၏မွေ့ရာများ၊ စောင်များ၊ ခေါင်းအုံးများ၊ ခြင်ထောင်များကို ထုတ်ပေးခြင်းဖြစ်၏။

တပ်မတော်မှ ကားကြီးများလာခေါ်စဉ်က.... ဤပစ္စည်းများကို သက်ခိုင်တို့သည် အခန်းတွင်း၌ သည်အတိုင်းစွန့်ထားခဲ့ကြခြင်းဖြစ်သည်။

ချောမောမွန်ရည်သော ဆရာကတော်သည် ပြုံးရင်းရှင်းပြ၏။

"တပ်မတော်ထဲလိုက်သွားတဲ့ ကလေးတွေရဲ့ ပစ္စည်းဆိုဒါ သိရလို့ မမစာရင်းလုပ်ပြီး သိမ်းထားဒါ...."

သက်ခိုင်တို့အားလုံးသည် ဆရာကတော်အား ကျေးဇူးတင်မိကြသည်၊ ဤသို့မဟုတ်က.... အခန်းရသော်လည်း အိပ်ရာမရှိဘဲ....ကုတင်ပေါ်၌ မည်သို့အိပ်ရမှန်းမသိ....။

အဆောင်မှူး သဘောကောင်းသောကြောင့် အခန်းသာရသည်၊ ကျောင်းဆောင်၌ ထမင်းမချက်ရသဖြင့် ဝမ်းရေးကခက်နေသေးသည်၊ ကံအားလျော်စွာ....ကျောင်းဝင်းအတွင်းရှိ ဆိုင်မှ ကရာနီက.... သက်ခိုင်တို့၏ဒုက္ခကို သိသောကြောင့် ကြည်ကြည်ဖြူဖြူအကြွေးနှင့် ထမင်းကျွေးသည်၊ ထမင်းပါမက....လဘက်ရည်၊ ဆေးလိပ်များလည်းပေး၏။

ကိုလေးမောင်၊ ကိုလှဖေ၊ ကိုစောလွင်၊ ကိုမြင့်သောင်း၊ ကိုဝင်းမောင်တို့က မှီရာအသုတ်နှင့် စာမေးပွဲဖြေရန် ကြိုးစားကြ၏၊ (ထိုနှစ်က တက္ကသိုလ်သည် မကြုံဘူးအောင် စာမေးပွဲအကြိမ်ကြိမ်စစ်ပေးသည်။)

မောင်ရှိန်နှင့် တင်မောင်စိုးတို့သလည်း အလုပ်မှထွက်ခဲ့ကြပြီး စာမေးပွဲအတွက် စာကျက်ရန် ကျောင်းဆောင်သို့ပြန်လာခဲ့ကြ၏၊ ထိုအခါအေးဝင်းလည်း ပြန်လာသည်။



ကျောင်းကြီးလည်း ပြန်ဖွင့်ပြီဖြစ်သောကြောင့် ကျောင်းသားများ တဖွဲဖွဲပြန်ရောက်လာကြသည်၊ သူပုန်လက်အောက်ရှိမြို့များမှ ကျောင်းသားများပင် ပြန်လာနေကြ၏၊ ယုမောင်တယောက်သာပြန်မလာ၊ သာယာဝတီမှ အထက်ကို သူတို့မင်းမူစိုးမိုးဆဲပင် ရှိကြသေး၏၊ ထွန်းငွေဘမူ ပြည်ကျောင်းဆောင်တွင် ကုပ်ကုပ်ကလေး စာကျက်နေရှာ၏။

သက်ခိုင်နှင့် အေးဝင်းတို့၏ အခန်းများနှင့် ကပ်လျက်ရှိသော အခန်းနှစ်ခန်းတွင် မန္တလေးမှကျောင်းသားကြီး နှစ်ဦးလာနေကြ၏၊ ကိုဘရီနှင့် ကိုမြစိန်ဟုခေါ်သည်၊ သူတို့ကဘီအယ်(လ်)ဖြေမည့်ကျောင်းသားကြီးများတည်း။

နှစ်ဦးလုံးသည် သဘောလည်းကောင်းကာ.... ငွေလည်းရှင်ကြသည်၊ သက်ခိုင်နှင့်အေးဝင်းကို ခင်ကြရှာ၏၊ သူတို့ထံမှ ပိုက်ဆံလည်း ချေး၍ရသည်၊ အဝတ်လည်း ငှားဝတ်၍ ရ၏။

အခန်းချင်းမကပ်သော်သည်း သက်ခိုင်တို့နှင့် ခင်သောအခြားကျောင်းသားကြီးတဦးရှိသေး၏၊ သူ့နာမည်က....ကိုရွှေသာအောင်ဟုခေါ်သည်၊ ကိုရွှေသာအောင်သည် စာလည်းမကျက်၊ စာမေးပွဲလည်းမဖြေ၊ မြို့တွင်းထွက်၍ကုန်သည်လုပ်နေ၏၊ သူက....သက်ခိုင်နှင့်အေးဝင်းတို့၏ စာများကိုဘတ်၍ခင်မင်သူဖြစ်၏၊ သူကိုယ်တိုင်လည်းအနုပညာကိုမြတ်နိုးသည်၊ မူလင်ဖြစ်သော ကိုရွှေသာအောင်သည် အူရဒူဘာသာကို ကောင်းကောင်းတတ်၏၊ လသာလျှင်.... သူကသက်ခိုင်တို့ကို အူရဒူသီချင်းများဆိုပြပြီး အဓိပ္ပာယ်ကိုလည်းပြန်ပြ၏၊ ကုလားဇာတ်ကားကောင်းကောင်းလာလျှင် သူက သက်ခိုင်တို့ကိုပြခေါ်ရှိ၏၊ မွဲတေသောထိုကာလတွင်....ကိုရွှေသာအောင်သည်

လည်း သက်ခိုင်နှင့်အေးဝင်းအားကိုးရသော ဘဏ်တိုက်ကြီး တတိုက်ပင်တည်း။

သူငယ်ချင်းကောင်းများရှိသော တကောင်း ကျောင်းဆောင်ကြီးတွင် သက်ခိုင်တို့နေသောထိုင်သာရှိပါ၏၊ ခက်သည်မှာကျောင်းတက်ရေးဖြစ်၏။

တက္ကသိုလ်၌ငွေမသွင်းနိုင်သောကြောင့်.... ဒုတိယနှစ်သိပ္ပံတန်းတွင်တက်ရမည့် အေးဝင်းနှင့်သက်ခိုင်တို့တွင် ခုံနံပါတ်များမရှိကြ၊ ခုံနံပါတ်မရှိသည်မှာ တရားဝင် ကျောင်းသားမဟုတ်ဟုပင်အဓိပ္ပာယ်ရ၏။

သီအိုရီသင်တန်းများကိုတက်ရန်မှာ မခက်ခဲလှ၊ လက်တွေ့သင်တန်းတက်ရန်ကမလွယ်၊ လက်တွေ့သင်တန်းတွင် ပစ္စည်းကရိယာများသုံးရသောကြောင့် ခုံနံပါတ်မရှိသည့် ကျောင်းသားကိုလက်မခံနိုင်၊ သိပ္ပံယူသောကျောင်းသားတဦးအနေနှင့် လက်တွေ့သင်တန်းတက်ခွင့်မရလျှင် အခြားဘာတွေလုပ်ရ...လုပ်ရ....အဓိပ္ပာယ်မှုဘာမျှမရှိတော့....။

သက်ခိုင်တို့သည် သင်တန်းပိုင်ဆရာများကို တောင်းပန်၍ လက်တွေ့သင်တန်းများကိုတက်ဖြစ်အောင်တက်သည်၊ ဆရာမဒေါ်ကာလီခွင့်ပြုသောကြောင့် ရူပဗေဒ သင်တန်းကိုငင်း၊ ဆရာဦးအောင်ခင်မြောပေးသောကြောင့် ဓာတုဗေဒသင်တန်းကိုငင်း၊ ဆရာဦးကိုကိုကြီးညှာတာသဖြင့် ရုက္ခဗေဒသင်တန်းကိုငင်း တက်ခွင့်ရကြသည်၊ ဒုက္ခကို သတ္တဗေဒလက်တွေ့သင်တန်း၌လှလှတွေ့ကြ၏။

သတ္တဗေဒလက်တွေ့သင်တန်းတွင် အကောင်ပလောင်များခွဲစိတ်ရ၏၊အကောင်ပလောင်ကိုလူခေ့တက်စေ့စာရင်းပြု၍ပေး



သည်၊ထိုခေတ်က....ဈေးကြီးသောအချို့ အကောင်ပလောင်အတွက် ကျောင်းသားသည်ငွေပင်ပေးရသေး၏။

သက်ခိုင်တို့က....ဆရာဦးသာမြင့်ကိုအပူကပ်ကြ၏၊ခုံနံပါတ်မရှိသောကျောင်းသားများဖြစ်သောကြောင့် ဆရာဦးသာမြင့်အဘော်ခေါင်းရှုပ်သွားရရှာ၏၊ အတန်ကြာမှဖြေသည်။

"အေးလေ့ဒီလောက်ပညာလိုချင်ရင်... ခုံနံပါတ်ရှိရှိ....မရှိရှိ ဆရာမတားလိုဘူး၊ ဆက်ရှင် (ဘီ) မှာ လာလုပ်ကြကွယ်၊ ကလပ်(စ်)လစ်တဲ့လူတွေနေရာမှာဝင်ခဲ့ကြပေါ့၊ နေရာမလစ်ရင်လဲ.... လူများခွဲဒါဘေးကထိုင်ကြည့်ကြပေါ့....၊ ဆရာခွင့်ပြုပါတယ်...."

အေးဝင်းနှင့် သက်ခိုင်သည် သင်တန်းကို နှစ်ပတ်ဘာက်ကြရသည်။

တနေ့တွင် ဌာနမှူးကထိကဆရာမကြီးက လက်တွေ့သင်တန်းများကိုလိုက်စစ်သည်၊ တရားဝင် ကျောင်းသားမဟုတ်သောအေးဝင်းနှင့်သက်ခိုင်ကိုမိသွား၏။

သင်တန်းသားအားလုံးရှေ့တွင် သက်ခိုင်တို့အဆူခံရသည်၊ ထိုနောက် ရုံးခန်းသို့ခေါ်သွားပြီး ဆက်ကြိမ်း၏၊သက်ခိုင်တို့က မိဘများ သူပုန်လက်အောက်တွင်ရှိနေသောကြောင့် ငွေမသွင်းနိုင်၍ ဤသို့ဖြစ်ရကြောင်း ရှင်းပြကြ၏၊ ဆရာမကြီး၏ အဖြေသည် သက်ခိုင်တို့နားမှမထွက်။

"တိုင်းပြည်လုံခြုံရေးက အစိုးရတာဝန်၊ သင်တန်းတွေမှာကျောင်းစည်းကမ်းအတိုင်းရှိဘို့က.... ငါ့တာဝန်၊မင်းတို့ သီအိုရီကလပ်(စ်)တွေ လိုက်တက်ပါ၊ ငါဘာမှမပြောလိုဘူး၊ လက်

တွေ့သင်တန်းတွေကိုတော့....တက်ခွင့်မပေးနိုင်ဘူး၊ အများကြီး ဝမ်းနည်းပါတယ်”

ထိုနေ့က မငိုရုံတမည်.... မျက်နှာငယ်များနှင့် သက်ခိုင်တို့ ပြန်လာကြသည်။

ကံ့ကော်တပင်အောက်တွင်ရပ်လိုက်ကြပြီး.... အေးဝင်းက ဝမ်းနည်းစွာဆိုသည်။

“သက်ခိုင်ရေ....၊ ဒို့....ကံ့ကော်တောကို စွန့်ကြစို့လား”

သက်ခိုင်က.... ကံ့ကော်ပင်ကိုဘက်လိုက်သည်၊ မျက်ရည်ကျရင်းဖြေမိသည်။

“ကံ့ကော်တောက ခဏပြေးရအောင်လို့ဆိုပါ သူငယ်ချင်း၊ ကံ့ကော်တောကိုငါမစွန့်နိုင်ဘူး၊ အစက....ငါဆရာဝန်လုပ်မယ်စိတ်ကူးမိတယ်၊ ဒီနေ့ငါ စိတ်ပြောင်းလိုက်ပီ၊ အိုင်အက်(စ်)စီအောင်ရင် ငါဘာသာပြောင်းတော့မယ်၊ ပီးတော့ ကံ့ကော်တောကရုက္ခစိုးဖြစ်အောင်ငါကြိုးစားမယ်၊ ငါရုက္ခစိုးဖြစ်လာရင်....ငါ့ကံ့ကော်ရိပ်က– အပြစ်မဲ့တဲ့ဘယ်ကျောင်းသားကိုမှနှင်မထုတ်ဘူး၊နှင်ထုတ်မဲ့လူတွေကိုလဲ....ငါ....ငါ....”

ဒေါသနှင့် ဝမ်းနည်းခြင်းတို့ကြောင့် သက်ခိုင်၏ရင်မှာဆို့ပြီး....အသံလည်းနစ်သွား၏။

အေးဝင်းကရယ်ချလိုက်၏၊ သူ့ရယ်သံမှာလည်း ငိုသံပါနေ၏။

“ထားပါတော့သူငယ်ချင်းရာ၊ ဒို့အခု အလုပ်ထွက်ရှာရအောင်၊ ပညာသင်ခွင့်ရရင်တော့.... ငတ်တလှည့် ပြတ်တလှည့်နေရဒါမထောင်းတာဘူး၊ အသားလွတ်တော့ငတ်မနေနိုင်ဘူး မြီးရထားရုံးမှာ မောင်ရှိန်နဲ့တင်မောင်စိုး ထွက်လာတဲ့နေရာကို



လူစား မခန့်ရသေးဘူးနဲ့တူတယ်၊ အဲဒီကိုပြေးကြရအောင်၊ အလုပ်မရရင်လဲ ဒို့စာရေးစားကြမယ်ကွာ၊ ကဲ....လစ်ကြစို့”

\+ \+ \+

အေးဝင်းနှင့် သက်ခိုင်သည် မီးရထားရုံးကြီး၌ အောက်တန်းစာရေးရာထူးရကြ၏၊ ထမင်းမှန်ရေမှန်သည်း ဖြစ်လာကြသည်၊ တကောင်း ကျောင်းဆောင်ကြီးကိုတော့ စွန့်ခဲ့ရ၏။

အေးဝင်းနှင့်သက်ခိုင်သည် လမ်းစရိတ် သက်သာရန် တင်မောင်စိုး၏ ဘားလမ်းနေအိမ်မှ ရုံးတက်ကြသည်၊ စနေ....သို့မဟုတ်...တနင်္ဂနွေနေ့များကျမှ ကျောင်းဆောင်သို့ ပြန်ကြပြီး (ယခုအခါ တကောင်းကျောင်းဆောင်သို့ ရောက်နေကြသည့်) မောင်မောင်ကျော်၊ လှထွေး စသည့် ပါဏဗေဒ ယူသောကျောင်းသားများထံမှ မှတ်စုကူးယူကြသည်။

သီတင်းကျွတ်ပြီးလျှင် ကျောင်း၌ငွေသွင်းနိုင်ရန်....ချွေချွေတာတာသုံးပြီးငွေစုကြ၏။

အေးဝင်းသည် မွန်းကိုအဆက်ဖြတ်ထား၏၊ ဒုက္ခရောက်နေစဉ် ချစ်သူကိုတွေ့လျှင် သူပါစိတ်မချမ်းမသာ ဖြစ်မည်စိုးသောကြောင့်ဟုအကြောင်းပြသည်။

သက်ခိုင်ကလည်း မလေးနွယ်တို့အိမ်မသွား၊ မသွားသည့်ပြင် တက္ကသိုလ်နယ်မြေသို့ မိမိပြန်ရောက်ကြောင်းမပေါ်ရန် သူငယ်ချင်းများကိုပိတ်ထား၏။

တနင်္ဂနွေနေ့....တနေ့တွင် အေးဝင်းနှင့် သက်ခိုင်သည် ကျောင်းဆောင်သို့ပြန်လာခဲ့သည်၊ ပြည်မြို့ကိုဖြတ်၍ပြန်လာခဲ့သော ပခုက္ကူမှကျောင်းသား ကိုထွန်းရွှေကိုတွေ့ကြ၏၊ ကိုထွန်းရွှေထံမှ ဝမ်းနည်းဘွယ်သတင်းတရပ်ကို ကြားရသည်။

သူပုန်နယ်မှ အစိုးရနယ်အကူးတွင် အခက်အခဲမရှိရန် ကို ထွန်းရွှေတို့သည် ပြည်ရှိရဲဘော်ဖြူခေတ္တရာတပ်ခွဲသို့ ဝင်အကူ အညီတောင်းကြသည်၊ ယုမောင်သည်.... ဤတပ်ခွဲ၌တပ်ခွဲမှူး လုပ်နေကြောင်း ထွန်းရွှေတို့က သိပြီး၍ဖြစ်၏၊ ယုမောင်ကို မတွေ့ခဲ့ကြရ၊ ဗိုလ်ကွန်းဇော်ထံမှသာ ယုမောင်၏ သတင်းကို ကြားခဲ့ရသည်....၊ယုမောင်သည်သူ့တပ်နှင့်မြန်အောင်ဘက်သို့ စစ်ချီတက်သွားသည်၊ မြန်အောင်တွင် ကေအင်ဒီအို တို့နှင့် တိုက်ပွဲဖြစ်သည်၊ ကေအင်ဒီအိုတို့၏....အဆိပ်လူးသောရှားနှစ် သား ကျည်ဆံမှန်သောကြောင့် ယုမောင်ကိုပြည်ဆေးရုံကြီး သို့ သယ်လာခဲ့ရ၏....၊ပြည်ဆေးရုံကြီးတွင် ယုမောင်ကွယ်လွန် လေသတည်း....။

သက်ခိုင်တို့သည်ဤအကြောင်းအကျိုးကိုပြောရန်ထွန်းငွေ ၏အခန်းသို့ထွက်လာကြသည်။

အခန်းတွင်း၌ထွန်းငွေသည် စာတစောင်ကိုကုန်းရေးနေ၏၊ သက်ခိုင်တို့ကတံခါးခေါက်မှ ထွန်းငွေသည် စာကို စာအုပ် တအုပ်ကြားညှပ်ဝှက်လိုက်ပြီး နေရာမှထ၍ တံခါးဖွင့်ပေး သည်။

အခန်းတွင်းသို့ရောက်လျှင်ရောက်ခြင်းအေးဝင်းကထွန်းငွေ ဝှက်ထားသောစာကို ဖျတ်ကနဲဆွဲယူလိုက်သည်၊ ထွန်းငွေကအ ဟင်းလိုက်လု၏၊ အရပ်ရှည်သောအေးဝင်းကစာကိုင်ထားသည့် လက်တံရှည်ကိုမြှောက်ထားသောကြောင့် ထွန်းငွေလုမမီ၊

ထွန်းငွေသည်ကုလားထိုင်၌မျောက်မှိုင်မှိုင်ထိုင်၏။

“အေးကွာ....၊အေးကွာ....၊လူများရဲ့ ပရိုက်ဗိတ်စာကို.... မင်းတို့ဘတ်ချင်လဲဘတ်ကြပေါ့၊ မင်းတို့မှာ.... ကားလ်ချား



(ယဉ်ကျေးမှု) မရှိဘူးလို့.... ငါဝမ်းနည်းရမှာဘဲ၊ အဟင့်... ဟင့်....ဟင့်....”

အေးဝင်းသည် ထွန်းငွေ၏ စကားကြောင့် လက်ပြန်ချ လိုက်သည်။

“ယဉ်ယဉ်ကျေးကျေးနဲ့ တော့မဆဲနဲ့ကွာ....မောင်ညိုမှိုင်း၊ ရော့မင့်စာ....မင်ပြန်ယူ....”

ထိုအခါကျပြန်တော့လည်း ထွန်းငွေကသဘောကောင်းလှ စွာဆိုသည်။

“ဘတ်ချင်ရင်လဲ ဘတ်ကြကွာ၊ ငါအရူးထရေးထားဒါ ဘဲ၊အရူးထပီးမှ... အဝေဖန်ခံရမှာတော့ မကြောက်ပါဘူး....”

အေးဝင်းနှင့်သက်ခိုင်က သူ့စာကိုဘတ်ကြ၏။

“ချစ်သည်၊ ချစ်မိသည်၊ ချစ်ခဲ့မိသည်၊ ချစ်ရလိမ့်အုံးမည်၊ ဒုက္ခ....၊ ဘဝ၏ဒုက္ခ။

မြင့်သည်၊ ကွာသည်၊ လှမ်းသည်၊ ခြားသည်၊ သို့သော်.... မှန်းမိသည်၊ အမှား....၊ အမှား....၊ ဘဝ၏အမှား....။

ရှောင်မည်၊ တိမ်းမည်၊ ပြေးမည်၊ အရှုံး....၊ အရှုံး....၊ ဘဝ၏အရှုံး....”

သူ့စာကိုဘတ်ပြီး အေးဝင်းနှင့်သက်ခိုင်တို့သည်ရယ်ကြ၏၊ သူကသာ လေအေးလေးနှင့်ဆို၏။

“အေး....ရယ်ကြ၊ ရယ်ကြ၊ ငါကစိတ်မဆိုးဘူး၊ ဒါ....ငါ့ ကိုယ်ကိုငါပြန် ဝေဖန်ထားဒါ၊ ဆက်ဝန်ခံ လိုက်အုံးမယ်....၊ အဲဒါ...ယုအတွက်ရေးဒါ၊ ငါကသူ့ကို ရွှေသီလို့ခေါ်တယ်၊ မယ်သီလရင်လေးနဲ့ တူလွန်းလို့....”

သက်ခိုင်သည်ရင်၌ဆို့သွားသည်၊ယုကို....ယုမောင်ကလည်း မယ်သီသရင်ကလေးဟု ခေါ်၏။

သက်ခိုင်က သက်ပြင်းရှိုက်ပြီးပြော၏။

"ထွန်းငွေ.... ဒို့လာဒါ.... ယုကို မင်းလိုဘဲ မယ်သီသရင်ကလေးလို့ခေါ်ခဲ့တဲ့ လူဘယောက်အကြောင်း ပြောမလို့၊ ယုမောင်အကြောင်းဘဲ....ထွန်းငွေ"

"ယုမောင်ဘာဖြစ်လို့လဲ"

အေးဝင်းကဖြေးလေးစွာဝင်ပြော၏။

"ယုမောင်ကျဆုံးသွားဘီ"

ထွန်းငွေသည်.... တချက်ငိုင်ကျသွား၏၊ အတန်ကြာမှဆိုသည်။

"ဟုတ်လား....၊ ဒါဖြင့်....ငါနဲ့သူ ဘဝတူဘဲ...."

"ဘာပြောတယ်မောင်ညိုမှိုင်း"

"ငါနဲ့သူဘဝတူဘဲလို့....၊ ငါလဲ....ကျဆုံးသွားဘီ သူငယ်ချင်းတို့...."

သက်ခိုင်တို့က နားမလည်နိုင်ဘဲ သူ့ကိုကြည့်သည်။

"သူ ဘနေရာမှထပြီး.... "လာကွာ.... အေးအေးဆေးဆေး အပြင်ဘက်ထွက်စကားပြောရအောင်"ဟု ခေါ်သည်။

သုံးဦးသားသည် အပြင်ထွက်လာပြီး မြက်ခင်းပြင်ပေါ်၌ ထိုင်ကြ၏။

ထွန်းငွေကစမေးသည်။

"မင်းတို့ငါ့ကို ကွန်မြူနစ်တယောက်လို့ ထင်သလား"

"မင်းမဟုတ်ဘူးလား"



"မဟုတ်ဘူး၊ ကွန်မြူနစ်တယောက်ဖြစ်လာအောင် ငါကြိုးစားခဲ့ဒါကြာဘီ၊ ဒါပေမဲ့ ပါတီဝင်အဆင့်ကို မရောက်ခဲ့ဘူး၊ အခုကြိုးစားရင်းက ငါကျဆုံးသွားဘီ"

"မင်းဒီစကားပြောဒါ နှစ်ခါရှိဘီ"

"ဟုတ်တယ်၊ တတိယအကြိမ်ပြန်ပြောအုံးမယ်၊ ငါကျဆုံးသွားဘီ၊ ဒီအတွက် ဝမ်းနည်းရမလား....ဝမ်းသာရမလားလဲမသိဘူး၊ အေးလေ-ငါ့ရဲဘော်တွေကတော့ ငါ့ကိုအခေါင်းအသင်း မလုပ်ကြတော့ဘူး၊ တောထဲမှာဆိုရင် သေဒဏ် တောင် ထိမလားမပြောတတ်ဘူး"

အေးဝင်းကအံ့သြစွာနှင့်"ဘယ်လိုဖြစ်ထာတုန်းကွာ...." ဟုမေးသည်။

"အကြီးဆုံးဖြစ်မှုပေါ့ကွာ၊ ပါတီကို ပြန်ဝေဘန်မိလို့...."

"ဘယ်လို....၊ ဘယ်လို...."

"မင်းတို့နဲ့ ဟိုတညက ခွဲသွားပီးကတဲက ငါအကြိမ်ကြိမ်စဉ်းစားမိခဲ့တယ်၊ ဒို့ပါတီဟာ စာအုပ်ကြီးအတိုင်း လိုက်ပီး အမျိုးသားရေးကို လှစ် လျူ ရှုလွန်း အားကြီးတယ်လို့ မြင်လာတယ်၊ အင်းစိန် အရေးပေါ်တုန်း သပိတ်ကိုင်ခိုင်းဒါဟာ လဲမှားတယ်လို့ ထင်တယ်၊ သပိတ်မအောင်တော့....ငါ့ထင်မြင်ချက်ဟာ မှန်တယ်လို့ ငါပိုယုံလာတယ်၊ ဒို့ လုပ်ချင်ဒါနဲ့ ပြည်သူ့ဆန္ဒဟာ တခြားစီဖြစ်နေတယ်ဆိုဒါကိုသဘောပေါက်လာတယ်၊ ဒါကိုငါက....ငါတို့စဲ(လ်)မှာတင်ပြမိခဲ့တယ်...."

သက်ခိုင်ကဝင်ပြီးပြော၏။

"ဒါလောက်များအပြစ်ကြီးသလားကွာ၊ မင်းတို့မှာပါတီတွင်းခဝေဘန်မှုရှိတယ်မဟုတ်လား...."

မောင်ညိုမှိုင်းကခေါင်းခါသည်။

"အဲဒါကလဲစာအုပ်ကြီးပေါ်မှာပါကွာ၊ ထားပါတော့လေ ဒီ့ထက်ကြီးတဲ့အပြစ်ကို ငါကထပ်ကျူးလွန်မိတယ်၊ သူတို့က အခုဒို့ ပြည်တွင်းတော်လှန်ရေးကဒုတိယ၊ အာရှတိုက်ကြီး တခုလုံးရဲ့တော်လှန်ရေးကပထမ လို့ဆိုနေပြန်ဘယ်၊ အာရှတိုက်ကြီးဆိုဒါကလဲ....တိုင်းပြည်ကြီးတပြည်ကို ဆိုလိုဒါပါ"

အေးဝင်းနှင့် သက်ခိုင်တနားလည်ကြောင်းခေါင်းညိတ်ပြကြ၏။

"တချို့က ဘယ်ထိတောင်ဆိုလာသလဲဆိုတော့....ဒို့တပ်နီတွေဟာ....အဲဒီတိုင်းပြည်ကြီးရဲ့ အရံတပ်ဖြစ်ရမယ်တဲ့၊ မုတ္တသည်နေ့(သ်)....မြောက်ဆီရွေ့ခံရေးကိုတောင် ပြောနေကြတယ်...."

"ဒီတော့...."

"ဒီတော့ ငါဝေဘန်မိဒါပေါ့၊ ကမ္ဘာ့ ဆိုရှယ်လစ်နိုင်ငံချင်းချစ်ကြည်ရေးဟာတကကွာ၊ အမျိုးသားအချုပ်အခြာအာဏာပိုင်မှုကတကကွာ၊ ကုန်ကုန်ပြောမယ်....၊တပြည်မှ တပြည် အလုပ်သမား ဝင်ခွင့်ထွက်ခွင့်ကိုတောင် စာအုပ်ကြီးအတိုင်း လုပ်လို့မသင့်ဘူး.... စာအုပ်ကြီးအတိုင်းဆိုရင်....ကမ္ဘာမှာ လူမျိုးဆိုဒါမရှိဘူး၊ အလုပ်သမားတွေသာရှိဘယ်၊ ပြည်သူ့ဒီမိုကရေစီနိုင်ငံအချင်းချင်း အလုပ်သမားတွေဟာ လွတ်လပ်စွာကူးသန်းထွက်ဝင်ခွင့်ပြုစတမ်းဆိုရင်....နိုင်ငံငယ်တွေမှာ အမျိုးပျောက်မှာဘဲ၊သန်းခြောက်ရာရှိတဲ့တပြည်နဲ့....ဆယ့်ငါးသန်းရှိတဲ့တပြည်ကို ဥပမာယူကြည့်လေ၊ လွတ်လပ်စွာ ထွက်ဝင်ခွင့်တွေပေးလိုက်ရင်....ရေစည်ပေါက်ဘာနဲ့ ဆည်ပေါက်ထာ



လိုဘဲ၊ ဘယ်ရေကလွှမ်းသွားမယ်ဆိုဒါ မြင်နိုင်တယ်၊ ဥရောပက ဆိုရှယ်လစ်နိုင်ငံငယ်တွေဟာ....ဒီကိစ္စကိုမြင်ပြီး ရှန်းကန်နေကြတယ်၊ငါကအဲဒါတွေကိုဖွင့်ဆွေးနွေးဘယ်၊အဲဒီတော့–"

ထွန်းငွေသည် သူ့ဘာသာသူ သဘောကျစွာရယ်နေ၏၊ ရယ်၍အားရမှဆက်ပြော၏။

"ငါ့ကိုဘွဲ့တွေပေးလိုက်ကြဒါမှ တထပ်ကြီးဘဲ၊ ဘရောက်ဒါဝါဒသမား၊ သိန်းဖေဘပည့်၊ တီတိုးဂိုဏ်းသား၊ ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေးရဲ့ အန္တရာယ်ကောင်၊ လစ်ဘရယ်ဆိုရှယ်လစ်အချောင်သမား၊ နေရှင်နယ်ဘူဇွာအမြင်မစွန့်သူ....၊ စုံသွားဒါဘဲကွာ၊ ဒို့ရဲဘော်တွေက နာမည်ပေးတဲ့နေရာမှာတော့....ပထမတန်းဘဲ....၊သိပ်တော်ကြတယ်...."

အေးဝင်းကမေး၏။

"ဒါဖြင့်....မင်းအခု....ဘာလုပ်နေသလဲ.... မောင်ညိုမှိုင်း"

"ငါ့ကိုယ်ကို ငါဝေဖန်ရေး ထိုင်လုပ်နေတယ်၊ ခုနင်ကမင်းတို့ဘတ်ခဲ့ရတဲ့ စာဟာလဲ....အဲဒီလုပ်ငန်းရဲ့ တစိတ်တဒေသဘဲ....၊အဟင်း....ဟား....ဟင်း"

စကားသည်မပြောသင့်ဘဲပြတ်သွားရ၏။

အကြောင်းကား....စတူဒီဘေကာ....ငွေရောင်ကားဖြူသည် တကောင်းကျောင်းဆောင်ရှေ့၌ ထိုးဆိုက်လာသောကြောင့်ဖြစ်၏။

အေးဝင်းနှင့် ထွန်းငွေကသက်ခိုင်ကို ပြိုင်တူစိုက်ကြည့်ကြသည်။

သက်ခိုင်က ကားဆီလှမ်းကြည့်သည်၊ ကားပေါ်မှမလေးနွယ်နှင့် ဦးချစ်တိုးတို့ဆင်းလာပြီး အဆောင်ပေါ်သို့ တက်သွားသည်ကိုမြင်ရ၏။

သက်ခိုင်သည်မတုန်မလှုပ်နှင့် ဆက်ထိုင်နေ၏၊ အေးဝင်းက တောင်းပန်သည်။

"ဒါတော့ မကောင်းပါဘူး သက်ခိုင်ရာ၊ သွားလိုက်ပါ။ ပြီးတော့မှ....မင်းဆုံးဖြတ်ချင်ဒါ ဆုံးဖြတ်ပေါ့...."

အေးဝင်းသည်လည်း.... ကိုလှဖေ၏နည်းတူ သက်ခိုင်တို့၏ ဇာတ်လမ်းကိုသိပြီးဖြစ်၏၊ထို့ကြောင့်သူက အထက်ပါစကားကို ပြောခြင်းဖြစ်၏။

သက်ခိုင်သည်နေရာမှထကာ ကားဆီသို့သွား၏ ထိုအချိန်မှာပင် မလေးနွယ်၊ ဦးချစ်တိုးနှင့် ကိုဘရီတို့သည် အဆောင်ပေါ်မှ ဆင်းလာကြ၏။

သက်ခိုင်ကို....ကိုဘရီကအရင်လှမ်းမြင်သဖြင့် အော်၏။

"ဟေ့.... သက်ခိုင်....၊ ဒီမှာ.... မင်း ကို လာ ရှာ နေတယ်။ ကိုကြီးနဲ့ တွေ့ဒါ နှစ်ခါရှိဘီကွ...."

သက်ခိုင်ကကားဦးတွင်ရပ်နေသည်၊ မလေးနွယ်ကလှေကားမှပြေးဆင်းလာပြီး သက်ခိုင်ကိုကြည့်သည်၊ ကြည့်စဉ်မျက်လုံးပြာများမှ မျက်ရည်ပေါက်ကြီးများ စီးကျလာ၏။

သက်ခိုင်က အပြစ်ရှိသောတရားခံကဲ့သို့ ငြိမ်ရပ် နေ၏။

မလေးနွယ်က ရှုတ်တရက်ပြုံးလိုက်သည်၊ ထို့နောက်.... အိတ်တွင်းမှ ငွေတမတ်ကိုထုတ်ပြီး ဦးချစ်တိုးကိုပေးသည်။

"ရော့....ဦးလေးကိုချစ်တိုး၊မောင့်အတွက်ကားခ၊မောင်က နွယ်ဘို့ကားကို အလကားမစီးချင်ဘူး"



မလေးနွယ်သည် တဆက်တည်း ကား၏နောက်ခန်းတံခါးကိုဖွင့်လိုက်၏။

"တက်လေမောင်....၊ မမနွယ်ကားခပေးပြီးပါဘီ"

သက်ခိုင်သည် ကားပေါ်သို့တက်လိုက်ရ၏၊ ထိုအခါကျမှ သတိမထားမိသောကြောင့် မမြင်မိသူကိုတွေ့ရသည်။

ကား၏နောက်ခန်း တထောင့်တွင် ငြိမ်ငြိမ်ထိုင်နေသူကား အခြားသူမဟုတ်၊ ဒေါ်ကြီးခက်ခက်....။

မမြော်လင့်စွာ....ဒေါ်ကြီးခက်ခက်သည်.... သက်ခိုင်ကိုပြုံး ကြည့်နေ၏။

သက်ခိုင်ကအံ့သြလွန်း၍ ပြန်၍ပင်ပြုံးမပြမိ။

မလေးနွယ်က.... ကား ပေါ် တက် လိုက်ပြီး တံခါးကိုပိတ် လိုက်၏။

ဦးလေးကိုချစ်တိုးရေ....မောင်းတော့...."

ကျောင်းဆောင်ရှေ့ကားထိပ်၌ ကို ဘ ရီ သည် ပါး စပ် အဟောင်းသားနှင့် ကျန်ရစ်သည်။

\+ + +

ဝင်ဒါမီယာခြံတွင်း တန်း၏ဘေးတွင်မလေးနွယ်က သက်ခိုင်ကို ဖက်ငိုသည်၊ ငိုသူကိုမည်သို့မည်ပုံ ချော့ရမှန်းမသိသော သက်ခိုင်က အံကြိတ်၍သာ ငြိမ်ခံနေရ၏၊

ငို၍အားရမှ မလေးနွယ်ကသက်ခိုင်ကို ရန်တွေ့သည်။

"မောင်....သိပ်နေနိုင်တယ်၊ ပြီးတော့....သိပ်ရက်စက်တယ်။ မောင့်အသဲနှလုံးဟာ... ဒီလောက်....မာမှန်း....မမနွယ်အစက.... မသိဘူး...."

သက်ခိုင်က....ဘာမျှ....ပြန်မဖြေ။

"ကျောင်းပြန်ဖွင့်ဘီဆိုတော့....မောင်ပြန်လာမှာဘဲ....ဆို....မမနွယ်....မျှော်နေတယ်၊ မောင်ကပေါ်မလာဘူး၊ တကောင်းဟောက မောင့်သူငယ်ချင်းတွေကို သွားစုံစမ်းတယ်၊ သူတို့အားလုံးက....မောင်တပ်ထဲမှာ နေရစ်တယ်လို့ ဖြေကြတယ်.... မမနွယ်မယုံဘူးမောင်....၊ကိုဝင်းအောင်တို့ကိုမောင်မောင်မှင်တို့ကို လူမောင်တို့လိုဘဲ....မောင်ဟာ....စစ်မြေပြင်မှာ ကျကျန်ရစ်ပလို့ မမနွယ်ထင်ခဲ့ရတယ်....၊သင်လို့ ငိုသာငိုခဲ့ရတယ်....မောင်တယောက်....သေသွားဘီဆိုဒါကို မမနွယ့်အသဲနှလုံးကလက်မခံနိုင်ဘူး၊ သိလား....မောင်...."

သက်ခိုင်သည်အံကိုသာဆက်ကြိတ်ထားသည်၊ ဘာမျှ ပြန်မဖြေ။

"မောင့်ရည်ရွယ်ချက်တခုဘော့ ပြည့်သွားပါဘီမောင်....၊ ဒီလောကကြီးမှာ မောင်မရှိလေတော့ဘူးလို့ ထင်တော့မမနွယ်အားလုံးကိုအရှုံးပေးလိုက်ပီ၊ဒီနေ့....ဒီအချိန်မှာ....တလောကလုံးမှာ အပျော်ဆုံးလူတယောက်ဟာ.... အနီတီ ဲမောင်....၊ မမနွယ်ပြောဒါကိုမောင်နားလည်ရဲ့လား...."

သက်ခိုင်နားလည်သည်၊ ကောင်းကောင်းနားလည်သည်၊ နားလည်မိသောကြောင့် ဝမ်းနည်းလျက်က ဝမ်းသာမိသည်။

သူသည်ရင်တွင်း၌ ဘာမျှမဖြစ်သည့်ဟန် မလေးနွယ်၏ လက်ကလေးကိုဆွဲပြီး ခုံတန်းပေါ်၌ထိုင်ခိုင်း၏၊ အလွန်တည်သောမျက်နှာထားနှင့်မေး၏။

"အခု....မောင်ရှိနေမှန်း....မမနွယ်ဘယ်လိုလုပ်သိသလဲ...."

"တနေ့က....ဥပဒေပါမောက္ခဘာ ဘေဘာနဲ့ လာထမင်းစားတယ်၊ သူနဲ့အတူ မန္တလေးက.... ဥပဒေကျောင်းသား



ကိုဘရိန်နဲ့ ကိုမြစိန်ပါလာကြတယ်၊သူတို့ကတကောင်းဟောမှာနေတယ်ဆိုလို့ ....စကားစပ်မိရာက.... မောင်နဲ့ ....ကိုအေးဝင်းမီးရထားရုံးကြီးမှာ....အောက်တန်းစာရေး ဝင်လုပ်နေဒါမမနွယ်သိရတယ်၊ ဩော်....မောင်....နေအုံး...."

မလေးနွယ်သည် လက်ပွေ့အိတ်ကိုဖွင့်ပြီး....စာရွက်အချို့ကိုထုတ်ယူပြသည်၊ စာရွက်များတွင် ရန်ကုန်တက္ကသိုလ်တံဆိပ်ရိုက်ထားသည်။

ကျောင်းလခနှင့် အဆောင်ကြေးသွင်းပြီးကြောင်းဖေါ်ပြသည့်ပြေစာများဖြစ်ကြ၏။

"ငွေကိုလက်မခံတဲ့.... မောင့်အတွက်.... မမနွယ်.... ဒါတွေလုပ်ထားမိတယ်၊ မောင်.... မမနွယ်ကိုစိတ်ဆိုးအုံးမလား...."

သက်ခိုင်သည်မလေးနွယ်၏ မျက်လုံးများကို စေ့စေ့ကြည့်မိသည်၊ ဝမ်းနည်းပင်ပန်းသော မလေးနွယ်၏ မျက်လုံးပြာများက....တောင်းပန်စွာသူ့ကိုပြန်ကြည့်နေသည်။

သက်ခိုင်သည် သက်ပြင်းကိုသာ ပြင်းစွာရှိုက်သိုက်ရ၏၊ ဒေါ်ကြီးခက်ခက် သည်.... ချဉ်းကပ်ရောက်လာ၏၊

"နွယ်နဲ့....လူကလေး....၊ လာ.... ထမင်းစားကြရအောင်"

မလေးနွယ်၏တောင်းပန်သော မျက်လုံးပြာများ က သက်ခိုင်ကိုစိုက်ကြည့်မြဲကြည့်နေသည်။

သက်ခိုင်က ဖြေးညှင်းစွာ နေရာမှထပြီး....မလေးနွယ်ကိုမေးသည်။

"အကိုဘမြိုင်....ဘယ်တော့ပြန်ရောက်မလဲ....မမနွယ်"

"နွေမှာတဲ့....မောင်....၊ ဘာပြုလို့လဲ...."

သက်ခိုင်က....အဓိပ္ပာယ်မရှိ ရယ်မိ၏။

"ကြော်....နေ့မှာတဲ့လား....၊မောင်တို့မှာ... တဆောင်းကျန်ပါသေးတယ်...မမနွယ်၊ တဆောင်းကျန်ပါသေးတယ်"

## အခန်း- ၃၂

### မိုးနတ်ဒေဝီသို့နှုတ်ဆက်ခြင်း

လွမ်းဘွယ်သောတဆောင်းသည် လျှင်မြန်စွာကုန်ခဲ့ရ၏။

မလေးနွယ်၏ကျေးဇူးကြောင့် အဆောင်သို့ ပြန်ရောက်ခဲ့ရသောသက်ခိုင်သည် တဆောင်းလုံး ကျောင်းမှန်မှန်တက်သည်၊ စာကိုလည်း အပြင်းအထန်ကြည့်သည်။

ထိုဆောင်းအတွင်း ဝမ်းနည်းဘွယ်ခွဲခွာရခြင်းတို့ကို ကြုံရသည်။

ဘီခင်... ဆုံးခဲ့ပြီး ဖြစ်သောကြောင့် ကျောင်းဆက်မတက်နိုင်တော့သော တင်မောင်စိုးသည်....ဥပစာတန်းအောင်အပြီး၌ ရေတပ်မတော်သို့ဝင်ကာ အင်္ဂလန်ပြည် ဒါတ်မောက်သ်မြို့သို့ ပညာတော်သင်အဖြစ် ထွက်ခွာသွားသည်၊ ကိုလှဖေ၊ ကိုအေးမောင်နှင့် ကိုစောလွင်တို့က မေမြို့ ဗိုလ်သင်တန်းကျောင်းသို့ တက်သွားကြသည်၊ သူတို့နောက်သို့ ဝင်းမောင်(ပီတာ)လည်း လိုက်သွားသည်၊ အေးဝင်းကလည်း ကံ့ကော်တောကို စွန့်သွားသည်၊ မောင်ရှိန်က ပင်းယကျောင်းဆောင်သို့ ရွှေ့သွားကာ ဘီအက်စီဆက်တက်နေ၏၊ ထွန်းငွေလည်း ဘယ်ပျောက်သွားမှန်းမသိ။



တကောင်းကျောင်းဆောင်တွင် ကိုမြင့်သောင်းနှင့်....သက်ခိုင်သာ ကျန်ရစ်တော့၏။

ကိုမြင့်သောင်းက-တတိယနှစ်ဘီအက်စီ အင်ဂျင်နီယာသင်တန်းအောင်ရန် မအိပ်မနေစာကြည့်သည်၊ သက်ခိုင်ကဆရာဝန်မလုပ်လိုတော့သော်လည်း ယူလက်စ ဖြစ်သောကြောင့် အိုင်အက်စ် ဒုတိယနှစ်စာမေးပွဲကြီးအတွက် အပြင်းအထန်ကြိုးစားသည်။

ကိုမြင့်သောင်းက....တညတွင်မေးသည်။

"မောင်ရင်....သိပ်စာကြိုးစားနေပါကလား....၊ကဗျာဆရာက....ဆရာဝန်သိပ်ဖြစ်ချင်နေသလား"

သက်ခိုင်က ပြုံးပြီးဖြေသည်။

"ဆရာဝန် မဖြစ်ချင်ပါဘူး၊ စာကျက်သာကတော့.... စာမေးပွဲအောင်ဘို့ဘဲ၊ ဒီမှာ.... ရှနက်ကြီး....၊ ကိုယ်ဘာဖြစ်ချင်သလဲ....သိလား...."

"ဟာ... ကဗျာဆရာရ ...၊ ကိုယ်က....ဘယ်လိုလုပ်သိနိုင်မလဲ"

"အေး....၊ ကိုယ်.... ရက္ခစိုးဖြစ်ချင်တယ်၊ ကံ့ကော်တောရဲ့ရက္ခစိုးဖြစ်ချင်တယ်၊ ဒါကြောင့်စာကြည့်နေဒါ-ရှနက်ရေ့"

ရောက်လာသောနွေဦး၌ သက်ခိုင်သည် စာမေးပွဲကိုကောင်းစွာဖြေနိုင်ခဲ့သည်။

ထိုနွေဦး၌ပင်.... မလေးနွယ်နှင့် (ဘိလပ်မှ ခေတ္တပြန်လာသော) ကိုဘမြိုင်တို့လက်ထပ်ကြ၏။

\+ \+ \+

လက်ထပ်ပွဲကို မြို့တော်ခန်းမ၌ အကြီးအကျယ် ဆင်ယင်သည်။

ညပိုင်းတွင်အိမ်၌ သီးသန့်တပွဲကျင်းပ၏။

ရေနံချောင်းမြို့သည် သူပုန်လက်တွင်း၌ရှိသေးလင့်ကစား.... မန္တလေးမှတဆင့် တွင်းရိုး တွင်းစား တို့သည် လက်ထပ်ပွဲသို့ ရောက်လာကြ၏။

သတို့သမီးက....ထဗ္ဗီစ၊ သတို့သားက ပုဆိုးစ....။

သတို့သားက....အယ်(လ်)အယ်(လ်)ဒီဘွဲ့အတွက် ဘိလပ်သို့ပြန်သွားမည်၊ သတို့သမီးက ရောင်နောက် ဆံထုံးပါက ဘိလပ်သို့လိုက်ရမည်၊ သန်ဒန်မြို့ ...စကူးအော့ဖ် အီကောနော်မစ်(စ်)ခေါ် စီးပွားရေးတက္ကသိုလ်၌ ဆက် ပညာသင်မည်၊ ဟန်းနီ မွန်းခေါ်....အိမ်ထောင်ဦးချစ်ရက်များကို– ဆွစ်ဇာလန်ပြည်၌ အချိန်ဖြုန်း....သုံးကြမည်။

နဝရတ်ရောင်စုံ စာရင်းဝင်တို့အတွက်.... ဂုဏ်ယူဘွယ်သော ပွဲကြီးပွဲကောင်းဖြစ်ပါ၏၊....၊ ဖြစ်ပါ၏။....။

နဝရတ်ရောင်စုံစာရင်း၌ မပါသူကား....သက်ခိုင်တယောက်တည်းသာတည်း....။

ထမင်းစားသောက်ကြအပြီး၌ သူတို့အားလုံး စုဝေးကြသည်။

ဒေါ်ကြီးခက်ခက်သည်....နဝရတ်ရောင်စုံကျမ်းကို အားလုံးမြင်အောင် လှည့်လည်ပြသည်။

ဒေါ်မြခက်၏ထဗ္ဗီစ ၌... မလေးနွယ် ဟူသော ရွှေစာလုံးများတိုးလာ၏။....။

အားလုံးက အသိအမှတ်ပြုကြောင်း ခေါင်းညိတ်ပြ၏၊ ဒေါ်ကြီးခက်ခက်က ဆက်ကြေငြာသည်။



"ကျွန်တော်မ....ခက်ခက်ကိုအားလုံးသိပြီးပါ၊ ကျွန်တော်မရဲ့ညီမ သက်သက်ကိုလဲ အားလုံးသိပြီးပါ၊ သက်သက်ကို ကျွန်တော်မ စာရင်းကပယ်ပြီးဒါကိုလဲ.... အားလုံးသိပြီးပါ"

သက်သက်၏နာမည်ကို ကြားသောကြောင့် အားလုံးလှုပ်ရှားသွားကြသည်၊ ဒေါ်ကြီးခက်ခက်ကသာ အောင်မြင်သောအသံနှင့် ဆက်ပြော၏။

"ကျွန်တော်မ... ဒီနေ့စာရင်းပြင်တီ၊ ကျွန်တော်မ....ညီမ....သက်သက်ရဲ့သား....ကျွန်တော်မ....တူတော်မောင်သက်ခိုင်ကို– ရေနံ့သာနှစ်ဘွင်းလက်ဖွဲ့တယ်၊ ငွေငါးသောင်းလဲလက်ဖွဲ့တယ် တူတော်မောင်....သက်ခိုင်ဟာ- တောင်ပံနီမဟုတ် ကျွန်တော်မခက်ခက်ရဲ့.... ထဗ္ဗီစ.... တွင်းစား.... အစစ်...."

ဦးထင်ကျော်နှင့်ဇနီး၊ ဦးတင်သော်နှင့်ဇနီး၊ ဦးဘမြိုင်နှင့်ဇနီးတို့က....ဝမ်းသာသော မျက်လုံးများနှင့် သက်ခိုင်ကိုလှမ်းကြည့်ကြသည်၊ ကျွန်လူအားလုံးကလည်း ဝိုင်းကြည့်ကြသည်။

သက်ခိုင်သည် နေရာမှဖြေးညှင်းစွာထသည်။

သူသည်ဒေါ်ကြီးခက်ခက်ကို ရှိ၌ချီသွားသော လက်အုပ်နှင့်ရှေးဦးစွာ ကန်တော့သည်၊ ထိုနောက်.... ဦးထင်ကျော်၊ ဦးတင်သော်၊ ဦးဘမြိုင် တို့၏စုံတွဲများကို ကန်တော့သည်၊ ကန်တော့ပြီးသောအခါ....တည်ငြိမ်လှသောအသံနှင့်ပြော၏။

"ဒေါ်ကြီးခက်ခက်ရဲ့ခွင့်လွှင့်ခြင်းကို ကျွန်တော်တသက်မမေ့ပါဘူး၊ အစစ....အရာ....ရာ....မေတ္တာသာလျှင် အောင်နိုင်၏ဆိုတဲ့သာဓကကို....ဒေါ်ကြီးခက်ခက်က.... ပြသွားပါတီ၊ ရေနံ့သာနှစ်တွင်းနဲ့ ငွေငါးသောင်း အတွက်လဲ....ကျေးဇူး

တင်လှပါတယ်၊ဒေါ်ကြီးခက်ခက်....အဲဒီအထိမ်းအမှတ်အဖြစ် ကျွန်တော့်ကို....ငွေတမတ်ပေးပါ....”

ဒေါ်မြခက်သည် ခေတ္တကြောင်သွားပြီးမှ.... အင်္ကျီအိတ်တွင်းမှ ငွေဘမတ်ထုတ်ပေးသည်၊ သက်ခိုင်က....ငွေတမတ်ကိုယူပြီး မလေးနွယ်၏လက်တွင်းသို့ထည့်ပေးလိုက်၏။

သက်ခိုင်ကပြုံးလိုက်ပြီးဆက်ပြော၏။

“ဒေါ်ကြီးခက်ခက်ပေးတဲ့.... ရေနံ့သာနှစ်တွင်းနဲ့.... ငွေငါးသောင်းကို....အကိုဘမြိုင်နဲ့....မမနွယ်ကို ကျွန်တော် ပြန်လက်ဖွဲ့ပါဘယ်၊ နဝရတ်ရောင်စုံစာရင်းမှာလဲ.... ကျွန်တော့်နာမည်ကိုမထဲ့ကြပါနဲ့....၊ ကျွန်တော့် နာမည်ကသက်ခိုင်ပါ၊ ကျွန်တော့်အဖေနာမည်ကသခင်စိုးခိုင်ပါ....၊ဦးမျိုးညွန့်ကစပြီး....၊သခင်ဘိုးလှကြီး၊ သခင်ခင်ဇော်၊ သခင်သိန်းမောင်ကြီး၊ သခင်စိုးခိုင်....စသည်တို့ဟာ....ရေနံ့သာမြေရဲ့ သမိုင်းမှာ သူတို့စာရင်းနဲ့ သူတို့ရှိကြပြီးပါ၊ အဲဒီစာရင်းမှသာ.... ကျွန်တော့် နာမည်ပါလိုပါတယ်၊ နဝရတ် ရောင်စုံကျမ်းနဲ့တော့....သခင်စိုးခိုင်ရဲ့သားအမည်ဟာ....သိပ်မဟပ်လှပါဘူး”

အားလုံး မှင်သက်မိ အံ့အားသင့်နေခိုက်....သက်ခိုင်သည် မလေးနွယ်ထံသွား၏။

“မမနွယ်....မောင့်ကိုငွေဘမတ်ပေးပါ....”

စိတ်ညှို့ခံထားရသူပမာ.... မလေးနွယ်သည်.... သက်ခိုင်၏လက်တွင်းသို့ငွေတမတ်ထည့်ပေး၏။

သက်ခိုင်ကငွေတမတ်ကိုဆုပ်ယူလိုက်ပြီး....အားလုံးကို နှုတ်ဆက်သည်။



“ကျွန်တော်ပြန်ပါအုံးမယ်၊ ဩော်.... အကိုဘမြိုင်နဲ့.... မမနွယ်....ကျွန်တော်သွားတော့မယ်....”

သက်ခိုင်သည် အခန်းတွင်းမှ ချာကနဲ လှည့်ထွက်ခဲ့၏။

ငိုင်ကြည့်နေရာမှ သတိဝင်ပြီး....မလေးနွယ်က ပြေးလိုက်သည်။

မောင်နှင့်အမသည်....ခြံဝ၌တွေ့ကြ၏။

မလေးနွယ်ကသက်ခိုင်၏ လက်မောင်းကိုဆွဲပြီး မေးသည်။

“မောင်.... ဒါ.... ဘာလုပ်ထာလဲ....၊ မမနွယ်ကိုရင်ကွဲသေအောင်သတ်သွားဒါလား....ဟင်....”

သက်ခိုင်သည်.... ဝါဝင်းတင့်ရှန်းလှသော မလေးနွယ်၏မျက်နှာကလေးကိုငုံ့ကြည့်သည်၊ ခွေခွေနွယ်နွယ် လှပသည့်ဆံပင်များကို ယုယစွာ ပွတ်သပ်မိ၏၊ ချော့မော့စွာလည်းပြောမိသည်။

“ပုထုဇဉ် လူသားဆိုဒါဟာ.... အမှားကို ပြုလွယ်သတဲ့.... မမနွယ်၊မောင့်ဖေဖေနဲ့....မောင့်မေမေရဲ့အမှားဒဏ်ကိုမမနွယ်နဲ့ မောင်အထိ....လာ.... ခံနေကြရဘယ်၊ ဒီလိုဆိုလို့....ဖေဖေနဲ့ မေမေကို.... မောင်အပြစ်မတင်ပါဘူး၊ သမုဒယဆိုတဲ့....တရားကိုသာ အပြစ်တင်မိတယ်၊ မငိုနေပါနဲ့မမနွယ်....၊မောင့်စကားကိုသာ နားထောင်စမ်းပါ....”

မလေးနွယ်ကမူ သူ့ရင်ခွင်တွင် မျက်နှာအပ်ကာ ချုံးပွဲချငိုကြွေးနေ၏၊ သူကလည်းမျက်ရည်ပေါက်ပေါက်ကျရင်း ဆက်ပြောသည်။

“အမှားကိုပြုမိမယ်ကြံပေမဲ့.... အမှန်ကိုသတိမလစ်ရဘူးတဲ့ မမနွယ်၊ မမနွယ်လဲ.... ဘယ်တုန်းကမှ သတိမလစ်ခဲ့ပါဘူး၊

အခုမှ… မောင်ဆိုတော့မယ်၊ ပင်းချောင်းတုန်းက မမနွယ် ပြောခဲ့တဲ့… အာဒန်နဲ့ အေးဝ မောင်နှမရဲ့ဇာတ်လမ်းလေး၊ မစားအပ်တဲ့သစ်သီးကို သူတို့စားခဲ့ကြတယ်၊ မောင်နဲ့ မမနွယ် ကတော့ ဒီသစ်သီးကို…ဘယ်တုန်းကမှ မစားခဲ့ကြပါဘူး၊အဲဒါ ကို…မောင်နဲ့ မမနွယ်သာအသိဆုံးပါ…”

မလေးနွယ်သည် ငိုရှင်းရှိုက်ရင်းက ခေါင်းညိတ်ပြရှာ၏၊

“မိန်းမသားဆိုဒါ… ကရုဏာကြီးမှန်း မောင်သိပါပြီ မမနွယ်၊ မှားတတ်သူက…မောင်တို့ ယောကျ်ားတွေပါ…၊ အမှန်ကို ဝန်ခံရရင်…မမနွယ်ဖြူစင်သမျှ မောင့်ရဲ့ အတွင်း စိတ်က မှားခဲ့မိတယ်၊ ဒီအမှားရဲ့ဒဏ်ကိုလဲ…ဘဝတလျှောက် မောင်ခံရအုံးမှာဘဲ၊ဒီဒဏ်ကိုမောင်ကောင်းကောင်းခံယူပါ့မယ်၊ မိုးနတ်ဒေဝီကို မောင်တောင်းပန်ခဲ့သလို… မမနွယ်ကိုလဲမောင် တောင်းပန်ပါတယ်၊ ပြုပြုသမျှ…အနုသယက စခဲ့တဲ့… သမုဒယဆိုတဲ့ မောင့်ရဲ့အမှားလို့… မောင့်ရဲ့ အမှားတွေပါဘဲ မမနွယ်…၊ ကဲ…ဟိုမှာ အကိုဘမြိုင် လိုက်လာဘီ…”

ကိုဘမြိုင်သည် စိတ်မချမ်းသာသောမျက်နှာနှင့် သက်ခိုင် တို့အနီးသို့ ရောက်လာ၏။

သက်ခိုင်က ‘မလေးနွယ်၏ လက်ကလေးကိုဆွဲကာ… ကိုဘမြိုင်ကို အပ်၏။

သူသည် ဘာမျှမရှင်းတော့ဘဲ ခြံဝမှ ထွက်ခွာလာခဲ့သည်။

ပြည်လမ်းပေါ်ရောက်မှ လက်တွန်းက ငွေတမဘ်ကို ပြန် ကြည့်မိသည်၊

ဝမ်းနည်းစွာလည်း မျက်ရည်တပေါက်ကျမိ၏၊ မျက်ရည် တပေါက် ကျမိပါ၏။



ရဲတံခွန်ကားကြီးသည်မန္တလေးတက္ကသိုလ်နယ်မြေအတွင်းသို့ ဝင်လာကာ ကထိကများနေသည့် နှစ်ထပ်တိုက်များရှေ့တွင် ရပ်လိုက်၏။

ကထိက ဦးသက်ခိုင်ကလည်း ထိုအခါကျမှ အတိတ်ဆီပြန် ဆန်နေသော စိတ်ကူးမှနိုးလာ၏။

စပယ်ယာက မေးသည်။

“ဆရာ…ဘယ်တိုက်ရှေ့ ရပ်ပေးရမှာလဲ…”

“အဲ…အင်း…၊ဟို…အရှေ့ဘက်ဆုံးတိုက်ကွယ်…”

ဦးသက်ခိုင် ကားပေါ်မှ ဆင်းလာသောအခါ… တမာပင် တို့က ရွှေရောင်ရွက်ဝါများ ကြွေပြုလျက် နှုတ်ဆက်နေလေ သတည်း။

အခန်း-၄

# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

## အခန်း-၃၃

## တက္ကသိုလ် တောင်မြှုံးပွဲ

ရန်ကုန် တက္ကသိုလ်သည် ကံ့ကော် တောနှင့် တဂုဏ်တင့် သကဲ့သို့ မန္တလေး တက္ကသိုလ်သည်လည်း အညာဆန်သော ထနောင်းနှင့် တမာတို့ကြောင့် သူ့နည်းနှင့်သူ လှသည်။

ပင်တကာတို့ ရွက်ကြွေချိန်၌ သစ္စာရှိသော ထနောင်းသည် မြရည်လိမ်းလျက် အေးချမ်းသော မေတ္တာရိပ်ဆာယာကို သာသာ ကြည်ကြည် ပေးသည်၊ ထိုအခါမျိုးတွင် ထနောင်း၏ ရောင်းရင်း ချစ်ဆွေ တမာသည် ရွက်ဝါရွှေရွှေတို့နှင့် မြေကို တန်ဆာဆင်လှပစေ၏။

ကထိက....ဦးသက်ခိုင်၏ အိမ်အပေါ်ထပ်ပြတင်းမှ မျှော်ကြည့်လျှင် အရှေ့ဘက် အဝေးဆီ၌ ပြာပြာဝေမှောင်သော ရှမ်းရိုးမတောင်မင်းကို အစဉ်တွေ့ရသည်၊ ဆည်ရေ သောက်ရသဖြင့် ဆယ့်နှစ်ရာသီ စိမ်းလန်းသောလွင်ပြင်တွင် ထန်းတောစုစုံသည် ပန်းချီအနုပညာလက်ရာပမာ နွဲ့နွဲ့ယဉ်ယဉ် ရပ်တည်ရှင်သန် နေ၏။

ကိုသက်ခိုင်က သူ့အိမ်ကို "ထနောင်းရိပ်သာ"ဟု ကဗျာဆန်ဆန် နာမည်တပ်ထားသည်။

အမှန်လည်း....သူ့ဂေဟာသည် ထနောင်း ရိပ်သာပမာ....မေတ္တာစေတနာနှင့် အေးမြ ချမ်းသာသည်။

အိမ်ကို မေမေ သက်သက်က ဦးစီး အုပ်ချုပ်သည်၊ ဦးလေးစိုးမြိုင်၏ဇနီး၊ ဒေါ်ဒေါ်စန္ဒာကကူညီသည်၊ ပင်စင် ယူခဲ့ပြီဖြစ်သော ဦးလေးစိုးမြိုင်သည် သူ ချစ်မြတ်နိုးသော.... ပျို့ ကဗျာများကို ဘတ်လိုက်၊ ပတ္တလား ခေါက်လိုက်နှင့် ငြိမ်းချမ်းစွာ အနားယူ နေ၏။

မေမေ သက်သက်သည် "မူအရ" အိမ်၌ အစေခံ မထား၊ တသက်လုံး မုဆိုးမ ဘဝကို ... ရှင်းခါး ရောင်းလာခဲ့သည့် ဘဝကို မမေ့၊ ဘေးမဲ့ ချောင်းဘေး၌ ရုန်းကန်ခဲ့ရသည့် ဘဝနှင့်စာလျှင်....ကထိက မိခင်အဖြစ် အိမ်ထောင်ဦးစီးခြင်း တာဝန်မှာ မေမေ သက်သက်အတွက်....ဘာမျှမပြောပလောက်။

သက်ခိုင်၏မိတ်ဆွေ လူပျိုကြီး ကထိကများ ဖြစ်ကြသော ကိုခင်ဦးလှိုင်၊ ကိုဘကြည်၊ ကိုဒီ စနူတို့က ချန်မာရီ၌ ဟင်းမကောင်း၍ အိမ်လာလျှင် မေမေ သက်သက်သည်မမောတန်း မပန်းတမ်း ဟင်းကောင်း ချက်ကျွေးလေ့ရှိသည်။

အိမ်၌ မေမေသက်သက်၏ မွေးစားသား သုံးကောင်လည်း ရှိသေးသည်၊ အာသာ၊ တော်မီ၊ ပါ်ယ်ဟူသော ကိုသက်ခိုင်၏ တပည့် သုံး ခါကျ ကျောင်းသားများ ဖြစ်ကြ၏။

ညချမ်းအချိန်ဆိုလျှင် မေမေသက်သက်၏ ကြေးစည်သံနှင့် ဘုရားရှိခိုးသံသည် မှန်မှန်ထွက်ပေါ်လာ၏၊ မေမေသက်သက် ဘုရားရှိခိုးသံရပ်လျှင် ဦးလေးစိုးမြိုင်၏ ပတ္တလားသံနှင့်ကိုသက်



ခိုင်၏ တယောသံပေါ်လာသည်၊ အာသာ၊ ပါ်ယ်၊ ဘော်မီ တို့က သီချင်းဆိုကြသည်။

ချမ်းမြစေစည်သော ထနောင်းရိပ်သာ အမှန် ဖြစ်ပါ၏။

တမာတို့ ပုရစ်နုဝေအပြီး....မြရောင် လွှင်သော....၁၉၆၁ ခုနှစ် ဂျွန်လတွင် ပညာ နှစ်အစမို့ မန္တလေး တက္ကသိုလ် နယ်မြေသည် စည်ကားနေ၏။

တပ်ဦးဟောင်း၊ အင်အား၊ တပ်ဦး သစ်၊ ရဲခေါင် ဟု ခေါ်သော.... ကျောင်း သား နိုင်ငံရေး အဖွဲ့ လေးဖွဲ့ သည် ကျောင်းသားဟောင်းသူ အသစ်များကို အပြိုင်အဆိုင်ကြိုဆို သိမ်းသွင်း စည်းရုံးနေကြ၏။

တပ်ဦးဟောင်းကားလက်ရှိ သမဂ္ဂအာဏာရ တန်ခိုးကြီး အဖွဲ့ တည်း၊ တပ်ဦးဟောင်းကို တောတွင်း အလံဖြူကွန်မြူနစ်ပါတီနှင့် မြို့ပေါ်ရှိ....ပ-မ-ည-တ....ကကြိုးကိုင်သည်၊ တပ်ဦးသစ်ကား....သူတို့ကိုယ်သူတို့ အလံနီများဟု ပြောင်ဝန်ခံသည်၊ ရဲခေါင်ကား.... ဒီအက်စ်အို တဖြစ်လဲ ဆိုရှယ်သစ် ကျောင်းသားအဖွဲ့ အစည်းဖြစ်၏၊ အင်အား....ကားကြားနေ ကျောင်းသားများ၏အဖွဲ့ဖြစ်သည်၊ တပ်ဦးဟောင်း ပြီးလျှင် အင်အားသည် အင်အားအတောင့်ဆုံးအဖွဲ့ ဖြစ်၍ တပ်ဦးဟောင်းတို့ အကြောက်ဆုံးအဖွဲ့ ဖြစ်လေသည်။

ကျောင်းဖွင့်၍မကြာမီပင် ကျောင်းသား လှုပ်ရှားမှုများ စကြ၏၊ ရှေးဦးစွာ....ခရိုင် အသင်းများက ထကြသည်၊ ကျောင်းသားနိုင်ငံရေးအဖွဲ့တိုင်းက ခရိုင်အသင်းများကိုအပိုင်စီးနိုင်ရန် အပြင်းအထန်ကြိုးစားကြသည်။

ကထိကဆရာတဦးအနေနှင့် သက်ခိုင်မနှစ်သက်ဆုံးကား ခရိုင်အသင်းများဖြစ်ကြ၏၊ခရိုင်အသင်းဟူသည်မှာ တက္ကသိုလ်၌ လုံးဝမရှိထိုက်သောအသင်းမျိုးဖြစ်၏။

ရှေးအခါက လူမျိုးတရာ့တပါးအနွယ်တို့သည်....တက္ကသီလာဒိသာပါမောက္ခထံရောက်လာကြသည်၊ ထိုအခါမင်းမျိုးသည် မင်း၏အသွင်ကိုစွန့်ရသည်၊ ပုဏ္ဏားမျိုးသည် ပုဏ္ဏား၏အသွင်ကိုစွန့်ရသည်၊ ကုန်သည်မျိုးသည် ကုန်သည်၏အသွင်ကိုစွန့်ရသည်၊ လယ်သမားမျိုးသည် လယ်သမားအသွင်ကိုစွန့်ရသည်၊ တပည့်ဟူသော တမျိုးတည်းအသွင်ကို ဆောင်ကာ....ပညာကို ကြိုးစားသင်ယူကြရသည်၊ ဒွန်းစဏ္ဍားအမျိုးပင်ဖြစ်လင့်ကစား ပညာချွန်လျှင် တပည့်ကြီး အရာကိုရ၏၊ တနည်းအားဖြင့် ပညာညောင်ညိုပင်ရိပ်တွင် လူတန်းစားခွဲခွင့်မရှိ၊ ဝေသာလီ၊ ကောသလ၊ ဗာရာဏ ဟူသောဒေသစွဲလည်းမရှိရ၊ ပညာလောကမည်သည် ပရမတ် ဖြစ်သောစကြာဝဠာတည်း၊ ဒေသဟူသည်ပညတ်မည်သော နွားခြေရာခွက်တည်း....။

တက္ကသိုလ်၌ ခရိုင်အသင်းများနှင့် လူမျိုးစုအသင်းများကြောင့် စိတ်ဝမ်းကွဲကြသည်၊ ဟိုခရိုင်က....တပ်ဦးဟောင်း၊ ဒီခရိုင်ကတပ်ဦးသစ်၊ အနီခရိုင်ကအင်အား....၊ အနှာခရိုင်အရဲခေါင်စသဖြင့် ခရိုင်ချင်းရန်သူဖြစ်ကြ၏၊ တခရိုင်သားချင်းပင်မုန်းကုန်ကြသည်၊ ပို၍ဝမ်းနည်းဘွယ် ကောင်းသည်ကား ခရိုင်အသင်းများ အရာရောက်လာသောအခါ....ပညာအသင်းများအလိုလိုပျောက်ကုန်သည်၊ ပညာအသင်းဟူသည် ပညာကိုလိုလားသူများ၏ အသင်းသာဖြစ်သည်၊ ထိုကြောင့်နိုင်ငံ



ရေးအခြေခံအဖြစ်အားကိုး၍မရ၊ ခရိုင်အသင်းတို့ကာမဲစုနိုင်ရာဖြစ်သောကြောင့်... နိုင်ငံရေး အခြေခံ အဖွဲ့များဖြစ်လာကြသည်၊ ထိုကြောင့်လည်းအရေးပါလာကြ၏။

ရေနံချောင်းသားဆရာဖြစ်သော ကိုသက်ခိုင်သည်မကွေးခရိုင်အသင်း၏နာယကအဖြစ်တင်မြှောက်ခံရသည်၊ စိတ်မဝင်စားသော ကိုသက်ခိုင်က နာယကရာထူးကိုပယ်လိုက်၏၊ သို့ရာတွင်...ခရိုင်ဥက္ကဋ္ဌ၏နာမည်ကမူ သူ့ရင်၌ ကျန်ရစ်သည်၊ မောင်စောနောင်....ဟူသတည်း။

မောင်စောနောင်ကို တက္ကသိုလ်၏ စင်မြင့်များတွင် ကိုသက်ခိုင်သည်မကြာခဏတွေ့ရတော့၏။

ထိုစဉ်က ကျောင်းသား နိုင်ငံရေးအဖွဲ့အစည်းများသည် သမဂ္ဂအမှုဆောင်ရာထူးအတွက် မိမိတို့ရာထားသောအလောင်းအလျာကို ကျောင်းသားကျောင်းသူတို့ သိအောင် ပွဲထုတ်ပြတတ်၏။

တနေ့တွင် တပ်ဦးဟောင်းလက်အောက်ခံ အဖွဲ့အစည်းတခုက စကားရည်လုပွဲကျင်းပပေး၏၊ အကဲဖြတ်လူကြီးတဦးအဖြစ်အဘိတ်ခံရသောကြောင့် ကိုသက်ခိုင်သွားရသည်။

စကားရည်လုပွဲ၏အခမ်းအနားမှူးအဖြစ်မောင်စောနောင်က ဆောင်ရွက်၏။

ချည်လုံချည် ကွက်ကြဲတိုတို၊ အောက်ခံအင်္ကျီအဖြူကော်လာနှင့်ဖျင်ပင်နီအထူစားအပေါ်ဝတ်အင်္ကျီတို့ကိုဝတ်ဆင်ထားသောမောင်စောနောင်သည်မကွေး၌ကိုသက်ခိုင်တွေ့ခဲ့ဘူးသောမောင်စောနောင်၏အသွင်အဘိုင်းပင်ဖြစ်သည်၊ လုံးဝခွဲမထားသောကြောင့် ရိုင်းရိုင်းနှင့် မသပ် မရပ်နိုင်သော ဆံပင်များ

စာလည်း ယခင်အတိုင်းတည်း....၊ တခုသာပိုလာသည်....၊ ယခုအခါ မောင်စောနောင်သည် ကျဲကော်ကိုင်းအထူစားမျက်မှန်ကြီးကိုတပ်ထား၏။

စကားရည်လုပွဲ၏ အခမ်းအနား မှူးသည် သူ့ ပင် ကိုယ်အရည်အသွေးနှင့် သူ့ အာဝဇ္ဇန်းကို အစွမ်းကုန် ပြ နိုင် သည့်၊ ထောင်နှင့်ချီရှိနေသော ကျောင်းသား များ အ လည် တွင်....သူကား....တလူဟု....ကြက်မင်းဖြစ်ကြောင်း အမောက်ထောင်ပြနိုင်၏။

သို့ရာတွင် မောင်စောနောင်ကမူ တည်ငြိမ် ခန့်ညားစွာနှင့် စကားရည်လုပွဲကိုထိန်းယူသွား၏၊ အမူအရာမလွန်....စကားပိုမသုံးသော်လည်း အိန္ဒြေရှိသောသူ့ကို ပရိသတ်ကသဘောကျနေ၏၊ သူမတ်တပ်ထတိုင်း အဆိုရှင် အချေရှင်များထက်ပို၍ ဩဘာသံရ၏။

စကားရည်လုပွဲအပြီး၌ မောင်စောနောင်က ကိုသက်ခိုင်ကို လာနှုတ်ဆက်၏။

"ဆရာ့အိမ် ကျွန်တော်လာမလို့ဘဲ ဆရာ....၊ ဒါပေမဲ့....ကျောင်းရောက်စ အလုပ်များနေဒါမို့....''

"အင်းပေါ့လေ.... အားတဲ့ အ ခါ လာ ပေါ့....၊ ဒါထက်မောင်စောနောင်ဘယ်ကျောင်းဆောင်မှာနေသလဲ''

"ကျွန်တော် ကျောင်းဆောင်မနေနိုင်ပါဘူးဆရာ၊ ဗောဓိကုန်းထဲမှာနေပါတယ်''

ကိုသက်ခိုင်ကဘာမျှမပြောဘဲ "ဩော်....ဩော်....''ဟုသာဆိုပြီး မောင်စောနောင်ကိုစိုက်ကြည့်မိ၏။



အမှန်မှာ မောင်စောနောင် ကျောင်းဆောင်၌မနေသည်ကို မသိသော်လည်း ကျောင်းမှန်မှန်မတက်ကြောင်းကိုမူကိုသက်ခိုင်သိပြီးဖြစ်၏။

ခုံနံပါတ်များကိုစစ်ကြည့်သောအခါက မောင်စောနောင်သည် မိမိ၏ဘာသာတွဲကို ယူထားကြောင်း ကိုသက်ခိုင်တွေ့ရသည်၊ သို့ရာတွင် အဘန်း၌ သူ့ကိုတခါမျှမမြင်မိ၊ သို့ရာတွင် တက္ကသိုလ်ကျောင်းဝင်းအတွင်းနှင့် သမဂ္ဂအဆောက်အဦတွင်မူ သူ့ကိုအစဉ်တွေ့ရ၏။

အတန်ကြာမှ ကိုသက်ခိုင်က ရယ်ပြီးဆို၏။

"အင်းလေ.... အားတဲ့အခါ ဆရာ့အိမ်လာသည်ပါအုံး....၊ ပြီးတော့ ဆရာ့အတန်းကိုလဲ တခါတလေလာလည်ပါကွာ''

မောင်စောနောင်ကလည်း ရယ်၏။

"အတန်းမတက်နိုင်ဒါတော့ တောင်းပန်ပါတယ်ဆရာ....၊ ကျွန်တော်က အလွတ် ပညာသင် ကျောင်း တ ကျောင်း မှာ ကျောင်းဆရာလဲလုပ်နေရလို့ပါ၊ သမဂ္ဂရွေးကောက်ပွဲ ပြီးရင်တော့....ကျွန်တော်ကျောင်းမှန်မှန်တက်ပါ့မယ်''

မောင်စောနောင်ကိုနှုတ်ဆက်ပြီးကိုသက်ခိုင်သည်အိမ်ဆီသို့ တယောက်တည်းလမ်းလျှောက်ပြန်လာခဲ့သည်။

မကွေး၌ကျန်ရစ်သည့် ကိုယ်တခြမ်းသေကာ မျက်လုံးကွယ်နေသော မောင်စောနောင်၏ဘခင်ကိုသတိရမိသည်၊ မုံ့ဟင်းခါးသည် မိခင်ကိုလည်း မြင် ယောင် လာ ၏၊ ထို နောက်....ဟီး(လ်)မင်းကားပေါ်မှ မောင်စောနောင်၏အမ ဆ ရာ ဝန်အပျိုချောကိုလည်းအမှတ်ရမိပြန်၏။

ကိုသက်ခိုင်သည် သူ့ကိုယ်သူပင် အမျိုးအမည်မသိသော အပြုံးတရပ်ကိုပြုံးမိလေသည်။

ငွေကားဖြူပေါ်မှ ရွှေဝါရည်ဝင်းသည့် သူ့အမကိုလည်း သူက ဝမ်းနည်းပမ်းနည်း သတိရမိပြန်သောကြောင့် ဖြစ်သတည်း။

+ + +

မန်းမြို့တော်၌မနေဘူးသူတို့က မန္တလေး၏နွေကိုကြောက်မက်ဘွယ် ပူပြင်းသည်ကဲ့သို့ဆိုကြ၏၊ အမှန်မှာမန်းမြို့၏အညာနွေသည်မပူပြင်း၊ နေ့ဆိုလျှင် ရှစ်ခွင်တိုင်းကအုံ့မှိုင်း၍မှောင်ရီနေတတ်သည်၊ သူရိယာဖလ်ရဟာင်၏ အပူဓာတ်က မကဲနိုင်၊ ညအခါဆိုလျှင်ကား ဆီးငွေ့ရည်စို့စို့နှင့် ချမ်းလို့ပင်နေတတ်သည်။

မန္တလေး၌ တကယ်ပူပြင်းသည့်လများကား ဂျွန်နှင့်ဇူလိုင် မိုးသများအတွင်း၌သာဖြစ်၏၊ လေပြင်းသာသာသည်....မိုးကမပါ၊ နေကပြင်း၍အပူကလွန်သည်။

ထိုလများအတွင်းတွင်ပင် မန္တလေးတက္ကသိုလ်နယ်မြေသည်လည်း အပူဆုံး....အဆူဆုံးဖြစ်သည်။

သမဂ္ဂရွေးကောက်ပွဲအချိန်နီးလာသောကြောင့်ညစဉ်လိုလိုမဲဆွယ်တရားပွဲများရှိ၏၊ အသံချဲ့စက်သံများကအားမနာတန်းညံသည်၊ တဖွဲ့၏ဘရားပွဲကို တဖွဲ့ကနှောင့်ယှက်ပြီး တဦး၏ဟောပြောသံကို တဦးကလှောင်ပြောင်သရော်သည်။

သံချပ်သံ၊ ဒိုးပတ်သံ၊ ကြွေးကြော်သံ၊ ကလော်သံ၊ နှံသံများကလည်းဝေစည်၏၊ ကျောင်းဝင်းအတွင်းရှိနံရံဟူသမျှမှာလည်း ပိုစတာများနှင့်ရုပ်ပျက်ဆင်းပျက်ဖြစ်နေ၏၊ ဗဟိုစာသင်



ဆောင်ကြီး၏ပတ်လည် လမ်းတလျှောက်၌လည်း နိုင်ငံရေးကာတွန်းပန်းချီကားများကို အစီအရီထောင်ထားကြ၏။

လုံချည်တိုတို၊ မျက်မှန်ထူထူ၊ ဆံပင်ရိုင်းရိုင်းနှင့် ကျောင်းသားတို့က စာရွက်စာတမ်းမျိုးစုံကို ဝေကြသည်၊ ထဘီတိုတို၊ အင်္ကျီလက်ပြတ်၊ မျက်နှာထားတင်းတင်းနှင့် ကျောင်းသူများကလည်း သူတို့၏ မောင်ကြီးများကို ကူကြရှာသည်။

စာသင်တန်းတခုပြီးတိုင်းခေါင်းလောင်းသံနှင့်အတူအသံချဲ့စက်များကအပြိုင် အော်မြည်ကြသည်၊ တက္ကသိုလ်၏သင်္ကေတအသံသည် ခေါင်းလောင်းသံလော.... အသံချဲ့စက်သံလော.... ခွဲခြားမသိနိုင်၊ တက္ကသိုလ်၏သရုပ်သည်.... စာကြည့်တိုက်မှ စာအုပ်လော....သမဂ္ဂမှ ဖယောင်းစက္ကူ ကြေငြာချက်လော မကွဲပြားနိုင်။

ပညာပတ်ဝန်းကျင်ဟူသည်ကားမရှိ၊ နိုင်ငံရေး ပတ်ဝန်းကျင်ကား....အပြည့်ရှိနေသည်။

တက္ကသိုလ်ဆရာများက မျက်နှာငယ်တို့နှင့် ခေါင်းငိုက်ရှောက်ကြရခိုက် မြို့တွင်းမြို့ပြင်မှ နိုင်ငံရေး ဆရာ့ဆရာကြီးတို့က ကျောင်းသားများနှင့် ရေကာပြောင်ပြောင်ပင် ရင်ကော့လမ်းသလားကြသည်။

မိုးမဲ့သော....ဂျွန်-ဇူလိုင်၌.... ချွေးတလုံးလုံးနှင့် ဖြစ်နေကြသောကြောင့် ချွေးနှင့်အေးကာ....ကျောင်းသားတို့ မပူကြဟန်ရှိလေတကား၊ ဆရာတို့၏ရင်မှာသာ ပူလောင်၏။

ကိုသက်ခိုင်တယောက်ထဲမူ သူတို့အားလုံးကို အဘိဓမ္မာထန်စွာကြည့်ပြီး အေးအေးလူလူ တယောတီးနိုင်၏။

ရွှေးကောက်ပွဲညသ္ တက္ကသိုလ်တမြေလုံး ခြိမ့်ခြိမ့်သဲ ဆူညံနေ၏၊ အစွန်အဖျားကျသည့် ကိုသက်ခိုင်၏အိမ်ဆီတွင်မူ နားအနည်းငယ်သက်သာ၏။

ကိုသက်ခိုင်က တယောတီးနေသည်၊ ကိုသက်ခိုင်၏ မိတ်ဆွေ လူပျိုကြီး ကထိက ဦးခင်ဦးလှိုင်က "စပယ်" သီချင်းကိုဆိုနေ၏။

ကိုခင်ဦးလှိုင်က သီချင်းကို ဆိုရုံသာဆိုသည်မဟုတ်၊ ဖြူဖြူနုသောစပယ်နှင့် သန့်သန့်စင်သော ဆယ်ကျော်နှစ်တို့ကိုအလှချင်းအဘယ်ကြောင့် နှိုင်းအပ်ပုံကိုလည်း အနက်ဖွင့်ပြဆို ရှင်းလင်းလေ၏။

ထိုအခိုက်တွင်ပင် ဖြူဖြူနုသော စပယ်မျိုးစင် တဦးသည် အခန်းဝ၌ရပ်လာလေ၏၊ ဆယ်ကျော်နှစ်မူမကပါ၊ သို့ရာတွင် စပယ်နှင့်မူ နှိုင်း၍မမှား....၊မမှား....။

ကိုသက်ခိုင်သည် တယောကိုရပ်လိုက်ပြီး....မော့ကြည့်မိ၏။

"ဩော်....မမြင့်ဝေ ."

မမြင့်ဝေသည် ကြည်လင်ချိုသာစွာ ပြုံးလိုက်၏၊ သူ့ပင်ကိုယ်ဟန်အတိုင်း လွတ်လပ်ပေါ့ပါးစွာနှင့် အခန်းတွင်းသို့ ဝင်လာပြီး ကုလားထိုင်တလုံးပေါ်၌ ဝင်ထိုင်၏၊ ထိုနောက်.... မျက်တောင်ကော့များကို အသာအယာပင့်လှန်ပြီး ညင်သာစွာ ဆို၏။

"ဆရာ့ကို.... ဒုတိယအကြိမ်အဖြစ်မမြင့်ဝေ.... လာနှောင့်ယှက်မိနေပြန်ဘီလားမသိဘူးဆရာ...."

ကိုသက်ခိုင်က လျှင်မြန်စွာ ငြင်းမိ၏။



"အို.... မဟုတ်ပါဘူး၊ မမြင့်ဝေ.... တနေ့ရောက်လာမယ်ဆိုဒါ....ဆရာသိနေပါတယ်၊ မမြင့်ဝေကိုလဲ.... ဆရာမြော်လင့်နေပါတယ် မမြင့်ဝေ...."

မမြင့်ဝေနှင့် ကိုသက်ခိုင်သည် တဦး၏ မျက်လုံးများကို တဦး စိုက်ကြည့်နေမိကြသည်။

မည်သို့ သဘောပေါက်သွားသည်မသိ....ကိုခင်ဦးလှိုင်သည် နေရာမှထ၏။

"ဩော်....ကိုသက်ခိုင်၊ စကားပြောစရာရှိ ပြောကြဗျာ၊ ကျွန်တော်တော့....ရာဇဝင်ဟော.... သွားပီး.... မဲအရေအတွက်ကြည့်လိုက်အုံးမယ်၊ တပ်ဦးဘဲနိုင်မှာက ကိန်းသေနေပါတယ်"

ကိုခင်ဦးလှိုင်သည် မမြင့်ဝေကိုပါ ခေါင်းညွှတ် နှုတ်ဆက်လိုက်ပြီး....ဝဖြိုးသော သူ့ခန္ဓာကိုယ်နှင့်မလိုက်အောင် လျှင်မြန်စွာထွက်ခွာ ကြွမြန်းသွား၏။

ကိုသက်ခိုင်က သက်ပြင်းရှိုက်ပြီး မမြင့်ဝေကိုကြည့်သည်၊ မမြင့်ဝေကလည်း သက်ပြင်းရှိုက်၍ ပြုံးပြီး ကိုသက်ခိုင်ကို ကြည့်သည်။

ကိုသက်ခိုင်က တည်ကြည်စွာမေးသည်။

"မမြင့်ဝေ....မောင်စောနောင်ကို တွေ့ပီးဘီလား...."

မမြင့်ဝေက ခေါင်းခါပြီးဖြေ၏။

"ဗောဓိကုန်းထဲမှာ သူနေတယ်ဆိုလို့....မမြင့်ဝေနှစ်ခေါက်တောင် သွားရှာပါတယ်ဆရာ၊ မတွေ့ခဲ့ရပါဘူး၊ ရှောင်သူတယောက်ကို ရှာသူက....မမိနိုင်ပါဘူးဆရာ...."

အတန်ကြာ ငိုင်သွား ပြီးမှ ကိုသက်ခိုင်က မေးသည်။

"မမြင့်ဝေ....မောင်စောနောင်ကို တွေ့ချင် သလား...."

"တွေ့ချင်လို့....မမြင့်ဝေ သတိရပြီး ဆရာ့ဆီ လာခဲ့ဒါဘဲ ဆရာ...."

ကိုသက်ခိုင်က နေရာမှသ,၏။

"လာ...ဒါဖြင့် သွားကြရအောင်၊ ဆရာ့မှာတော့ ကား မရှိသေးဘူး မမြင့်ဝေ၊ ကုန်းကြောင်း ရှောက်ကြရအောင်"

"မမြင့်ဝေမှာ ကားပါပါတယ်ဆရာ...."

ကိုသက်ခိုင်နှင့် မမြင့်ဝေသည် အိမ်တွင်းမှ ထွက်လာ ခဲ့ကြ၏။

မမြင့်ဝေ၏ ဟီး(လ်)မင်း ကားကလေးက ခြံအပြင်တွင် ဆိုက်လျက်ရှိနေ၏။

အိမ်အပေါ်ထပ် ဘုရားစင်ရှေ့မှ ကြေးစည်ကို ရိုက်မည် ပြုရာမှ မေမေ သက်သက်သည် မျက်လုံးပြူးကာ သူတို့ကို ငုံ့ကြည့်သည်။

ကိုသက်ခိုင်ကလှမ်းအော်ပြောသည်။

"မေမေရေ... ရာဇတ်ဟော(လ်)ဘက် ခဏသွားမလို့...."

မမြင့်ဝေက အပေါ်ထပ်သို့ မော့ကြည့်ပြီးမေး၏။

"ဆရာ့အမေ....ဒေါ်လေး သက်သက်လား...."

ဒေါ်လေးသက်သက်...၊ ဤသို့ ခေါ်ခဲ့သူတဦးသာ ဤ လောက၌ရှိခဲ့ဘူး၏၊ယခု....မမြင့်ဝေက....ဤအတိုင်း ခေါ်ပြနေ ပြန်ပြီ....။

ကိုသက်ခိုင်က မပြုံးမရယ်ဘဲ ခေါင်းညိတ် ပြ၏။

မမြင့်ဝေက ထုံးစံအတိုင်း ကားကိုကိုယ်တိုင်မောင်းသည်။

ကားလေးကို ဗဟို စာသင်ဆောင်ကြီးရှေ့၌ ရပ်လိုက်ပြီး ကိုသက်ခိုင်နှင့်မမြင့်ဝေသည် ဆင်းရှောက်ကြ၏။



လှက သာနေသည်၊ သို့ရာတွင် ရာဇတ်ဟော(လ်) ရှေ့၌ မီးရောင်တို့သည် လထက် ယှဉ်နေ၏။

ရာဇတ်ဟော(လ်)သည် ဗိုလ်ချုပ် အောင်ဆန်းနှင့် အတူ ကျဆုံးသွားသော အာဇာနည်ဆရာကြီး ဦးရာဇတ်ကို ဂုဏ်ပြု အမည်ပေးထားသော အဆောက်အဦ ဖြစ်သည်၊ ထိုစဉ်က.... အပေါ်ထပ်၌ စာကြည့်တိုက်လုပ်ထားသည်၊ တက္ကသိုလ် သမဂ္ဂ ရွေးကောက်ပွဲအချိန်တွင်....မဲရေတွက်ရန် ထိုအပေါ်ထပ်ကိုပင် အသုံးပြုကြ၏၊ မဲရေတွက်ခြင်းကိုသမာဓိကြီး၍ ကျောင်းသား ကျောင်းသူ တိုင်း ယုံကြည် ကြသည့် ပါမောက္ခ ဦးနက်၊ ပါမောက္ခ ဦးသိန်းမောင်၊ ပါမောက္ခ ဒေါက်တာ စိန်တူ၊ ပါမောက္ခ ဒေါက်တာ သန်းထွန်း(ပါဏဗေဒ)တို့ကကြီးကြပ် ပေးကြရ၏။

ရာဇတ်ဟော(လ်) အပေါ်ထပ်ဝရံတာ၌ ကျောင်းသား ကျောင်းသူတိုင်းမြင်နိုင်ရန် ကျောက်သင်ပုန်းကြီး လေးချပ်ကို ထုတ်ပြထား၏၊ တပ်ဦးဟောင်း၊ တပ်ဦးသစ်၊ ရဲခေါင်၊ အင်အားဟူသည့်အဖွဲ့လေးဖွဲ့မှ အရွေးခံအမှုဆောင်တို့၏ နာမည် များကို ကျောက်သင်ပုန်းကြီးအသီးသီးပေါ်၌ရေးထားသည်၊ အမည်များဘေး၌လည်း ရရှိသော မဲအရေအတွက်ကို ဖေါ်ပြ ထား၏။

တပ်ဦးသစ်နှင့်ရဲခေါင်တို့၏ ရမဲကား....မပြောပ လောက်၊ တပ်ဦးဟောင်းနှင့် အင်အား သည်သာ မဲများ ရကြ သည်၊ တပ်ဦးဟောင်းက အင်အားကိုမဲငါးရာကျော်ဖြတ်ကာ အနိုင်ရ နေ၏၊ မဲအများဆုံး သူကား....ဥက္ကဋ္ဌ အဖြစ် အရွေးခံသည့် မောင်စောနောင်သာဖြစ်သတည်း။....

ရာဇာက်ခဘာ(လ်)ရှေ့တွင် စင်မြင့်လေးခုရှိသည်၊ စင်မြင့်တိုင်းတွင်ဦးခေါင်းနှင့်အသားအခန်းနင့်ဖြစ်၏၊ သက်ဆိုင်ရာကျောင်းသား အသီးသီးကလည်း ဝိုင်းရံလျက် ရှိသည်။

တစ်ဦးသေစ်နှင့် ရဲခေါင်တို့၏ စင်မြင့်များဆီ၌ လူနည်းပြီးမစည်ကားဘဲ၊ တစ်ဦးဖောင်းနှင့်အသားဘက်၏ စင်မြင့်များဆီ၌ ကား...လူလည်း စည်ကားနေသည်၊ ဒုရိသာ ဝိုင်းများလည်း စုံနေ၏၊ ကသူခုန်သူတို့သည်း အပြည့်ရှိ၏၊ စင်ပြိုင်ကခေသော်ကြ၊ နှံကြ... အုပ်ကြသည်မှာလည်း စုံလှ၏၊ ထိုရာတွင်.... သူ့အသံ ကိုယ်ဖုံး,...ကိုယ့်အသံသူဖုံးနှင့် ဘာမျှမသဲကွဲ၊ ကိုယ့် ဟာနှင့် ကိုယ် ကြည်နူ နေကြသူများချည်းတည်း။

မမြင့်ဝေနှင့် ကိုသက်ခိုင်တို့ကလူရှင်းသော ရဲခေါင်စင်မြင့်ဘေးမှ ကြည့်ကြ၏၊

မမြင့်ဝေက တိုးတိုးမေးသည်။

"ဆရာ....သူတို့အားလုံး ဘာလုပ်နေကြဒါလဲ...."

"သူတို့အားလုံး....ဘာလုပ် နေကြတယ် ဆိုဒါကို...သူတို့ ဘာသာတောင်သူတို့ သိကြမှာမဟုတ်ဘူး၊ ဆရာကတော့.... တောင်ပြုံးပွဲကိုသွားသတိရတယ်...."

"ဘယ်လိုဆရာ....တောင်ပြုံးပွဲ.... ဟုတ်လား...."

"ဟုတ်တယ်....၊တောင်ပြုံးပွဲမှာသွားပါး ရှုးရှုးမူးမူး နွဲကြသူတွေဟာ.. သူတို့ကိုယ် သူတို့...ဘာလုပ်လို့....ဘာလုပ်မိမှန်း မသိကြဘူး၊ ဒါပေမဲ့....နတ်ဝင်သည်တွေကတော့ သိကြတယ်"

"ဆရာ....ဘာပြောဒါလဲ...."

"ဆရာပြောဒါက....သိပ်ရှင်းပါတယ်၊ ဒီ ကလေးတွေဟာ သူတို့ကိုယ်သူတို့ ဘာလုပ်နေကြတယ်ဆိုဒါမသိကြဘူး၊ ဒါပေ



မဲ့....နိုင်ငံရေး နတ်ဝင်သည်ကြီးတွေ အားလုံးကတော့ သိနေကြတယ်...."

မမြင့်ဝေက ဘာမျှဆက်မပြောတော့ဘဲ ခေါင်းညိတ်ပြ၏။

ထိုအခိုက်တွင်....ကိုသက်ခိုင်၏ ပုခုန်းကို တစုံ တယောက်က လာကိုင်သည်၊ လှည့်ကြည့်မိသောအခါ....ဤအချိန်....ဤနေရာတွင် သူဘယ်သို့မျှ မမြော်လင့်သူတဦးကို ကိုသက်ခိုင်က တွေ့ရသည်။

မိုးမြင့်....၊ သက်ခိုင်တို့အား ကျွန်စစ်သားစကားပြောသွားသော....မိုးမြင့်....။

မိုးမြင့်သည် နိုင်လွန်အင်္ကျီ၊ ဘန်ကောက် လုံချည်တို့နှင့် သားနားနေ၏။

"ဘယ့်နှယ်....ကိုမိုးမြင့်....ဘယ်ကပေါ်လာသလဲ...."

မိုးမြင့်က ပြုံးပြီးမဖြေ၏။

"ကျွန်တော် လက်နက်ချအလင်းဝင်ခဲ့ဒါ....ခင်ဗျားမသိဘူးလား....ကိုသက်ခိုင်...."

"ဟင့်အင်း...."

"ကျွန်တော်အခု....ဖဆပလ လူငယ်အဖွဲ့မှာ၊ ရဲခေါင် အဖွဲ့ကိုလဲ ဦးစီးနေတယ်၊ အခု.... ဌာနချုပ်က တာဝန် ပေးလို့.... ဒီကအခြေအနေကို လာအကဲခတ် ကြည့်ဒါ...."

"ဪ...."

ကိုသက်ခိုင်၏ ဪ....မှာ အလွန်စိတ်ပျက်သည့် ဪ....အရှည်စားဖြစ်၏။

မိုးမြင့်သည် ကိုသက်ခိုင်၏ ဘေးမှ....မမြင့်ဝေကို မြင်သွားသည်၊ ထိုနောက်.... အားရပါးရ ဆိုသည်။

"ဟာ....ကိုသက်ခိုင်....ခင်ဗျား အိမ်ထောင်တောင် ကျနေဘီကိုး....၊ ဘုရားစူး၊ ခင်ဗျားဇနီးကတော့.... ချောပါပေ့ဗျား"

ထိန်ထိန်လင်းသော မီးရောင်အောက်တွင် ရဲရဲနီသွားသော မမြင့်ဝေ၏မျက်နှာကလေးကို.... ကိုသက်ခိုင်မြင်လိုက်ရ၏။

ကိုသက်ခိုင်သည် ဖေါသွပ်သွပ်ဖြစ်နေသော မိုးမြင့်၏မျက်နှာကို တင်းတင်းကြည့်ပြီး ပြောသည်။

"ကိုမိုးမြင့်....၊ တကြိမ်က ခင်ဗျားအကြီးအကျယ်မှားခဲ့ဘူးတယ်၊ အခုလဲ....ထပ်မှားပြန်ဘီ....၊ မမြင့်ဝေဟာ ကျွန်တော့်ဇနီးမဟုတ်ဘူး၊ အင်း....ကျွန်တော့် နှမတယောက်လို့တော့ ခေါ်နိုင်တယ်၊ အခုမမြင့်ဝေ....ဒီကိုလာဒါလဲ.... ဟောဟိုမှာ.... ဥက္ကဋ္ဌဖြစ်တော့မဲ့.... သူ့မောင်.... မောင်စောနောင်ကိုလာတွေ့ဒါ...."

မိုးမြင့်သည် အားတုန့်အားနာနှင့် ကိုသက်ခိုင်ဟိုအားတောင်းပန်ပြီး လူတောထဲ၌ ပျောက်သွား၏။

မောင်စောနောင်သည် ရာဇဝတ်ဟော(လ်)ပေါ်မှ ဆင်းလာသည်၊ သူ့ရဲဘော်များက ဒိုးနှင့်လင်ကွင်းကိုတီးပြီး ဆီးကြိုကြ၏၊ မောင်စောနောင်က အောင်မြင်ခြင်း အထိမ်းအမှတ်နှင့် လွှက်သီးတဘက်ဆုပ် မြှောက်ပြ၏။

မမြင့်ဝေက.... တောင်းပန်သော မျက်လုံးများနှင့် ကိုသက်ခိုင်ကိုကြည့်သည်။

ကိုသက်ခိုင်သည် တပ်ဦးဟောင်းစင်မြင့်ဆီသို့သွား၏၊ ပင်နီတိုက်ပုံဖိုးသော မောင်စောနောင်၏ပုခုံးကို ကိုင်လိုက်သည်။

"ဟာ....ဆရာ...."



"အေး....ဟုတ်တယ်မောင်စောနောင်၊ ဟိုမှာ....မင့်အမ.... မမြင့်ဝေလဲပါလာတယ်၊ ဆရာနဲ့ခဏလိုက်ခဲ့ကွယ်"

မောင်စောနောင်သည် ကိုသက်ခိုင်ကို ပြန်ကြည့်သည်၊ ကိုသက်ခိုင်ကလည်း သူ့ကိုကြင်နာစွာ ပြန်ကြည့်နေ၏။

မောင်စောနောင်သည် ကိုသက်ခိုင်၏နောက်သို့ လိုက်လာခဲ့သည်။

မမြင့်ဝေ၊ မောင်စောနောင်နှင့် ကိုသက်ခိုင်တို့သည် ရာဇဝတ်ဟော(လ်)မှ ဝေးရာတနေရာသို့ ထွက်ခဲ့ကြ၏၊ စိတ်ကြိုက်တနေရာသို့ရောက်မှ ကိုသက်ခိုင်က ရှောင်ထွက်သွားရန် ပြင်သည်၊ မောင်စောနောင်က.... ကိုသက်ခိုင်ကို လှမ်းဆွဲထား၏။

"ဆရာ....ထွက်မသွားပါနဲ့၊ မမမြင့်နဲ့....ကျွန်တော်ဆရာ့ရှေ့မှာ လျှို့ဝှက်ပြောစရာ....တခုမှမရှိပါဘူး"

ကိုသက်ခိုင်က မမြင့်ဝေကို ကြည့်၏၊ မမြင့်ဝေကလည်း ခေါင်းညိတ်ပြ၏၊ ကိုသက်ခိုင်သည် ငြိမ်ရပ်နေတော့၏။

မောင်စောနောင်သည် အလွန်ဝတ္တရားဆန်သော လေသံနှင့်မေး၏။

"မမမြင့် ကျွန်တော့်ကိုဘာကိစ္စနဲ့ လာတွေ့ဒါလဲ"

ကိုသက်ခိုင်သည် မမြင့်ဝေ မည်သို့တုန့်ပြန်မည်ကို အကဲခတ်ကြည့်မိ၏။

မမြင့်ဝေက ပဌမ သော် စိတ်ထိခိုက်ဟန်ငိုင်သွား၏၊ သို့ရာတွင် ချက်ခြင်းပင် အသာအယာ ရယ်မောလိုက်၏။

"မင်းက....မမမြင့်ကို ရန်တွေ့ချင်နေပါသလား.... မောင်စောနောင်...."

မောင်စောနောင်က သူ့အမကိုစိုက်ကြည့်သည်၊ မြင့်ဝေကလည်း သူ့မျက်လုံးများကိုမလွှဲဘဲရင်ဆိုင်သည်၊ မောင်စောနောင်အရင်မျက်လွှာချသွား၏။

မြင့်ဝေကအေးချမ်းသာယာစွာပြော၏။

"မောင်လုပ်ချင်ဒါလုပ်ပါ၊ မမြင့်အနေနဲ့ ကန့်ကွက်ချင်ပေမဲ့....ကန့်ကွက်ခွင့်မရှိပါဘူး၊ တခုဘဲ....မမြင့် တောင်းပန်ချင်တယ်၊ မောင်လုပ်ချင်ဒါတွေလဲ....ဆက်လုပ်ပါ၊ ဘွဲ့ကိုလဲ ရအောင်ယူပါ၊ မောင့်အဖေနဲ့....မောင့်အမေအတွက် မောင့်မှာတာဝန်ရှိနေသေးတယ်ဆိုဒါကိုလဲသတိမလစ်ပါနဲ့မောင်"

မောင်စောနောင်ကအော်ရယ်သည်။

"မမြင့်ကို....ကျွန်တော်ဘယ်နှစ်ခါပြောရမလဲ၊ မမြင့်တို့အထင်ကြီးတဲ့....တက္ကသိုလ်ကဘွဲ့ကို....ကျွန်တော်လုံးဝမမက်ဘူးဆိုဒါ...."

"ဒါဖြင့်.... မောင်.... တက္ကသိုလ်မှာ.... ဘာလားလုပ်နေဒါလဲ...."

မောင်စောနောင်က လှိုက်လှိုက်လှဲလှဲရယ်လိုက်၏။

"မမြင့်ကလဲ....ခက်ပါတို့တော့၊ အခုအထိ နားမလည်သေးဘူးလား၊ ကျွန်တော် တက္ကသိုလ်ကိုအပျော်သွားတက်ထားမဟုတ်ဘူး၊ တော်လှန်ရေးလုပ်မလို့....၊ကဲ....၊သိပြီလား...."

မြင့်ဝေထံမှအဖြေရုတ်တရက်ပေါ်မလာ၊ ကိုသက်ခိုင်ကဝင်စွက်ခွင့်မရှိသောကြောင့် အေးမှုစိတ်ဝင်စားစွာသာကြည့်နေရ၏။

မြင့်ဝေသည် မောင်စောနောင်ကို ကျော်ခိုင်းလိုက်ပြီး ကိုသက်ခိုင်ကိုလှည့်ကြည့်၏။



"ဆရာ....တခုခုပြောမပေးနိုင်ဘူးလား...."

ကိုသက်ခိုင်က ခမ်းနည်းစွာခေါင်းခါပြ၏။

မြင့်ဝေကရယ်၏၊ သူ့ဘာသာသူ သဘောကျစွာရယ်၏။

"ဟုတ်ပါတယ်လေ....၊ ဆရာကမပြောချင်ဘူး၊ ဒါပေမဲ့ မြင့်ဝေကတော့ပြောမယ်...."

မြင့်ဝေသည် မောင်စောနောင်၏ ရှေ့၌ရပ်လိုက်သည်၊ ရယ်ရင်းလည်းပြောသည်။

"မမြင့်မှာစုထားတဲ့ငွေလေးတွေရှိဘယ်၊ မောင် လုပ်ချင်ဒါကို....မောင်ဖြောင့်ဖြောင့်လုပ်နိုင်ဘို့....ဒီငွေတွေကိုပေးဘို့မမြင့်လာခဲ့ဒါဘဲ၊ အဲဒါကိုတော့.... မောင်လက်ခံမလား...."

မောင်စောနောင်ကခေါင်းခါသည်။

"ဒါဖြင့်....မမြင့်ပြန်ရတော့မယ်မောင်...."

"ဟုတ်ကဲ့.........."

"ဒါပေမဲ့....မမြင့်....မောင့်ကိုတခုပြောစရာရှိတယ်၊ နားထောင်အုံးမလား...."

"ပြောပါလေ...."

"ပြောပါမယ်....၊ မောင်ကတက္ကသိုလ်မှာ တော်လှန်ရေးလုပ်မလို့....လာတယ်ဆိုတယ်၊ အမှန်က....မောင်တို့....တောင်ပြုံးပွဲလာကျင်းပနေဒါ...."

ဤစကားသည် မောင်စောနောင်ကို သိသိသာသာဘုန်လှုပ်သွားစေ၏။

သူသည်....သူ့အမကိုတော့ ဘာမျှပြန်မပြော....၊ကိုသက်ခိုင်ကိုသာစေ့စေ့ကြည့်ပြီးပြော၏။

"မမမြင့်ကို....ကျွန်တော့်ဆီခေါ်လာခဲ့တဲ့ ဆရာ့စေတနာကို ကျေးဇူးတင်လှပါတယ်၊ ဒါပေမဲ့....ဆရာ့ကို ကျွန်တော်တခုပြောချင်တယ်၊ ဆရာခွင့်ပြုမလား...."

"ပြုပါတယ်မောင်စောနောင်...."

မောင်စောနောင်က ရယ်ပြန်၏။

"အမှန်က....မကောင်းတတ်လို့လျှို့သဝှက်ထားရတယ်၊ ဆရာ့လိုနိုင်ငံကျော်စာရေးဆရာကြီးတဦးရဲ့ နောက်ကြောင်းဘဝကို....ကျွန်တော်တို့အားလုံးသိပြီးသားပါ...."

"ဟုတ်သလား....မောင်စောနောင်...."

"ဟုတ်တယ်ဆရာ....၊ ပြီးတော့ ကိုဘမြိုင် ဆိုဒါဟာ....ကျွန်တော့်အကိုဝမ်းကွဲပါဘဲ....၊ဆရာ...."

"ဪ...."

"ဆရာတို့ခေတ်တုန်းကလဲ.... ဆရာတို့ထင်ဒါကို....ဆရာတို့လုပ်ခဲ့ကြတယ်၊ အဲဒီတုန်းက မမနွယ်ဟာ.... ဆရာ့ကိုဘာမှတားလို့မရခဲ့ဘူး၊ ကျွန်တော်အမှားတွေပြောမိနေပါသလားဆရာ...."

ကိုသက်ခိုင်ကခေါင်းခါပြီးဖြေ၏။

"မမှားပါဘူး၊ မင်းမှန်ပါတယ်....မောင်စောနောင်...."

"ဒါဖြင့်....ကျွန်တော့်မှာလဲ ကျွန်တော့် လွတ်လပ်ခွင့်ရှိတယ်၊ ဟုတ်ကဲ့လားဆရာ...."

"ဆရာမညင်းနိုင်ပါဘူးမောင်စောနောင်...."

ရာဇတ် ဟော(လ်)ပေါ်မှ အသံချဲ့စက်ကကြေငြာသည်။

"မဲအားလုံးရေတွက်ပြီးပါဘီ၊ တပ်ဦးအဖွဲ့က....အနိုင်ရပါတယ်၊ အနိုင်ရတဲ့မဲစာရင်းကတော့....ဥက္ကဋ္ဌရာထူးအတွက် ကို



စောနောင်....မဲပေါင်း....ထောင့်နှစ်ရာ၊ ယှဉ်ပြိုင်ဘက်ကို ငါးရာနဲ့အနိုင်ရပါတယ်၊ ဒုတိယဥက္ကဋ္ဌနေရာအတွက်ကတော့...."

ကြေငြာသံသည်....ဗိုးပတ်သံ၊ အိုးစည်သံ၊ လင်းကွင်းသံ၊ မောင်းသံ၊ အော်သံ၊ ဟစ်သံ၊ ကြွေးကြော်သံများကြား၌ ပျောက်သွား၏။

မောင်စောနောင်သည် ကိုသက်ခိုင်ကို လက်ဆွဲနှုတ်ဆက်၏။

"ကျေးဇူးတင်ပါတယ်၊ ပြီးတော့ ဆရာ့ကို....ကျွန်တော်ကြည်ညိုပါတယ်၊ သွားဘီ....ဆရာ၊ ဪ.... မမမြင့်ရေ...ကျွန်တော်သွားဘီ...."

မောင်စောနောင်သည် နေရာမှခွာ၏၊ ခြေဘလှမ်းနှစ်လှမ်းသွားမိပြီးမှလှည့်ဆို၏။

"ဪ....၊ဆရာရေ....၊ကျွန်တော်သင်တန်းလဲမှန်မှန်တက်ပါတော့မယ်...."

မောင်စောနောင်သည် ရာဇတ် ဟော(လ်)ဘက် ထွက်သွား၏။

မမြင့်ဝေကလည်း ကိုသက်ခိုင်ကိုနှုတ်ဆက်သည်။

"ကျေးဇူးတင်ပါတယ်ဆရာ၊ မမြင့်ဝေလဲ.... ပြန်လိုက်ပါအုံးမယ်...."

မမြင့်ဝေက....ကားဆီသို့ ရှောက်သွား၏၊ ကိုသက်ခိုင်က နောက်မှလိုက်သွားသည်။

ကိုသက်ခိုင်က ကားတံခါးကိုဖွင့်ပေးမိသည်။

မမြင့်ဝေကကားပေါ်တက်လိုက်ပြီး စတီးရာရင်ကိုကိုင်လိုက်လျက်....နှုတ်ဆက်၏။

"အံ့သြဘွယ်ကောင်းတဲ့ ညပါဘဲဆရာ၊ ဆရာ့ကိုမမြင့် ဝေလဲ...ကျေးဇူးတင်ပါတယ်...."

မင်ြင့်ဝေ၏ မျက်ခွံသဘောကောင့်မျှားမှ ခုန်ဆင်းလာသော မျက်ရည်ပေါက်မျှားကိုမူ...ကိုသက်ခိုင် မြင်လိုက်လေရ၏။ ။ မြင်လိုက်လေရ၏။

**အခန်း–၃၄**

**သူနှင့်ကိုယ်တူ**

မောင်စောနောင်သည် သမဂ္ဂ ရွေးကောက်ပွဲအပြီး၌ သင်တန်းမှန်မှန်တက်ပါမည်ဟု ကိုသက်ခိုင်ကို ဂတိပေးသွားသည်။

သို့ရာတွင်သမဂ္ဂဥက္ကဋ္ဌကြီးမောင်စောနောင်ကို....သင်တန်း၌ ကထိက ကိုသက်ခိုင်သည် လုံးဝမတွေ့ရ၊ သူ့တော်လှန်ရေးကို သူလုပ်နေသည်ထင်ရ၏။

တခါတရံတွင်....လမ်း၌သူ့ကိုတွေ့ရသည်၊ သူ့ဆံပင်တိုကား ရှည်နေ၏၊ သူ့မျက်တွင်းက ဟောက်နေ၏၊ သူ့အသွင်သည် ပိန်ချုံးနေ၏။

သိတင်းကျွတ်အနီးတွင် မန္တလေးတက္ကသိုလ်၏ ကျောင်းသားနိုင်ငံရေးသည် ပေါက်ကွဲတော့၏။

မန္တလေးတက္ကသိုလ် ပညာရေးအဖွဲ့က.... စာမေးပွဲစံနစ်သစ် တခုကို ပြဌာန်းချမှတ်လိုက်၏။

တနှစ်တွင် စာမေးပွဲ နှစ်ကြိမ် စစ်မည်....၊ အောက်တိုဘာ၌တကြိမ်၊ မတ်လ၌တကြိမ်ဖြစ်၏။



ကိုသက်ခိုင်အမူ ဤစံနစ်၌အန့်ကွက်ဘွယ်မမြင်၊ သူတို့ခေတ်က....နှစ်နှစ်မှ စာမေးပွဲတကြိမ်စစ်သည်၊ ကျောင်းသားတိုင်းလည်း ပင်ပန်းကြ၏၊ အကျိုးရှုံးသည်းများကြ၏၊ ကျောင်းသားတဦး၏ အရည်အချင်းကို နှစ်နှစ်ကျော်မှ.... နာရီပိုင်းအတွင်း စာမေးပွဲမ ခွန်းနှင့် ဆုံးဖြတ်လိုက်သည်ကို မကြိုက်၊ ယုံလည်းမယုံကြည်၊ စာမေးပွဲဟူသည်ကား.... မရှိလျှင် လည်း မဖြစ်....။

စာမေးပွဲစံနစ်သစ်ကို မန္တလေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂသည် ချက်ခြင်းပင်ကန့်ကွက်၏၊ စံနစ်သစ်ကိုမပျက်ပျက်ရန်....သပိတ်လက်နက် ကိုင်မည်ဟုလည်း ကြေညာသံပေး၏။

အတိုက်အခံအင်အားအဖွဲ့က စာမေးပွဲစံနစ်သစ်ကိုထောက်ခံသည်၊ သမဂ္ဂသည် သပိတ်မှောက်က.... သပိတ် ပျက်ရန် အစီအစဉ် လုပ်ထားကြ၏။

ရဲခေါင်အဖွဲ့ကမူငြိမ်နေ၏၊ တပ်ဦးသစ်အဖွဲ့က မဲပုံးထောင်ကာ ကျောင်းသား ကျောင်းသူများ၏ဆန္ဒကို တောင်းသည်၊ မဲဆန္ဒ၌.... စာမေးပွဲစံနစ်သစ်ကို ထောက်ခံသူ ကျောင်းသား ကျောင်းသူ ခုနစ်ဆယ်ရာခိုင်နှုန်းရှိ၏၊ ကြားနေသူနှစ်ဆယ်ရာခိုင်နှုန် ရှိ၏၊ ကန့်ကွက်သူဆယ်ရာခိုင်နှုန်းရှိ၏။

တပ်ဦးသစ်၏ နံရံကပ်ပိုစတာများ ထွက်လာသည်။

"တပ်ဦးဟောင်း....ငွေလှမ်းမလွန်နှင့်....၊တက္ကသိုလ်ကိစ္စကို သန်းထွန်းခိုင်းတိုင်းမလုပ်နှင့်...."

တပ်ဦးဟောင်းကလည်း ပိုစတာများထုတ်ပြန်၏။

"သခင်စိုးတပည့်တို့ သစ္စာဖောက်ကုန်ပြီ၊ ငနုနှင့် ကျော်

ငြိမ်းတပည့်များနှင့် ပေါင်းသွားကုန်ပြီ၊ ရဲဘော်တို့ မဟာ အောက်တိုဘာအတွက် အဆင်သင့်ပြင်ထားကြ....”

ခက်သည်မှာ....ထိုအချိန်က ဦးနုနှင့် ဦးကျော်ငြိမ်းတို့သည် တဦးကိုတဦး အပြုတ်နှံခဲ့ပြီးဖြစ်သည်၊ ထိုမျှမက.... အနိုင်ရသော ဦးနု၏ ပထစ ပါတီတွင်.... ကျော်မကောင်း ကြားမကောင်း....ဦး–ဗိုလ် -သခင်....ဟုရက်ရက် စက်စက်....ပက်ပက်စက်စက် ကွဲနေချိန်ဖြစ်၏။

တက္ကသိုလ်ကလည်း အလျှော့မပေး၊ အောက်တိုဘာ စာမေးပွဲများကို စစ်ဖြစ်အောင်စစ်ရန်ကြိုးစား၏၊ ကျောင်းသားကျောင်းသူများက သမဂ္ဂ၏ ကြေငြာချက်ကို ဂရုမစိုက်ဘဲ....ကျောင်းတက်မြဲတက်ကာ....စာမေးပွဲဝင်ရန်ပြင်ကြ၏။

ထိုအခါသမဂ္ဂက သပိတ်မှောက်လိုက်ပြီး....လမ်းတို့ကို ပိတ်ဆို့ကာ သပိတ်တား၏။

အင်အားအဖွဲ့က ရေလွှမ်းသော ရှံ့ညွံကွင်းတို့တွင် လမ်းခင်းပေးပြီး ကျောင်းသားကျောင်းသူများကို ကျောင်းတက်စေ၏။

သပိတ် ပြိုကွဲလေသတည်း။

သပိတ်မှောက် ကျောင်းသားအချို့သည် ဒုတိယ အဓိပတိ ဦးဘစိန်၏အိမ်ကို သွားဝိုင်းကြသည်၊ မကြားဝံ့ မနာသာဆဲကြ၏၊ အိမ်ကိုခဲနှင့်ဝိုင်းပေါက်ကာ....ဝင်းထရံကိုမီးတင်ရှို့ကြ၏။

အဆောင်ပစ္စည်းများ၊ ခုတင်မွေ့ရာများ၊ ကျောင်းဆောင်မှန်တံခါးတို့ကို ရိုက်ခွဲကြ၏။

ဂျစ်ကားပေါ်တွင်တင်ထားသော အသံချဲ့စက်နှင့် လိုက်သိမ်းနေသော မောင်စောနောင်ကိုမြင်ရ၏။



“ရဲဘော်တို့ အကြမ်းမဖက်ကြပါနဲ့....၊ အမှန်တရားကို သတ္တိရှိရှိရင်ဆိုင်ပါ....၊ ကျောင်းသားအများစုရဲ့ဆန္ဒကို လေးစားကြပါ....”

လူရမ်းကားကလေးများကသူ့ကိုပင်ချမ်းသာမပေးတော့။

“ခွေးမသား၊ သစ္စာဖောက်၊ ဒါလားညွှန့်ကျော်....ဆော်ဟေ့၊ နှံဟေ့....”

သူ့ဂျစ်ကားကိုလည်း ဝိုင်းချကြတော့၏....။

ထိုညသို့ မန္တလေးတက္ကသိုလ် ဝင်းအတွင်းသို့ သေနတ်ကိုင်ရဲသားများဝင်လာကြ၏။

ကျောင်းသားများက ခဲနှင့်ဆီးကြိုကြသည်၊ ရဲသားများက မျက်ရည်ယိုဗုံးပစ်၍ ဖြိုခွဲသည်၊ မိသမျှကိုလည်း အချုပ်ကားကြီးများပေါ်ခေါ်တင် ယူသွားကြ၏။

ခဲမှန်သွားသဖြင့် နဖူးကွဲကာ သွေးယိုကျနေသော....မောင်စောနောင်လည်း....အချုပ်ကားပေါ် ပါသွားလေသတည်း။

* * *

တက္ကသိုလ်၏ ဗရုတ်သုက္ခဇာတ်လမ်းသည်....နိုင်ငံ၏ ဗရုတ်သုက္ခဇာတ်လမ်းကို ရောင်ပြန်ဟပ်ပြခြင်းသာဖြစ်သည်။

ဦး-ဗိုလ်-သခင်.... အကွဲအပြဲကြောင့် အာဏာရ ပထစ....ပါတီသည် ဘာကိုမျှ....ဖြစ်ဖြစ်မြောက်မြောက် မလုပ်ပြနိုင်....၊ မူလကတည်းက.... တစုံတခု ဖြစ်ဖြစ်မြောက်မြောက် လုပ်ရန် လမ်းစဉ်နှင့်ဝါဒလည်း ရှိဟန်မတူ....၊လက်အောက် ငယ်သားတို့ကကွဲပြဲနေစဉ်....ခေါင်းဆောင်လုပ်သူကလည်း သူနှင့် မဆိုင်သယောင် ခေါင်းရှောင်နေ၏။

ကိုအချိန်တွင် ဖွဲ့ညည်းအုပ်ချုပ်ပုံ အနေခြခံဥပဒေမှ ပျော့ ကွက်ပေါက်ကွက်ကို ကြိုက်ကာ....ပြည်နယ်ကိုယ်စားလှယ် အမည်ခံ.... ပဒေသရာဇ်ပိုကလည်း တစခန်းထကြပြန်တော့၏။

သီ ခြားပြည်နယ်ပေးရေး ဖက်ဒရယ်မူစသောပြည်ထောင်စု ပျက်ရေး ၄ ဂဏ်ဆိုးတိုးသံမျိုး စုံကိုကြား နေရ၏။

မန္တလေးသည်.... ရှမ်းပြည်သို့သွားသော.... ရှမ်းပြည်မှပြန် သောလမ်း၏ ဗဟိုဘာခုဖြစ်သည်။

တရုပ်ဖြူကိုလည်း တိုက်ရ၊ ပဒေသရာဇ်ဘပည့် ဂါးပြတို့ ကိုလည်းတိုက်ရနှင့် ဒုက္ခများ ကြရရှာသော တပ်မတော်သား၊ ဗိုလ်ကြီး၊ ဗိုလ်မှူးတို့သည် မန္တလေးသို့ အခါအခွင့်သင့်၍ ပြန် လာတိုင်း ကိုသက်ခိုင်ထံ ဝင်ကြ၏။

"ကျုပ်တို့တော့.... သေနေကြရဒါဘဲဗျာ....၊ ဒါပေမဲ့.... ဘာအတွက် အသေခံနေကြရဘယ်ဆိုဒါကို.... ကျုပ်တို့ မသိ တော့ဘူးဗျာ...."

သူတို့ကို ကိုသက်ခိုင် ဘာမျှ ပြန်မဖြေနိုင်၊ မဖြေနိုင်.... သည်မှာ ဖြေစရာမရှိ၍မဟုတ်၊ ဖြေစရာက....ရင်၌ အပြည့်ရှိနေ ၏၊ အမှန်က ဖြေပြစရာမလို....၊သူတို့ကလည်း အဖြေမှန်သိ၍ မြော်လင့်နေကြပြီဖြစ်သည်။

တိုင်းပြည်ခေါင်းဆောင်ဆိုသူအမှူ....နိုင်ငံခြားဝန်ကြီးချုပ် တစ်ဦးကို ဘိတ်ခေါ်ကာ....နောင်ဘဝရှိကြောင်းအကြီးအကျယ် သက်သေပြနေ၏။ ယခုလူ၏ဘဝနှင့်....ယခုနိုင်ငံ၏ဘာကိုသူမသိ ယောင်ဆောင်ကား....။

မြစ်ဝကျွန်းပေါ်၌.... ဦးရှင်ကြီးနတ်ကွန်း ဆောက်ရေး၊



ချက်ကို ခွဲဂေဟာဆောက်ရေးစသော မဟာစီမံကိန်းကြီး များကမှ သင်းစာများ၌....ဟိန်းနေအောင်ပါ၏၊

ထို.... မန္တလေးတက္ကသိုလ်ဖွဲ့နှင့်သဘင်ခမ်း အနာဥည့် ပျော်ဖြေရေးတာဝန်ခံအဖြစ်.... ကိုသက်ခိုင်သည် အရွေးချယ်ခံရ၏။

ကိုသက်ခိုင်သည် ရေနံ့သာကိုဦးလှိုင်၊ ရွှေဘောင်းနှင့် ဆရာကြီးနေမျိုးဟာသခေါ်၊ ဇာတ်မင်းသားပန်းကျော့မြင့်၊ ပန်းချီဆရာ ကိုပေါ်ဦးသက်တို့နှင့်တွဲကာ...."ပုဂံ၏ဇာတ်ထမ်း သစ္စာ" (The vision of Pagan)ခေါ်က, ဇာတ်ကိုတင် သည်။

"ဝိုင်းကိုဆောက်၍ ပြည်ကိုတည်ရာ၊ ဝိုင်းကူ ထောက်ဘို့ စုံနတ်ဘစ္စေ၊ ဗေဒင် လက္ခဏာ ဆေးဝါးမန္တာန်မလိုပါ၊ မြေ ကိုချစ်တဲ့ တိုင်းရင်းသားဘေ့မှာ၊ တခေတ်ပြန်ဆန်း၊ မျက် နှာပန်းပွင့်ဘို့ရာ လယ်ကိုသစ်လို့ ထွင်စေမှာ၊ ဆည်ကိုဖြစ်ဘို့ ညီညီညာ၊ ဒို့သမိုင်းက စေခိုင်းညွှန်လာ....၊ တော်လှန်ရေး.... တော်လှန်ရေး....လူမှု မင်္ဂလာ...."

ဒါရိုက်တာသက်ခိုင်သည် သူ့က,ဇာတ်ကို... ဤသီချင်းနှင့် ဖွင့်သည်၊ ကိုသက်ခိုင်အတွင်းရေးမှူးအဖြစ်လုပ်သော မန္တလေး တက္ကသိုလ် ဂီတပညာ အသင်းသူအသင်းသားများက ဆိုကြ သည်၊ သဘင်သည်တို့နှင့်တွဲကာ....သရုပ်ဆောင်ကြ၏။

ကိုသက်ခိုင်သည် ပါးစင်ရာဇဝင်များ၊ နတ်သမိုင်း များကို ဆန့်ကျင်ကာ... စာယ်သမားဘုရင်ကြီး အနိရုဒ္ဓာ (အနော် ရထာ)၏ တိုင်းကိုဆောက်၍ ပြည်ကိုတည်ပုံကိုပြ၏၊ အနိရုဒ္ဓာ သည် စုံနတ်တစ္စေ၊ နဂါးမြွေတို့ကို ပယ်ပုံကိုပြ၏၊ ဗေဒင်

စကား…နတ်နဂါး တို့ကို ပယ်ရှံမက…မြစ်ကြီး ချောင်းငယ် ဟူသော မြေတို့ကိုခေါင်းဖြတ်၍ အနိရုဒ္ဓာ ဆည်တည်ပုံကို ပြ သည်၊ မိုးခေါင်ရေရှားအရပ်၌…လှည်းဝင်ရိုးသံဘည်သံ ပုဂံ ဘုရားပေါင်းဟု စာဆိုရအောင် ပုဂံ လယ်သမားတို့ ကြွယ်ဝ လာပုံကိုပြသည်၊ အနိရုဒ္ဓာ၏ဂုဏ်ကို ချီးကျူးရင်းလည်း တော် လှန်ရေး ဟူသည်ကား… လူမှုမင်္ဂလာပါတကား ဟုနိမိတ်ဖတ် ကြွေးကြော်သည်။

သက်ခိုင်၏ ကျေးဇူးရှင် ဆရာဦးဆန်းထွန်းက မျက်ရည်စို လျက် ချီးကျူးသည်။

“တပည့်ရေ…တခေတ်မှာတယောက်တော့ ထွန်းရမကွဲ့၊ အေး…ဆရာ သိပ်ဝမ်းသာဒါဘဲ…”

သက်ခိုင်၏သူငယ်ချင်းတဦးဖြစ်သူ ဒေါက်တာဒီက လက်ဆွဲ နှုတ်ဆက်၏။

“သူငယ်ချင်း…ခင်ဗျား ဟာက…အော်ပရာအစစ်ဘဲ၊ ဒါ ပေမဲ့…လူတွေနားမလည်မှာကြောက်မိတယ်”

မြောက်ပိုင်းတိုင်း… စစ်ဌာနချုပ်မှ သက်ခိုင်၏ ရဲဘော် ဟောင်း ဗိုလ်ကြီး စိုးညွန့် (ထီလာစစ်သူ)က ဆို၏။

“သူငယ်ချင်းတင်ပြပုံက ရဲလွန်းအားကြီးတယ်၊ အချိန်များ စောနေသေးသလားမသိဘူး…”

နောက်တနေ့တွင် မန္တလေးသတင်းစာများကလည်း ဝေဖန် ကြ၏။

လက်ဝဲဝါဒကိုကိုင်ထားပါသည်၊ ပစ္စည်းမဲ့တို့ဘက်မှရပ်တည် ပါသည်၊ လူတန်းစား ခွဲခြင်းကို ဆန့်ကျင်ပါသည် ဆိုသော သတင်းစာတစောင်ကဝေဖန် ပုံကိုမူ သက်ခိုင်အကြိုက်ဆုံးဖြစ်၏။



“ပညာတတ် ကျောင်းသူ ကျောင်းသားများကို…စင်မြင့် ပေါ်၌ ကြေးစားသဘင်သည်တို့နှင့် ရောနှော က ခိုင်းသည်မှာ မသင့်…”

သက်ခိုင်ကရယ်မိသည်၊ ဩော်…မြန်မာပြည်မှ…လက်ဝဲ ဆရာကြီးများသည် တခါတရံ (ပညာရှိသတိဖြစ်ခဲ့မို့) အသဲ နှလုံးက ရွှေကျင့်…ငွေကျင့်…ပါသွားတတ် ရှာပါလေသည် တကား…၊ ရွှေကျင့်… ငွေကျင့် ပါသွားတတ် ရှာပါသေသည် တကား…။

ပညာရေးဝန်ကြီးဒေါက်တာကြီးနှင့်လက်ထောက်အတွင်း ဝန်မင်းဘုရားများ ရွှေစိတ်တော်ညို အလိုမကျဖြစ်သွားတော် မူခြင်းကိုမူ ကိုသက်ခိုင် ကောင်းကောင်းသိလိုက်ပါ၏။

ပုဂံ၏ဇာတ်လမ်း သစ္စာမတိုင်မီ ရွေ့ပိုင်းထွက်သောဇာတ် ၌ ပုဂ္ဂိုလ်က…အမှားတခုပါသွားသည်၊ ထိုအမှားကို ကိုင်က ကိုသက်ခိုင်တို့ကို အရေးယူရန် အတွက် တက္ကသိုလ် ကောင်စီ ပါလီမန် ကိုယ်စားလှယ် အမတ်မင်းများက မဟာ ဝိရိယနှင့် စိုင်းပြင်းကြ၏။

ထိုအချိန်တွင်ပင်…အနုပညာကိုလွတ်လပ်စွာ လုပ်လိုသော ကြောင့် သက်ခိုင်ကလည်း တက္ကသိုလ်ဆရာအဖြစ်မှ နှုတ်ထွက် ခွင့် ပြုပါကြောင်းစာကို တင်လိုက်၏။

မိတ်ဆွေများက သတင်းလာမေးတိုင်း တယောတလက်နှင့် သီချင်းဆို နေသော ကိုသက်ခိုင်ကို တွေ့ကြရ၏။

“ဒီသမိုင်းက စေခိုင်းညွှန်လာ…တော်လှန်ရေး… တော် လှန်ရေး…လူမှုမင်္ဂလာ……”

## အခန်း- ၃၅

## မြော်လင့်ရမည်

သို့နှင့်...မဟာတန္တေသည် ရောက်လာခဲ့ပြန်သည်။

လူဆိုသည်မှာ အခက်သား၊ ကိုယ့်ဒုက္ခ နှင့်ကိုယ် ဆိုပြန်တော့...သူများဒုက္ခကို မေ့မိသည်။

မတ်လ ၂-ရက်နေ့ ညနေတွင် မမြင့်ဝေသည် ကိုသက်ခိုင်၏ အိမ်သို့ ရောက်လာ၏။

မမြင့်ဝေ၏အလှသည် စပယ်ပန်းနှင့် တူသည်၊ ယခုမူ ညှိုးနွမ်းနေသော စပယ်ငွေဖူးကို... ကိုသက်ခိုင် ရင်ဆိုင်နေရ၏။

"ဆိုပါဦး မမြင့်ဝေ....၊ ဘာဖြစ်လာပြန်ပြီလဲ...."

မမြင့်ဝေသည် ဝင်မထိုင်ဘဲ ဖြေ၏။

"မောင်စောနောင် ဆေးရုံကိုရောက်လာတယ်ဆရာ၊ သူက ဆရာ့ကိုတွေ့ချင်တယ်ဆိုလို့....မမြင့်ဝေ လာခေါ်ဒါပါ၊ ဆရာ လိုက်ခဲ့မလား...."

"ဒီမေးခွန်းကို မေးဘို့မလိုပါဘူးမမြင့်ဝေ...."

ကိုသက်ခိုင်သည် မမြင့်ဝေ၏ကားနှင့် ဆေးရုံကြီးသို့လိုက်လာခဲ့သည်။

လူနာခန်းဝ ရှေ့၌ သေနတ်ကိုင်ရဲသားတဦးကို တွေ့ရသည်၊ အခန်းတွင်း၌ အခြားရဲသားတဦးနှင့် ရဲအုပ် တယောက်ကိုပါ တွေ့ရ၏။

မောင်စောနောင်သည် သာမာန်လူနာမဟုတ်၊ တရားခံ လူနာသာတည်း။



ကိုသက်ခိုင်သည် မောင်စောနောင်၏လက်များကိုယုယစွာ ဆုပ်ကိုင်မိ၏၊ ဖြူဖျော့နေသော မောင်စောနောင်သည် ပြုံးသည်၊ ပြုံးသောအခါ...သူ့မျက်နှာက မယုံနိုင်စွာ နုပျို လန်းဆန်းလာပြန်၏။

ကိုသက်ခိုင်သည် အံကြိတ်ပြီးမေးသည်။

"မင်းကိုသူတို့ အချုပ်ထဲမှာ နှိပ်စက်သလား မောင်စောနောင်...."

မောင်စောနောင်ကခေါင်းခါ၏။

"မဟုတ်ပါဘူးဆရာ၊ သူတို့အားလုံး ကျွန်တော့်ပေါ်မှာ ကြင်နာကြပါတယ်....၊ ကျွန်တော်အခု ဆေးရုံတက်ရဒါက ကျွန်တော့်ဘာသာ ကျွန်တော့်ရင်ကွဲလို့ပါဆရာ...."

ဘေးမှ ရပ်ကြည့်နေသောရဲအုပ်သည် ကိုသက်ခိုင်၏အနားသို့ကပ်လာ၏၊ ရှုံသေစွာလည်းဆိုသည်။

"ဆရာဘယ်သူဆိုဒါ ကျွန်တော်သိပါတယ်၊ ဒေါက်တာ ဒေါ်မြင့်ဝေကိုလဲလေးစားပါဘယ်၊ ဆရာတို့ ကိုစောနောင်နဲ့ လွတ်လပ်စွာစကားပြောကြပါ...."

ရဲအုပ်သည် ရဲသားနှင့်အတူအပြင်သို့ရှောင်ထွက်သွား၏။

ကိုသက်ခိုင်သည် မောင်စောနောင်ကိုငုံ့ကြည့်ပြီးမေး၏။

"မောင်စောနောင်.... ဆရာ့ကိုဘာပြောပြချင်သလဲ"

မောင်စောနောင်ကပြုံး၏။

"ပြောစရာတွေတော့ အများကြီးဘဲ....၊ ဒါပေမဲ့ တိုတိုဘဲ ကျွန်တော်ပြောပါရစေဆရာ...."

"ပြောပါမောင်စောနောင်...."

မောင်စောနောင်က ထပ်ပြုံးပြီးဆိုသည်။

"ကျွန်တော်မှားခဲ့တယ်ဆရာ...."

ကိုသက်ခိုင်သည် မောင်စောနောင်၏ ပုခုန်းကို ယုယစွာ ပွတ်မိသည်၊ စကားတော့မပြန်နိုင်၊ မောင်စောနောင်အသာ ဆက်ပြော၏။

"စကတဲက ကျွန်တော့်ရဲဘော်တွေမှားနေမှန်းကျွန်တော် သိတယ်၊ ဒါပေမဲ့ ကျွန်တော်ခံနကြီးခဲ့တယ်ဆရာ....၊ သမဂ္ဂ ဥက္ကဋ္ဌဖြစ်ရင် ကျွန်တော်ဟာ မာလိန်မှူး ဖြစ်လာလိမ့်မယ်....၊ အဲဒီအခါမှာ ကျွန်တော်လိုရာကို ပဲ့ကိုင်နိုင်လိမ့်မယ်ထင်တယ်၊ အဆုံးကျမှသိဘယ်ဆရာ....၊ သမဂ္ဂဆိုဒါက စက္ကူ သင်္ဘော....၊ ကျွန်တော်က အရုပ်မာလိန်....၊ သံမဏိ စည်း ကမ်း ဆိုဒါကို ချပေးတဲ့ အာဏာပိုင်တွေကတခြား...."

ကိုသက်ခိုင်သည် မောင်စောနောင်၏ပါးစပ်ပေါ်လက်ဝါး နှင့်ပိတ်လိုက်၏။

"တော်တော့ မောင်စောနောင်၊ မောင်စောနောင်....ဘာ ပြောချင်တယ်ဆိုဒါ ဆရာသိတယ်....၊ ရင်တော့ အကွဲမခံနဲ့ မောင်စောနောင်၊ ဘယ်သူက ခွင့်လွှတ်လွှတ်... မလွှတ်လွှတ်၊ မိခင်မြေကတော့ အမြဲခွင့်လွှတ်ဘယ်....၊ ခွင့်လွှတ် ခြင်း ကို.... ဘယ်သူ့ဆီကမှ ဒို့ကဒူးထောက်တောင်းပန်နေဘို့မလိုဘူး....၊ အမှန်ကို မြေကသိတယ်တပည့်ရေ....၊ အမှန်ကိုမြေကသိတယ်၊ မြေဆိုဒါဟာခိုင်ခန့်ဘယ်၊ မြေကိုချစ်တဲ့မြေ့သားဟာ အသဲ နှလုံးလဲ မြေလိုဘဲခိုင်ခန့်ရတယ်....၊ ဘာကြောင့်လဲဆိုတော့.... ဒီမြေအတွက် ဒို့တွေ ဆက်လုပ်ရာတွေ အများကြီး ရှိသေး လို့ဘဲ...."



မောင်စောနောင်က ကိုသက်ခိုင်၏လက်ကို တင်းကြပ်စွာ ပြန်ဆုပ်သည်။

"ဟုတ်တယ်....၊ ဒီမြေအတွက် ကျွန်တော်ဘို့လုပ်စရာတွေ အများကြီးရှိသေးတယ်....၊ ရင်ကွဲပေမဲ့ ကျွန်တော့်အသဲဘာ မကြေပါဘူးဆရာ၊ ဩော်....မမြင့်ရေ.... ဆရာနဲ့ကျွန်တော် လွှတ်လွှတ်သပ်လပ်ပြောချင်တဲ့စကားတလုံးရှိနေတယ်၊ နော်.... မမြင့်...."

မမြင့်ဝေသည် နေရာမှဖြေးညှင်းစွာထွက်ခွာသွား၏။

"မင်း ဘာပြောချင်ဒါလဲ မောင်စောနောင်"

မောင်စောနောင်သည်နှုတ်ဆိတ်ကာ အံကြိတ်နေ၏။

"ပြောလေ....မောင်စောနောင်"

"ကျွန်တော် တကယ်ပြောရမလား...."

"မောင်စောနောင်ရယ်....၊ ဆရာ့ကို မင်း ဘာမှ ထပ် မတောင်းပန်ပါနဲ့တော့...."

မောင်စောနောင်သည် မျက် ရည် ဝဲပြီး ကို သက် ခိုင် ကို ကြည့်၍ပြော၏။

"ကျွန်တော့်အမေဟာ မုံ့ဟင်းခါးရောင်းပီးကျွန်တော့် ကို ကျွေးခဲ့တယ်....၊ ဆရာ့အမေဟာလဲ မုံ့ဟင်းခါးသည်ဘဲ မဟုတ်လား...."

"ဟုတ်ပါတယ် မောင်စောနောင်...."

"ပီးတော့... ဆရာ့မှာ အင်မတန်ချစ်တဲ့.... မမနွယ်....ဆိုတဲ့ အမတယောက် ရှိခဲ့ဘူးတယ်၊ဒါကိုဆရာဝန်ခံမလား ဆရာ...."

"ဆရာဝန်ခံတယ်....မောင်စောနောင်"

မောင်စောနောင်က ကျေနပ်စွာခေါင်းညိတ်ပြ၏။

"ဆရာက....ကျွန်တော့်ကို ဘယ်တုန်း ကမှ မလိမ်ခဲ့ဘူး၊ ကျွန်တော်လဲဆရာ့ကို မလိမ်ဘူးဆရာ....၊ မမမြင့်ကိုကျွန်တော် သိပ်ချစ်တယ်၊ ဒါပေမဲ့ဆရာ့လိုဘဲ....မစားအပ်တဲ့.... သစ်သီးကို ကျွန်တော်မစားဘူးဆရာ၊ မမမြင့်ကလဲ.... ဒီသစ်သီးကိုမစားပါဘူး။....။

ဤအကြိမ်တွင်မူ ဓာထိကကြီး ကိုသက်ခိုင်သည် မျက်ရည်ပေါက်ပေါက်ကျမိ၏။

ရဲအုပ်နှင့်ရဲသားက ပြန်ဝင်လာသည်၊ သူတို့နောက်ပါးမှ ဒေါက်တာမမြင့်ဝေလည်း ကပ်လိုက်ပါလာ၏။

ကိုသက်ခိုင်သည်.... မောင်စောနောင်ကို ငုံ့ကြည့်ပြီး....တစုံတခုပြောရန်ပြင်သည်၊ မောင်စောနောင်က ပိတ်ပြော၏။

"ဆရာ.... ဘာမပြောမယ်ဆိုဒါ.... ကျွန် တော် သိ ပါ တယ်၊ ကျွန်တော့်အသဲ မကွဲပါဘူး....၊ မိခင်မြေလိုဘဲ ကျွန်တော့် အသဲကမာပါ့မယ်၊ ပြီးတော့....မိခင်မြေအတွက် ကျွန်တော်တို့ ဆက်လုပ်စရာတွေ အများကြီးရှိပါသေးတယ်....၊ဟား....ဟား ဟား....၊ဆရာရယ်....ကျွန်တော့်အသဲ....ဒီလောက်အောင်မငယ် ပါဘူး....၊ ချစ်တတ်သူဟာ.... အသဲနှလုံး ကြီးတတ်တယ်တဲ့.... ဆရာရဲ့...."

\+ × +

ဟီး(လ်) မင်းကားလေးသည် အရှေ့ပြင်ကျုံးရေစပ်၌ရပ်လိုက်၏။



ထနောင်းပင်ခြေတွင် မမြင့်ဝေကထိုင်သည်၊ ထနောင်းပင်စည်ကိုမှီရင်း ကိုသက်ခိုင်ကရပ်နေ၏။

လရောင်ကြယ်ရောင်တို့သည် ကျုံးရေပြင်၌ တောက်ပနေသည်၊ မြောက်ဘက်မန္တလေးတောင်တော်ဆီ၌လည်း မီးရောင်စုံတို့တောက်ပဝင်းလက်နေ၏။

အတန်ကြာ ငြိမ်နေကြပြီးမှ....ကိုသက်ခိုင်ကမေးသည်။

"မမြင့်ဝေ မစိတ်ကောင်းဖြစ်နေသလား...."

"မမြင့်ဝေမှာ စိတ်ကောင်းစရာရှိသေးလို့လားဆရာရယ်"

ကိုသက်ခိုင်က ရယ်ပြရန်ကြိုးစားသည်၊ သူ့လည်ချောင်းအရယ်ခြင်းကို ကန့်ကွက်ဆို့နင့်ပြနေ၏။

သူက တံတွေးကိုမျိုချပြီးဆို၏။

"မမြင့်ဝေစိတ်မကောင်းဘူးဆိုဒါကို ဆရာယုံတယ်၊ ဒါပေမဲ့ မမြင့်ဝေတို့ စိတ်မကောင်းဒါဟာ....ဆရာ့ကိုတော့ မမှီဘူး"

မမြင့်ဝေသည် ဒေါသလေးနှင့်ပြန်မေး၏။

"ဆရာ....ဘာပြောဒါလဲ..."

ထိုအခါကျမှ....ကိုသက်ခိုင်သည်လှိုက်လှိုက်လှဲလှဲရယ်သည်၊ ငိုသံပါအောင်ရယ်သည်၊ ရယ်၍အားရမှ သူကဆိုသည်။

"အမက....ချစ်တော့.... မောင်တယောက်၊ သို့မဟုတ်....နှစ်ယောက်... သုံးယောက်၊လေးယောက်....ငါးယောက်...၊အများဆုံး....တကျိပ်ပေါ့၊ အဖေနဲ့အမေကချစ်တော့....သားတယောက် နှစ်ယောက်.... သုံးယောက်.... လေးယောက်.... ငါးယောက်.... အများဆုံးတော့....တကျိပ်ပါဘဲ၊ ဆရာကချစ်မိတော့....တရာ နှစ်ရာ....သုံးရာ....လေးရာ....ငါးရာ....၊တထောင်၊ နှစ်ထောင်....၊

သုံးထောင်မကဘူး၊ မုံ့ပွားလို ထပ်ထပ် ပွားနိုင်သေးတယ်။ ဪ....မမြင့်ဝေရေ....၊ တညက....မေတ္တာအကြောင်း မမြင့်ဝေ ဆရာ့ကိုမေးဘူးတယ်၊ မှတ်မိသေးလား”

မမြင့်ဝေသည် သတိဝင်သွားဟန်.... လေသံပျော့ပျော့နှင့် ဆို၏။

“မမြင့်ဝေ.... မှတ်မိပါသေးတယ်ဆရာ....”

“အင်း....၊ မေတ္တာဆိုဒါကို ရှာကြည့်မိခဲ့တယ်....၊ အားလုံးဟာ.... မေတ္တာလို့လို့နဲ့....ငါ စွဲနှံပါတ်တပ်ထားတဲ့ ကိလေသာတွေချည်းဘဲ၊ ဆရာအဖြစ်လုပ်မိဒါကြာမှ....မေတ္တာကိုနားလည်လာတယ်၊ မမြင့်ဝေရေ.... သူတကာ့သားနဲ့.... သူတကာ့သမီးဟာ....ဆရာ့ရဲ့.... သားနဲ့သမီးတွေချည်း ဖြစ်လာတယ်၊ မယုံသူတွေ....ပုံအဖြစ်မှတ်ပါ၊ ယုံပါစေလို့....မြင့်မိုရ်ရွှေတောင်လုံးကိုလဲ....ထမ်းမပြနိုင်ဘူး၊ သမုဒ္ဒရာကိုလဲ မင်ရည်ဖျော်စွမ်းမရှိပါဘူး....၊ အာကာကိုလွှာပုံပြုမယ်ဆိုရင်လဲ.... ညာဒါပါဘဲ....။ အသဲနှလုံးကသာ မှန်သောသစ္စာစကားကို ပြောပြနိုင်တယ်”

ဝန်းဝန်းလည်သောမျက်လုံးများနှင့် မမြင့်ဝေက ကိုသက်ခိုင်ကိုကြည့်ရင်း ပြောသည်။

“ဆရာ....၊ မမြင့်ဝေကို ပဟေဠိဝှက်ပြနေသလား....”

“မမြင့်ဝေက.... ဆရာ့ကိုဘာလို့.... ဒီလို စွပ်စွဲရဒါလဲ.... ဆရာပဟေဠိ မဝှက်တတ်ဘူး၊ ဆရာဝမ်းနည်းဒါတခုဘဲရှိတယ်။ မောင်စောနောင်လို ကလေးတွေက.... ပဟေဠိအဝှက် ခံနေရတယ်၊ ဒါကိုတော့ဆရာသိတယ်”

“ဒါဖြင့်ဆရာက....ဘာလို့....ပဟေဠိကို ရှင်းမပြသလဲ”



“အလွယ်တကူရှင်းပြရင်.... သူတို့ဘန်ဘိုးမထားဘူး မမြင့်ဝေ၊ သူတို့ဘာဝနဲ့ ရင်းနှီးကြပါစေ၊ သူတို့အသဲနှလုံးနဲ့ ရင်းနှီးကြပါစေ၊ အဲဒီအခါမှာ....အဖြေမှန်ရရင်.... အဲဒီအဖြေမှန်ဟာ သူတို့ရဲ့ကိုယ်ပိုင်အဖြေမှန် ဖြစ်လာလိမ့်မယ်....”

“ဆရာက....မောင်စောနောင်ကို အဖြေမှန်မရသေးဘူးလို့ ဆိုလိုသလား....”

“မောင်စောနောင်က အဖြေမှန်ရပြီးသူပါ မမြင့်ဝေ၊ ဘယ်လောက်အထိ သူမြင်သလဲ ဆိုတော့....မစားအပ်တဲ့ အသီးကိုတောင် သူသိခဲ့ပြီ....မမြင့်ဝေ....”

ငွေလသည် ထိန်ထိန်သာနေ၏၊ ငွေလရောင်၌....မမြင့်ဝေ၏ စပယ်ကိုယ်ရောင်သွေးသည် ဖွေးဖွေးနု နေ၏။

မမြင့်ဝေက သိမ်မွေ့စွာ မေး၏။

“အဲဒီအသီးကို မစားထိုက်မှန်း ဆရာက အရင်သိခဲ့တယ် မဟုတ်လား....”

ကိုသက်ခိုင်က ပြုံးသည်။

“မဟုတ်ဘူး မမြင့်ဝေ၊ မမနွယ်က....အရင်သိခဲ့ဒါ၊ မမြင့်ဝေလိုဘဲ....အရင်သိခဲ့ဒါ၊ ဪ....မမြင့်ဝေရေ....ဆရာတို့ပြန်ကြရအောင်....”

မမြင့်ဝေက ကိုသက်ခိုင်ကို မော့ကြည့်၏၊ ကိုသက်ခိုင်က လက်ကို ကမ်းပေးသည်။

ကိုသက်ခိုင်နှင့် မမြင့်ဝေသည် ကားပေါ်တက်လိုက်ကြ၏။

မမြင့်ဝေက ကားကိုမောင်းပြီး ကိုသက်ခိုင်ကိုအိမ်အရောက် လိုက်ပို့ပေးသည်။

အိမ်ဝင်းအတွင်း ကားဆိုက်မိသောအခါ....တမာရွက်တို့က ကြွေ၍နှုတ်ဆက်ပြသည်။

အဟောင်းတို့ကြွေ၍အသစ်သို့ဝေသော....မဟာနွေဦးသည် ဆိုက်ရောက်လာခဲ့ပြန်လေပြီတည်း....။

ကိုသက်ခိုင်သည် ဖြူဖြူဝင်း၍ သန့်သန့် စင်သော....မမြင့် ဝေကို ငေးကြည့်မိ၏။

နှယ်ဦးမှန်မို့ ချစ်ထွတ်တင်ခဲ့ရလေသူတဦးကိုလည်း လွမ်းလွမ်း ဆွတ်ဆွတ် သတိရမိသည်။

မမြင့်ဝေ၏ကားထွက်သွားလေမှ.... ကိုသက်ခိုင်သည် အိမ်တွင်းသို့ ဝင်လာ၏။

ပြက္ခဒိန်ကို ကြည့်မိသည်၊ ပြက္ခဒိန် စာမျက်နှာက....နှစ်....လ....ရက်ကိုထင်ရှားစွာပြနေ၏။

၁၉၆၂-ခုနှစ် မတ်လ ၂-ရက်နေ့....။

ကိုသက်ခိုင်သည် တယောကိုယူပြီး အိမ်ပြင်သို့ ထွက်လိုက်၏။

ရွက်ဝါတို့သည်....သဲသဲမဲမဲကြွေနေ၏။

အဟောင်းမည်သည် ကြွေပေမည်၊ အသစ် ဟူသည် ကားထွန်းလိမ့် မည်....။

တကြိမ်တုန်းကသို့ပင်မဟာနွေဦးသည်ဆိုက်လာပြန်လေပြီ။

ကိုသက်ခိုင်သည် ကမ္ဘာကုန်ကျယ်သရွေ့ဝယ် သီချင်းကို တီးရင်း ညည်းမိ၏။

အမှန်က သူသည် ဩောင်းရွက်ဝါတို့ ဈာန်ယဉ် ပြောင်းသကဲ့သို့ ပျက်ပြယ် ကောင်းပြီဖြစ်သော စိတ်ဇောမနသာကို အပြစ်တင်....တေးဆိုမိခြင်း ဖြစ်သည်။



သူ့အတွက်လည်းဟုတ်သည်၊ မောင်စောနောင် အတွက်လည်းဟုတ်သည်၊ လူသားအားလုံးအတွက်လည်း ဟုတ်သည်။

လွမ်းသမျှသည်....ကမ္ဘာကုန်ကျယ်ရန် မဟုတ်....။

အတိတ်ကို တမ်းတနေပြီး....ကမ္ဘာကုန်ကျယ်နေရန်လည်း မဟုတ်....။

အကောင်းအတွက် ပြောင်းလဲခြင်း တို့သည်သာ....ကမ္ဘာကုန် ကျယ်သရွေ့ရှိထိုက်သည်၊ ရှိရမည်။

ကမ္ဘာကုန်ကျယ်သရွေ့....အကောင်း အတွက် ပြောင်းလဲခြင်းသည်သာ....လူသား အတွက်....မြော် လင့် ခြင်း ဖြစ်ပေသတည်း။........။

**ပြီးပါပြီ**

တက္ကသိုလ် ဘုန်းနိုင်

၉-၈-၆၆